

www.burmeseclassic.com
စိတ်ကူးသစ်စာပေ
မောင်ညိုမြိုင်း(သန်လျင်)
လင်မုန်းဘုရင်မပန်တွာ
(ဒုတိယပိုင်းဇာတ်သိမ်း)
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စိစစ်သူ ▭ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ▭ ၂၀၁၄၊ ဇွန်လ
အုပ်ရေ ▭ ၅၀၀
မျက်နှာဖုံး ▭ *Myat Min Han (New Idea)*
ကွန်ပျူတာစာစီ ▭ *Maw Maw (New Idea)*
အတွင်းဖလင် ▭ *Zin Oo & Brothers*

■

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (မြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ) (၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၈၀၀ ကျပ်

ဂ၉၅ ● ၈၃
ညိုမှိုင်း၊ မောင်(သန်လျင်)
လင်မုန်းဘုရင်မ ပန်ထွာ (ဒုတိယပိုင်းဇာတ်သိမ်း)/
မောင်ညိုမှိုင်း(သန်လျင်)။–ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၄။
၂၄၆–စာ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။
(၁) လင်မုန်းဘုရင်မ ပန်ထွာ (ဒုတိယပိုင်းဇာတ်သိမ်း)

[ ၂၈ ]

❑

သီရိခေတ္တရာ ရာဇပလ္လင်ထက်မှာတော့ ဒေါသမီးတောင်တွေ အုန်းအုန်းနဲ့ ပေါက်ကွဲနေပါပြီ။

ရာဇပလ္လင်ထက်ကနေ ချော်ရည်ချော်ခဲ မီးညွန့်မီးခဲတွေဟာ ဒေါသ ကြီး ရွှေနန်းတော်ဗဟိုအလယ် လွင့်စင်ပေါက်မှန် အပူရှိန်လျှံလို့။

ဒွတ္တဘောင်မင်းကြီးရဲ့ တစ်ကိုယ်လုံးဟာ ဒေါသအရှိန်ကြောင့် ငြိမ်ဖြစ်နေတယ်။

မင်းကြီးရဲ့ ရွှေမျက်နှာတော်ပေါ်မှာ နေဆယ်စင်းရဲ့ မီးညွန့်မီးလျှံ နဂါးယိမ်းကနေတယ်။

ရွှေနန်းရှင် ထီးဘုရားကိုယ်တိုင် အမျက်ဒေါသ ခြောင်းခြောင်း နေတော့ ရွှေတော်မှောက် ဝပ်ပျ ခစားနေကြတဲ့ မှူးကြီး၊ မတ်ကြီး၊ ဟိတ်ကြီး၊ စစ်သေနာပတိ၊ ဗိုလ်မင်း၊ တပ်မင်းတို့ တုပ်တုပ်မျှ ခဲ့ကြဘူး။

"မင်းကြီးတို့ . . ."

"ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ခုမှ . . . ခေါင်းဖော်ရဲ၊ မော့ရဲကြတော့တယ်။ အချင်းချင်းလည်း ဘုရင်ထီးဘုရား စိတ်ချမ်းသာအောင် ဆင်ခြေဆင်လက်ပေးကြဖို့ ဆင်ခြင် တိုင်ပင်ပြီးသား။

"ဗိသနိုးမြေပေါ် ခြေမချရသေးဘဲ တပ်လုံးပျက်ပြီး အမြန်ဆုတ် ခွာခဲ့ရတယ်တဲ့။ ဟုတ်လား . . ."

"မှန်ပါတယ် . . . အရှင်မင်းကြီး"

"ဗိသနိုးက ဘုရင်မပန်ထွာထံမှာ စစ်သည်လက်နက်၊ ဆင်မြင်း အနည်းငယ်မျှရှိတာ ငါတို့သိပြီးသား ဖြစ်ပါလျက်နဲ့ ငါတို့ သိရိခေတ္တရာတပ် သောင်းချီတပ်၊ ဆင်မြင်းရိက္ခာ လက်နက်အစုံအလင်နှင့် တိုက်တာတော် ဘာကြောင့် ငတို့ သီရိခေတ္တရာ အရှုံးနှင့် ပြန်ခဲ့ရတာလဲ။ ညှိဖျင်းလှတဲ့ ခေါင်းဆောင်အားလုံး အ[ပြ]ပ်အထိ အကုန်သေဒဏ်ပေးရမှာပဲ။ ကိုင်း . . . ပြော၊ ဘာကြောင့် ရှုံးခဲ့ရသတုံး"

ဒီမှာ တပ်မင်းကြီး သူရကျော်စွာက . . .

"မှန်ပါ . . . အရှင်မင်းကြီး၊ ကျွန်တော်မျိုးတို့သည် အရှင်ရဲ့အ တော်ကို မဆုတ်မနစ် ထမ်းရွက်ခဲ့ပါသည် . . . အရှင်မင်းကြီး။ ထူးဆန်း သည်မှာ ကျွန်တော်မျိုးတို့ စစ်သည်ရဲမက်များ၊ မြင်းတပ်များ ရန်ပယ်ချော ကို ဖောင်ချင်းဆက်လို့ ဗိသနိုးရှိရာကို ကူးနေချိန်မှာ ရုတ်တရက် ယေ ကြမ်းကြီးများ၊ မိုးကြိုးမုန်တိုင်းများနှင့်အတူ သည်းထန်သောမိုးကြီး တော တန်းများရှိရာမှ စတင်အော်မြည်ရိုက်ခတ်ရွာသွန်းကာ တောင်ကျရေ အ ပြင်းစွာရန် ပယ်ချောင်းကို စီးဝင်လာခဲ့ပါတယ် . . . အရှင်မင်းကြီး။ ဒီ အတူ တစ်ခါဖူးမျှမမြင်ဘူးတဲ့ အိမ်လုံးမက တောင်ငယ်တမျှ ကြီးမားသ လှိုင်းတံပိုးကြီးများ ရန်ပယ်ချောင်းထဲကို လူးလိမ့်ဝင်ရာက်ပြီး ကျွန်တော် တို့ ချောင်းဖြတ်ကူးတပ်များကို တွန်းတိုက်သယ်ဆောင်သွားလို့ ချေပြင် မှာ များစွာ သေကြေပျက်စီးရပါတယ် . . . ဘုရား။ ရန်ပယ်ဒီဘက်ကုန် မှာလည်း မိုးကြိုးလျှပ်စစ်များစွာ ပစ်ခတ်မြည်ဟီးပြီး လေမိုးကြီးကျ သ သစ်ကိုင်းများ အမြစ်ကလန်၊ ကျိုးကျလွင့်စင်လို့ ဆင်တပ်၊ မြင်းတ လန့်ပြီး ကိုယ့်တပ် ကိုယ်ပြန်နင်းသည့်အတွက် မည်းမှောင်နေသည့် မိုး



ကြားမှာ ဆင်နင်း၊ ဆင်ဝှေ့၊ မြင်း နင်းကြလို့ ကြည်းတပ်ပါပျက်ပြီး မနည်း စုစည်းဆုတ်ခွာခဲ့ရကြောင်းပါ . . . ဘုရား"

"ပုဏ္ဏားတော်ကြီး . . ."

"ဘုရား . . . အရှင်မင်းကြီး၊ မိန့်တော်မူပါဘုရား"

"အချိန်အခါမဟုတ် ခြေခင်းလက်ခင်း သာနေချိန်ဖြစ်ပါလျက် ဘာ ကြောင့် ရန်ပယ်ချောင်းမှာ မိုးကြိုးပစ်၊ မိုးကြီးစွာ ရေလျှံသတုံး . . . ပုဏ္ဏား တော်ကြီး"

"မှန်ပါ . . . အချိန်အခါမဟုတ်မိုး ဖြစ်ပါလိမ့်မည်ဘုရား။ မိုးရွာ ခြင်းအကြောင်း (၈)ပါး၊ မိုးရွာရခြင်း အကြောင်း (၅)ပါး ရှိပါသည်ဘုရား။ မိုးရွာရခြင်း အကြောင်း(၈)ပါးမှာတော့ . . .

(၁) နဂါးတို့၏ အာနုဘော်ကြောင့် မိုးရွာခြင်း၊
(၂) ဂဠုန်တို့၏ အာနုဘော်ကြောင့် မိုးရွာခြင်း၊
(၃) နတ်တို့၏ အာနုဘော်ကြောင့် မိုးရွာခြင်း၊
(၄) သစ္စာစကားကြောင့် မိုးရွာခြင်း၊
(၅) ဥတုအစွမ်းကြောင့် မိုးရွာခြင်း၊
(၆) မာန်နတ်လှည့်ပတ်တာကြောင့် မိုးရွာခြင်း၊
(၇) တန်ခိုးရှိသူတို့ အာနုဘော်ကြောင့် မိုးရွာခြင်း၊
(၈) ကမ္ဘာပျက်လိုသောကြောင့် မိုးရွာခြင်း . . .

. . . ရယ်လို့ (၈) မျိုးရှိကြောင်းပါ။ တစ်ခါ မိုးမရွာခြင်းမှာလည်း အကြောင်း (၅) ပါးရှိပါသည်ဘုရား။

(၁) ကောင်းကင်၌ တေဇောဓာတ်ပျက်၍ မိုးမရွာခြင်း (တေဇောဓာတုကုပ္ပတိ) ခေါ်ပါသည်ဘုရား၊

(၂) (ဝါယောဓာတုကုပ္ပတိ) လေဓာတ်ခေါ် လေတိုက်ခြင်း ကြောင့် မိုးမရွာခြင်း၊

(၃) (ရာဟုအသူရိန္ဒော) ရာဟုခေါ် အသူရိန်နတ်ကြီး လက်ဝါးဖြင့်ခံ၍ သမုဒ္ဒရာသို့ သွန်ပစ်သောကြောင့် မိုးမရွာခြင်း၊

(၄) (ဝဿဝလာဟတဒေဝါ) မိုးနတ်သားတို့ မေ့လျော့ ကြောင့် မိုးမရွာခြင်း၊

www.burmeseclassic.com



ခုမှ ...ခေါင်းဖော်ရဲ၊ မော့ရဲကြတော့တယ်။ အချင်းချင်းလည်း ဘုရင်ထီးဘုရား စိတ်ချမ်းသာအောင် ဆင်ခြေဆင်လက်ပေးကြဖို့ ဆင်ခြင် တိုင်ပင်ပြီးသား။

"ဗိသနိုးမြေပေါ် ခြေမချရသေးဘဲ တပ်လုံးပျက်ပြီး အမြန်ဆုတ် ခွာခဲ့ရတယ်တဲ့။ ဟုတ်လား ..."

"မှန်ပါတယ် ... အရှင်မင်းကြီး"

"ဗိသနိုးက ဘုရင်မပန်ထွာထံမှာ စစ်သည်လက်နက်၊ ဆင်မြင် အနည်းငယ်မျှရှိတာ ငါတို့သိပြီးသား ဖြစ်ပါလျက်နဲ့ ငါတို့ သီရိခေတ္တရာတပ် သောင်းချီတပ်၊ ဆင်မြင်းရိက္ခာ လက်နက်အစုံအလင်နှင့် တိုက်တာတော ဘာကြောင့် ငတို့ သီရိခေတ္တရာ အရှုံးနှင့် ပြန်ခဲ့ရတာလဲ။ ညှိုးဖျင်းလှတဲ့ ခေါင်းဆောင်အားလုံး အ[illegible]ပ်အထိ အကုန်သေဒဏ်ပေးရမှာပဲ။ ကိုင်း ... ပြော၊ ဘာကြောင့် ရှုံးခဲ့ရသတုံး"

ဒီမှာ တပ်မင်းကြီး သူရကျော်စွာက ...

"မှန်ပါ ...အရှင်မင်းကြီး၊ ကျွန်တော်မျိုးတို့သည် အရှင်ရဲ့အ တော်ကို မဆုတ်မနစ် ထမ်းရွက်ခဲ့ပါသည် ...အရှင်မင်းကြီး။ ထူးဆန်း သည်မှာ ကျွန်တော်မျိုးတို့ စစ်သည်ရဲမက်များ၊ မြင်းတပ်များ ရန်ပယ်ချောင် ကို ဖောင်ချင်းဆက်လို့ ဗိသနိုးရှိရာကို ကူးနေချိန်မှာ ရုတ်တရက် လေ ကြမ်းကြီးများ၊ မိုးကြိုးမုန်တိုင်းများနှင့်အတူ သည်းထန်သောမိုးကြီး တော တန်းများရှိရာမှ စတင်အော်မြည်ရိုက်ခတ်ရွာသွန်းကာ တောင်ကျရေ အ ပြင်းစွာရန် ပယ်ချောင်းကို စီးဝင်လာခဲ့ပါတယ် ...အရှင်မင်းကြီး။ ဒါ အတူ တစ်ခါဖူးမျှမမြင်ဘူးတဲ့ အိမ်လုံးမက တောင်ငယ်တမျှ ကြီးမားသ လှိုင်းတံပိုးကြီးများ ရန်ပယ်ချောင်းထဲကို လူးလိမ့်ဝင်ရောက်ပြီး ကျွန်တော် တို့ ချောင်းဖြတ်ကူးတပ်များကို တွန်းတိုက်သယ်ဆောင်သွားလို့ ရေပြင်ေ မှာ များစွာ သေကြေပျက်စီးရပါတယ် ...ဘုရား။ ရန်ပယ်ဒီဘက်ကုန်း မှာလည်း မိုးကြိုးလျှပ်စစ်များစွာ ပစ်ခတ်မြည်ဟီးပြီး လေမိုးကြီးကျ သစ် သစ်ကိုင်းများ အမြစ်ကလန်၊ ကျိုးကျလွင့်စင်လို့ ဆင်တပ်၊ မြင်းတပ် လန့်ပြီး ကိုယ့်တပ် ကိုယ်ပြန်နင်းသည့်အတွက် မည်းမှောင်နေသည့် မိုးသ





ကြားမှာ ဆင်နင်း၊ ဆင်ဝှေ့၊ မြင်း နင်းကြလို့ ကြည်းတပ်ပါပျက်ပြီး မနည်း စုစည်းဆုတ်ခွာခဲ့ရကြောင်းပါ ... ဘုရား"

"ပုဏ္ဏားတော်ကြီး ..."

"ဘုရား ...အရှင်မင်းကြီး၊ မိန့်တော်မူပါဘုရား"

"အချိန်အခါမဟုတ် ခြေခင်းလက်ခင်း သာနေချိန်ဖြစ်ပါလျက် ဘာ ကြောင့် ရန်ပယ်ချောင်းမှာ မိုးကြိုးပစ်၊ မိုးကြီးစွာ ရေလျှံသတုံး ...ပုဏ္ဏား တော်ကြီး"

"မှန်ပါ ...အချိန်အခါမဟုတ်မိုး ဖြစ်ပါလို့မိမည်ဘုရား။ မိုးရွာ ခြင်းအကြောင်း (၈)ပါး၊ မိုးရွာရခြင်း အကြောင်း (၅)ပါး ရှိပါသည်ဘုရား။ မိုးရွာရခြင်း အကြောင်း(၈)ပါးမှာတော့ ...

(၁) နဂါးတို့၏ အာနုဘော်ကြောင့် မိုးရွာခြင်း၊

(၂) ဂဠုန်တို့၏ အာနုဘော်ကြောင့် မိုးရွာခြင်း၊

(၃) နတ်တို့၏ အာနုဘော်ကြောင့် မိုးရွာခြင်း၊

(၄) သစ္စာစကားကြောင့် မိုးရွာခြင်း၊

(၅) ဥတုအစွမ်းကြောင့် မိုးရွာခြင်း၊

(၆) မာန်နတ်လှည့်ပတ်တာကြောင့် မိုးရွာခြင်း၊

(၇) တန်ခိုးရှိသူတို့ အာနုဘော်ကြောင့် မိုးရွာခြင်း၊

(၈) ကမ္ဘာပျက်လိုသောကြောင့် မိုးရွာခြင်း ...

...ရယ်လို့ (၈) မျိုးရှိကြောင်းပါ။ တစ်ခါ မိုးမရွာခြင်းမှာလည်း အကြောင်း (၅) ပါးရှိပါသည်ဘုရား။

(၁) ကောင်းကင်၌ တေဇောဓာတ်ပျက်၍ မိုးမရွာခြင်း (တေဇောဓာတုကုပ္ပတိ) ခေါ်ပါသည်ဘုရား၊

(၂) (ဝါယောဓာတုကုပ္ပတိ) လေဓာတ်ခေါ် လေတိုက်ခြင်း ပျက်၍ မိုးမရွာခြင်း၊

(၃) (ရာဟုအသူရိန္ဒော) ရာဟုခေါ် အသူရိန်နတ်ကြီး လက်ဝါးဖြင့်ခံ၍ သမုဒ္ဒရာသို့ သွန်ပစ်သောကြောင့် မိုးမရွာခြင်း၊

(၄) (ဝဿဝလာဟတဒေဝါ) မိုးနတ်သားတို့ မေ့လျော့မှု ကြောင့် မိုးမရွာခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



(၅) (မနုဿအဓမ္မိကာ) လူတို့ တရားမစောင့် ကောက်ကျစ်ယုတ်မာမှုကြောင့်လည်း မိုးမရွာပါဘူးရယ်လို့ အဆိုရှိကြောင်းပါ ... အရှင်မင်းကြီး''

ပုဏ္ဏားတော်ပညာရှိ ဒေဝိန္ဒက,က မိုးရွာခြင်း၊ မရွာခြင်းကို အကျိုးအကြောင်းနှင့် တင်ပြလျှောက်တင်တော့ ...

''ဒါဖြင့် ဘာလို့ အခုအချိန်အခါမဟုတ် မိုးကြီးလေကြီး ကျရတာတုံး''

''မှန်ပါ ... မျှော်ချင့်ပြီး လျှောက်တင်ရလျှင်ဖြင့် ယခု မိုးရွာခြင်းသည် သစ္စာစကားကြောင့်သော်လည်းကောင်း၊ တန်ခိုးရှိသူ အာနုဘော်ကြောင့်သော်လည်း၊ နတ်တို့၏ အာနုဘော်ကြောင့်သော်လည်းကောင်း တစ်ခုခုကြောင့် မိုးကြီးရွာ၍ ရေကြီးရခြင်း ဖြစ်နိုင်ကြောင်းပါဘုရား''

''ငတို့ တပ်ပျက်ဆုတ်ခွာလာရတာဟာ ဗိဿနိုးနဲ့ ရင်ဆိုင်တိုက်ပွဲကြောင့် တပ်ပျက်ရတာမဟုတ်ဘူး။ မိုးကြောင့်ပေါ့ ... ဟုတ်လား''

''မှန်ပါ ... ဘုရား''

''ဒါဆို ပန်ထွာဘုရင်မက ဘုန်းကြီးသတဲ့လား''

''ဗိဿနိုးမြို့နန်းကိုတော့ ဗိဿနိုးနတ်မင်းကြီးက တည်ပေးသည်ဟုတော့ ကြားသိရခြင်းပါ ... အရှင်မင်းကြီး''

''ကောင်းပြီလေ ... ပန်ထွာဘုရင်မနဲ့ငါ မည်သူဘုန်းတန်ခိုးကြီးသည်ကို သိရအောင် ငါ့ကို ဂဠုန်မင်းပေးခဲ့တဲ့ သံလေး၊ သံမြား စွမ်းရည်ပြပြီး ငါဘယ်လိုဘုန်းကြီးတယ်ဆိုတာကို ပြရသေးတာပေါ့''

ဒုတိအကြိမ် ဗိဿနိုးကို စစ်ချီဖို့ မင်းကြီးတို့၊ စစ်သူကြီးတို့၊ ဗိုလ်ချုပ်တို့ အသင့်ပြင်ကြ။ ငါကိုယ်တော်တိုင် လူနဲ့ ရာဇသံမစေဘူး၊ သံလေးနဲ့ပစ်ပြီး ရာဇသံစေလိုက်မယ်။ စောင့်ကြည့်ကြ''

တစ်နေ့သောအခါ သီရိခေတ္တရာပြည့်ရှင် ဒွတ္တဘောင်မင်းကြီး သည် ဂဠုန်မင်းဆက်သတော်မူသည့် သံလေးနှင့်သံမြားကို ကိုင်စွဲပြီး တောင်ကုန်းမြင့်တစ်ခုပေါ်သို့ မှူးကြီး၊ မတ်ကြီး၊ ပုရောဟိတ်ကြီး၊ စစ်သူကြီးတို့နှင့် ကြွချီခဲ့တယ်။

စိတ်ကူးသစ်စာပေ



ဒွတ္တဘောင်မင်းကြီးမှာ သံလေးသံမြားအပြင် သိကြားမင်းက ပေးခဲ့တဲ့ အရိန္ဒမာလှံပျံ သီလဝံဓားပါရှိတယ်။ ဂဠုန်မင်းဆက်တဲ့ သံလေးသံမြားကို မည်သို့သောသူမှ လိုရာခရီးရောက်အောင် မပစ်နိုင်ဘူး။

အားကောင်းမောင်းသန်ပင် လေးညို့ကို ဆွဲမနိုင်ဘူး။ ဗိုလ်ခြေတစ်ထောင်တင်လေးမျိုး။

ဒီဂမ္ဘီရလေးကို ဘုန်းတန်ခိုးကြီးမြတ်တော်မူလှသည့် မဟာဒွတ္တဘောင်မင်းကြီးသာလျှင် လိုရာအရပ်ကို ပစ်လို့ရတယ်။

ဒွတ္တဘောင်မင်းကြီးက သံမြားရဲ့အလယ်မှာ သီရိခေတ္တရာရဲ့ ရာဇသံပေစာကို လိပ်ပတ်ချည်နှောင်ပြီး မြင့်မြတ်လှတဲ့ ဥတ္တရတောင်မြင့်ပေါ်မှာ ရပ်လိုက်တယ်။

သည့်နောက် မြားနှင့်လေးကိုကိုင်ပြီး နှုတ်က သစ္စာဆိုလိုက်တယ်။

''ကျွန်ုပ်သည် ဘုန်းကြီးသောဘုရင်ဟု နတ်သိကြားတို့ အသိအမှတ်ပြုသော မင်းဖြစ်ပေသည်။ နတ်သိကြားတို့လည်း ကျွန်ုပ်ကို စောင်မကြည့်ရှုပါပေ၏။ ကျွန်ုပ်၏ လက်အောက်ခံ မြို့စား၊ နယ်စား၊ ရွာစား၊ ပျူ၊ ကမ်းယံ၊ သက်၊ ကရင် တို့သည် ကျွန်ုပ်ဘုန်းရိပ်သို့ ခိုလှုံပြီးလျှက် ကျွန်ု၏ ဩဇာကို အစဉ်နာခံလျက်ရှိပါ၏။

ဗိဿနိုးဘုရင်မ ပန်ထွာသည် ကျွန်ုပ်၏အမိန့်ဩဇာကို ဆန့်ကျင်ဗီလာပြု၍ ကျွန်ုပ်တို့ သီရိခေတ္တရာတပ်တော်ကြီးကို ပျက်စီးအောင်ပြုခဲ့၏။

ပန်ထွာဘုရင်မထံသို့ ဘုန်းကြီးတော်မူသော ကျွန်ုပ်သည် ဂဠုန်မင်းဆက်သသည့် ဤသံလေးမြားပစ်ကာ ယခုပင် ရာဇသံစေရပါမည်။

အကျွန်ုပ်သည် ဘုန်းကံကြီးမားသော မွဲ့ရှင်တော်မြတ် အရှင်မဟာဒွတ္တဘောင် စစ်မှန်ပါက ကျွန်ုပ်စေလိုက် ပစ်လိုက်သည့် မြားရာဇသံသည် ဗိဿနိုးမြို့နန်းတော်သို့ ကေန်ဆိုက်ရောက်ပါစေသတည်း''

သို့ကလို အဓိဋ္ဌာန်ပြုပြီးနောက် မိုးကောင်းကင်ကို မော့ကြည့်လိုက်တယ်။ ကောင်းကင်ဟာ တိမ်မြူကင်းစင်လို့။ သည့်နောက် လေသွားလေလာလေရဲ့ ဦးတည်ရာကို ကြည့်ပြီး ...

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဗိသနိုးရှိရာအရပ်ကို သံလေးနှင့်ချိန်ရွယ် သံမြားကိုတင်လို့ လေးညို့ကို ဆွဲလိုက်တယ်။

မဟာဒွတ္တဘောင်မင်းကြီးရဲ့ ဘုန်းရှိန်သမ္ဘာကြောင့် မင်းညီမင်းသား ဗိုလ်ခြေများပင် တင်ရခက်၊ ဆွဲရခက်သော သံလေးကြီးရဲ့ လေးကြိုးဟာ အားထည့်လို့ ဆွဲလိုက်ရော ...

သားရေကြိုးကဲ့သို့ မင်းကြီးရဲ့ ညာလက်ဆွဲအားရှိရာ နာယောင်ထိ လိုက်ပါလာခဲ့တယ်။ သည့်နောက် မဟာဒွတ္တဘောင်မင်းကြီးဟာ အသက်ကို တစ်ဝရှူပြီး ခေတ္တအောင့်လိုက်ပြီးနောက် လေးညို့ကို လွှတ်လိုက်ရော ...

အံ့သြဖွယ် ကောင်းလိုက်ပါဘိသနှယ်။

ရာဝင်စဉ့်အိုးကြီးကို သံချောင်း၊ တုတ်ချောင်းနဲ့ ခတ်လိုက်သည့် မြည်လိုက်သည့် အသံမျိုး အဆတစ်ရာမြည်သံကဲ့သို့သော လေးကြိုးခတ်သံကို အားလုံး ကြားလိုက်ရတယ်။

"ဒေါင် ..."

ဒေါင်ခနဲမြည်သံဟာ တောင်ပေါ်မှာ တောရိပ်နဲ့ ပဲ့တင်မြည်သံ ရှည်သွားလိုက်တာရယ် ...

သံမြားဟာ ရာဇသံပေစာကိုသယ်ပြီး လေထုကို ရှဲရှဲရှီးရှီး မြည်သံပေးပြီး လေးပေါ်က အရှိန်ပြင်းစွာ ပြေးထွက်ပြီး တိမ်လွှာတွေကိုလည်းကောင်း၊ တောအုပ်တွေလည်းကောင်း ဖြတ်ကျော်ပြီး မျက်စိရှေ့က ပျောက်ကွယ်သွားတော့တယ်။

မြားမြည်သံ၊ လေးကြိုးခတ်မြည်သံ လုံးဝတိတ်ပြီး နောက် မြားကို လုံးဝမမြင်ရတော့မှ ဒွတ္တဘောင်မင်းကြီးက သံလေးမြားကို ကိုယ်တော်တိုင် ကိုင်စွဲပြီး တောင်မြင့်ပေါ်ကနေ မှူးမတ်၊ စစ်သူကြီးတို့နှင့်အတူ ပြန်ဆင်းလာခဲ့လိုက်တယ်။

✿ ✿ ✿

[ ၂၉ ]

❑

"ဒုတ် ..."

"ဟယ် ..."

"ဘာသံလဲဟ ... မင်းချင်းတို့"

"မင်းချင်းတွေဟာ ဗိသနိုးရွှေနန်းတော်ရဲ့ အဝင်ဝ နန်းတော်တိုင်မှာ ဒုတ်ခနဲ ကျယ်လွန်းလှတဲ့ မြည်သံနှင့်အတူ မြားတစ်ချောင်းစိုက်ပြီး မြားမြီးတုန်ခါနေတာကို အံ့ဖွယ်မြင်ရပြီး လွန်စွာ လန့်သွားကြတယ်။

"ဘာလဲဟေ့ ..."

"မြားတစ်ချောင်း နန်းတော်ဝင်ဝတိုင်မှာ လာစိုက်တာဟေ့"

"အလို ... ဘယ်ကလာတဲ့ မြားတံ့းဟာ ... ဟော ... ရာရာစစ ဆိုတို့ ရွှေနန်းတော်တိုင်ကိုမှ လာထိမှန်ရတယ်လို့။ အဲဒီ ရာဇဝတ်သားကို အမြန်လိုက်ရှာကြဟေ့"

"ဟော့ ... ရဲမက်"

"ပြောပါ ... သွေးသောက်ကြီး"

"တပ်မှူးသို့ဝကို အမြန်သွားခေါ်"

"ဟုတ်ကဲ့ ဗျို့"



www.burmeseclassic.com

www.burmeseclassic.com



မကြာဘူး၊ တပ်မှူးသျှိဝ အပြေးရောက်ချလာပြီး နန်းတော်အဝင်ဝတိုင်မှာ စိုက်နေတဲ့ ထူးဆန်းသော မြားတစ်ချောင်းကို မြင်ရော ထပ်မံအံ့ဩသွားလေရော . . . .

မြားက ဝါးမြားမဟုတ်ဘူး။

သံမြား။

တစ်ချောင်းလုံးကို သံနှင့် သွန်းလုပ်ထားတဲ့ သံမြား။

မြားလုံးက လက်သန်းလုံးခန့်ရှိတယ်။

ဂရုတစိုက်ကြည့်မှ သံမြားတံရဲ့ ကိုယ်လည်မှာ ပေတစ်ရွက်ကို လိပ်ပြီး ချည်ဖြူခင်နှင့် ချည်ထားတာကို မြင်လိုက်ရတော့တယ်။

ဟုတ်ပါပေ့။

ဒါ . . . တစ်စုံတစ်ဦးက စေလိုက်တဲ့ မြားစေစာ။

ဘယ်သူက သံမြားနဲ့ပစ်ပြီး စေရတာတုံး။

ဘယ်လို အကြောင်းအရာတွေ ရေးထားတာလဲ။ မည်သူ့ကို ရည်ညွှန်းတာလဲ တပ်မှူးသျှိဝ သိချင်စိတ် ပြင်းပြနေတယ်။

နောက်တစ်ချက် . . . သံမြား။

မိမိတို့ ဗိသနိုးမှာ သံကိုယ်ထည်နှင့် တစ်ချောင်းလုံးလုပ်ထားတဲ့ သံမြားဆိုတာ လုံးဝမရှိဘူး။ ဒီလိုလေးလွန်းလှသည့် သံမြားနှင့်ပစ်ဖို့ အားကောင်းမောင်းသံလေးလည်း မရှိဘူး။

အများအားဖြင့် မိမိတို့ရဲ့လေးတွေက အဆိပ်လူး ဝါးမြားတွေပဲ ရှိကြတယ်။

ဘုရင်မကြီး ပန်ထွာကိုင်တဲ့ လေးမှာတော့ မြားထိပ်မှာ သံချွန်ရှူးအစွပ်တပ်ပြီး ပစ်တာမျိုးရှိပေမင့် ဒီမြားမျိုးက အန္တရာယ်ပြုတဲ့ ကျွဲရိုင်း၊ ဆင်ရိုင်း၊ ကျားဆိုးများကို ပစ်ရာမှာသာ ဘုရင်မ သုံးလေ့ရှိတတ်တာ။

အလွန်ကို ထူးခြားတာပဲ။

တပ်မှူးသျှိဝ မြားကို နုတ်ကြည့်တယ်။ အလို . . . မြားဝင်မြားရှူးအား ပြင်းလှချေကလား။ သံမြားရဲ့အချွန် ရှူးမြားထစ်တစ်ခုလုံး နန်းတော်တိုင်ထဲ နစ်မြုပ်နေတာကလား။





သျှိဝ သံမြားကို အပေါ်အောက်ဘယ်ညာ အတန်ကြာ နှဲ့လိုက်တော့မှ မြားက တိုင်ကနေကျွတ်ပြီး လက်ထဲ ပါလာတော့တယ်။

ကြည့်စမ်း . . . လေးလိုက်တဲ့မြားနှယ်။

ဘယ့်ကလို လူစွမ်းများက ပစ်လွှတ်လိုက်ပါလိမ့်။

သည့်နောက် မြားလည်မှာ ချည်ထားတဲ့ ချည်ဖြူကြိုးကို ဖြေပြီး လိပ်ပတ်ထားတဲ့ ပေစာကို ဖြန့်ကြည့်လိုက်ရော . . .

"ဟင် . . . ဒါ . . . ဒါ . . . ရာဇသံ"

"တပ်မှူး ဘယ်က မြားနဲ့စာလဲ . . . တပ်မှူး"

"စုံစမ်းရဦးမှာပေါ့ . . . သွေးသောက်ကြီးရာ။ ဒီမှာ သွေးသောက်ကြီး . . ."

"အမိန့်ရှိပါ . . . တပ်မှူး"

"နန်းတော်ဝန်းကျင်ကို လူစိမ်းသူစိမ်း မဝင်စေနဲ့"

"မှန်ပါ . . . တပ်မှူး"

"မြို့ရိုးအပြင်ကို အထူးဂရုစိုက် ရှာဖွေကြစမ်းဟေ့"

"မှန်ပါ . . . တပ်မှူး"

တပ်မှူးသျှိဝ သံမြားနှင့် ရာဇသံပေစာကို ကိုင်ပြီး ရွှေနန်းတော်ထဲကို အမြန် ဝင်ခွင့်တောင်းလိုက်တယ်။

တပ်မှူးသျှိဝလို့သိတော့ ဘုရင်မကြီးပန်ထွာက ဝင်ခွင့်ပြုလိုက်တယ်။ သျှိဝ ဘုရင်မရှေ့မှောက်မှာ ရှိသေစွာ ဒူးထောက်ဦးညွှတ်ခစားရင်း ငုံ့လင့်နေတုန်းမှာ . . .

"တပ်မှူးသျှိဝ . . . အကြောင်းထူးရှိသလား"

"မှန်ပါ . . . ရန်သူတို့က ရာဇသံစာကို သံမြားနှင့် ခွင်းစေပြီး ရွှေနန်းတော်အဝင်တိုင်မှာ စူးနှစ်စေပါတယ် . . . ဘုရင်မကြီး"

"ဘာ . . ."

"အလို . . ."

"ဟုတ်ရဲ့လား . . . သျှိဝငယ်"



www.burmeseclassic.com

www.burmeseclassic.com



အနီးမှာခစားနေတဲ့ မှူးမတ်များဟာ ကြားရချက်ကြောင့် အလွန်ကို အံ့အားသင့်သွားခဲ့ကြတယ်။

"ဟောဒီသံမြားကို ကျွန်တော်မျိုး သျှိဝ နန်းအဝင်ဝတိုင်မှာ စိုက်နေလို့ နုတ်လာတာပါ … ဘုရင်မ။ ဒါကတော့ သံမြားခါးလည်မှာ ချည်ဖြူနှင့် ချည်တုပ်ထားတဲ့ ရာဇသံပေစာပါ … ဘုရင်မကြီး ဘုရား"

"အမြန်ဆက်ပါ … တပ်မှူး"

တပ်မှူးသျှိဝ ရန်သူရဲ့ရာဇသံပေစာကို ပန်ထွာဘုရင်မထံ ရှိသေ စွာ ဆက်သလိုက်တယ်။

ဘုရင်မက သွယ်လျလက်ချောင်းတို့ဖြင့် ရာဇသံပေစာကို ကိုင်ပြီး အလျင်လိုစွာ ဖတ်လိုက်တယ်။

ပန်ထွာဘုရင်မ. သိစေရန် ကျွန်ုပ်ရာဇသံ စေလိုက်သည်။

သင်သည် ကျွန်ုပ်ကဲ့သို့သော ဘုန်းကြီးတော်မူသည့် သိရိခေတ္တရာမင်း အမိန့်တော်ကို နာခံခြင်းမရှိ၊ ဆန့်ကျင်ခြားနားခဲ့သည်။ သင့်ကြောင့် ကျွန်ုပ်၏ သိရိခေတ္တရာ ရဲမက်ဗိုလ်ပါ ဆင်မြင်းများစွာ ရန်ပယ်ချောင်းမှာ သေကြေပျက်စီးခဲ့ရသည်။ သင် ပန်ထွာဘုရင်မ ကျွန်ုပ်ထံ မနေးမမြန် အညံ့ခံမည်လော၊ ဒုတိယ အကြိမ် စစ်ထိုးမည်လော …

(၇) ရက်အတွင်း အကြောင်းပြန်ရမည်။ အကြောင်းမပြန်ခဲ့သော် ဗိဿနိုးမြို့နှင့် ပန်ထွာပြည်ကြီး အလုံးစုံ ပျက်သည်းရမည်ကို သင် မျက်မြင်ဒိဋ္ဌကြုံရမည်။

ဘုန်းတော်ရှင် မဟာဒွတ္တဘောင်

သိရိခေတ္တရာ ရတနာပူရ ပြည့်ရှင်မင်းကြီး

"ဟား … ဟား … ဟား … ဟား … ဟား …"

"ဟား … ဟား … ဟား … ဟား … ဟား …"

မှူးကြီးမတ်ကြီးများနှင့် တပ်မှူးသျှိဝတို့ပါ ရာဇသံစာဖတ်ပြီး ပန်ထွာဘုရင်မကြီးရဲ့ ရုတ်တရက် အားရပါးရ ရယ်လိုက်သံကြောင့် အံ့အားကြီး သင့်ကုန်ကြလေရဲ့။

စိတ်ကူးသစ်စာပေ



ပန်ထွာဘုရင်မကြီး ရာဇပလ္လင်ထက်မှာ သို့ကလို တစ်ခါမျှ မရယ်ဖူးဘူးလေ။ မဟာကလန္ဒြေရှင် ဘုရင်မကြီး[illegible]စွာကာလား။

"ရယ်ရတယ် … ဒွတ္တဘောင်ရယ်၊ သင်လား သိရိခေတ္တရာ ရတနပူရပြည့်ရှင်မင်း … ဟား … ဟား … ဟား … ဟာ ပန်ထွာကို နောက်တစ်ကြိမ် တိုက်ဦးမယ်တဲ့ … ဟား … ဟား … ဟား … ဟား … မင်းကြီးတို့"

"ဘုရား …"

"ဒီပေလွှာက သိရိခေတ္တရာမင်း ဒွတ္တဘောင်ရဲ့ ရာဇသံပဲ …။ သခင်မတို့ပန်ထွာက သူ့ထံမှာ ဒူးထောက်အညံ့ခံရမယ်တဲ့။ ဟား … ဟား … အဲလိုမှ အညံ့မခံရင် (၇)ရက်စေ့တာနဲ့ အလုံးအရင်းနဲ့ ဒုတိယ အကြိမ် လာတိုက်မယ်လို့ ရာဇသံစေတဲ့ စာလွှာပဲ"

"နောက်တစ်ကြိမ် စစ်ဖြစ်ဖို့ ကြုံရဦးမှာပေါ့ … ဘုရင်မကြီး"

"ဟုတ်တယ် … သင်းက ငါ့နန်းတော်တိုင်ကို သံမြားစေပြီး ရာဇသံဆင့်တယ်။ အေးလေ … သင်ကလည်း ဒွတ္တဘောင်ဘုရင်ပဲ။ ငါကလည်း ပန်ထွာဘုရင်မပဲ။ သင့်ရဲ့ သံလေးသံမြား၊ သီလဝန်ဓားကပဲ အစွမ်းထက်မှာလား၊ ငါ့ရဲ့ မဟာအတုလ ရန်ပယ်စည်တော်ကြီးကပဲ အစွမ်းထက်မှာလား၊ ရင်ဆိုင်တွေ့ကြသေးတာပေါ့ … ဒွတ္တဘောင်ရယ်"

"မင်းကြီးတို့ …"

"ဘုရား …"

"ဗိုလ်မင်းတို့"

"အမိန့်ရှိပါ … ဘုရင်မကြီးဘုရား"

"မလွှဲမသွေ ကျွန်ုပ်တို့ ရန်သူသိရိခေတ္တရာရဲ့တိုက်စစ်ကို ရင်ဆိုင်ဦးမယ်။ ကျွန်ုပ်တို့အနေနှင့် တန်ခိုးကြီးမြတ်လှတဲ့ မဟာအတုလစည်တော်ကြီးရဲ့ ဂမ္ဘီရအစွမ်းကို အားကိုးအားထား ပြုကြရသလို၊ ပန်ထွာရဲမက်တို့ရဲ့ သူရသတ္တိအစွမ်းနဲ့ အတုလစည်တော်ကြီးအစွမ်း ပူးပေါင်းပြီး ပြန်တိုက်ရမှာပဲ ဒါကြောင့် အားလုံး မျိုးရိက္ခာ၊ စစ်သည်လက်နက်၊ သတင်းလမ်းကြောင်း ဆူးညှောင့်ခလုတ် အသင့်ရှိပစေ။ အမိန့် …"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## ၁၀

❑

သင်းတို့ သိရိခေတ္တရာ တပ်မကြီးကလည်း သေမှာမကြောက်တဲ့ အာဂတပ်တော်ကြီးပါပေပဲ။

သိရိခေတ္တရာ ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်တို့ ဒီတစ်ခါ ချီလာပုံက အရင်တစ်ခါထက် အင်အားများတယ်လို့ အထောက်တော် သတင်းအရ သိရတယ်။

ဒွတ္တဘောင်မင်းကြီးရဲ့ယောက်ဖတော် မြို့စားအမတ်များက အကြီးအမှူးပြုပြီး ချီတက်လာနေတာတဲ့။

ရန်သူဝင်မည့် လမ်းကြောင်းမှာ အရှည်တစ်ထွာခွဲမျှရှိပြီး လက်မလုံး၊ သက်ညိုးလုံးခန့် သံချွန်ခလုတ်တို့ကို မြေကြီးနေရာအနှံ့မှာ စိုက်ထူထားလိုက်တယ်။

သံချွန်ဆင်ခလုတ်တစ်ခု ထောင်ပြီးရင် ဆင်ထွက်ပြေးဖို့ ကွက်လပ်နေရာ ထားပေးလိုက်တယ်လေ။ ရန်သူတိုက်ဆင်ဟာ ဆင်ခလုတ်သံချွန်ကိုနင်းမိပြီး ဘေးလွတ်ရာသို့ လှည့်ပြေးပါက ပြေးသည့် ဘယ်ညာမြေသား





တစ်ပိုက်မှာရော၊ ရှေ့ကွက်လပ် ဆင်တစ်ကျော်မှာပါ ဆင်ခလုတ်ကျင်းတွေကို ဆင်ထားလိုက်ကြတယ်။

"တပ်မှူး ..."

"အမိန့်ရှိပါ ... ဗိုလ်မင်းကြီး"

"မြင်းခလုတ်တွေရော နေရာချထားပြီးပြီ ... နော် တပ်မှူး"

"လိုက်ကြည့်ပါ ... ဗိုလ်မင်းကြီး"

တပ်မှူးသျှိဝနှင့် ဗိုလ်မင်းယောဘတို့ မြင်းကိုယ်စီစီးပြီး လမ်းမကြီးတစ်ခုရှိရာကို နှင်လာလိုက်တယ်။

"ရပ် ..."

"အလို ... ဒါ ... ဘယ်သူတွေလဲဟဲ့ ... တပ်မှူး၊ ငါတို့ကို အမိန့်ပေးပုံက မိုးခြိမ်းသံအလား ပါလားဟဲ့"

"မှန်ပါ ... ဘေးဘီဝဲယာကိုသာ လှည့်လို့ကြည့်ပါ ဗိုလ်မင်း"

တပ်မှူးသျှိဝပြောသလို ဗိုလ်မင်းယောဘ ကြည့်လိုက်ရော ချုံပုတ်တွေကြားကနေ ဓားကိုင်၊ လှံကိုင် စစ်သည်တွေ ဘယ်ရောညာရော အသင့်အနေအထားနဲ့ တိုက်ဖို့ ပြင်ထားတာကို မြင်လိုက်ရပြီး ...

"သျှိဝ ... ဒါ ... မောင်မင်း ရဲမက်တွေလား"

"ဟုတ်ပါ့ ... ဗိုလ်မင်း ... ဗိုလ်မင်း ... ဟိုတောင်စောင်းကို ကြည့်လိုက်ပါ ... ဗိုလ်မင်း"

"ကူ ... ကူ ... ကူ ..."

"ကူ ... ကူ ... ကူ ... ကူ ... ကူ ... ကူ ..."

ဗိုလ်မင်းယောဘ ခြေလှမ်းငါးဆယ်ခန့် အကွာအဝေးမှာရှိတဲ့ ကုန်းစောင်း၊ တောင်စောင်းများကို လှမ်းမော့ပြီး ကြည့်လိုက်ချိန်မှာ ...

ချိုးကူသံတွေ မလှမ်းမဝေးက ဆင့်ကာဆင့်ကာ ပေါ်လာသံကြားလိုက်တယ်။

ဒါနှင့်အတူပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဖြုန်းဆို တောင်စောင်းတောင်စွယ်၊ တောင်ကုန်းကမ်းပါးယံပေါ်ကနေ လေးသည်တော်များစွာတို့ရဲ့ လေးမြား များစွာနှင့် ထရပ် ချိန်ရွယ်ထားခြင်းကို ဗိုလ်မင်းကြီးယေဒဘ မြင်လိုက်ရရော။

"သျှိဝ . . . မောင်မင်းစီစဉ်ပုံ ဗျူဟာ ကျသားပဲကွယ်"

"နောက်ထပ် ရှိပါသေးတယ် . . . ဗိုလ်မင်း၊ ဟောဟိုတောင်ကြားလမ်းထဲကို ရန်သူ ဆင်တပ်၊ မြင်းတပ်နဲ့ ဝင်လာရင် ကြည့်ပါ . . . ဗိုလ်မင်း"

တပ်မှူးသျှိဝက ပြောရင်းကနေ အချက်ပြလိုက်ရော . . .

"ရှိ . . ."

"ရှိ . . . ဖြုန်း . . ."

"ရှမ်း . . . ဖြုန်း . . ."

"အို . . . တယ်ဟုတ်ပါလားဟေ့ . . . ဟေ . . ."

လေရှူးနှင့် ရှိခနဲအဆုံးမှာ မြေကြီးနဲ့ ဖုံးထားတဲ့လမ်းပေါ်ကနေ သံဆူးတွေပါတဲ့ လက်ဖျံလုံးခန့် မြင်းခလုတ်ကြိုးတွေ တစ်ချောင်းပြီးတစ်ချောင်း၊ ဖြောင်းဖြောင်းရှမ်းနဲ့ အသံမြည်ပြီး မြေစာဖွားဖွားနဲ့ တန်းပေါ်လာပုံများရယ် . . .

ဟုတ်ပေ့ဟေ့ . . .

အရှိန်နဲ့ဝင်လာတဲ့ မြင်းရော၊ လူရောဟာ ဒီမြင်းခလုတ် တားကြိုးများနဲ့ တိုးတိုက်တာနဲ့ ကျွမ်းပြန်ကျမှာ ဧကန်ပဲ။

မြင်းရော၊ လူရော၊ ကျွမ်းပြန်ကျသည်နှင့် စောစောကကဲ့သို့ သစ်ပင်ကြား၊ ချုံကြားက လျှို့ဝှက်ပုန်းနေတဲ့ ရဲမက်များက ဓားလှံတွေနဲ့ ဝိုင်းခုတ် . . .

ကစဉ့်ကလျား ပြေးနေတဲ့ ရန်သူကို ကုန်းမြင့်ပေါ်က လေးသည်တော်များက လေးမြားနှင့်ပစ်၊ ကျောက်မောင်းတွေဖြုတ်ချ . . .

ရှေ့ဆက်လိုက်ကြည့်တော့ . . .

ပြိုလဲလုနီးပါး ဖြတ်တား၊ သစ်ပင်ကြီးတွေကို မြင်ရတယ်။ ဒါလည်း ကိုယ့်အချင်းချင်းမို့ သိရတာ။ ဒီပြင် လူစိမ်း မသိရဘူး။





"အဲဒီသစ်ပင်တွေက တွန်းလိုက်ရင်၊ ကြိုးနဲ့ ဆွဲချလိုက်ရင် လမ်းပေါ်ကိုလဲကျပြီး လမ်းပိတ်သွားရော . . . ဗိုလ်မင်း။ လမ်းပိတ်သွားလို့ ရန်သူနောက်ပြန်အဆုတ်မှာ ဝင်တိုက်။ ဒီလိုမှမဟုတ်ဘဲ ရှေ့ကို ဖွတ်တိုးပြေးရင်တော့ ဟောဒီမှာကြည့်ပါ . . ဗိုလ်မင်း၊ ခြေမနင်းလိုက်ပါနဲ့နော် . . . ဗိုလ်မင်း။ အဲဒါ လူနစ်ရပ်နက်တဲ့ ကျင်းကြီးတွေခင်ဗျ။ အပေါ်ယံကို ဝါးထရံပါးပါးအုပ်ပြီး မြေသားပါးပါး ခင်းထားတာပါ။ မြင်းရော၊ လူရော ကျင်းဖုံးကို နင်းပြီးကျမယ်ဆို လူတစ်ဆယ် မြင်းတစ်ဆယ် ကျနိုင်ပြီး ကျင်းအောက်မြေခင်းမှာတော့ မီးသင်းအဆိပ်ပြင်း ဝါး၊ ညှောင့်၊ သံညှောင့်များက ကျလာတဲ့ ရန်သူကို ဒုက္ခကြီးစွာပေးဖို့ အသင့်ပါ . . . ဗိုလ်မင်းကြီး"

"မင်းတော်တယ် . . . တပ်မှူး၊ မင်းကို ငါတို့ ယုံကြည်အားကိုးရသလို ဘုရင်မကြီးကလည်း မင်းကို စိတ်ချယုံမှတ်တော်မူတယ်။ ဘုရင်မကြီးအပေါ်မှာတော့ မင်းတို့ငါတို့အားလုံး သစ္စာစောင့်သိကြဖို့ အရေးကြီးတယ် . . . တပ်မှူးရေ"

"ဘုရင်မကြီးရဲ့အကျိုး၊ ပန်ထွာနေပြည်တော်ကြီးနဲ့ ဗိသနိုးအကျိုးကို အသက်နှင့်ရင်း၍ စောင့်သိပါမည် . . . ဗိုလ်မင်း"

"ကောင်းပေစွ . . . ကောင်းပေစွ . . . တပ်မှူး"

သည့်နောက် သစ်ခလုတ်၊ မြင်းခလုတ်၊ ဆင်ခလုတ်၊ ကျင်းခလုတ်၊ ကြိုးခလုတ် အမျိုးမျိုးဆင်ထားတဲ့ ရန်သူဝင်လာနိုင်မည့် လမ်းကြောင်းတွေကို ကိုယ်တိုင်စစ်ဆေး လိုအပ်ရာအကြံပြုပြီး မြို့ရိုးဝန်းကျင်ကို စစ်ဆေးရန် မြင်းနှင့် ပြန်ခဲ့လိုက်တယ်။

မိမိတို့ ရန်သူလာမည့်အချိန်ကို နေ့ရောညပါ လုံ့လ ဝီရိယကြီးစွာ စောင့်မျှော်နေကြတယ်။

ရာဇသံ (၇) ရက်စေ့ပြီးသွားပြီလေ။

ပန်ထွာဘုရင်မဆိုတာ အလွယ်နှင့် အညံ့ခံတဲ့ ဘုရင်မ မဟုတ်ဘူး။ ဘုရင်မရဲ့ ခြေဖဝါးဟာ မုန့်ညက်လို ဖြူဖွေးနုရွနေပေမင့် ရန်သူနဲ့ ရင်ဆိုင်ရမယ်ဆိုရင် မြေကြမ်းပေါ်မှာ ဖိနပ်မပါဘဲ လျှောက်ရဲတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မရဲ့ ကျောပေါ်က မြားကျည်တောက်ထဲမှာ အဆိပ်လူးမြား အချောင်းတစ်ရာရှိရင် ရန်သူတစ်ရာ ကျကိုကျဆုံးရမယ်။

ဒီလို ယုံကြည်မှုရှိတဲ့ ပန်ထွာပါ။

သျှိဝတို့ ရန်ပယ်ကမ်းခြေမှာ ရန်သူကို မျှော်နေတုန်း လှေငယ် တစ်စင်း ဝင်လာတယ်။ လှေပေါ်က အဘိုးကြီးတစ်ဦးဆင်းလာပြီး တပ်မှူး သျှိဝရှေ့မှာ အရိုသေပြုတယ်။

အဘိုးကြီးဟာ ခေါင်းပေါင်းကို ဖြုတ်ပြီး ဆေးတံကို ပါးစပ်က ချွတ်၊ နှုတ်ခမ်းမွေးအတုကို ခွာလိုက်ပြီး ...

"အထောက်တော် ဗျဂ္ဃပါ ... တပ်မှူး"

"မင်းကြည့်ပြီး ဘယ်ကအဘိုးကြီးလဲလို့ကွယ်။ ရုပ်ဖျက်တော်လှ ချေကလား။ ကိုင်း ... အကြောင်းထူးပြီလား ဗျဂ္ဃငယ်"

"ရန်သူတပ်ကြီး အလျင်တစ်ခါလိုပဲ အပြင်းနှင်လာပါပြီ ... တပ်မှူး။ မွန်းမတည့်မီ ရန်ပယ်ချောင်းကို ရောက်ပါလိမ့်မယ် .. တပ်မှူး"

"အိမ်း ... လာရင်လည်း အသေအကြေ တိုက်ကြတာပေါ့။ ဟော့ ... အလံကိုင်တို့ ..."

"အမိန့်ရှိပါ ... တပ်မှူး"

"ဘုရင်မကြီး ... အရေးပေါ်အချက်ပြ အလံတော်ကို နန်းပြင် ပေါ်ကနေ ဂရုတစိုက် ကြည့်နေနော်။ ရန်သူ ရန်ပယ်ချောင်းကို ဖြတ်တာ နဲ့ အလံတိုင်ပေါ်အရောက် အလံသုံးခုကို လွှင့်တင်ဖို့ မမေ့နဲ့"

"စိတ်ချပါ ... တပ်မှူး။ ကျွန်တော်မျိုးတို့ အသင့်ရှိနေပါတယ်"

မကြာပါဘူး ... ကင်းစင်ပေါ်က ဟစ်သံကြားရရောလား။

"ရန်သူတွေ ရန်ပယ်ချောင်းစပ်ကို ရောက်လာနေပါပြီ တပ်မှူး"

ဟိုး ကင်းစင်ပေါ်ကနေ ဟစ်လိုက်တဲ့အသံကို တပ်မှူးသျှိဝ ကြား လိုက်ရရော ကျောက်ကုန်းမြင့်ပေါ်ကနေ ပြေးတက်ကြည့်လိုက်တယ်။

ဟုတ်ပါရောလား။

အလို ... နည်းတဲ့ တပ်ကြီးလားဟဲ့။ ရဲလံအောင်လံတွေကို ရန်





ပယ်ကမ်းခြေမှာ တန်းစီစိုက်ထားပုံနှယ် ... ဗိသနိုးကို နိုင်လို့ မင်းကြီး များကို အလံတော်ရဲလံများ တန်းစီကြိုနေသည့်အလား။

သီရိခေတ္တရာရဲ့ ရဲလံတွေနဲ့အတူ တိုက်စည်ရွှမ်းသံတွေ၊ စစ်မောင်း သံတွေပါ ကြားနေ မြင်နေရတယ်။

အံ့မယ် ... ကြည့်စမ်း ... ဟာရို့၊ ရေကူးကျွမ်းသူ ရန်သူတစ် ယောက် ကြိုးခွေကြီးလွယ်ပြီး ရန်ပယ်ရဲ့ ဒီမှာဘက်ကမ်းရှိရာကို ကူးလာ နေပါလား။

ဟဲ့ ... ဟဲ့ ... ရေကူးကျွမ်းသူတွေက တစ်ယောက် နှစ်ယောက် သုံးယောက် .. လေးယောက် ... ငါးယောက်တောင်ဗျာ။

ကြည့်ရတာ ရေကူးလာပြီး ဒီဘက်ကမ်းမှာ ငုတ်ရိုက်ကြိုးတန်း ပစ်ပြီး အားလုံး ကူးကြမယ်ဆိုတဲ့ သဘောပေါ့လေ။

ကြည့်စမ်း ... ဝါးဖောင်ရှည်တွေပါ တစ်ခါတည်း သယ်လာကြ သကိုး။ ဖောင်တွေကို တန်းစီချ၊ စစ်သည်ရဲမက်တွေတက်၊ ထိုးဝါးနဲ့ကူး၊ အလို ... ဖောင်တံတားကြီးတွေ တန်းစီရင်ပေါင်တန်း ရေပေါ်ဆင်ကြတာ ကိုးဗျာ။

အင်းလေ ... ရေကျချိန် ရေစစ်ချိန် ရွေးလာကြသကိုး။

နပ်သားပဲဟော့။ ဟဲ့ ... ဟဲ့ ... အံ့မယ် ... ရေအကျမှာ ဖောင် တွေ ရေစီးနဲ့ ပါပါနေသလား။ အလို ... အလို ... မြင်းတပ်က ရေတိမ်က နေ ကူးနေပါကလား။

"လေးတပ်ဖွဲ့ ပစ်"

"ရှိုး ... ရှိုး ... ရှိုး ..."

"ဖောက် ... ဖောက် ... ဖောက် ..."

"အား ... အား ..."

"ဝုန်း ... ဝုန်း ... အား ..."

"အား ... ငါ့ကို ထိပဟော့"

ပန်ထွာရဲ့လေးတပ်ဖွဲ့က မြင်းနဲ့ကူးနေတဲ့တပ်ဖွဲ့ကို တောင်စောင်း ကုန်းပေါ်ကနေ မြားနဲ့ဝိုင်းပစ်လိုက်တာ ပိတုန်းတွေလို ဝီခနဲ ရှီခနဲ အော်မြ



www.burmeseclassic.com

www.burmeseclassic.com



ပြေးလာတဲ့ မြားတွေက မြင်းစီးရန်သူတွေရဲ့ ရင်ညွန့်၊ လည်ပင်းပေါ်ကို မှန်ပြီး ရေထဲကို တဝုန်းဝုန်း ပြုတ်ကျအော်ဟစ်။

နောက်က မြင်းတပ်ကြီးက ခါးမျှရေကို ဖြတ်ပြီး အလုံးအရင်းနဲ့ ကူးလာချိန် ...

ဖောင်တံတားပေါ်မှာ ရန်သူတွေ စားလုံ့ကိုင် ပြေးလာနေချိန် ..

သျှိဝ ခါးမှာချိတ်ထားတဲ့ ကျွဲချိုကိုမှုတ်ပြီး တောင်ကုန်းပေါ်ကို အချက်ပေးလိုက်တယ်။

"တူ ... တူ ... တူ ..."

"တူ ... တူ ... တူ ..."

"တူ ... တူ ... တူ ..."

ကျွဲချိုမှုတ်သံအဆုံး ...

ပန်ထွာရဲ့ အနီရောင် ရဲလံသုံးခု အလံတိုင်ကနေ ဟိုးတိုင်ဖျားကို ရိပ်ခနဲ ရိပ်ခနဲ ထိုးတက်သွားတယ်။

တိုက်ပွဲဝင် အနီရောင်ရဲအလံသုံးခုဟာ တိုင်ထိပ်မှာ လေနှင့်လွှင့်ပြီး တဖျပ်ဖျပ် လူးလွန့်နေချိန်။

"ထိ ... ထိ ... ထိ ..."

"မဟာအတုလစည်တော်ကြီး မြည်ပြီဟေ့"

"ဝေ ... ဝေ ... ဟေး ... ဟေး ..."

"ထိ ... ထိ ... ထိ ..."

"ထိ ... ထိ ... ထိ ..."

မဟာအတုလစည်တော်ရဲ့ မြည်သံက မိုးလုံးဟိန်းပြီး ဗိသနိုး နန်းမြင့် စည်တော်တိုင်ကနေ ရန်ပယ်တိုင်အောင် လေနှင့် စီးမျောလာခဲ့တယ်။ ရန်သူတွေဟာ စည်သံကိုနားစွင့်ပြီး မော့ကြည့်ကြလို့။

သျှိဝရော၊ ဗိသနိုးရဲမက်တွေရော၊ မျှော်လင့်ကြီးစွာ ရင်ဖိုစွာနဲ့ အသံတိတ် ငံ့လင့်နေချိန်မှာပဲ ကြည်လင်နေတဲ့ ကောင်းကင်ကြီး ချက်ချင်း တိမ်ညိုမည်းတွေ ဖုံးလွှမ်းလို့ လျှပ်စစ် မိုးခြိမ်းသံများနှင့်အတူ ...





"ဝေါ ... ဝေါ ... ဝေါ ..."

"ဂူး ... ဂူး ... ဂူး ..."

"ဂျိမ်း ... ဒလိန်း ... ဒလိန်း ... ဂျိမ်း"

"ဝေါ ... ဝေါ ..."

"ဟေ့ ... ဟေ့ ... ကောင်းကင်ကြီး မည်းမှောင်လာပြီ၊ မိုးတွေ ရွာလာပြီ။ မိုးကြိုးတွေ ပစ်နေတယ်။ မြေပြင်မှာ ဝပ်နေကြဟေ့"

"ရဲမက်တို့ ... ဝပ်နေကြ၊ ဝပ်နေကြ။ မရပ်နဲ့ မရပ်ကြနဲ့"

"ဂျိုင်း ..."

"အား ..."

"ဂျိုင်း ... ဂျိုင်း ... ဂျိန်း ..."

လျှပ်စီးလက်သံ၊ မိုးကြိုးပစ်သံ၊ လေပြင်းကျသံနှင့်အတူ သစ်ပင် သစ်ကိုင်းများ တဖြောင်းဖြောင်းကျိုးကျပြီး မိုးကြီးလေကြီးတို့ဟာ ဟိုး တောင်ညိုတောင်တန်း တောင်မြင့်များရှိရာကနေ မြားပြေးသလို ပြေးလာပြီး ရန်ပယ်ချောင်းရဲ့ အပေါ်ကို သွန်ချလိုက်တယ်။

မိုးမှောင်ကြီးနှင့်အတူ ဝိုင်းဒိုင်းကြဲနေတဲ့ မိုးသီးမိုးပေါက်များဟာ ရန်သူတို့ရဲ့ မျက်နှာများကို မြားတွေထိမှန်သလို စူးရှကုန်ရော။

"ဝေါ ... ဝေါ ... ဝေါ ..."

"ဘာသံတွေတုံးဟေ့"

"တောင်ကျရေ ... တောင်ကျရေ ... ရန်ပယ်ကို ဝင်လာပြီ"

"မြင်းတပ်သားတွေ ... ပြန်ဆုတ်၊ ပြန်ဆုတ်"

"ဝေါ ... ဝေါ ..."

"ဝုန်း ... ဝုန်း ... ဝေါ ... ဝေါ ... ဝေါ "

"ဝရောင်း ... ဝရောင်း ..."

"ဟီး ... ဟစ် ... ဟစ် ... ဟစ် ... ဟစ်"

"ဟီး ... ဟစ် ... ဟစ် ... ဟစ် ... ဟစ်"

"အား ... အား ... ကယ်တော်မူကြပါဗျ"



www.burmeseclassic.com

www.burmeseclassic.com



အံမခန်းကြီး အံ့ဖွယ်ကြီးပါပဲ။ တောင်ပေါ်ကနေ ရေလုံးကြီးတွေ ရန်ပယ်ချောင်းကို တရကြမ်းဝင်လာပြီး ရန်သူရဲ့ ချောင်းကူးမြင်းတပ်များနဲ့ ဖြန့်ဝင်လာတဲ့ ဖောင်တပ်ကို ဟိုးအရင်တစ်ခါလိုပဲ ရိုက်ချိုးတွန်းလှန် ဆွဲ တိုက်ယူသွားလိုက်တာ . . .

ရန်ပယ်ချောင်းဟာ ရန်သူ သီရိခေတ္တရာတပ်ကူးတုန်းက ရေ တိမ်လေး။

ကြည့်စမ်း . . . အတုလစည်တော်ကြီးမြည်သံ ကြားပြီးရော ရန် ပယ်ချောင်းမှာ မိုးရေ၊ တောင်ကျရေလျှံပြီး ရေပြင်ကျယ် ပင်လယ်လိုဖြစ်ပြီး အိမ်လုံးမက လှိုင်းလုံး လှိုင်းတံပိုးတွေဟာ နဂါးရိုင်းတွေ အကောင်ထောင် သောင်း ခေါင်းယမ်းပါးပြင်းထ ခေါင်းချင်းရိုက်နေသလို တံပိုးကြီးတွေ ဆက် ပြီး . . .

ရန်သူ ဆင်တပ်၊ မြင်းတပ်ရှိရာ ကမ်းစပ် မြေပြင်ကိုပါ ရေလှိုင်း တွေ ရိုက်ခတ်သွားခဲ့တယ်။

ရန်သူတို့ရဲ့ စောစောက တန်းစီစိုက်ထားတဲ့ ကမ်းခြေက ရဲအလံ ပေါင်းများစွာတို့ဟာ ရေလှိုင်းနဲ့ ကြိုးပြတ်မျောပါသွားကုန်ပြီ။

''ဂျိုင်း . . .''

''ဂျိမ်း . . . ဂျိမ်း . . . ဂျိမ်း . . .''

''ကျည် . . . ကျည် . . . ကျည် . . .''

''အီး . . . ကျစ် . . . ကျစ် . . . ကျစ် . . . ဂူး . . . ဂူး''

''ဟီး . . . ဟစ် ဟစ် ဟစ်''

ရန်သူ့ ဆင်တပ်၊ မြင်းတပ်ထဲကို မိုးကြိုးထိမှန်ပြီး ဆင်တွေ၊ မြင်း တွေလန့်ပြေးလို့ တွေ့ရာနင်းသတ်ကုန်ပြီ။ သစ်ပင်ကြီးတွေလည်း သူတို့ အပေါ် ကျိုးကျကုန်ပြီ။

''သွေးသောက်ကြီးတို့ . . .''

''ဆင်ထိန်းတွေ . . . ကိုယ့်ဆင်ကိုယ် ထိန်းကြ''

''ကိုယ့်အစု ကိုယ်ထိန်းကြ''





''ဝေါ . . . ဝေါ . . .''

''ဂုန်း . . .''

''အမလေးဗျ . . .

သစ်ပင်ကြီးတွေ လေတိုက်လို့ ဆင်တပ်၊ မြင်းတပ်ပေါ် လဲကျပြီး ပိကုန်တယ်။ ရန်သူတွေဟာ မိုးသီးမိုးပေါက်နဲ့ လေပြင်းမုန်တိုင်းကြားမှာ အချင်းချင်းပင် မမြင်တော့ဘဲ ခြေဦးတည့်ရာ ပြေးကုန်ကြပြီ။

ဒီမှာ ဗိဿနိုးကမ်းခြေကို ကူးလာနိုင်တဲ့ သီရိခေတ္တရာ ရဲမက် အချို့နှင့် မြင်းစီးရဲမက်အချို့ကို သျှိုဝတို့ မြင်လိုက်တယ်။

''တိုက် . . .''

''ကျား . . . ပန်ထွာကွ''

''ကျား . . . ဗိဿနိုးတဲ့ဟေ့ . . . သေဟ''

''ရွှမ်း . . .''

''ချွင် . . . ချွင် . . . ထန်''

''ဂုစ် . . .''

''အာ . . . အ . . . အ . . .''

ဗိဿနိုးတပ်သားတို့ရဲ့ ဓားချက်၊ လှံချက်အောက်မှာ မသေဘဲ ကုန်းပေါ်တက်လာတဲ့ သီရိခေတ္တရာရဲမက်တွေ မြားထိပြီး သေဆုံးသွား ကြတယ်။

ဒီမှာ ရန်သူ မြင်းစီးဗိုလ်တစ်ဦးက မြင်းတရကြမ်း စီးဝင်လာပြီး ဗိဿနိုးတပ်သားတွေကို ဓားနဲ့ခုတ်လို့ မြင်းနှင်ပြေးတယ်။

သင်း ဓားချက်ကြောင့် ဗိဿနိုးရဲမက်နှစ်ဦး မိုးပေါက်ကြားမှာ ညှပ်သွားတယ်။ သွေးတွေ ရဲခနဲ။

''တပ်မှူး . . . ရန်သူ မြင်းသမား ပြေးပြီ''

''သင်း ပြေးလို့ လွတ်ရိုးဟုရှိ။ ကျား . . . ဗိဿနိုးတဲ့ကွ''

မိုးသီးမိုးပေါက်ကြားမှာ ရှေ့က သီရိခေတ္တရာမြင်းစီးဗိုလ် ဖြစ်တဲ့ သူက မြင်းကို ဒုန်းစိုင်းပြီး ပြေးနေတယ်။

www.burmeseclassic.com



ဒါ သီရိခေတ္တရာမြေမဟုတ်ဘူး။

သင်း ... လူရော၊ မြင်းရော ခြေချတာ များနေပြီ။

သို့သော် များလို့မှားမှန်း မသိဘူး။ ဒါပါပဲလေ။ ကိုယ်လုပ်တဲ့ အလုပ်ပဲ ကိုယ်မှန်တယ်ထင်တဲ့ လူတွေ ရှိကြသေးဥစ္စာ။

''ဟော့ ... ရပ်လိုက်''

''ရပ်လိုက်နော်''

ရန်သူက လုံးဝ မရပ်ဘူး။ မိုးပေါက်မိုးသီးကြားမှာ ဒုန်းစိုင်းပြေး နေရာက ဖျတ်ခနဲ မြင်းဇက်ကိုဆွဲပြီး တစ်ပတ်လှည့်လိုက်တယ်။

တပ်မှူးသျှိဝ ရန်သူ့မြင်းနောက်ကနေ ကျွံဝင်သွားနိုက်မှာ ရန်သူဗိုလ်ဟာ မြင်းချင်းကပ်ပြီး စလွယ်ဓားခုတ်ချလိုက်တယ်။

''ထန် ...''

''ဗိုး ...''

''သင် လက်နက်ချပါ။ ဒါ ငါတို့ ဗိသနိုးမြေ''

''ငါလည်းရဲလို့ နင်တို့မြေပေါ် ခြေချတာဟော့ ... ကိုင်း ...''

''ရွမ်း ...''

''ထန် ... ထန် ... ထန် ...''

မြင်းချင်းယှဉ်ပြီး ဓားချင်းခုတ်တာ မိုးရေထဲမှာ ဓားမီးပွင့်သွား တယ်။

''ကျား ... ဗိသနိုးတဲ့ဟော့''

''သီရိခေတ္တရာကွ''

''ရွမ်း ... ရွမ်း ...''

''ရွမ်း ...''

''ထန် ...''

''ကျား ... ဟော့ ...''

သျှိဝ မြင်းချင်းကပ်ပြီး မိုးဓားကို ခံဓားနဲ့ခံရာက အားနဲ့လှန်ပြီး မြင်းနဲ့ပါ ဝင်တိုက်လိုက်တာ သီရိခေတ္တရာဗိုလ် မြင်းပေါ်ကနေ မြေကြီးပေါ် ပြုတ်ကျသွားတယ်။





သျှိဝက သင်းကို မြင်းနဲ့လိုက်နင်းတော့ ...

သင်းက မြင်းခြေကို ဓားနဲ့ လှမ်းခုတ်လိုက်တာ မြင်း ရှေ့လက် အမြောက်မြန်လို့ နို့မို့ လက်အပြတ်ပဲ။

သျှိဝ မြင်းပေါ်ကနေ လွှားခနဲခုန်ဆင်းပြီး ရန်သူကို မျက်နှာချင်း ရင်ဆိုင်လိုက်တယ်။ ရန်သူရဲ့ အရပ်အမောင်းနဲ့ ခွန်အားက သူနှင့် အလုံး အပန်တူမျှ ရှိနေတာကိုး။

တုတ်တုတ်ခိုင်ခိုင် ခြေဆံလက်ဆံကြီးထဲက။

မြန်လိုက်တာနယ် ... သျှိဝ မြင်းပေါ်က ခုန်ဆင်းလိုက်ချိန်မှာပဲ ရန်သူဗိုလ်ဖြစ်ဟန်တူသူက တပ်မှူးသျှိဝရဲ့ ဒူးနေရာကို ခုတ်လိုက်တာ မြင် လိုက်လို့သာပေါ့။ မမြင်လိုက်ရင် မမှန်းမိရင် ရန်သူရဲ့ ဓားချက်နှင့် ဒူးက ပြုတ်ထွက်သွားမှာ။ ငှက်ပျောပင် ပြတ်သလိုမျိုး ဖြစ်သွားမှာ။

သျှိဝ ရန်သူ့ဓားအဝင်မှာ လွှားခနဲ အပေါ်ကို ကိုယ်ဖော့ခုန်လိုက် လို့ ရန်သူ့ဓားချက် ခြေဖဝါးအောက်ကနေ 'ဗိုး' ခနဲ အသံမြည်ပြီး ဖြတ် သွားတာ။

ရန်သူ့ရဲ့ဓားချက်က ဒီမှာတင်မပြီးဘူး။

ခါးသိမ်း၊ ဒူးသိမ်း ဝိုက်ဓားလည်း လွတ်သွားရော မြန်လိုက်တာ လက်ပြန်တွက်ဓား လှစ်ခနဲ ဝင်လာလိုက်တာ။

''ထန် ...''

''ထန် ...''

သျှိဝက ဝင်လာတဲ့ ရန်သူ့လက်ပြန်တွက်ဓားကို မိုးဓားနဲ့ ခုတ်ချ လိုက်တာ။ ထန်ခနဲမြည် မီးပွင့်သွားပြီး ရန်သူ့ဓား မြေစိုက်ကျသွားတယ်။

''ဗိုး ...''

''ဟယ် ...''

အလို ... သင်း သီရိခေတ္တရာဗိုလ်က ပေါ့သေးသေးမဟုတ်။ ရည်ရရ မဟုတ်ထဲကကိုး။ ကြည့်စမ်း ... သင်း မြေစိုက်ဓားအပေါ်က တဲ့ သျှိဝရဲ့ဓားကို လှန်ပယ်လိုက်ပြီး လက်ပြန်စလွယ်သိုင်း ပိုင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ။ သျှိုဝပခုံးကို ရန်သူ့ဓားချက် ရှပ်ထိသွားပါရော။ စူးခနဲ ပူခနဲ ခံစာ
လိုက်ရတယ်။

သျှိုဝကလည်း မြန်တယ်။ ဒဏ်ရာကို ဂရုမစိုက်ဘူး။

ကျောကို ရန်သူ့ရင်ခွင်ထဲလှည့်ပြီး ရန်သူ့ဓားကျ လက်ရင်းကို
ဘယ်လက်နဲ့ ဖမ်းထားလို့ ညာတံတောင်နဲ့ ရန်သူ့ညာဘက် နံရိုးကို နောက်
ပြန် ဆောင့်တိုက်ပစ်လိုက်တာ ...

"အား ..."

ရန်သူဟာ နံရိုးနာကို လက်နဲ့အုပ်ပြီး တပ်မှူးသျှိုဝကို ဘယ်ပြန်
ညာပြန် ဓားချက်ပေါင်းများစွာ ခုတ်ရင်း နင်းတိုးဝင်လာတာ။ ဓားချက်
က ဘယ်ညာ ကြက်ခြေခတ်ဓားချက်မို့ ကပ်လို့မရဘူး။

ဆန့်ဓားနှင့် တားကာရင်း နောက်ကို အဆုတ် ...

ဒီမှာ သျှိုဝ ခဲလုံးတစ်လုံးကို နင်းမိပြီး ခြေအယိုင် ...

"ကျား ... သီရိခေတ္တရာကွ"

"ကျား ..."

"ကျား ..."

"ရွှမ်း ... ထန် ..."

"ဗိဿနိုးဟေ့ ... ကျား"

"ဖွပ် ..."

"အား ... အ ... အ ... အ ..."

"အား ... အ ... အ ..."

ရန်သူက သျှိုဝအယိုင်မှာ ရင်ဝကို ဓားဦးနဲ့ ပြေးထိုးလိုက်တာရယ်
သျှိုဝ ရန်သူထိုးဓားကို ဘယ်ခြေတစ်ကွက် ထန်းရှောင်ပြီး ဓားဦးစိုက်ကာ
နဲ့ ပယ်ထားရင်းက ကိုယ်ကို လှစ်ခနဲ လျှိုဝင်ပြီး ရန်သူ့ဝမ်းဗိုက်ကို ဝိုင်
ဓားကြီးနဲ့ ပိုင်းပြီး ပြန်တွက်လိုက်တာ။

ရန်သူ့ဝမ်းဗိုက် ပြတ်ပြီး အူပြတ်တွေနဲ့ သွေးတွေ တရဟော
ကျလာတာကို မြင်လိုက်ရတယ်။ ရန်သူဟာ အူမတွေကို လက်နဲ့ပွေ့

---

စိတ်ကူးသစ်စာပေ



'ဘုန်း'ခနဲ ဝမ်းလျားမှောက်လဲကျကာ အော်ဟစ်လူးလွန့်လို့ အသက်ပျောက်
သွားတော့တယ်။ ရန်သူ့ဝမ်းဗိုက်က သွေးတွေဟာ မိုးရေထဲမှာ စီးမျော
သွားပြီ။

"တပ်မှူး ... တပ်မှူး ..."

"တို့တပ်မှူးကွ"

ပန်ထွာရဲ့ ရဲမက်များက မိုးမှောက်ဖွားဖွားကနေ အားရပါးရအော်
ဟစ်ပြီး ပြေးလာကြတယ်။

"တပ်မှူးကို ထိသွားသေးလား ဟင်"

"လက်မောင်းကို နည်းနည်းထိသွားတယ်။ ရန်ပယ်ရဲ့ အခြေအနေ
ဘယ်လိုရှိတုံး ... သွေးသောက်"

သွေးတွေက လက်မောင်းကနေ လက်ဖျံပေါ်ကို စီးကျနေမင့်
အမှုမစိုက်။

"တောင်ကျရေလုံးကြားမှာ ရန်သူတွေမျောလို့ အမြောက်အများ
သေကုန်ပါပြီ ... တပ်မှူး"

"ဟိုဘက်ကမ်းမှာရော သွေးသောက်ကြီး ... ငရန်"

"အရင်တစ်ခါလိုပဲ ... တပ်မှူး။ ဆင်၊ မြင်းတွေ လန့်ပြီး သူ့
ဘယ်သူ ပြန်နင်းလို့ တပ်ကြီးပျက်ပြီး ဆုတ်ခွာသွားပါပြီ ... တပ်မှူး"

"အေးကွယ် ... အလွန့်ကို အံ့သြစရာပါပဲ"

"တပ်မှူး ... ဒါ ... ဒါ ... မဟာအတုလ ရန်ပယ်စည်တော်
ကြီးရဲ့ တန်ခိုးအစွမ်း နေမှာပဲဗျ"

"ဟုတ်ပါ့ ... ဟုတ်ပါ့ ... ငါတို့ဘုရင်မကြီး အမှန်တကယ်ကို
ထက်မြက်ကြီးပါပေ့ကွယ်။ ဒီပုံဆို ငါတို့ပန်ထွာတိုင်းပြည်နဲ့ ဗိဿနိုးနန်းမြို့ကို
ဘယ်လိုရန်သူမျိုးမှ ဝင်တိုက်လို့ မရနိုင်တော့ဘူးပေါ့"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၃၁ |

❑

''သယ် . . . ဘဇာကြောင့် ရန်ပယ်ကိုကူးတိုင်း မိုးကြီးလေကြီး ကျနေရတာတုံး။ ပန်ထွာဘုရင်မက အဲသလောက် ဘုန်းကြီးနေလားဟဲ့ ဟင်''

သီရိခေတ္တရာ မင်းဒွတ္တဘောင် ရာဇပလ္လင်ပေါ်မှာ ဒေါသရိပ်ကြောင့် အသံတွေ မာပြင်းနေတယ်။

''ပုရောဟိတ်ကြီး . . .''

''ဘုရား . . .''

''ငါတို့ သီရိခေတ္တရာ စစ်သည်ရဲမက်များဟာ မည်မျှ အင်အားကြီးမားသည့် မြို့ရွာနယ်ပယ်ဖြစ်ပစေ ယှဉ်ပြိုင်တိုက်ရင် သိမ်းပိုက်နိုင်လေ့ရှိတယ်။ ငါ့ရဲ့အာဏာစက်ဟာ ပျူရှိသမျှ နေရာတိုင်းမှာ ပျံ့နှံ့သြဇာသက်ရောက်လေ့ရှိတယ်။ ငါတို့ သီရိခေတ္တရာဟာ အင်အားအကြီးဆုံး၊ ယဉ်ကျေးမှု အထွန်းကားဆုံး၊ စပါးဆန်ရေ ပေါများကြွယ်ဝ အင်အားတောင့်တင်းသည့် မဟာအင်အားကြီးဖြစ်ပါလျက်နဲ့ ဘာမှမဟုတ်တဲ့ ပန်ထွာဘုရင်မရဲ့ နိုင်ငံနယ်ပယ်သေးသေးလေးကို စစ်ချီတိုက်တိုင်း ရှုံးနေရတာ။ အထူး





သဖြင့် ရန်ပယ်ကိုဖြတ်တိုင်း မိုးကြီးမုန်တိုင်း ရေလုံးလှိုင်းကြီး ဖြစ်ရတာသည် အကြောင်းထူးရှိရလိမ့်မယ် . . . ပုရောဟိတ်ကြီး''

''မှန်ပါသည် . . . မင်းကြီး''

''သို့ကလို ဘဇာကြောင့် အံ့ဖွယ်ထူးခြား မိုးကြီးလေကြီး အဖျက်အမှောင့်ကြီးရသည်ကို ပညာရှိ ပုရောဟိတ်ကြီး တွက်ချက်ဖတ်ဆိုပါဦး''

''မှန်ပါ . . . မင်းကြီး၊ ဘုရားကျွန်တော်မျိုးတို့ သီရိခေတ္တရာ တပ်ကြီးချီတိုင်း ရန်ပယ်ချောင်းကိုဖြတ်တိုင်း အချိန်အခါမဟုတ် မိုးကြီးလေကြီး လှိုင်းကြီး ရေကြီး ရခြင်းသည် ပန်ထွာဘုရင်မရဲ့ မကောင်းဆိုးဝါးမှော်ပညာအတတ်များကြောင့် ဖြစ်ရသည်ဟု ယုံကြည်မိကြောင်းပါ . . . အရှင်မင်းကြီး''

''ကဲ . . . ကျန်တဲ့ မင်းကြီးတို့ကရော ဝေဖန်သုံးသပ်ကြပါဦး''

''မှန်ပါ . . . မင်းကြီး၊ ပညာရှိ ပုရောဟိတ်ပုဏ္ဏားတော်ကြီး တင်လျှောက်သလို ပန်ထွာဘုရင်မသည် တန်ခိုးအစွမ်းရှိသည့် မှော်ပညာများတတ်မြောက်လို့သာလျှင် အချိန်အခါမဟုတ်ဘဲ ရန်ပယ်ချောင်းမှာ မိုးလေရေကြီး လှိုင်းကြီးပြီး ကျွန်တော်မျိုးတို့ တပ်လုံးပျက်ရခြင်းဖြစ်နိုင်ကြောင်းပါ ဘုရား''

''ဟုတ်ပေရဲ့ . . . ဒါ အလေးအနက်စဉ်းစားရမည့် အချက်ပေပဲ။ မိုးလေကြီးရခြင်းအကြောင်းမှာ တန်ခိုးရှိသူတို့၏ အာနုဘော်ကြောင့်လည်း မိုးရွာနိုင်သည်လို့ ရှိသလို၊ သစ္စာစကားကြောင့် မိုးရွာခြင်းလည်း ရှိသည်ဆိုတော့ ဒီဖြစ်ရပ်ဆိုးမှာ လျှို့ဝှက်သည့်အကြောင်း ရှိကိုရှိရမယ်။ အမိန့်တော်ချမှတ်မည် . . . နားထောင်။

နက်ဖြန်မိုးသောက်ကစလို့ . . . ပန်ထွာဘုရင်မ ရှိရာအရပ်ကို သီရိခေတ္တရာက သူလျှိုများ လျှို့ဝှက်စေလွှတ်ပြီး အကြောင်းရင်းမှန်ကို စုံစမ်းဖော်ထုတ် အမြန်အစီရင်ခံရမည် . . . အမိန့်တော်''

ဘုရင်ဒွတ္တဘောင်ရဲ့ မင်းမိန့်ကြောင့် မှူးကြီးမတ်ကြီးများနှင့် စစ်သူကြီးများ အရေးပေါ် အားချင်းတိုင်ပင်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုတစ်ဦးကို အိုးလုပ်သမားအသွင်နဲ့ ပန်ထွာပြည်ရှိရာကို စေလွှတ်လိုက်တယ်။

အဘိုးအို ဖိုးဝနေဟာ သီရိခေတ္တရာဖြစ် လွန်စွာ လှပသပ်ရပ်တဲ့ အိုးအမျိုးမျိုးကို လှည်းတစ်စီးနှင့် သယ်ယူပြီး ရန်ပယ်ချောင်းကို ဖြတ်လို့ အိုးရောင်းရန် ကူးလာခဲ့တယ်။

ရေဆိပ်ကိုရောက်တော့ အကောက်ဆိပ်က စစ်ဆေးတော့တာပဲ။

"အဘိုး . . . သင့်အမည် အသို့ခေါ်သလဲ"

"ဖိုးဝနေလို့ ခေါ်ပါတယ် . . . သားတို့"

"အဘိုးရဲ့ နေရပ်ဇာတိကရော"

"အဘိုးက သားပိုးဆိုတဲ့ရွာမှာနေပြီး အိုးမျိုးစုံ အရောင်းအဝယ် လုပ်ပါတယ် . . . သားတို့"

"အိုးက ဝယ်ရောင်းလား . . . အဘိုး"

"မဟုတ်ပါဘူးကွယ် . . . ကိုယ်တိုင် အိုးလုပ်တဲ့ အတတ်ပညာကို တတ်မြောက်ပါတယ်။ ပြီး အိုးလုပ်တဲ့ အတတ်ပညာကို အလိုရှိပါက လည်း သင်ကြားပေးပါတယ် သားရယ်"

"အခု အဘိုး ပန်ထွာမှာ အိုးရောင်းမှာလား"

"ဟုတ်ပါတယ် . . . သား။ ပန်ထွာသူ ပန်ထွာသားတို့ အိုးကောင်း အိုးသန့် ကြိုက်မှန်းကြားလို့ အိုးကောင်းအိုးသန့် လက်ရာများ လာရောင်း တာပဗျာ"

"အဘိုး . . . အိုးတွေကို တာဝန်အရ စစ်မယ်နော်"

"စစ်ပါဗျာ . . . ကြိုက်သလို စစ်ဆေးပါ၊ စစ်ဆေးပါ"

"ရေဆိပ်အကောက်အဖွဲ့က ရေစပ်မှာပုံထားတဲ့ အိုးဖြူ၊ အိုးမည်း ရောင်စုံအိုး လက်ရာဆန်းကြယ်စွာ လုပ်ထားတဲ့ လည်ရှည်၊ လည်တို အိုး များကို တစ်လုံးမကျန် စစ်ဆေးပြီးမှ ဝင်ခွင့်ပြုလိုက်တယ်"

"ကျေးဇူးတင်ပါ့ . . . သားတို့ရယ်"

သည့်နောက် အိုးမျိုးစုံကို လှေတစ်စီးပေါ်တင်ပြီး ရန်ပယ်ချောင်း ကို ကူးခဲ့လိုက်တယ်။ ရန်ပယ်ရေဆိပ်ရောက်တော့ အိုးတွေကို စိုက်တောင်း





ပြန့်နှစ်ခုမှာ အမျှထပ်တင်ထည့်ပြီး ပန်ထွာပြည့် ဗိဿနိုးမြို့ရှိရာဘက်ကို အိုးရောင်းထွက်ခဲ့လိုက်တယ်။

တစ်ရွာဝင် တစ်ရွာထွက် ဝင်ပြီး အိုးရောင်းလာခဲ့တာ။ သို့သော် အိုးသေးလေးတွေကိုပဲ ဈေးသက်သာလို့ ဝယ်ကြတယ်။

လက်ရာမြောက် အိုးကြီးတွေကိုတော့ ဈေးနည်းနည်း တင်ထား တော့ ဝယ်နိုင်သူ မရှိဘူး။

"ဗျို့ . . . အိုးသည်ကြီး"

"ဗျာ . . . ဗျာ . . ."

"အိုးသည်ကြီးရဲ့ အိုးတွေက တယ်ဈေးများသကိုးဗျာ"

"ဈေးကြီးဆို . . . မောင်တို့ရယ်၊ အိုးလက်ရာရော အိုးသားရော ကြည့်ပါဗျာ"

"ခေါင် . . . ခေါင် . . . ခေါင် . . ."

"ခေါင် . . . ခေါင် . . . ခေါင် . . ."

"ခေါင် . . . ခေါင်မြည်မှ အိုးဆိုကြသကိုး . . . မောင်တို့ရဲ့။ ဟော ဟို အဖြူထည်ကတော့ ဈေးသက်သာတာပေါ့ဗျာ"

"အိုးသည်ကြီးဗျ . . . ခင်ဗျားရဲ့အိုးကို ဗိဿနိုးမြို့ထဲသွားရောင်း ရင် အမြန်ရောင်းရမှာဗျ။ မြို့ထဲက ကြေးရတက်များက ငွေစရှိကြတော့ အိုးကောင်း၊ လက်ရာကောင်းမြင်ရင် ကျိန်းသေဝယ်မှာပဲ"

"ရောင်းချင်ပါပေါ့ . . . မောင်တို့ရဲ့။ ဗိဿနိုးမြို့ထဲ ဝင်ရောင်းလို့ ရော လွယ်ပါ့မလား"

"ခင်ဗျားက အိုးရောင်းတာဥစ္စာ၊ မိန်းမတောင်းဖို့ လာတာမှမဟုတ် ဘဲ။ သွားသာရောင်းပါဗျ"

"ကိုရင်ငမှည့်ရဲ့ . . . အိုးရောင်းပြီးရတဲ့ငွေစနဲ့ အမယ်ကြီးတစ် ယောက် တင်တောင်းရင်လည်း ကံကောင်းရင် အိုးရောင်းရင်း အိမ်ထောင် ကျမှာပေါ့ဗျ"

"ဟား . . . ဟား . . . ဟား . . . ဟား . . . ဟား . . ."

"အိုးသည်ကြီး အိုးရော လုပ်တတ်လားဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တိုင်လုပ်တာပေါ့ကွယ်"

"အိုးလုပ်တာတောင် လက်ရာမြောက်ရင် ... လူ ... ဆို ... အဲ ... အဲ ... ငါ ဘာပြောရမလဲ ... မှန်ရ ... ဟင် ... ဟင် ..."

"သယ် ... ဒီ ငါးမြွေထိုးသားနှယ် ... ကိုယ့်စကားကိုယ် အဆုံးမသတ်နိုင်ဘူး။ လူမိန်းမကိုသာ အိုးဆရာကြီး ... အဲ ... အဲ ... ငါလည်း ဘာပြောရ ... အဲ ... အဲ ... အိုးဆရာကြီး ကိုင်လိုက်ရရင် သူ့အိုးလို မာပြီ၊ လှပြီပေါ့ကွာ။ ဟား ... ဟား ... ဟား ... ဟား ..."

"အိုးလိုလှရင် ကိစ္စမရှိဘူးဟ ... အိုးအကိုင်ကြမ်းလို့ ကွဲရင် နာမည်ကြီးရောဟ ... အဟော့ ... ဟော့ ... ဟော့ ..."

"အိုးသည်ကြီး ..."

"ဗျာ ... ဗျာ ..."

"ချော့ကိုင်ဗျ ... သိလား။ ဒါမှ ကြာရှည်သုံးလို့ရမှာဗျို့"

"အေး ... အေး ... ချော့ကိုင်ရမှာပေါ့လဟ"

"ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

"အဟတ် ... အဟတ် ... အဟတ် ..."

ဒီလိုနဲ့ အိုးသည်ကြီး အစစ်ဆေးခံပြီး ဗိဿနိုးမြို့ထဲကို ဝင်ခွင့်ရသွားပြီးနောက် မြို့လယ်ဈေးမှာ ချခင်းရောင်းလိုက်ရော အိုးလက်ရာ ဆေးရေးကအစ ဗိဿနိုးအိုးကုန်းထွက် အိုးတွေထက် သာလွန်လို့ မကြာပါဘူး ကုန်သွားပါရော။

ငွေစကိုင်နိုင်သူကလည်း ဗိဿနိုးမှာ များတာကိုး။

ဒီမှာပဲ အရပ်မြင့်မြင့်၊ လုံနံငယ်တိုတို ဆီးထားတဲ့လူတစ်ဦး ရောက်လာတယ်။

"အိုးသည်ကြီးဗျာ ..."

"အမိန့်ရှိပါ ... နောင်ငယ်ဗျာ"

"အိုးသည်ကြီးရဲ့ ရောင်းအိုးများက ကိုယ်တိုင်လုပ်အိုးဆိုဗျ"

"ဟုတ်ပ ... နောင်ငယ်ရယ်၊ မိရိုးဖလာ ကိုယ်တိုင်လုပ်ပါပဲဗျာ"





"လက်ရာ တယ်ကောင်းပဲဗျာ ... မီးသားအိုးသားလည်း ကောင်းပဲ။ ကျုပ်ကလည်း အိုးလုပ်တယ်ဗျ။ အိုးလုပ်ပြီး ဒီနောင်ကြီး အိုးလက်ရာတော့ မမီသေးဘူး။

"ဒါဆို နောင်ငယ်ကို ဘာများ ကူညီပေးရမတုံး ပြောပါဗျ"

"အိုးသည်ကြီးထံက အိုးလုပ်တဲ့ပညာ လိုချင်ပါ့ဗျာ"

"အင်း ... အင်း ... ခဏတာမျှတော့ သင်ပေးနိုင်ပေါ့ကွယ်။ ဒါပေမင့် ကျုပ်ကိုလည်း ပြန်ရင် စားဖို့သောက်ဖို့လေး ပြန်ကူညီမယ်ဆို အိုးပညာများ သင်ပေးနိုင်ပါ့ ... နောင်ငယ်ရယ်"

"အို ... တကယ်လားဟင် ... နောင်ကြီးအိုးသည် ... ဟင်"

"တကယ်ပေါ့ ... နောင်ငယ်ရယ်"

ဒီလိုနဲ့ ဗိဿနိုးမြို့ထဲက အိုးလုပ်ငန်းအရပ်မှာ သီရိခေတ္တရာက လျှို့ဝှက်သူလျှို၊ အိုးဆရာကြီး ဦဝနေ ဆရာတစ်ဆူအနေနဲ့ အိုးပညာများကို သင်ကြားပေးနေတာ တပည့်တပန်းတွေ များလာခဲ့တယ်။

ဗိဿနိုး သားတပည့်များကလည်း အလွန် ဉာဏ်ထက်ကြတယ်။ ဆရာကြီးကိုလည်း ရိုသေလေးစားကြပြီး အိမ်ဦးခန်းမှာ တလေးတစား နေရာပေး ကျွေးမွေးပြုစုကြတယ်လေ။

အိုးပညာသည် ဆရာကြီးကလည်း အိုးလုပ်ဖို့ မြေရွေးနည်း၊ မြေစပ်နည်း၊ မြေစရနယ်နည်း၊ အိုးလှည့်အိုးပွတ်၊ အိုးလည်တိုင်ဖော်နည်း၊ အိုးပေါ်မှာ အမှတ်အသား ရုပ်တည်ပုံကနေ ...

အိုးလှောင်နည်း၊ မီးပေးနည်း၊ အိုးပေါ်မှာ အလှတန်ဆာ ဆေးရေးနည်းတို့ကို တစ်ဆင့်ပြီးတစ်ဆင့် လက်တွေ့ သင်ပြပေးတော့ ဗိဿနိုးသားတပည့်များနဲ့ သူနဲ့ဟာ ဆွေမျိုးသားချင်းလို ဖြစ်လာခဲ့ကြတယ်။

ည လသာသာ မြေတလင်း ကွပ်ပျစ်ဝိုင်းမှာ ရေနွေးအိုးနဲ့ ဝိုင်းဖွဲ့ [illegible] ပျူလူမျိုးတို့ ဘုန်းကြီးပုံ၊ ပျူ အတီးအမှုတ် အကများအကြောင်း၊ ပျူလူမျိုးတို့ရဲ့ သတ္တိဗျတ္တိများအကြောင်းကို အိုးဆရာကြီးက ပြောပြတယ်။

"ဆရာကြီးခင်ဗျ ... ပျူဒေသက အလွန်ကျယ်ဆိုခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်း . . . ပျူဟာ လက်ညှိုးထိုး မလွဲဘူးပကွယ်"

"တရုတ်နဲ့ သီရိခေတ္တရာ ပျူတို့ အဆက်အသွယ်များသကွယ့်။ ပျူအကအဖွဲ့ဝင် (၃၅) ဦးတို့ဟာ တရုတ်နိုင်ငံ ထန်မြို့တော်အထိ သွားရောက်ဖျော်ဖြေကြတယ်လို့ ကြားရဖူးသကွယ့်။ တရုတ်ထန်မင်းဆက် ပြောပုံရေးပုံအရ ပျူ (သီရိခေတ္တရာ) ရဲ့ လက်အောက်ခံနိုင်ငံများဟာ (၁၈) နိုင်ငံရှိဆိုပဲ။

[ဗဟုသုတအဖြစ် သီရိခေတ္တရာ (ပျူ) လက်အောက်ခံနိုင်ငံများစာရင်းကို ဖော်ပြရလျှင်]

(၁) ကျာလော်ဖော်ထီ၊ ကလသာပူရ၊ တွံတေး
(၂) မော်လိ၊ မလ္လိ၊ အိန္ဒိယ
(၃) ဝူတာ၊ ဩရိသ၊ အိန္ဒိယ
(၄) ကျာလီတျာ . . . ကာလိတ် စရ်စား အိန္ဒိယ
(၅) ဆင်ပင်လယ်၊ တိုက်ကုလား၊ မွန်ပြည်နယ်
(၆) စူမတြကျွန်းမြောက်ပိုင်း၊ အင်ဒိုနီးရှား
(၇) ခ (န်) လန (င်) သံလွင်မြစ်ဝ
(၈) ကျဲန၊ တြင်လူ၊ သံလွင်မြစ်ဝ
(၉) လောယု၊ လုအက်၊ မလေးရှား
(၁၀) လော့်တိုက်၊ သီရိဝိဇယ၊ အင်ဒိုနီးရှား
(၁၁) ချုလု(န်) ပေနီဒကျွန်း၊ အင်ဒိုနီးရှား
(၁၂) ဖော်လိ၊ ဗာလီကျွန်း၊ အင်ဒိုနီးရှား
(၁၃) ကျဲထော်၊ မလေးရှား
(၁၄) တော်ကွေ့၊ တကွာပါ
(၁၅) မော်ယိ၊ မာအစ်၊ ဖိလစ်ပိုင်ကျွန်းစု
(၁၆) ရှဲဝေ့၊ သာဝတ္တိ၊ အိန္ဒိယ
(၁၇) ကျန်ဖော်၊ စမ္ဘ၊ အင်ဒိုနီးရှား
(၁၈) ရှဲဖော်၊ ဂျဗား၊ အင်ဒိုနီးရှားတို့ ဖြစ်ကြတယ်။

စိတ်ကူးသစ်စာပေ



[သီရိခေတ္တရာနိုင်ငံတော်ဟာ အလွန်ကို ကြီးမားသည့်အတိုင်း ရှေးအခါက အာရှအရှေ့တောင်ပိုင်းမှာ အိန္ဒိယနိုင်ငံ၊ ပျူနိုင်ငံနှင့် တရုတ်နိုင်ငံ ဟူ၍ သုံးနိုင်ငံမျှပဲ ရှိသလားဟု ထင်မှတ်ရပါသည်ဟု . . .

စာရေးဆရာကြီး ဆရာချစ်စံဝင်း၏ မြန်မာ့ဘူမိဖြစ်စဉ်နှင့် ရှေးဦးမြို့ပြနိုင်ငံ အခင်းအကျင်းစာအုပ်မှာ ရေးသားထားပါသည်]

သီရိခေတ္တရာဟာ ဘယ်လိုပဲ ကြီးကျယ်ခမ်းနားပါစေ . . . ဆရာကြီးရယ်။ ကျွန်တော်တို့ ပန်ထွာဘုရင်မကြီးနဲ့ကျတော့ သီရိခေတ္တရာ တပ်ထုံးပျက်ပြီး ပြေးရတာ နှစ်ကြိမ်ရှိသွားပြီဗျ"

အိုးလုပ်သူတပည့်တစ်ဦးက ငါးခြောက်မီးဖုတ်အမြည်းကို လှမ်းယူပြီး ဝင့်ကြွားစွာ ပြောလိုက်တယ်။

"အေး . . . ဟုတ်သကွ . . . မောင်တို့ရ။ ငတို့ရွာ ရှေ့လမ်းမကြီးအနေ သီရိခေတ္တရာတပ်က ဆင်တွေ၊ မြင်းတွေရော၊ စစ်သည်ရဲမက်တွေဆော သေးပြေးရှင်ပြေး ပြေးကြတာ။ ငါ မြင်ရဖူးသဟ။ နေပါဦး . . . ငါ့လူတို့ရေ . . . ငါ ပန်ထွာဘုရင်ကြီး ဘုန်းတန်ခိုးကြီးမှန်းကို ကြားနေရသကွာ။ ငါတို့ဒေသက ရွာတွေမှာဆို ပန်ထွာဘုရင်မကြီး ဘုန်းတော်ကြီးပုံကို ညစဉ်ညတိုင်လို ဖွဲ့နွဲ့ပြောကြပြီးမှ အိပ်ရာဝင်သကွ"

"ဆရာကြီး . . . သီရိခေတ္တရာကို ရောက်ဖူးသလားခင်ဗျ"

"မရောက်ဖူးပါဘူးကွယ် . . . သင်းတို့ သီရိခေတ္တရာအကြောင်း ပြောတာကလည်း ခရီးသွား ရှင်ရဟန်းများက ပြန်ပြောပြလို့ပါကွယ်"

"ကျုပ်တို့ ဗိဿနိုးမြို့ကြီးနဲ့ ပန်ထွာပြည်ကြီးကို သီရိခေတ္တရာမင်း ဒွတ္တဘောင် ဘယ်အချိန်၊ ဘယ်အခါ လာတိုက်တိုက် လုံးဝ တိုက်နိုင်မှာဘူးတဲ့ဗျာ"

"ဟေ . . . ဟုတ်လား . . . ပန်ထွာသူရဲကောင်းတွေကလည်း မားမား မြားကောင်းသကိုးကွ"

"မားရေး၊ မြားရေး၊ တိုက်ရေးခိုက်ရေး တော်တာလည်း တစ်ကြောင်းပေါ့ဗျာ။ အဓိကက ကျုပ်တို့ ပန်ထွာဘုရင်မကြီးထံမှာ မဟာအံ့ဖွယ်စည်တော်ကြီးတစ်လုံး ရှိနေလို့ပဲ . . . အဘဆရာကြီးရေ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



''ဟေ ... မဟာအတုလ ရန်ပယ်စေတီတော် ... နေပါဦး။ မော
တို့ရယ် ... အဲဒီစေတီတော်ကြီးက ဘယ့်ကလိုများ ထူးဆန်းလို့တုံးဟ''

ဒီမှာ ကြားချင်တဲ့ ဗိဿနိုးသားတို့က သိသမျှ ကြားသမျှ ပြေ
ပြကြပါရော။

''ကျုပ်တို့ ပန်ထွာဘုရင်မကြီးကို သိကြားမင်းက ဘုရင်မဖြစ်ချိ
မှာ ပေးတဲ့ စေတီတော်ကြီးတဲ့ဗျာ''

''ဟုတ်လား ...''

''ဘုရင်မကြီးက ဗိဿနိုးနတ်မင်းကြီးနဲ့ မောင်နှမလည်း တော
တယ်လေ။ ဟောဒီ ဗိဿနိုးမြို့တော်ကြီးရယ်၊ နန်းတော်ကြီးရယ်ကို ဗိဿ
နတ်မင်းကြီးက အခန်းခန်း၊ အဆောင်ဆောင် လမ်းမြို့ရိုး ဥယျာဉ်ရေကန်
မကျန် သူ့ပညာသည်တွေနဲ့ ဦးဆောင်စီရင် ဆောက်လုပ်ပေးတာ''

''အိမ်း ... ဆန်းပဲ့ကွယ်။ ဆက်ပြောပါဦး ... ငါ့လူရာ''

''မြို့နဲ့ နန်းတော်ကြီးပြီးစီးတော့ သိကြားမင်းက ဗိဿနိုးန
မင်းကြီးကတစ်ဆင့် မဟာအတုလ ရန်ပယ်စေတီတော်ကြီးကို ကျောက်
ကြီးဖဲ့က ယူပေးခဲ့တာတဲ့ဗျ''

''အံ့ဩစရာကောင်းပါကော ..ငါ့လူရာ၊ ဒါနဲ့ ဘာဖြစ်တုံးလကွ''

''ဒီ အတုလစေတီတော်ကြီးကို ဘုရင်မလက်နဲ့ တီးခတ်လိုက်
အချိန်အခါမဟုတ် မိုးကြီးရွာပြီး ရန်ပယ်ချောင်းဟာ မုန်တိုင်းထန်လို့ ရေ
လှိုင်းကြီး ဖြစ်ရော။ ဒါကြောင့် ရန်သူ သီရိခေတ္တရာတပ်ကြီး ရန်ပယ်
ဖြတ်လို့ မရတာဘဲ။ ဖြတ်တာနဲ့ ဘုရင်မက အတုလစေတီကြီးကို တီး
ချက်ချင်း မိုးကြီးလေကြီးကျ တောင်ကျရေအဟုန်ပြင်းဝင်ပြီး ရန်ပယ်ချော
ဟာ ပင်လယ်လို လှိုင်းကြီးလာတော့ ရန်ပယ်ကူးသမျှ ရန်သူလှေဖောင်
တွေ လှိုင်းရိုက်ပြီး အားလုံး သေတာပေါ့ ... ဆရာကြီးရာ''

''အို ... အံ့စရာကြီး ... အံ့ဖွယ်ကြီးပါကလား ... မောင်တို့
ငတို့က သီရိခေတ္တရာ ဒွတ္တဘောင်မင်းကြီးသာလျှင် ဘုန်းကြီးသောမင်း မှ
တာ။ ခုလိုကြားရတော့ ပန်ထွာဘုရင်မကြီးက ပိုပြီး ဘုန်းကြီးသကိုးကွ''





''ဒါကို သီရိခေတ္တရာက မသိနားမလည်ဘဲ မိုက်မိုက်ကန်းကန်း
လာ တိုက်နေတော့ သင်းတို့မယားတွေ မုဆိုးမဖြစ်ကုန်တာပေါ့ဗျာ''

''မောင်မဲကြီးရ ...''

''ဘာတုံးဟ ... အိုးပုတ်ကြီးရ''

''သီရိခေတ္တရာက မုဆိုးမတွေနဲ့ ငါတို့ ဗိဿနိုးက မုဆိုးဖို၊
စ်ခုလတ်တွေများ၊ တွေ့ကြ ညားကြရင် မီးကို ပွင့်နေမှာပဲဟေ့။ အဟုတ်
ဟုတ် ...''

''ဟိုကလည်း ဓားထက်တဲ့ မိန်းမတွေတဲ့ဟ ... ငါ့လူ ညားပြီး မှ
ည်လိုးခံရပြီး ဗိဿနိုးရွာပြင်သင်္ချိုင်းမှာ အရိုးကျနေမယ်ဟ''

''ဟား ... ဟား ... ဟား ... ဟား ...''

''ငါတို့လည်း စဉ်းစားမယ် မထင်ပေါင်ကွာ''

သူတို့ အချင်းချင်း ကြွားလိုက်မြှောက်လိုက် ပြောလိုက်ပေါ့လေ။

''မောင်ဂကြီးရဲ့''

''ခင်ဗျာ ... ဆရာကြီး ... ဘာလဲခင်ဗျ''

''အဲဒီစေတီတော်ကြီးကို သွားကြည့်လို့ ရလားဟ ... ဟေ''

''အမယ်လေးလေး ... ဆရာကြီး ... ခင်ဗျား စေတီတော်ကြီးကို
ကြည့်ဖို့ နေနေသာသာ စေတီတော်ကြီးထားတဲ့ ဗဟိုစေတီတော်ဆောင်
ကို ရောက်တာနဲ့ ခင်ဗျား ရာဇဝတ်သင့်ပြီး အကျဉ်းတောင်ထဲကို
တ်ချင်ရောက်၊ ဒီလိုမှမဟုတ် ... ခင်ဗျားကို ကျုံးရေထဲမှာ ငါးစာ၊
ကျောင်းစာကျွေး၊ အဲဒါမှမဟုတ်သေးရင် ကျုံးချောက်အောက် ပစ်ချပြီး
ကင်းစာ ကျွေးလိုက်ရင် အရိုးတောင် ကျန်ပါ့မလား မသိဘူး''

''ဟုတ်လား ... မသိလို့ပါ ... မောင်တို့ရာ၊ ဒါနဲ့ မောင်တို့
... အဲဒါကြီးကို မြင်ဖူးလားကွယ် ... ဟင်''

''ကျုပ်တို့လည်း မမြင်ဖူးဘူးဗျ။ သို့သော် သီရိခေတ္တရာ လာ
ချိန်က အတုလစေတီတော်ကြီး တီးသံ၊ မြည်သံကို ကြားရတယ်၊ မိုး
ကောင်းကင်အနှံ့ မြေပြင်အနှံ့ကို ဟိန်းနေတာပဲဗျာ''



www.burmeseclassic.com

www.burmeseclassic.com



''အိမ်း ... အိမ်း ... အိမ်း ... ဒါကြောင့် ပန်ထွာဘုရင်မကြီး ဘုန်းတန်ခိုးကြီးပေကိုးကွယ်။ သာဓု ... သာဓု ... သာဓု ... ငတို့ မင်းတို့ ဘုရင်မကြီး ... အရှင်သခင်မကြီး ... ပန်ထွာဘုရင်မကြီး ... သက်တော်ရာကျော် ရှည်ပါစေဗျား''

သည့်နောက် စကားဝိုင်းကို သိမ်းလိုက်ပြီး အသီးသီး အိမ်ပြန် အိပ်ရာဝင်ခဲ့ကြတယ်။

အိပ်ရာပေါ်ရောက်တော့ အိုးလုပ်ဆရာကြီး ဦးဝနေ လက်ဝါး နှစ်ခုကို ပွတ်ရင်း ဝမ်းသာနေတယ်။

''လက်စသတ်တော့ ... ပန်ထွာဘုရင်မကြီးရဲ့ လျှို့ဝှက်ချက်က သိကြားမင်းပေးတဲ့ မဟာအတုလ ရန်ပယ်စည်တော်ကြီးပဲကိုး''

နောက်သုံးရက်ခန့်နေတော့ ဆရာကြီး ဥာနေကို ပြန်ခဲ့တယ်။ ဗိဿနိုး အိုးကုန်းသားတွေလည်း အိုးလုပ်နည်း အဆင့်မြင့်အတတ်ကို တတ်ကုန်ကြပြီလေ။

ဆရာကြီးပြန်တော့ တပည့်တပန်းတွေက လမ်းမှာစားဖို့ ထမင်းထုပ်၊ ဘူးခါးခြောက်သောက်ရေဘူး ရွာထွက်ယာထွက် ပိန်းဥ၊ မျောက်ဥ ကျွေးဥ၊ ငှက်ပျော၊ ပျားရည်၊ တောဆေးပင်များ၊ အသားခြောက်များ တနင့်တပိုး လက်ဆောင်ပေးလိုက်ကြတယ်။

ရေဆိပ်မှ လှေထွက်တော့ ကမ်းပေါ်ကနေ အော်ဟစ်နှုတ်ဆက်သံများဟာ ကြည်နူးဝမ်းသာ ဝမ်းနည်းစရာပေါ့။

အကယ်၍ မိမိသည် သိရိခေတ္တရာအမတ်ချုပ်ကြီးရဲ့ တာဝန်ပေးစေခိုင်းလိုက်သည့် သူလျှိုအထောက်တော်သာ မဟုတ်ခဲ့ရင် ဟောဒီဗိဿနိုးမြို့တော်မြေမှာ အိုးလုပ်ငန်း အတတ်ပညာနှင့် အသက်ထက်ဆုံး နေထိုင်ပြီး ခေါင်းချလိုက်ချင်စမ်းပါဘိ။

❁ ❁ ❁

[၃၂]

❑

''မောင်မင်းပြောတာ သေချာရဲ့လား ... ဝနေ''

''သေချာပါတယ် ... အမတ်ချုပ်ကြီးဘုရား။ ကျွန်တော်မျိုးသည် အိုးလုပ်ပညာရှင်အဖြစ်နဲ့ ဗိဿနိုး မြို့ပြင်မြို့တွင်း သွားလို့ရသည့် နေရာမှ လူအများရဲ့ ပြောစကားကလည်း ပန်ထွာဘုရင်မကြီးမှာ သိကြားမင်းပေးတဲ့ မဟာအတုလ ရန်ပယ်စည်တော်ကြီးရှိတယ်။ ဒီစည်ကြီးကို ရန်သူတွေ နယ်ချောင်းကို ဖြတ်ကူးတာနဲ့ တီးလို့ ရေကြီး၊ လှိုင်းကြီး မုန်တိုင်းဝင်တာမှန်ပါကြောင်း တစ်နယ်တစ်မြို့လုံး ပြောကြပါတယ် ... အမတ်ချုပ်ကြီးဘုရား''

''မောင်မင်း ... မဟာအတုလစည်တော်ကြီးကို မြင်ခဲ့ရလား''

''မြင်ဖို့ မပြောပါနဲ့ဘုရား၊ နန်းတွင်းနန်းပြင်နေရာအနှံ့ ခြေချ ထိုးရအောင် အစောင့်အရံတွေ လက်နက်ကိုင်တွေ အများကြီး အထပ်ထပ် စောင့်နေကြပါတယ် ... အမတ်ချုပ်ကြီး''

''နန်းမြင့်စည်တော်ဆောင်ကိုရော အဝေးက မမြင်ရဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ . . . လုံခြုံတဲ့ အကာအရံများ တင်းတိမ်များနှင့် ကာထားပုံ ရပါသည်ဘုရား။ နန်းမြင့်ဆိုသည့်သဘောပဲ အဝေးကနေ မြင်ခဲ့ကြောင်းပါ ဘုရား"

"ကောင်းပြီ . . . မောင်မင်း တာဝန်ကျေပါတယ်။ ရော့ . . . မောင်မင်းအတွက် ဆုတော်ငွေ ရွှေဒင်္ဂါးများပ"

"ကျေးဇူးကြီးလှပါဘိ . . . အမတ်ချုပ်ကြီး ဘုရား"

"ဒီအကြောင်း ဘယ်သူ့မှ မပြောနဲ့"

"မှန်ပါ . . . လိုအပ်ရင် ခိုင်းပါဘုရား"

"အေး . . . အေး . . . ငါ မင်းကြီးကို တင်လျှောက်ရဦးမယ်။ မောင်မင်း . . . ပြန်တော့"

အိုးလုပ်ပညာရှင် ဖိုးဝနေကို ပြန်လွှတ်လိုက်ပြီးနောက် အမတ်ချုပ်ကြီးက ဒွတ္တဘောင်မင်းကြီးထံ သီးသန့်ဝင်ရောက် တွေ့ဆုံခစားပြီး . .

'မိမိလျှို့ဝှက်ထောက်လှမ်းခိုင်းလိုက်တဲ့ အိုးဆရာဖိုးဝနေရဲ့ စုံစမ်းသိရှိချက်ကို လျှောက်တင်လိုက်ရော . . .

"အင်း . . . ငါတို့ တွေးဆထားတဲ့အတိုင်း ဖြစ်နေတာပေါ့။ ဒီအတိုင်းသာဆိုလျှင် ပန်ထွာဘုရင်မမှာ အလွန်အစွမ်းထက်တဲ့ ဂမ္ဘီရ စည်တော်ကြီးရှိနေဆိုတော့ ကျွန်ုပ်တို့ တိုက်ရခက်ချေပေါ့ . . . မင်းကြီး"

"မှန်ပါ . . . ဒီကိစ္စကို ကြံဆရမှာပါ . . . မင်းကြီး"

"အမတ်ကြီး . . . ဘယ်လိုများ စဉ်းစားထားတုံး"

"ပန်ထွာဘုရင်မရဲ့ တန်ခိုးစွမ်းအင်ကြီးလှတဲ့ မဟာအတုလစည်တော်ကြီးကို မရအရဖျက်ဆီးဖို့ မဖြစ်မနေ လုပ်ရမှာပါပဲ . . . မင်းကြီး"

"ဟုတ်ပေပေါ့ . . . အမတ်ကြီး၊ ဆက်ပါဦး"

"ဘုရားကျွန်တော်မျိုးတို့၊ သင်းတို့ နန်းတော်ကို ဖောက်ဝင်နိုင်မည့် နည်းတစ်နည်းတော့ ရှိပါတယ် . . . မင်းကြီး။ ဘုရားကျွန်တော်မျိုး စုံစမ်းထောက်လှမ်းသူများရဲ့ အစီရင်ခံချက်အရ ပန်ထွာဘုရင်မကြီးရဲ့ ဖခင်





နန်းဦးရသေးအိုကြီးထံကို သီရိခေတ္တရာကနေ ရဟန်းတုတစ်ပါး လွှတ်ပြီး ရသေ့ကြီးကို အယုံသွင်းပြီး နန်းတွင်းဝင်လို့ရအောင် ကြိုးစားပါမယ်။ ဘုရင်မကိုလည်း ပေါင်းသင်းချဉ်းကပ်ပြီး ပိုင်လောက်တော့မှ စည်တော်ကြီးကို ပရိယာယ်ဆင်လို့ ဖျက်ဆီးရမှာပဲ . . . မင်းကြီး။ ဒီအတုလရန်ပယ်စည်တော်ကြီး အသံမမြည်ရင် မိုးကြီးလေကြီးများ မကျနိုင်တော့ပါဘူး။ ဒါမှသာ သီရိခေတ္တရာတပ်က အလွယ်တကူ ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်နိုင်မှာပါ ဘုရား"

"ဖြစ်နိုင်ဖို့ ယေချာရဲ့လား . . . အမတ်ကြီး"

"ဖြစ်အောင် ကြိုးစားမှ ပန်ထွာပြည်ကို ရမှာပါဘုရား"

"အိမ်း . . . ကြိုးစားကြကွယ်ရို့။ နို့မဟုတ်ရင် ကျွန်ုပ်တို့ သီရိခေတ္တရာကို အခြားပျူတို့ကပါ မလေးမခန့်ဖြစ်ကုန်မယ် . . . အမတ်ကြီး"

"စိတ်ချတော်မူပါ . . . မင်းကြီး"

အမတ်ချုပ်ကြီးဟာ ဒွတ္တဘောင်မင်းကြီးရဲ့ နန်းတော်က ပြန်လာပြီး ဦးစွာ လက်မှုထောင်မှူးကြီးကို ဆင့်ခေါ်လိုက်တယ်"

ထောင်မှူးကြီးက အမတ်ချုပ်ကြီးရှေ့မှာ ဒူးထောက်ခစားရင်း . .

"အမိန့်ရှိတော်မူပါ . . . ဘိုးဘိုး"

"မင်းအကျဉ်းထောင်မှာ အလိမ်အညာ ပညာပိုင်းမှာ ကျွမ်းကျင်သူ ရှိသလား . . . မောင်မှူးကြီး"

"မှန်ပါ . . . ရှိကြောင်းပါ ဘုရား"

"နောက်တစ်ချက် သူခိုးအတတ် ကျွမ်းကျင်သူများရော ရှိသလား ကွဲ"

"ရှိကြောင်းပါ ဘုရား"

"မင်းကောင်တွေ မည်မျှစွမ်းသတုံး . . . မောင်မင်း"

"လူလိမ်ဆွယ်ဆိုတာ အပြင်မှာလည်း အမျိုးပေါင်းစုံလိမ်တဲ့ အရူများလှပါ . . . ဘိုးဘိုး။ ထောင်သွင်း အကျဉ်းချထားတဲ့တောင်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ကျအချင်းချင်း ပြန်လိမ်နေလို့ မကြာခဏခေါ်ပြီး ရိုက်နှက်ဆုံးမရ တာ ဆင်းရဲကျွမှာ အလျှိုးထပ်နေပါတယ် ဘုရား''

''ဟုတ်ပြီ ... သူခိုးကရောဟဲ့''

''သူခိုး ... ဖဲနဲ့ တေိန်ဆိုတဲ့ကောင်ကတော့ ရွာထဲရော၊ မြို့ထဲရော အမျိုးမျိုး ကွဲနွားကြက်ငှက်ဥစ္စာပါ မကျန် ခိုးရာမှာ ကျွမ်းကျင်တဲ့ သူခိုးတွေပါဘုရား။ အိမ်မြင့်ရင်ဖြစ်စေ၊ လုံအောင် ကာရံထားသည်ဖြစ်စေ၊ ကြောင်ဆေးထိုးထားဘိအလား ပေါ့ပါးစွာ တက်ရောက်ခိုးယူ ပြန်ဆင်းလုပ် နိုင်သလို လက်လှည့်၊ မျက်လှည့်အတတ်နှင့် လိမ်ရာမှာလည်းကောင်း၊ ကွဲနွားများကို ပိုင်ရှင်ကိုယ်တိုင် ပြန်မမှတ်မိအောင် နွားရုပ်ဖျက်၍ လိမ်ခိုး သည့်နေရာမှာ သူ့မတူအောင် ကျွမ်းကျင်သူပါ ... ဘိုးဘိုး။ သို့သော် ရာဇဝတ်ဘေး ပြေးမလွတ်တော့ ထောင်သွင်းအကျဉ်းချလို့ အလုပ်ကြမ်းများ ခိုင်းထားရပါသည်''

''ကောင်းပြီ ... ထောင်မှူးကြီး။ အဲဒီသူခိုးနှစ်ယောက်ရယ်၊ လူလိမ်ကစ်ယောက်ရယ်ကို အခုအချိန်ကစပြီး ကောင်းမွန်စွာ ရေမိုးသန့်စင် ဝတ်ကောင်းဝတ်သန့်များ ဝတ်ဆင်စေပြီး ငါ့ထံကို နက်ဖြန်နံနက် အရောက် ပို့''

''ရာဇဝတ်သားများပါ ... ဘိုးဘိုး။ သင်းတို့ ပြစ်ဒဏ်မစေ့သေး ပါဘူး ... ဘိုးဘိုး''

''ငါ သိတယ်။ ငါ ဒီလိုလုပ်တာကို ငါတာဝန်ယူတယ်။ ငါ့ရှေ့ကို သာ မနက်ဖြန်နံနက် အရောက်ပို့ဖို့ စီစဉ်။ ဒါ အမိန့်ပဲ''

''မှန်ပါ ... အမြန်စီစဉ်ဆောင်ရွက်ပါမည် ... ဘိုးဘိုးဘုရား''

ထောင်မှူးကြီး ပြန်သွားချိန်မှာ မြို့စားတစ်ဦးက လူရွယ်လူသန့် ဖျတ်ဖျတ်လတ်လတ်ဟန်ရှိသူတစ်ဦးကို ခေါ်ပြီး အမတ်ချုပ်ကြီးထံ ပို့ ရောက်လာတယ်။

''အမတ်ချုပ်ကြီး ...''

စိတ်ကူးသစ်စာပေ



''မြို့စား ... ဒီသူငယ်က ဘယ်သူတုံးဟဲ့''

''မှန်ပါ ... အမတ်ချုပ်ကြီး ရှာခိုင်းထားတဲ့ ဝဍ္ဍနခြောက်ပါး ပရိယာယ်ဝဍ္ဍနဥ္စ လိမ္မာရေးခြားရှိသော လူရွယ်ပါ ... အမတ်ချုပ်ကြီး''

''ဟုတ်လား ... မောင့်နာမည် ပသို့ခေါ်တုံး''

''သျှန်စလို့ ခေါ်ပါ ... ဘိုးဘိုး''

''သျှန်စ ...''

''မှန်ပါ့ ဘိုးဘိုး''

သျှန်စဆိုသူ အသားဖြူဖြူ ရုပ်ရည်သန့်သန့် လူရွယ်က လက် အုပ်ချီပြီး ပြန်ပြောတယ်။

''မောင်သျှန် ဝဍ္ဍနခြောက်ပါးဆိုတာ သိသလားဟဲ့''

''သိကြောင်းပါ ... ဘိုးဘိုး''

''သိရင် ပြောစမ်း ... မောင်သျှန်''

''ဝဍ္ဍန ... (ဝစန) ဆိုသည်မှာ စကားဆိုခြင်း၊ စကားဟောခြင်း၊ ပြောခြင်း ပညာလို့ခေါ်ပါသည် ဘိုးဘိုး။ (ဝစန–ကရ) စကားကို နား ထောင်ခြင်း။ (ဝစန–ကုသလ) စကားအရာမှာ လိမ္မာခြင်း။ (ဝစနကြမ္မ) စကားကို အစဉ်လိုက်ဆိုနိုင်ခြင်း။ (ဝစနက္ခပ) သူတစ်ပါးကို ဆုံးမစကားဆို ရာမှာ ခံ့တည်ခြင်း။ (ဝစနတ္တ) စကား၏ အနက်သဒ္ဒါ၏အနက်၊ ပါဠိတော် ၏အနက်၊ ဝိဂြိုဟ်အနက် ... ကို ရှင်းပြဟောပြောနိုင်ခြင်း။ (ဝစနပဋ္ဌေဒက) စကားကို လိုရာအရောက်မှာ အသုံးသပ်တတ်ခြင်း စသည်တို့ဖြစ်ကြောင်း ပါ ... ဘိုးဘိုး''

''အိမ်း ... ဟုတ်ပေပေါ့ ... ဟုတ်ပေပေါ့''

အမတ်ချုပ်ကြီးဟာ လူရွယ်မောင်သျှန်နှင့် အတန်ကြာ မေး မြန်းစကားဆိုလို့ ပညာကို စမ်းသပ်နေလိုက်တယ်။

''မောင်သျှန်''

''ဘိုးဘိုး ဘုရား''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းကျောင်း ဘယ်နှမျိုးရှိသလဲကွယ်"

"မှန်ပါ့ … ရဟန်းကျောင်း (၁၀) မျိုးရှိသည်ဟု သင်ကြားသိရှိရဖူးပါသည် … ဘိုးဘိုး။ အဲဒါတွေကတော့ …

(၁) ဝိဝိတ္တသေနာသန … အမိုးအကာအခင်းတို့ဖြင့် ဆိတ်ငြိမ်ရာ၌ ဆောက်လုပ်သောကျောင်း

(၂) အရည – တောရကျောင်း … ရွာနီးချုပ်စပ် တောငယ်မျိုးကျောင်း

(၃) ရုက္ခမူလ … သစ်တစ်ပင် ဝါးတစ်ပင်အောက်ကျောင်း၊

(၄) ပဗ္ဗတ–တောင်ပေါ်၊ တောင်စောင်း၊ တောင်သာယာရှိကျောင်း

(၅) ကန္ဒရ – ချောက်၊ ချောင် သာယာသောကမ်းပါးယံရှိကျောင်း

(၆) ဂိရိဂုဟ – တောခေါင်းဥမင်လိုဏ်ဂူကျောင်း

(၇) သုသာန – သင်္ချိုင်းသုသာန်ရှိကျောင်း

(၈) ဝနပတ္တ – တောအုပ်တောနက်ရွာ ရွာဝေးရွာခေါင် တောကြီးထဲရှိသောကျောင်း

(၉) အဗ္ဘောကာသ – လွင်ပြင်လဟာပြင်ရှိနေကျောင်း

(၁၀) ပလာလ ပုဥ္စ – ကောက်ရိုးပုံ၊ မြက်ပုံ ရင်းအုံသောကျောင်းရယ်လို့ ကျောင်းအမှတ်ပြု အမျိုးအစား (၁၀) မျိုးရှိသည်ဟု သိရဖူးပါ … ဘိုးဘိုး"

"အိမ်း … ဟုတ်ပေပေါ့ … ဟုတ်ပေပေါ့။ ကဲကွယ် … ရဟန်းတို့ မမေ့အပ်သော အရပ် ဘယ်နှပါးရှိပါသလဲ သိလားဟဲ့"

"သိကြောင်းပါ … ဘိုးဘိုး"

ကိုယ့်လူက အမတ်ချုပ်ကြီး မေးသမျှကို ဖြေနိုင်နေလို့ မြို့စားကြီးလည်း ပြုံးပြုံးပြုံးပြုံး ဖြစ်လို့။





ကြည့်ရတာ အမတ်ငယ်အဖြစ်များ သူကောင်းပြုချင်လို့လား၊ မဟာဒါန်ဝန်နောက်လိုက်များ ခန့်ချင်လို့များလား။

"သိရင်ပြောပါဦး … မောင်သျှန်"

"မှန်ပါ … ရဟန်းတို့ မမေ့အပ်သော အရပ် (၃) ပါးရှိပါသည် ဘိုးဘိုး။ ပထမ – 'အဘိဇာတဌာန' မွေးဖွားအရပ်ပါ ဘိုးဘိုး။ ဒုတိယ – 'ပဗ္ဗဇ္ဇိတဌာန' ရှင်ရဟန်းပြုရာအရပ်ပါ၊ တတိယ –'အဓိဂမဌာန' တရားထူးရရာအရပ်လို့ ဆိုပါတယ် … ဘိုးဘိုး"

"ဟုတ်ပေပေါ့ဗျာ … ဒါနဲ့ ရဟန်းဝတ်ခြောက်ပါးရော သိသလားကွယ့်"

"သိကြောင်းပါ … ဘုရား"

"ပြောပါဦး"

မောင်သျှန်က မေးသမျှကို ဖြေနိုင်တယ်။ ရဟန်းတို့ ဆွမ်းခံကြွရ၊ မဝင်ရသည့်နေရာများ၊ ရဟန်းတော်များ မစားရသည့် အသားကြီး (၁၀) မျိုးမှသည် သီလတောင်း၊ ရေစက်ချ၊ (၅)ပါးသီလ၊ (၁၀) ပါးသီလမှသည် ရဟန်းတို့သိအပ်သော ပညာရပ်တို့ကို အထူးမေးလေရာ မောင်သျှန်ကလည်း အကုန်ဖြေနိုင်တယ်။

"မောင်သျှန် …"

"ဘုရား … ဘိုးဘိုး"

"မောင် … ရဟန်းဝတ်ဖူးသလား"

"မဝတ်ဖူးသေးပါ။ ဝတ်ခဲ့သည်ရှိသော် သိထားရအောင် လူဖြူဆော်ပညာရှိများထံမှာ မေးမြန်းလေ့လာထားတာပါ … ဘိုးဘိုး"

"ဟုတ်ပြီ … ဟုတ်ပြီ။ မင်းကိုငါ နှစ်သက် သဘောကျသွားပါပြီးကွိုင်း … မြို့စားကြီး …"

"အမိန့်ရှိပါ … အမတ်ချုပ်ကြီး"

"မောင်သျှန်ကို ကျုပ် သီးသန့်မွေးမြူ အထူးတာဝန်များ ပေးရာရှိတယ်။ သူ့ကိုထားခဲ့ပြီး မြို့စားကြီး ပြန်နိုင်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



''ကျေးဇူးပါ ... အမတ်ချုပ်ကြီး''

မြို့စားကြီး ပြန်တော့မှ အမတ်ချုပ်ကြီးက မောင်သျှန်ကို ရင်းနှီးပွင့်လင်းစွာ ဖွင့်ဆိုတိုင်ပင် တာဝန်ပေးရန် ပြောခဲ့တယ်။

''မောင်သျှန် ...''

''ဘိုးဘိုးဘုရား''

''ငါတို့ သီရိခေတ္တရာမှာ ကြီးစွာသော ဂုဏ်သိက္ခာကျဆင်းရကဲ့ အရေးတော်ပုံကြီး ပေါ်ခဲ့ရတယ်။ မောင်မင်း ကြားဖူးလား''

''အမိန့်ရှိပါ ဘိုးဘိုး''

''ငါတို့ သီရိခေတ္တရာ တပ်တော်ကြီးဟာ ဗိဿနိုးကို နှစ်ကြိမ်တိုင်တိုင် စစ်ချီတက် တိုက်ခိုက်ရာမှာ ...''

အမတ်ကြီးက ရန်ပယ်ချောင်းရဲ့ အဖြစ်ဆိုးမှသည် ပန်ထွာဘုရင်မရဲ့ ဂမ္ဘီရ မဟာအတုလစည်တော်ကြီး စွမ်းအင်တန်ခိုး ကြီးထွားပုံအကြောင်းစုံကို ရှင်းပြတယ်။

''ငါတို့ ဗိဿနိုးကိုရော၊ ပန်ထွာကိုရော လက်ရသိမ်းနိုင်မှ မင်းကြီးဒွတ္တဘောင်ရော၊ သီရိခေတ္တရာရော ဂုဏ်သိက္ခာရှိမယ်။ အရေးကြီးတာက ပန်ထွာဘုရင်မရဲ့ အတုလစည်တော်ကြီးပဲ။ အဲဒီစည်တော်ကြီးကို ဖျက်ဆီးဖို့အတွက် မောင်တို့ကို အထူးတာဝန်ပေးလိုတယ်''

''အမိန့်ရှိပါ ... ဘိုးဘိုး''

''ဒီလို ........''

''ဖြစ်ပါ့မလား ... ဘိုးဘိုးဘုရား''

''ဖြစ်အောင်လုပ်ရမှာပေါ့။ မင်းကို ကူညီဖို့ ငါ လူစွမ်းလူစရှိသူတွေ ကြိုရှာထားပြီးပြီ။ ပန်ထွာဘုရင်မက လုံးဝ အညံ့မခံဘူး။ ပန်ထွာဘုရင်မ အညံ့ခံအောင်လုပ်ဖို့က ဒီနည်းပဲရှိတယ်။ အောင်မြင်ခဲ့ရင် မောင့်ကို ကြီးစွာ သူကောင်းပြုမှာပါ။ ငါတို့ သီရိခေတ္တရာအတွက် မောင်မင်း စွန့်စားရဲမဟုတ်လား။ အကယ်၍ မောင်မင်း ဆုံးရှုံးခဲ့ရင်လည်း မောင်မင်းရဲ့ မိဘ၊ မောင်





သွားများကို မဆင်းရဲရအောင် ငါတို့ အသက်ထက်ဆုံး စောင့်ရှောက်သွားမှာ ပါ ... မောင်သျှန်''

နောက်ဆုံး မောင်သျှန်စ ခေါင်းညိတ်လိုက်တော့တယ်။

ဟုတ်တယ်လေ ... ကျွန်တော်မျိုး မလုပ်ချင်ဘူးလို့ ခုနေ ငြင်းဆန်ကြည့်ပါလား နိုင်ငံတော်ရဲ့ ဒီထိပ်တန်းလျှို့ဝှက်အစီအစဉ်ကို သိသွားပြီးခဲ့တဲ့ သူ့ကို ရွှေနန်းတော်ထဲက အသက်ရှင်လျက် ပြန်လွှတ်မှာတဲ့လား။

ငြင်းဆန်ရင် သေဒဏ်။

ခေါင်းညိတ်ရင် ရွှေဒင်္ဂါး၊ ရာထူးဌာန္တရ။

နောက်နေ့များမှာတော့ ...

လူသူမနီးအရပ်ရှိ ...

လျှို့ဝှက်အပ်သော ဂူကြီးတစ်ခုအတွင်းမှာ မောင်သျှန်စရယ်၊ ောင်ထွက်လူလိမ် သူနိုး (၃) ဦးရယ်၊ ပညာရှိ ပုဏ္ဏားကြီးတို့၊ အမတ်ကြီးတို့ရယ်ဟာ လျှို့ဝှက်အပ်သော အတတ်ပညာမျိုးစုံတို့ကို သင်ကြား ရတယ်။

ဗေဒင်ပညာလည်း သင်ကြားကြရတယ်။

အင်းအတတ်၊ ဆေးအတတ်၊ မန္တန်အတတ်တို့ကိုလည်း သင်ကြား ယ်။ ခံအင်း၊ တိုက်အင်း၊ ဖျက်အင်း၊ ပယောဂအစီအရင်၊ ကောင်း တ် ပြိုဟ်နေပြိုဟ်သွား အတတ်တို့ကို လေ့လာသင်ကြားခဲ့လိုက်ကြ ...

အချိန်အတန်ကြာတော့ လေးဦးသားတို့သည် သူလျှိုတို့တတ် သော ဗျူဟာနည်းပညာများသာမက တကယ့်ကို သုံးစားလို့မရသည့် အလုံးစုံတတ်မြောက်ပြီးနောက် ဗိဿနိုးရှိရာအရပ်ကို ခရီးထွက် သင်ကြတော့တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၃၃]

❑

တစ်နေ့ ...

နနွင်းဆိုး သင်္ကန်းဝတ်ထားတဲ့ ရုပ်ရည်သန့်စင်သည့် ရဟန်းတစ်ပါးရယ်၊ ကပ္ပိယ လူရွယ်နှစ်ဦးရယ်။ လက်ရာမြောက် တောင်းပလုံး၊ ဆန်ကော၊ ဆန်ကာများ ထမ်းရွက်လွယ်ပိုးလာတဲ့ လူတစ်ယောက်တို့ဟာ ရန်ပယ်ချောင်းကို ကူးပြီး ဗိဿနိုးမြေကို ရောက်ရှိလာခဲ့တယ်။

လူရွယ်နှစ်ဦးကလည်း သန့်သန့်ပြန့်ပြန့် ဝတ်စားလို့၊ ခေါင်းပေါ်မှာလည်း ပျူသျှောင်ကို အကျအန ထုံးချည်ထားတယ်။

သူတို့နှစ်ဦးလက်ထဲမှာ ဝင်းဝင်းတင်းတင်း ငှက်ပျောခိုင်ကြီးကတစ်ခိုင်၊ အရည်ရွှမ်းသည့် သစ်သီးက တစ်ခြင်း၊ နို့ခဲနှင့်လုပ်ထားသည့် မုန့်သရေစာများ၊ ဆီ ထောပတ်အိုးများလည်း ပါကြလေရဲ့။

ရေကင်းရေဆိပ်က သူတို့ကို ထုံးစံအရ အဝင်မှာ မေးတာပေါ့။

''ကိုယ်တော် ... ဘယ်အရပ်ဒေသက ကြွလာပါသလဲ ဘုရား''

''တကောင်းပြည်က ကြွခဲ့ပါသည် ဒကာ''





''ကိုယ်တော်နှင့် မည်သူများ ပါပါသေးဘုရား''

''ဟောဟိုနှစ်ဦးက ကျွန်ုပ်ရဲ့ ကပ္ပိယနှစ်ဦးပါ .. ဒကာ''

''ဘယ်ကိုသွားရန် ဖြစ်ပါသလဲ ... ကိုယ်တော်''

''ဗိဿနိုးမြို့ရှိ နန်းဦးကျောင်း ရှင်ရသေ့ကြီးထံ ဖူးမြော်ရန် သွားမှာဖြစ်ပြီး ကြည်ညိုလေးစားဖွယ်ကောင်းသည့် ဗိဿနိုးဆရာအရှင်ကို ဝတ္ထုပစ္စည်းများဖြင့် ပူဇော်မှာလည်းတစ်ကြောင်း၊ နန်းဦးဆရာအရှင်ရဲ့အဆုံးအမကို ခံယူလိုသည့်လည်းတစ်ကြောင်းနဲ့ ခရီးသွားလာခြင်းပါ ... ဒကာကြီး''

''ကောင်းပါပြီ ... ကိုယ်တော်။ ပါလာတဲ့ ပစ္စည်းများကိုတော့ ဆေးမှ စစ်ဆေးခွင့်ပြုပါ ... ကိုယ်တော်''

''စစ်ဆေးပါ ... ဒကာကြီး''

ရေဆိပ်အကောက်ဌာနက ကပ္ပိယလူရွယ်နှစ်ဦးနှင့် ပါလာသည့် ပစ္စည်းတွေကို စေ့စေ့စပ်စပ် စစ်ဆေးပြီး သွားရန် ခွင့်ပြုလိုက်တယ်။ သည့်နောက် တောင်းပလုံး၊ ဆန်ကော၊ ဆန်ကာနှင့် လူရွယ်ကို ထုံးစံအတိုင်း စစ်ဆေးမေးမြန်းတယ်။

''နာမည် ဘယ်လိုခေါ်တုံး''

''ညှပ်လို့ခေါ်ပါ ... သဗျ''

''ဒီပစ္စည်းများက ရောင်းဖို့လား''

''ဟုတ်ပါသဗျ''

''မင်းက ဘယ်အရပ်သားတုံး''

''ပရပ်ကြယ် ကပါဗျ''

''အရင် ဗိဿနိုးကို လာဖူးလား''

''အဖေနှင့် ဈေးရောင်းရင်း ငယ်တုန်းက ရောက်ဖူးပါဗျ''

''ဒီဝါးထည်က မောင်မင်းပစ္စည်းများလား''

''ဟုတ်ပဗျာ ... ကိုယ်တိုင် ယက်လုပ်ရောင်းတာဗျ''

''ဒီမှာ ဘယ်လောက်ကြာမတုံး''



www.burmeseclassic.com

www.burmeseclassic.com



''ရောင်းကုန်ပစ္စည်းကုန်ရင် ဗိဿနိုးက ကုန်များ မွေးရပ်မှာ လှည့်ရောင်းဖို့ ဝယ်ဖို့ ဖြစ်သဗျ''

''မင်း ပစ္စည်းတွေ ပြစမ်း''

ရေဆိပ်အကောက်က ကင်းလွတ်ပစ္စည်း ဟုတ်မဟုတ် စစ်ဆေးကြတယ်။ ကျေနပ်အောင် စစ်ဆေးပြီးမှ ဝင်ခွင့်ပြုလိုက်တယ်။

''ညှေပ် ...''

''ဗျာ ...''

''မောင်မင်းပြန်ရင် ငါတို့ရေဆိပ်ကို ပြောပြီးပြန်''

''မှန်ပါဗျာ''

ရှေ့က ရဟန်းနှင့် ကပ္ပိယနှစ်ယောက်က သုတ်သုတ်သုတ်သုတ် သွားကြတယ်။ နောက်က ဆန်ကော၊ ဆန်ကာသည်က တံပိုးထမ်းကြီးနှင့် လိုက်လာတယ်။

ဒီမှာ လှည်းကြမ်းကြီးတစ်စီး ဟဲ့မောင်းနှင်သံနှင့် မြင်လို့ ကပ္ပိယနှစ်ဦးက လက်ပြတားလိုက်တယ်။

''နောင်ကြီး ... ဗိဿနိုးများ သွားမယ်ထင်ပ့ါဗျာ''

''ဟုတ်ပေ့ါဗျာ ... မြို့ထဲတော့ မဟုတ်ဗျ၊ မလှမ်းမကမ်းပါ''

''နေပူလွန်းလို့ပါ ... နောင်ကြီးရယ်။ ငတို့ကိုယ်တော် ခရီးပန်းလို့ ငတို့ လှည်းကြုံလိုက်ပါရစေလား။ အဘိုးအခလည်း ပေးမပေ့ါနော်''

''မလိုပဗျာ ... ကိုယ်တော်အရှင်ပါနေမှတော့ .. ကြွပါကိုယ်တော် လှည်းပေါ်ကို ကြွပါဘုရား''

''ဝမ်းသာရပါ ... ဒကာ ... ဝမ်းသာရပါ''

ကိုယ်တော်ရော ကပ္ပိယပါ လှည်းပေါ်တက်တုန်းမှာပဲ ...

''ဗျို့ ... လှည်းဆရာကြီး၊ လှည်းဆရာကြီး ... ရပ်ပါဦးဗျ''

ဆန်ကော၊ ဆန်ကာရောင်းသမားက အထမ်းကြီးနဲ့ အပြေးလိုက်လာပြီး ...





''ကျုပ်လည်း လှည်းကြုံလိုက်ပါရစေလားဗျာ ... ဟူး ... ဘော ပူပြင်း၊ မောကမောပေ့ါဗျာ ... နော''

''နင့်ပစ္စည်းက အများကြီး။ ဒီမှာ ရှင်ငယ်ပါတယ်။ ခြေလျင် ခဲ့တော့''

''ဆံ့ဥစ္စာ လိုက်ပါစေ့လား ... လှည်းဒကာ''

''မဖြစ်ဘူး ... ကိုယ်တော်၊ ဒီဈေးသည်တွေက အပေါက်အစပ် တယ်ဘုရား။ အမေးအမြန်းလည်း ထူတယ်ဘုရား။ သင်းတို့ဈေးသည် လှည်းပေါ်ပါရင် ကိုယ့်နွားကိုယ် မမောင်းရဘူး၊ သင်းတို့မေးသမျှ ပြန် ရတာနဲ့ ပါးစပ်က အမြှုပ်ထွက်ရောဘုရား''

''လျှာရှည်မသားတွေနေမှာပေ့ါ ... နောင်ကြီးရဲ့''

''ဟုတ်တယ် ... နောင်ငယ်ရေ၊ ပြီး လှည်းကြုံသာလိုက်သာ တို့ပစ္စည်းများကျ တစ်ပြားတစ်ချပ် မလျှော့ဘူးဗျ''

''ဟား ... ဟား ... ဟား ... ဟား ... ဟား ... ဈေးသည် တော့ အမြတ်ပဲတွက်တာကိုးဗျာ၊ နောင်ကြီးထံက ရေတောင်းမသောက် တောင် သူတို့က အရှုံးပေါ်တယ်လို့ ထင်မှာဗျ''

''ဟုတ်ပဗျာ ... ဈေးသည်မှန် လူညာလူစေးပဲဗျို့။ ဟဲ ... ... သားတို့ ... ဟဲ့ ... ပြေးလဟဲ့''

လှည်းကြမ်းကြီးဟာ မြေလမ်းမပေါ်မှာ အသော့ပြေးနေတယ်။ အချို့က နောက်ကနေ မမီတမီ ပြေးလိုက်လို့။

ကပ္ပိယနှစ်ဦးက ခေါင်းအုပ်ပိုင်းနှင့် ခေါင်းကို အုပ်ထားကြတယ်။

''ဒကာ ... ဗိဿနိုးက နန်းဦးကျောင်းရှင်ရသေ့ကြီးများ သိပါ ကွယ်''

''ဗိဿနိုးနန်းဦးကျောင်း ရှင်ရသေ့ကြီးက ပန်ထွာဘုရင်မကြီးရဲ့ ဘုရား။ ပန်ထွာမှာတော့ အသိပညာဗဟုသုတ နှံ့စပ်လိမ္မာပြီး ကိုးကွယ်တဲ့ ရှင်ရသေ့ကြီးပါဘုရား''



www.burmeseclassic.com

www.burmeseclassic.com



''ဘုရင်မကြီးရဲ့ ဖခင်လား''

''မှန်ပါတယ် ဘုရား။ ဘုရင်မကြီး ဘုန်းတန်ခိုးကြီးသလို၊ နန်းဦး ရှင်ရသေ့ကြီးကလည်း ဩဇာကြီးပါတယ်ဘုရား။ သဘောသဘာဝလည်း ကောင်းပါ့ဘုရား။ ကိုယ်တော်တို့က ဘယ်ကြွမှာတုံး''

''နန်းဦးရှင်ရသေ့ကြီးကို ဖူးမြော်ချင်လို့ပါ''

''ကောင်းတာပေါ့ဘုရား။ နန်းဦးရှင်ရသေ့ကြီးက ရဟန်းသံဃာ များဆို တယ်နေရာပေးပဲ။ ဆွမ်းရေး၊ ကွမ်းရေး၊ နေရေးထိုင်ရေး ပူစရာ မလိုပါဘဲ ဘုရား။ ရွာသူရွာသား၊ မြို့သူမြို့သားများလည်း အမြဲဆုံးမ ဩဝါဒ ပေးတာဗျ''

''ဒါနဲ့ ပန်ထွာဘုရင်မကြီး ဘုန်းကြီးတယ်ဆိုတာ ဘယ်လိုကြီး တာတုံး။ ဦးဇင်းတို့က အဝေးမှာနေတော့ သဲ့သဲ့ပဲ ကြားဖူးလို့ပါ''

''အို ... ကိုယ်တော်နှယ် ... ပန်ထွာဘုရင်မကြီးမှာ သိကြားမင်း ပေးတဲ့ မဟာအတုလစည်တော်ကြီးဆိုတာ ရှိတယ်။ တစ်ခါမှာ သီရိခေတ္တရာ မင်းနေပြည်တော်က တပ်သားတွေ ပန်ထွာကို အလုံးအရင်းနဲ့ လာတိုက် ဗျ''

''ဟုတ်လား ...''

''သင်းတို့ ရန်ပယ်ချောင်းတောင် ကျော်လို့မရဘူး ဘုရား''

''ဘာဇာကြောင့်တုံး ... လှည်းဒကာရဲ့၊ ပြောပါဦး''

''ပန်ထွာဘုရင်မက ရန်သူတွေ ရန်ပယ်ချောင်းကို ကူးနေတာ ကြားလည်းကြားရော သိကြားမင်းပေးတဲ့ မဟာအတုလစည်တော်ကြီးကို တီးခတ်လိုက်တာ ဘယ့်နှယ်ဗျာ ... အံ့စရာကောင်းလိုက်တာ။ မိုးတွေ လေတွေ ချက်ချင်းကျ၊ မိုးကြိုးတွေပစ်၊ တောင်ပေါ်က ရေလုံးကြီးတွေ တဝေါဝေါ တဝုန်းဝုန်းနဲ့ ရန်ပယ်ချောင်းထဲဝင် အိမ်လုံးမက လှိုင်းလုံးတွေ ဖြစ်ပြီး ရန်သူ သီရိခေတ္တရာရဲ့တပ်တွေကို ဖုံးလွှမ်းသွားတာလေဗျာ။ ဟောဟို ရန်ပယ်ချောင်းရေစပ်မှာရော၊ သစ်ပင်ချုံကြားမှာပါ အလောင်းတွေရော





မြင်းသေတွေရော ဖွေးနေတာပဲ။ လင်းတရော၊ တောခွေးတွေရော မစား နိုင်လောက်အောင်ပါပဲ ဘုရား။

နောက်တစ်ကြိမ် လာတိုက်သေးတယ်။ ဘယ်ရမှာတုံးလေ ... ပန်ထွာဘုရင်မကြီး အတုလစည်တော်ကြီး တီးလိုက်ရော ပထမတစ်ခါလို ပဲ ရန်ပယ်ချောင်းဟာ ပင်လယ်လိုဖြစ်၊ လှိုင်းကြီး၊ မိုးလေကြီးပြီး သင်းတို့ ကို သုတ်သင်ပစ်လိုက်တာပဲဗျာ''

''အံ့စရာပဲနော် ... လှည်းဆရာ''

''ဒါပေါ့ ... နောင်ငယ်တို့ရာ၊ ပန်ထွာကို ဘယ်လိုရန်သူမျိုးမှ ဝင်လိုက်လို့ မရဘူးလေ။ ဘုရင်မက ဘုန်းအလွန်ကြီးသကိုး။ ကိုယ်တော် တို့ ဟိုးရှေ့ကမြင်ရတာ ဗိဿနိုးမြို့တော်ကြီးပ။ နန်းဦးရှင်ရသေ့ကြီးက မြို့ရဲ့အစွန် တိုက်ကျောင်းမှာ ကျောင်းထိုင်ပါသည်ဘုရား။ ဒီကနေသာ သွားပါဘုရား''

''ရော့ ... လှည်းဆရာ၊ လှည်းစီးခပေါ့ဗျာ''

''နေပါစေ ... နောင်ငယ်ရာ၊ မယူပါဘူးဗျာ''

''ယူပါဗျာ ... နောင် ခရီးသွားလိုရင်လည်း နောင်ကြီးရဲ့လှည်း စီးရတာပေါ့။ ဒါနဲ့ နောင့်နာမည် ဘယ်လိုခေါ်သတုံး''

''ငမြိုက်လို့ ပြောရင် သိကြပဗျာ။ လိုရင်သာ ပြောပါ''

''ဒီငွေတစ်ပြားတော့ ယူသွားပါ။ ရှင်ငယ်က စွန့်တဲ့သဘော ပေါ့''

''ဒါဆိုလည်း ယူရပေါ့ဗျာ''

သူတို့ (၃)ဦး လှည်းပေါ်ကဆင်း။ မြို့ဝင်တံခါးကြီးကနေ အစစ် ဆေးခံပြီး ဗိဿနိုးမြို့ထဲကို ဝင်ခဲ့ကြတယ်။

ဗိဿနိုးမြို့ကြီးဟာ တယ်သာယာပဲကိုး။

ပေပင်တွေဟာ နေရာအနှံ့မှာ မြင်ရတယ်။ ထနောင်းပင်ကြီးတွေ အလည်း လမ်းတွေလမ်းတွေရဲ့ ဘယ်ညာမှာ တန်းစီပေါက်နေကြပြီး ချိုးကူ



www.burmeseclassic.com

www.burmeseclassic.com



သံသာသာနဲ့ လှလိုက်ပါဘိသနှယ်။ အင်ကြင်းပင်မမြင်ရဘဲ အင်ကြင်းပန်းရနံ့တွေက မွှေးကြိုင်လို့။ လူတွေကလည်း ပျူတွေပီပီ အရပ်ကြီးတွေကလည်း မြင့်မြင့်မားမား၊ ကျားကျားယွားယွား၊ ရင်အုပ်ကျယ်ကြီးတွေနဲ့။

ခန့်ခန့် သန်သန်ကြီးတွေ။

မိန်းမသားတွေလည်း ဖြူဖြူဖွေးဖွေး၊ တောင့်တောင့်တင်းတင်း၊ သန့်သန့်ပြန့်ပြန့်တွေ။ ပြောင်လက်တဲ့ ကျောက်ပုတီးတွေ၊ ရောင်စုံပုတီးစေ့တွေကို သီပြီး လည်မှာရော၊ လက်မှာရော ဆင်ထားကြတာ လှမှလှပဲ။

တစ်ဦးနဲ့တစ်ဦး တွေ့ရင် လက်မောင်းကိုကိုင်ပြီး ဦးညွှတ်လို့ နှုတ်ဆက်ကြတာ တယ်ယဉ်ကျေးပ။

ဈေးကြီးကလည်း အရောင်းအဝယ် အသွားအလာများနှင့် စည်ကားလိုက်တာနှယ်။

အသီးအနှံ၊ သားငါးကလည်း လတ်လတ်ဆတ်ဆတ်နဲ့ ပေါမှပေါပဲ။ ဒီလိုနှင့် သူတို့ မြို့စွန်များက ပေပင်တွေ၊ ရှားပင်၊ ထနောင်းပင်တွေ ဝိုင်းနေတဲ့ ကုန်းကြောပေါ်ရှိ နန်းဦးရှင်ရသေ့ကြီးရဲ့ အုတ်ကျောင်းဝိုင်းကျယ်ထဲကို ဝင်လာလိုက်တော့ သစ်ခေါက်ဆိုးဝတ် ရသေ့အိုကြီးတစ်ပါး တံမြက်လှည်းနေတာကို မြင်ရလို့ ရဟန်းပျိုအပါအဝင် (၃)ဦးသား မြေပြင်မှာ ဒူးတုပ်ရှိခိုး ကန်တော့ကြတယ်။

ရဟန်းပျို့ရဲ့သင်္ကန်းပြင်က နန္ဒင်းဆိုးသင်္ကန်းနဲ့ ဦးပြည်းပြောင်ပြောင်နဲ့ ဆာဒူး၊ ဖြဟ္မဏ၊ သစ်ခေါက်ဆိုးရသေ့တို့နှင့် အသွင်မတူဘူး။ ခန့်ခန့်သန့်သန့် သဏ္ဍာန်လေ။

''မောင်ရဟန်းတို့က ဘယ်က ကြွလာကြတုံး''

''တကောင်းအရပ်က ကြွလာပါသည် ... ဆရာအရှင်ရသေ့''

''ပသိကိစ္စ ရှိလို့တုံးကွယ်''

''နာမည်ကျော် ဗိဿနိုးရွှေမြို့တော်ကြီးကိုလည်း ရောက်ဖူးချင်တာကတစ်ကြောင်း၊ ဗိဿနိုးနန်းဦး ရသေ့အရှင်သူမြတ်ကြီးရဲ့ ပညာဂုဏ်





သတင်းကလည်း တကောင်း၊ ပျူနယ်များတိုင် ပျံ့ကျော်ပါသဖြင့် အရှင်ရသေ့သူတော်စင်ကြီးအားလည်း ဖူးမြော်ရင်း လောကနီတိ လောကီလောကုတ္တရာ ပညာအသိများ ကြားနာမှတ်သား နာယူလိုပါ၍ လာရောက်ရခြင်းပါဘုရား''

''မောင်ရဟန်း ဘွဲ့အမည်ကရော ဘယ်လိုခေါ်သတုံး''

''ရှင်ပုညလို့ ခေါ်ပါဘုရား''

''ဗိဿနိုးရှင်ရသေ့ကြီးရော မြင်ဖူးလား''

''မမြင်ဘူးသေးကြောင်းပါ ဘုရား''

''ကျုပ်ပဲ မောင်ရဟန်း''

''အို ... ဝမ်းသာလိုက်ပါဘိ အရှင်ရသေ့ကြီးဘုရား။ ဝမ်းသာလိုက်ပါဘိဘုရား။ အရှင်ရသေ့ကြီးရဲ့ ဗိဿနိုးမြို့တည်သတင်း၊ ပညာဂုဏ်သတင်းတို့ကတော့ မိုးမြေအနှံ့ ကျော်ဇောပါပေတယ်ဘုရား။ တပည့်တော်ယယ်ရွယ်သူတို့အား သားတပည့်အရင်း မှတ်ယူ၍ ဆုံးမသွန်သင်ပါဘုရား။ ရှင်ရသေ့ထံက ဗိဿနိုး ကျမ်း၊ ဗြဟ္မဏကျမ်းတို့ရဲ့ နက်နဲသောပညာတို့အားလည်း ဝေငှသင်ပေးတော်မူပါဘုရား။ ဘုရားတပည့်တော် တကောင်းပြည်ကို ပြန်ရောက်ပါက နီတိစရဏ တရားကောင်း တရားမြတ်တို့ကိုဖြန့်ပွားရန်အလို့ငှာ သွန်သင်ဆုံးမ လမ်းညွှန်တော်မူပါဘုရား''

''အရှင်ရသေ့မြတ်ကြီး .. အရှင်ရသေ့မြတ်ကြီးအတွက်တကောင်းပြည်ထွက် စားဖွယ်၊ ခဲဖွယ်၊ ဘောဇဉ်များကိုလည်း လှူဒါန်းပါသည် လက်ခံတော်မူပါဘုရား''

''သာဓု သာဓု သာဓု ... ကျောင်းပေါ်ကြွကြစို့''

ကျောင်းပေါ်ရောက်တော့ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရှိခိုးကန်တော့ပြီး ပါလာသည့် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြတယ်။

''ကျောင်းသား ... ကျောင်းသား ...''

''ဘုန်းဘုန်းကြီးဘုရား ... ရှိပါဘုရား''



www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီလူဖြူဖွယ်တွေကို နေရာတကျထား။ ဒီမှာ အာဂန္တုတွေ လာတယ်။ ဟောဒီ ရှင်ပုညကို တစ်ပါးကျောင်းမှာ နေရာချ။ သူ့ကပ္ပိယ တွေကိုလည်း နေရာထိုင်ခင်းတွေ အသီးသီးချပေး"

"မှန်ပါ ဘုရား"

"နောက်နေ့များမှာ အရုဏ်ဆွမ်း ပိုထားကြ"

"မှန်ပါ ဘုရား"

"ကိုင်း ... ရှင်ပုညတို့ ရေမိုးသန့်စင်ပြီး အနားယူကြဦး၊ နောက် နေ့များမှ ဆွမ်းခံလိုက်ကွယ်"

"မှန်ပါ ဘုရား"

"ကျုပ်တို့ ဗိသနိုးမြို့သူမြို့သားများဟာ သဒ္ဓါသီလ ကောင်းကြ ပါသကွယ်။ ဆွမ်း၊ ကွမ်းကိစ္စ လိုလေသေးမရှိ ပြည့်စုံကြပေ့ါ"

"မှန်ပါ ဆရာအရှင်"

"မြို့ထဲကို ဆွမ်းခံကြွတော့မှ မြို့သူမြို့သားရဲ့ ဒါနကို မောင် တို့ သိရမှာပေ့ါကွယ်"

"မှန်ပါ ဆရာအရှင်"

"မောင်ရဟန်း သိချင်တာရှိတာကိုတော့ ဆွမ်းစားပြီးရင် မေး လကွယ်။ ညဘက်နဲ့ အရုဏ်ဝတ်တက်တာတော့ ကျောင်းကြီးပေါ်က ဘုရား ခန်းမှာ အုန်းမောင်းခေါက်ရင် ဝတ်တက်"

"မှန်ပါ ဆရာအရှင်"

"ကိုင်း ... ကိုင်း ... နားချေဦးကွယ့်။ သက်သက်သာသာ နား ကြဦး"

"ဦးတော်တင်ပါသည် ဘုရား"

"အိမ်း ... အိမ်း ... သာဓု ... သာဓု ... သာဓု"

ရှင်ပုညကို ကျောင်းကြီးရဲ့လက်ဝဲဘက်ရှိ တစ်ပါးအုတ်ကျောင်း မှာနေရာချပေးတယ်။ အထဲမှာ အိပ်စက်ဖို့ သစ်သားကွပ်ပျစ်တစ်ခုရှိပြီး





သောက်ရေအိုး၊ ဘုရားရေချမ်းအိုးနဲ့ ကျောက်ဆင်းတု ဗုဒ္ဓရုပ်ပွားတော် တစ်ဆူကိုလည်း အသင့်ရှိထားတယ်။

ခြေရင်းမှာ သက်နှင်းလွှားရန် ကြိုးတန်း။

အနောက်ဘက်မှာ ကုဋီတစ်ခု။

ကျောင်းရှေ့မှာ ကျောက်စည်နှင့် ကြည်လင်သည့် သုံးရေချိုးရေ အိုး၊ ရေချိုးခွက်တင် စင်။

ကပ္ပိယနှစ်ဦးဖြစ်တဲ့ မောင်ကြေးနဲ့ မောင်မေးတို့ကိုလည်း ရေမိုး ချိုး သန့်စင်ပြီး ရဟန်းရှင်ပုည တစ်ပါးကျောင်းရှိရာကို လာခဲ့လိုက်ကြ တယ်။

တစ်ပါးကျောင်းထဲရောက်လို့ သုံးယောက် မျက်နှာချင်းဆိုင်မိသည် နှင့် ....

"ရှင်သျှန်ဝ ..."

"ရှူး ... တိုးတိုးပြော။ ငါ့ကို ငါ့နာမည်ရင်းမခေါ်နဲ့၊ ကိုယ်တော် လို့ပဲခေါ်။ ကြားလား ... နားလည်လား"

"ဟုတ် ... ဟုတ် ..."

"ကိုယ်တော် ... ကျုပ်တို့ အဝင်တော့ လှနေတာပဲ"

"ဟိုကောင် ... ဆန်ကောညှပ်ကော ဘယ်လိုရှိတုံး မသိဘူး"

"ရောက်လာမှာပါ။ ညှပ်ကလည်း လူညံ့မဟုတ်ဘူး"

"ဒီမှာ မင်းတို့နှစ်ယောက်ကလည်း ဆရာတော် ယုံကြည်မှုရှိ အောင် ရေ၊ မီး၊ ထင်းကအစ ဝတ်မပျက် လုပ်ပေးကြနော်။

"နောက်နေ့တွေမှာ မြို့တံခါး အနေအထား၊ ကျုံး၊ မြို့ရိုးတံခါးအိုး အနေအထားများကို မယောင်မလည် လေ့လာကြ"

"စိတ်ချ ..."

"သွား ... ငါ တရားထိုင်လိုက်ဦးမယ်။ ဒါမှ ယုံမှာဟ"

"အေးပါ ... အေးပါ ... အောင်မြင်မှာပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပိယကြေးနဲ့ ငမေးတို့က ရှင်ယောင်ပုညရဲ့ အပါးကထွက်လာပြီး တွေ့တဲ့တံမြက်ရှည်နဲ့ ကျောင်းဝင်းတစ်ပိုက်က အမှိုက်တွေကို လှည်းစုတယ်။

ပြီး အမှိုက်ပုံမှာ သွားပုံတယ်။

သူတို့ရဲ့ လှုပ်ရှားမှုကို နန်းဦးရှင်ရသေ့အိုကြီးက ပုတီးစိပ်ရင်းက ကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်လို့။

တစ်ခါ စကြံလျှောက်ရင်းက ရှင်ပုညရဲ့တစ်ပါးကျောင်းကို မသိမသာ လှမ်းစွေကြည့်တော့ အာဂန္တုရှင်ပုည တည်ငြိမ်စွာ တရားမှတ်နေတာကို မြင်ရပြီး ကျေနပ်အားရတော်မူတယ်။

ဒီလို ယုံကြည်သက်ဝင်လိုက်တာကိုက မိမိရဲ့အမှားမှန်း နောင်အခါမှ သိခဲ့ရတယ်လေ။ သိလာသည့်အချိန်ရောက်တော့ နှောင်းခဲ့ပြီ။

ဗိဿနိုးမြို့ ပျက်စီးရလိမ့်မယ်လို့ လုံးဝ ထင်မထားဘူး။

ပန်ထွာပြည်ကြီး အလုံးစုံ ပျက်စီးရမည့်ဘဝ၊ ပန်ထွာ ပြည်သူပြည်သားတွေ သွေးချောင်းစီး၊ မျက်ရည်ပေါက်ပေါက်ကျ သူ့ကျွန်ဘဝရောက်ရမည်လို့ လုံးဝ တွေးမထားမိဘူး။

သူတို့ အာဂန္တုတွေကို လူကောင်းသူကောင်းအဖြစ် အကြွင်းမဲ့ယုံကြည်ခဲ့လိုက်တယ်။

လိမ်နိုင်ရင် ပညာရှိ။

ညာနိုင်ရင် သမာဓိတဲ့။

အသိနောက်ကျရတဲ့ဒဏ် . . .

ဟုတ်ပါ့လေဗျာ . . .

ရှင်ပုညဆိုတာ ရှင်ရဟန်းအစစ်မှ မဟုတ်တာ။ ငမေးနဲ့ ငကြေးဆိုတာကလည်း ရှင်ပုညရဲ့ ကပ္ပိယအစစ်တွေမှ မဟုတ်တာ။

သင်းတို့က သီရိခေတ္တရာ လျှို့ဝှက်သူလျှိုတွေ။





ဗိဿနိုးမြို့တော်ကြီး အလုံးစုံပျက်စီးဖို့အတွက် လျှို့ဝှက်စွာ ရောက်လာတဲ့ ရှင်ယောင်၊ သူယောင်တွေ။

ပန်ထွာတိုင်းပြည်ကြီး လုံးဝပျက်စီးသွားရတာ သင်းတို့ ရှင်ယောင်သူယောင်တွေကြောင့်လေ။

ပန်ထွာဘုရင်မကြီး မုန်းရတဲ့သူစာရင်းမှာ သင်းတို့ ရှင်ယောင်လည်း ပါတာပေါ့။

သင်းတို့ကြောင့် ပန်ထွာဘုရင်မကြီး၏ အမုန်းဟာ အဆုံးစွန်ကို ရောက်ခဲ့ပြီ။ နာကြည်းမှုတွေ အခေါင်ရောက်သွားခဲ့တယ်။

ရန်သူဆိုတာ လျှို့ဝှက်တဲ့နည်းစနစ်နဲ့ အတွင်းစည်းကနေ ဝင်တိုက်တာကို သိရတော့ နောက်ဆုံး ပန်ထွာဘုရင်မကြီးကလည်း ရန်သူ့အတွင်းစည်းကနေ ပြန်တုံ့ပြန်ခဲ့တယ်။ ဂမ္ဘီရဖြစ်စဉ် ဆန်းကြယ်မှုနဲ့ အမုန်းတရားတွေဟာ ပန်ထွာဗိဿနိုးနဲ့ သီရိခေတ္တရာစစ်ပွဲကို အခြေခံပြီး ရင့်မာကြမ်းတမ်း ရှင်သန်ခဲ့လိုက်ကြတာ . . .

အမုန်းမြို့ကြီးသူ့ဘဝကို ရောက်ချင်းမလှ ရောက်ခဲ့ပေါ့ . . . အရှင်မရယ်။ အမုန်းတွေကို မြေမြှုပ်သင်္ဂြိုဟ်လိုက်ပါတော့။

အမုန်းပင်၊ အငြိုးပင်တွေကို အမြစ်ကနေ တူးပစ် မြေမြှုပ်ပြာချလိုက်ကြပါတော့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၃၄ ]

❑

ဗိသနိုးမြို့ထဲမှာ ဝါးနဲ့ ကြိမ်နဲ့ လုပ်တဲ့ ဆန်ကော၊ ဆန်ကား တောင်း၊ ပလုံး၊ ဆွဲခြင်းရောင်းတဲ့ အသားမည်းမည်း လူကြီးလည်း အတော်ကို ရောင်းပန်းဝယ်ပန်း ကောင်းနေရဲ့ဗျာ။

"ဒီကြိမ်ဆွဲခြင်းလေးက ဘယ်လောက်လဲဟင်"

"ကြိမ်ခြင်းလား ......ပါ ခင်ဗျ"

"လှလိုက်တာဟယ် ...ကြည့်စမ်းပါဦး"

ဗိသနိုးသူ မိန်းမချောတွေက ကြိမ်ကို ပြောင်နေအောင်လုပ်ပြီး ရက်လုပ်ထားတဲ့ ကြိမ်ခြင်းတွေကို ကိုင်ကြည့်ပြီး အလွန် သဘောကျနေ ကြတယ်။

"မလျှော့တော့ဘူးလား ...ဈေးသည်ကြီးရဲ့"

"ဝါးနဲ့လုပ်တာတော့ ဈေးပေါသပေါ့ဗျာ။ ကြိမ်နဲ့လုပ်တာက ကြာ ရှည်ခံတယ်လေ ...နှမကြီးရဲ့။ ပြီး သမင်ဆီသုတ်ထားတာ ပြောင်ဝင်း နေတာပဲ။ အထိအနိုက်ခံတာကိုး။ ဈေးတော့ မလျှော့ပါရစေနဲ့ဗျား"





"နည်းနည်းတော့ လျှော့ပါ ...ဈေးသည်ကြီးရယ် နော"

"ကိုင်း ...ကိုင်း ...ကျုပ်နှမကြီးက ဈေးဆစ်လွန်းမှတော့ နည်းနည်းလျှော့မယ်ဗျာ။ ဘယ်နှလုံး ယူမှာမို့လဲ"

"ကျွန်မက တစ်ခုယူမယ်ပ နော"

"ကျွန်မလည်း တစ်ခုယူမယ်တော်"

"ကျွန်မလည်း ကြုံတုန်း တစ်ခုဝယ်ချင်တယ်ရှင့်"

"ကိုင်း ...ကိုင်း ...ကျုပ်နှမများ ကိုယ့်ဆွေ ကိုယ့်မျိုးလို သဘောမှတ်ပြီး ရောင်းရမှာပေါ့။ ယူပါဗျ ...ယူပါ"

"ဒီမောင်ကြီးက သဘောကောင်းတော့"

"သဘောကောင်းရင် ထမင်းခေါ်ကျွေးလိုက်ပါလားအေ"

"ဟင်းကောင်းချက်တဲ့နေ့ကျ ခေါ်ကျွေးမှာပနော"

"အားနာစရာပ ...နှမရယ်"

"ရောင်းကောင်းပါစေတော်။ ဟိုဟာလေး ပေးပါတော်"

"ဈေးသည်ကြီးက ကိုယ်တိုင်လုပ်တာလားဟင်"

"မြင်တဲ့အတိုင်းပဲ ...နှမကြီးတို့ရေ။ ဈေးဝယ်ပါးရင် ဟောဒီ ဆင်ထားတဲ့ ကြိမ်၊ ဝါးနှင့် ဟောဒီနေရာမှာပဲ ကိုယ်တိုင်လုပ်ပါသဗျာ"

ဈေးဝယ်သူ ပျိုမိန်းမလှ အိမ်ရှင်မတို့က ဆွဲခြင်း၊ ဆန်ကော၊ ဆန်ကာ၊ ဖာ၊ တောင်း စသည်တို့ကို ဈေးဆစ်ဆစ်ပြီး မြှောက်ပင့်ပြီး ဝယ် ယူကြတာ ပစ္စည်း အတော်ကုန်သွားတယ်။

ဈေးဝယ်သူမရှိတော့ ဖြာထားတဲ့ ကြိမ်တွေနဲ့ ဆွဲခြင်းတစ်လုံးကို သေသေသပ်သပ် လက်တွေ့လုပ်ပြတော့ လူငယ်လူရွယ်များ၊ သက်ကြီးများ က သူလုပ်နေတဲ့ လုပ်ပုံကိုင်ပုံကို ကြည့်ပြီး ချီးကျူးကြတယ်။

"ဈေးသည်ကြီး ..."

"ခင်ဗျ ...ခင်ဗျ"

"နှီးနဲ့ ငှက်ရုပ်၊ ကြက်ရုပ်လေးများ မလုပ်တတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

"လုပ်တတ်တာပေါ့ဗျာ။ ကလေးတို့က လိုချင်လို့လားကွယ်"

"လိုချင်တာပေါ့ဗျ။ လုပ်ပေးမလား ဟင်"

"ကိုင်း ... လုပ်ပေးရတာပေါ့ဗျာ ... ကြည့်ကြဟေ့"

ဈေးသည်ကြီးက သင်ထားတဲ့ ဝါးနှီးပါးပါးလေးတွေနဲ့ ဝိုင်းကြည့်နေတဲ့ ကလေး၊ လူကြီးများရှေ့မှာ ကြက်တူရွေး ငှက်ရုပ်လေးကို လက်ကိုင်တုတ်လေးတပ်ပြီး တစ်ခဏအတွင်း လုပ်ပြလိုက်ရော ကလေးလူရွယ်များရော၊ မိခင်များပါ လွန်စွာသဘောကျကြပါရောဗျား။

"ဈေးသည်ကြီး ... အနော့်ကို ရောင်းမလားဟင်"

"မရောင်းပါဘူးကွာ ... ရော့ ... ဒါက မင်းအတွက် လက်ဆောင်"

"တ ... ကယ် ..."

"တကယ်ပါ ... လူကလေးရဲ့၊ ရော့ဗျာ ..."

"ဝေး ... ငါ ကြက်တူရွေးအရုပ်လေး ရပြီဟေ့"

တုတ်ထိုးကြက်တူရွေး ရသူလေးက နှီးကြက်တူရွေးရုပ်ကလေးကိုင်မြှောက်ပြီး ခုန်ပေါက်ပြေးလွှား လိုက်ကြွားရော။

"ဈေးသည်ကြီး ... အနော့်လည်း လုပ်ပေး"

"သားလည်း လက်ဆောင်ပေးပါဗျာ နော် ... ဦးကြီး"

"ငါလည်း လိုချင်သယ်ကွ"

"ကဲ ... ကဲ ... ကလေးတို့၊ ဦးကြီး ဝါးအရုပ်လေးငါးခု လုပ်ပေးမယ်။ လူများတော့ မဲနှိုက်ယူကြ ... ဟုတ်လား"

"ကျွန်တော် အရင်တောင်းတာလေဗျာ ... အရင်ပေးပေါ့"

"ငါလည်း ပြောသာဥစ္စာ။ ငါ့ကို အရင်ပေး"

"ဟေ့ ... ဟေ့ ... လိုချင်တဲ့သူ များတယ်ကွာ။ မဲနှိုက်ပြီး ယူကြ။ ဦးကြီး ရောင်းဖို့လည်း လုပ်ရဦးမှာကွ"

"ဒါဆိုလည်း မဲပဲ နှိုက်တာပေါ့ဗျာ"





နှီးကြိမ်ဈေးသည်ကြီးက လက်မှုပညာ တယ်ကျွမ်းပဲ။ အများ [illegible] က်စိရှေ့မှောက်မှာ နှီးပြားပြား ပျော့ပျော့လေးများနှင့် ကြက်တူရွေးရုပ်၊ [illegible] ကြက်ရုပ်လေးများကို ဖျတ်ခနဲ ဖျတ်ခနဲ လုပ်ပြတော့ ဒါမျိုး မမြင် [illegible] မလုပ်ဖူးကြတဲ့ ဗိသနိုးမြို့သူမြို့သားများ အံ့ဩကြတာပေါ့။

"တော်လိုက်တာဟယ်"

"ကြည့်စမ်း ... ကြည့်စမ်း ... ငါးရုပ်လေး ... တကယ့် ငါး [illegible] တိုင်းပဲ"

ဈေးသည်ကြီးက ငါးရုပ်လေးကို ဆေးစုတ်တံနဲ့ မျက်စိလေးတပ်၊ [illegible] ကြေးလေး ခြယ်ပေးလိုက်ရော ...

တကယ့်ငါး၊ တကယ့်ကြက်မ၊ ကြက်ဖအတိုင်း ဖြစ်သွားတော့ [illegible] ကြည့်နေကြတဲ့ လူအုပ်ကြီးဟာ ရုပ်သပ်ရှုမောဖြစ်လို့ ...

"ကဲ ... မဲနှိုက်မယ်၊ တန်းစီကြ"

ကလေးဆယ်ယောက်ခန့် တန်းစီလိုက်ကြတယ်။ အရေးထဲ နေရာ [illegible] နေလို့ လူအုပ်ထဲရောက်နေတဲ့ ကပ္ပိယ မောင်ကြေးနဲ့ မောင်မှေးကပါ [illegible] ကလေးတွေကို လုပ်အားပေး နေရာချပေးရတယ်။

သည့်နောက် နှီးတောင်းထဲမှာ မဲနှိုက်။ ကလေးများကိုယ်တိုင် မဲ [illegible] ကြတော့ ကလေးငါးယောက် မဲပေါက်ပြီး အရုပ်ငါးရုပ် ရသွားကြ [illegible]

မရတဲ့ကလေးများက ပွစိပွစိလုပ်။

ဒီမှာ ပျိုမိန်းမရွယ်တစ်ဦးက ...

"ဈေးသည်ကြီးရှင် ..."

"ဘာတုံး ... နှမရဲ့၊ ပြောပါဗျာ"

"ဒီလိုလုပ်ပါလားတော်"

"ဘယ်လိုလုပ်ရမှာတုံးဗျာ!"

"မနက်ဖြန် ဈေးသည်ကြီး လာရောင်းဦးမှာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ရောင်းရမှာပေါ့ ... နမကြီးရယ်၊ ကျုပ်တို့ မရှိဆင်းရဲသားပါ၊ လက်လှုပ်၊ ခြေထောက်လှုပ်မှ စားရတာပါဗျာ"

"အမယ် ... သားကျွေးမှု၊ မယားကျွေးမှုလို့ ပြောပါတော်"

"မလုပ်ပါနဲ့ ... အစ်မကြီးရယ်၊ ကျုပ်က လူပျိုကြီးပါဗျာ"

"ဟား ... ဟား ... ဟား ... ဟား ... ဈေးသည်ကြီးတ ကြော်ငြာနေသဟေ့။ လူပျိုကြီးတဲ့ ... ဟား ... ဟား ... ဟား ... ဟား ..."

"ရေတော့ နည်းနည်းရောမှာပေါ့တော်"

"ရေမရောရပါဘူးဗျာ။ ခုမှ လူပျိုဘော်ဝင်ခါစ ရှိပါသေးသဗျာ"

"ခစ် ... ခစ် ... ခစ် ... ခစ် ..."

"အသားမည်းသတော်"

"အသားမည်းတော့ ပတ္တမြားခဲ၊ အသားညိုတော့ ပတ္တမြားလို့ အသားဖြူတော့ အကြွားထူသတဲ့ဗျာ"

"ဟား ... ဟား ... ဟား ... ဟား ..."

"စာဆိုတဲ့ ဈေးသည်ပဲဟေ့"

"ဈေးသည်မလုပ်ဘဲ ဘုရင်မကြီးထံမှာ စာတော်ဖတ်ဆရာ၊ တ ဟောဆရာ လုပ်ပါလားတော်"

"မမှန်းရဲပါဘူးဗျာ။ ဝါးတောထဲမှာ နေရသူပါ။ နှီးအကြောင်း ကြိမ်အကြောင်းပဲ နားလည်ပါသဗျာ"

"မိန်းမရော မယူတော့ဘူးလား"

"ဘုန်းကြီး၊ ရဟန်း ဝတ်မလားလို့ စဉ်းစားနေတုံးဗျ"

"ခုလားဟင် ... ဈေးသည်ကြီး ဟင်"

"အသက် (၉၀) ကျော်မှပါ ... နမတို့ရယ်"

"ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

"ခစ် ... ခစ် ... ခစ် ... ခစ် ... ဈေးသည်ကြီးထံမှာ ဈေး





ဝယ်ရတာ ဟာသတွေပါ ကြားရပြီး ပျော်စရာကောင်းတယ်ဟေ့"

"ဈေးသည်ကြီးရယ် ... နက်ဖြန်ကျရင် ကလေးတွေကစားဖို့ နှီးအရုပ်များများလုပ်ခဲ့ပါရှင်။ အလကား မပေးပါနဲ့။ ကျွန်မတို့ကလည်း ငွေများများနဲ့ ဝယ်ကြမှာပါ"

"ဟုတ်တယ်တော့ ... ရှင်မိမြွေပြောသလို လုပ်ပါရှင် နော်"

"ကောင်းပါပြီဗျာ ... နက်ဖြန်ကျရင် ဆင်ရုပ်၊ မြင်းရုပ်၊ နွားရုပ်၊ ချိုးရုပ်ကလေးများပါ လုပ်ယူခဲ့ပါမယ်။ နမကြီးတို့၊ နမလေးတို့က တကယ် အားပေးကြပါနော်"

"စိတ်သာချ ... ဈေးသည်ကြီးရေ"

"ကျုပ် လူပျိုကြီးဆိုတာလည်း မမေ့ကြပါနဲ့နော်"

"စိတ်ချပါနော် ... မုဆိုးမအဘွား မိဒွားကလည်း သွားမရှိပေမဲ့ ခါးချည့်သော်လည်း မသေခင် လင် သန့်သန့်မာမာတစ်ယောက် လိုချင်သတဲ့တော်။ ကျွန်မတို့ စပ်ပေးရတာပေါ့ ... နော်"

"မနက်ဖြန်ပဲ ဘုန်းကြီးဝတ်တာ အသက်ရှည်မယ်နဲ့ တူပါ့ဗျာ"

"ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

"အဟုတ် ... အဟုတ် ... အဟုတ် ... ခစ် ... ခစ် ... ခစ် ... ခစ် ..."

ဒီလိုနဲ့ ရယ်ရင်း ပြောရင်း နေလေးမြင့်လာတော့ ဈေးဝယ်ကွဲသွားတယ်။ ကျွန်တာဆိုလို့ နှီး၊ ဆန်ကော၊ ဆန်ကာများကို ကိုင်ကြည့်နေတဲ့ ခေါင်းပေါင်းကြီးများပေါင်းထားတဲ့ နံငယ်တိုနဲ့ လူနှစ်ယောက်ပဲ ကျန်တော့တယ်။

"ဈေးသည် ... ညှော်"

"ဟင် ... ခင်ဗျားတို့က ဘယ်သူတုံးဗျ"

"မမှတ်မိဘူးကိုး။ ငါက မောင်မှေးလေ"

"ဟေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ငါက ကြွေးလေကွာ ... ညှော်ရ"

"ဟာ ... မင်းတို့က ခေါင်းပေါင်းအုပ်ကြီးများနဲ့ ရုပ်ဖျက်ထား တော့ ငတို့က မမှတ်မိကိုးဟ ... ကောင်ရ"

"မင်း စည်းရုံးရေး တယ်ကောင်းပါလား ... ညှော်ရ ဟင်"

"ငတို့ သီရိခေတ္တရာအတွက်ဆိုတော့ စိတ်ဝင်စားလာအောင် ပြောရတာပေါ့ကွာ"

"ဟုတ်ရဲ့လား ... ငါ့လူရ"

"ငါတို့ရည်မှန်းချက် အောင်မြင်မှ ငါတို့လည်း သီရိခေတ္တရာမှာ ချမ်းချမ်းသာသာ ဂုဏ်နဲ့ ဒြပ်နဲ့ နေရမှာမဟုတ်လား ... ငကြွေး"

"ညှော် ... ငတို့ အစီအစဉ် ပထမပိုင်းကို ကြေစို့"

"လုပ်လေ ... ငါ့ဘက်က တာဝန်ကျေရစေမယ်။ စိတ်ချ .."

"ဒါဆို ငတို့ သွားတော့မယ်"

"ဒါနဲ့ ငတို့ ရှင်ယောင်ကြီးရော ... ငမှေးရ"

"ရှင်ယောင်တော့ ဗိသနိုးကတောင် မပြန်ချင်တော့ဘူး ဆိုသလို ပဲ။ ခံဆွမ်းလေးစားလိုက်၊ ရွှေနန်းတော်က ပို့ဆွမ်းလေး စားလိုက်နဲ့"

"ငရဲသွားဖို့ ကျိန်းသေနေပြီပေါ့"

"ဟား ... ဟား ... ဟား ... ဟား ... ဟား ... အဝီစိမှာ ချိုးကပ်မလား မသိပါဘူးကွာ ... ဟား ... ဟား ... ဟား ... ဟား ဟား ..."

✿ ✿ ✿

၃၅

❑

"နွားတစ်ကောင်ပျောက်လို့တဲ့ဟ"

"ဟေ ... ဘယ်သူ့နွားတုံး ... ငအုံကြီးရ"

"ငတွန်တို့အိမ်က နွားပြာကြီးတဲ့ဟေ့။ ညတုန်းက နွားတဲက ချည် တိုင်မှာ အသေအချာ ချည်ထားတာ။ မိုးလင်းတော့ နွားမတစ်ကောင်ပဲ ကျန်ရစ်ခဲ့သဟ"

"ကြိုးလွတ်ပြီး ထွက်သွားတာနေမှာပေါ့ကွ ... ငအုံကြီးရ"

"အဲလိုထင်လို့ လိုက်ရှာပြီးပြီ။ မတွေ့ရဘူးတဲ့"

"အေးပေါ့ကွာ ... ငါတို့ရွာမှာ နွားခိုး မရှိပါဘူးကွာ။ ဘယ့် နှယ် ..."

ဒီလိုနွားပျောက်တဲ့အကြောင်း ပြောနေတာကို ဆန်ကော၊ ဆန် ကာသည် ဈေးသည်ကြီးညှော် နားစွင့်ရင်း ကြားသွားတယ်။

"ဒီမှာ ကိုရင်တို့ငဲ့ ..."

"ဈေးသည်ကြီး ... ရောင်းကောင်းရဲ့လားဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အသင့်အတင့်ပေါ့ဗျာ ... ဒါနဲ့ နားစွန်နားဖျား ကြားသလိုပ။ ရွာထဲမှာ နွားပျောက်ဆိုသလားလို့"

"ဟုတ်ပ ... ဈေးသည်ကြီးရာ၊ နွားပြာကြီးတစ်ကောင် ညက ပျောက်သွားလို့တဲ့။ လိုက်ရှာတာလည်း မတွေ့သေးဘူး။ သူခိုးများ ခိုးသွား ထင်ရဲ့ဗျာ"

"ရှာလည်း ရှာကြပေါ့ဗျား လိုရမည်ရ ဗေဒင်လေး၊ နတ်လေး လည်း မေးကြည့်ဦးဗျ။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ"

"အိမ်း ... ဒါလည်း ဟုတ်တာပဲ ... ငြိုကြီးရ နော်"

"မေးရအောင် တေို့ ဗိဿနိုးမှာ နတ်ဆရာ၊ ဗေဒင်ဆရာကောင်း ကောင်း ဘယ်ရှိလို့တုံး ... ဝေါ်နိုဉင်"

ဒီမှာ ဈေးသည်ကြီးက ဈေးရောင်းရာကနေ ...

"နေဦးဗျ ... နေဦး ... ဘာတဲ့ ... အဲ ... အဲ ... ခင်ဗျားတို့ ဗိဿနိုးက နန်းဦးကျောင်းရှင်ရသေ့ သိမဟုတ်လား"

"သိတယ်လေ ... ပန်ထွာဘုရင်မကြီး ကိုးကွယ်တဲ့ အဖေဆရာ ရသေ့ကြီးဥစ္စာ"

"ဘာပြုလို့တုံး ... ဈေးသည်ကြီး"

"ဈေးရောင်းရင်း ပြောသံ ကြားလို့ပါဗျား နန်းဦးကျောင်းမှာ တကောင်းအရပ်က ရဟန်းပျိုတစ်ပါး ဗေဒင်လက္ခဏာ အဟောကောင်းလို့ ကြားတယ်"

"အာရုံဆိုလား၊ မနောဆိုလား ကျုပ်တော့ မခေါ်တတ်ပါဗျာ။ အတော်မှန်တယ်လို့ ပြောကြဗျာ၊ အဲဒီသွားမေးကြည့်ပါလားဗျာ"

"ဟုတ်ရဲ့လား ... ဈေးသည်ကြီးရ"

"ငြိုကြီးရ ... နန်းဦးကျောင်းမှာ အာဂန္တုတွေ ရောက်နေတာ တော့ ကြားသပ။ တွေ့န်ကြီးကို သွားပြောပြီး နန်းဦးကျောင်းသွားရင် ကောင်းမဟ ... ငါ့လူရ"

စိတ်ကူးသစ်စာပေ



"သွားသာ သွားစမ်းပါဗျာ ... ကျုပ်တောင် ဈေးရောင်းဈေးဝယ် ကောင်းအောင် တစ်နေ့ အခဆောင်လေး၊ ဘာလေး သွားတောင်းမလား လို့။ တကောင်းမှာတော့ နာမည်ကြီးတဲ့။ မြန်မြန်သွားမေး ..."

ဒါနဲ့ အော်၊ ငြိုကြီးနဲ့ ဝေါ်နိုဉင်ဆိုသူတို့မှာ နွားပျောက်ရှာနေတဲ့ တွေ့န်ကို နားလည်အောင်ပြောပြပြီး ငှက်ပျောတစ်ခိုင်နဲ့ နန်းဦးကျောင်းကို ရောက် လာခဲ့ကြတော့တယ်။

ဒီမှာ ရေအိုးတွေ ရွေဖြည့်နေတဲ့ ကပ္ပိယ ငကြေးက ...

"ဘာကိစ္စများ ရှိလို့ပါလဲ ... နောင်ကြီးတို့"

"ဒီ ... ဒီမှာ တကောင်းပြည်ကပြောင်းလာတဲ့ ရဟန်းပျိုတစ်ပါး ဆိုတာ ရှိပါသလား ... ကပ္ပိယလေးခင်ဗျာ"

"ရှင်ပုညကို ပြောတာလား။ ဘာကိစ္စရှိလို့လဲ"

"ကျွန်တော်တို့ နိုင်းနွားတစ်ကောင် ညတုန်းက အိမ်၊ နွားခြံ တနေ ကြိုးဖြည်ပျောက်သွားလို့ပါ ... ကပ္ပိယလေးရယ်။ အဲဒါ မြို့ထဲက ဆန်ကောသည်ကြီးက ဒီနန်းဦးကျောင်းရောက်နေတဲ့ တကောင်းရှင်ပျို့က ပျောက်ဗေဒင်ဟောတာ မှန်တယ် တော်တယ်ကြားလို့ မေးချင် လို့ပါဗျာ"

"ခဏလေး ... ရှင်ပုည ဆရာတော်နဲ့ တရားဆွေးနွေးနေ တယ်"

သို့ကလိုပြောပြီး ကပ္ပိယငကြေးက တရားဆွေးနွေးနေရာကို နွား ပျောက်မေး လူလေးဦးနဲ့ ယို့ယို့လေးဝင်ပြီး ဝတ်ဖြည့်လို့ စောင့်နေကြ တယ်။

"ရှင်ပုညက ဗဟုသုတစုံလို့ မေးရဦးမယ်ကွယ့်"

"မေးပါ ... ဆရာရသေ့၊ သိသမျှ ဖြေပါ့မယ် ဘုရား။ မသိတာရှိရင်တော့ ဆရာရှင်ရသေ့က ဖြည့်စွက်ပေးပါဘုရား"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒီလို . . . မောင်ပုညရဲ့၊ မိုးကြိုးတွေပစ်လို့ လူသေတာမျိုး မကြာခဏ ကြားရသကွယ်၊ မိုးကြိုးအကြောင်းများ ရှင်ပုညသိရင် ပြောပါဦးကွယ်"

"မှန်ပါဘုရား"

ရဟန်းနှစ်ပါး တရားဆွေးနွေးတာကို နားထောင်ရင်း သူတို့ရဲ့ စကားသံမှာ ကပ္ပိယနှင့် နွားပျောက်သူများ နစ်ဝင်နေကြလို့ . . .

"မိုးကြိုးကိုးလို့ ပြောကြရာမှာ . . .

(၁) အ,သညာမိုးကြိုး . . . အသံမပြည်ဘဲ ကျသောမိုးကြိုး

(၂) ဝိစက္ကာ . . . တူးရွင်း၊ ပုဆိန်၊ ပဲကွပ်များကဲ့သို့ အသွားတစ်ဖက်သာရှိသော မိုးကြိုး၊

(၃) သတေရာ . . . ရယ်သကဲ့သို့ ကျသောလျှပ်စစ်၊

(၄) ဂဠရာ . . . ဂျက်ဂျက်မြည်လျက် ကျသောမိုးကြိုး၊

(၅) ကပိသီသာ . . . မျောက်မျက်နှာမျှော်သကဲ့သို့ ကျသောမိုးကြိုး၊

(၆) မစ္ဆဝိလောဠိကာ . . . ငါးမြူးသကဲ့သို့ ကျသောမိုးကြိုး၊

(၇) ကုက္ကုဋကာ . . . ကြက်တောင်ဖြန့်သကဲ့သို့ ကျသောမိုးကြိုး၊

(၈) ဒဏ္ဍမဏိကာ . . . ထွန်တုံးကဲ့သို့ ကျသောမိုးကြိုး၊

(၉) သုက္ခာသနိ . . . မိုးပင်ရွာသော်လည်း အလျှံနှင့်တကွ ဖြစ်၍ ရေမစွတ်သော လောင်မီးမိုးကြိုး

. . . လို့ မိုးကြိုးကိုးမျိုးရှိကြောင်း သင်္ဂဟာအဋ္ဌကထာမှာ ဆိုကြောင်းပါဘုရား"

"အိမ်း . . . အိမ်း . . . ရှင်ပုည၊ ဗဟုသုတ တယ်ရှိသကိုးကွယ့်"

"မပြည့်စုံသေး၍ ဆရာအရှင့်ကိုယ်တော်မှောက် ဦးခိုက်ရောက်ရှိရခြင်းပါဘုရား"

"ရှင်ပုညရေ . . . ရဟန္တာကရော ဘယ်နှမျိုးရှိသတုံး"





"မှန်ပါ . . . ရဟန္တာနှစ်မျိုးရှိတယ်လို့ ဖတ်ရဖူးပါသည်ဘုရား"

"ရှင်းပါဦးကွယ်"

"မှန်ပါ . . . 'သုက္ခဝိပဿက' ရဟန္တာ – ဈာန်၊ အဘိညာဉ် တန်ခိုးရှိ ပကတိ သူလိုငါလိုနေသော ရဟန္တာကတစ်မျိုး၊ 'ဈာနလာဘီရဟန္တ'– ဈာန်၊ အဘိညာဉ် တန်ခိုးရှင် ရဟန္တာရယ်လို့ နှစ်ပါး၊ နှစ်မျိုး ရှိကြောင်းပါဘုရား"

"ဟုတ်ပေပေါ့ . . . ဟုတ်ပါပေါ့"

"ရဟန်းအမျိုးရော ဘယ်နှစ်ပါးရှိတုံး . . . ရှင်ပုညရဲ့"

နန်းဦးကျောင်းဆရာတော်ကြီးကလည်း သူ့ကျောင်းရောက်လာသည့် ရဟန်းပျိုကို မည်မျှ အလေ့အလာ ဗဟုသုတရှိကြောင်း သိလိုလို့ အမျိုးမျိုးမေးမြန်းခဲ့သလို . . .

ရှင်ပုညကလည်း မေးသမျှကို အရဖြေနိုင်ခဲ့တယ်။

"ရဟန်းအမျိုး အပြား (၈) ပါး ရှိကြောင်းပါ ဘုရား"

"ရှင်းပါဦး . . . ရှင်ပုညရဲ့"

"ဘုရားရှင်လက်ထက်တော်ကနေ ယနေ့အထိတိုင်အောင် ဖြစ်ခဲ့တဲ့ ရဟန်းမျိုး အပါး (၈) ပါးကတော့ . . .

(၁) 'ဧဟိဘိက္ခုပသမ္ပဒါ'

ဘုရားရှင်က ရဟန်းလာလှည့်လို့ ခေါ်ချိန်မှာပဲ သူ့အလို အလျှောက်ပြီးသော ရဟန်းမျိုးပါဘုရား။

(၂) 'သရဏ ဂမနူပသမ္ပဒါ'

သရဏဂုံ ခံယူဆောက်တည်ရုံနှင့် ပြီးသော ရဟန်းမျိုးပါဘုရား။

(၃) 'ဩဝါဒ ပဋိနုဂ္ဂဟာသမ္ပဒါ'

ဤပုံဤနည်းနှင့် ကျင့်ဟု ဆုံးမခြင်းဖြင့် ကျင့်သောရဟန်းမျိုးပါဘုရား။



www.burmeseclassic.com

www.burmeseclassic.com



(၄) ‘ပညာ ဗျာကရဏူပသမ္ပဒါ’

သောပါကထေရ်ကဲ့သို့ ပြဿနာဖြေဆို၍ ဘုရားရှင်ခွင့်ပြု

သဖြင့် ပြီးသော ရဟန်းမျိုးပါဘုရား။

(၅) ‘ဂရုဓမ္မ ပဋိဂ္ဂဟဏူပသမ္ပဒါ’

ဂရုဓံကို ဝန်ချက်ထားခြင်းဖြင့် ပြီးသော ရဟန်းမျိုး

ဘုရား။

(၆) ‘ဒူတေနုပသမ္ပဒါ’

ဒမကာသိကမည်သော ပြည့်တန်ဆာမကဲ့သို့ တမန် စေ

လွှတ်ခြင်းဖြင့် ပြီးသောရဟန်းမျိုး။

(၇) ‘အဋ္ဌဝါစိကူပသမ္ပဒါ’

ဘိက္ခုနီမများထံ (၄)ကြိမ်၊ ဘိက္ခုယောကျ်ားများထံ (၄)

ကြိမ်အားဖြင့် (၈) ကြိမ်သော ဉတ်ကမ္မဝါစာဖြင့် ပြီးသော

ရဟန်းမျိုးပါဘုရား။

(၈) ‘ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါ’

ဉတ်နှင့်တကွ (၄) ကြိမ်မြောက်သော ကမ္မဝါစာဖြင့် ပြီး

သောရဟန်းရယ်လို့ (၈) မျိုး ရှိကြောင်းပါဘုရား”

“သာဓု . . . သာဓု . . . သာဓု . . . ရှင်ပုည . . . ငယ်ပင်ငယ်သော်လည်း ပညာဗဟုသုတများ တယ်ပြည့်စုံပေသကိုး။ ဆရာကောင်း၊ သမားကောင်းများရဲ့ တပည့်ကောင်း ပီသပါပေကွယ်။ ဟဲ့ . . . ကပ္ပိယတို့ . . . သူတို့က ဘယ်က ဘယ်သူတွေတုံးဟဲ့”

နန်းဦးကျောင်း ရှင်ရသေ့ကြီးက ကပ္ပိယကြေးနှင့် လူစိမ်းများကို တွေ့လို့ လှမ်းမေးလိုက်တယ်။

“မှန်ပါ . . . ဆရာအရှင်ရသေ့ကြီးဘုရား။ ဟောဒီရွာသားများက နွားပျောက်လို့ ကျောင်းကို ရောက်လာကြကြောင်းပါဘုရား” -





“ဟဲ့ . . . ဟဲ့ . . . ကပ္ပိယကြီးရဲ့၊ ငါတို့က နွားခိုးတွေမှ မဟုတ်တာ ဘယ့်နှာကြောင့် ငါ့ကျောင်း ရောက်ရတာတုံး။ နွားပျောက်ရင် ကိုယ့်အသာ လိုက်ရှာပေါ့။ ငတို့နဲ့ ဘာဆိုင်လို့တုံးဟဲ့”

“ကိုင်း . . . နောင်ကြီးတို့ပဲ ကိုယ်တိုင် လျှောက်ကြတော့ဗျာ”

ကပ္ပိယက နွားပျောက်များဘက် လှည့်ပြောတော့မှ အုပ်ပေါင်းကြီးနှင့်လူက . . .

“မှန်လှပါ . . . အရှင်ရသေ့ဘုရား၊ နွားပျောက်တာ အန္တလှည့်ရှာပြီးပါပြီ ဘုရား။ ရှာလို့ မတွေ့ပါဘူးဘုရား။ ဒီမှာဈေးသည်ကြီးတစ်ဦးက ကိုယ်တော့်ရဲ့ နန်းဦးကျောင်းမှာရောက်နေတဲ့ တကောင်းအရပ်ကရှင်ပျိုဟာ ဆေးဖင်နက္ခတ်၊ မနောအဟောအပြော သိပ်မှန်တယ်ပြောလို့ နွားပျောက်ဆေးဖင်မေးရန် လာရောက်အကူအညီတောင်းတာပါ ဘုရား”

“ဟော . . .”

“ရှင်ပုည . . .”

“ဘုရား . . .”

“ရှင်ပုညက ဒီပညာတွေလည်း တတ်တာပဲလားဟဲ့”

“မှန်ပါ . . . လူဝတ်ဘဝတုန်းက အဘိုး၊ အဖတို့က သင်ကြားပေးတာကြောင့် အတော်အတန် သိရှိကြောင်းပါ ဘုရား”

“အလို . . . ငါ့ရှင်က ဘက်စုံပါကလားကွယ် ဟင်”

“ကူညီပေးပါ . . . အရှင်ရသေ့ကြီးဘုရား”

“ကိုင်း . . . ရှင်ပုည၊ ငတို့ဆွမ်းဒကာတွေ အခက်အခဲကြုံနေမှတော့ ကူညီလိုက်ပါ . . . ရှင်ပုညရယ်”

ဒါနဲ့ ရှင်ပုညက မီးသွေးတစ်ခဲတောင်းယူလိုက်ပြီး သစ်သားပြားပေါ်မှာ ရေးခြစ်ဖို့ လုပ်တယ်။

“ဘယ်နေ့ကပျောက်တာလဲ . . . ဒကာကြီး”

“မနေ့ညကပါ ဘုရား”



www.burmeseclassic.com

www.burmeseclassic.com



"ပိုင်ရှင်ဒကာကြီးက ဘာနေ့သားတုံး"

" ........ သားပါ ဘုရား"

"ခဏစောင့်"

သည့်နောက် သစ်ပြားပေါ်မှာ မီးသွေးနဲ့ အကွက်တွေချ၊ တိုင်တွေထူလိုက် ဖျက်လိုက်ရေးလိုက်၊ မျက်စိကို စုံမှိတ်ပြီး အာရုံပြုလိုက်။ နန်းဦးကျောင်း ရှင်ရသေ့ကြီးအပါအဝင် လူအားလုံးက ရဟန်းပျိုရှင်ပုညကိုပဲ အာရုံစိုက် ငံ့လင့်နေကြတယ်။

"ဒကာကြီး ..."

"ဘုရား ..."

"ဒကာကြီးရဲ့ နွားအရောင်က နွားပြာကြီးပဲ"

"မှန်ပါတယ် ဘုရား"

"ချိုကုတ်ကြီးပါ ... ဒကာကြီး"

"မှန်ပါရော ... ကိုယ်တော်"

"လမ်းသွားရင် ညာလက်နည်းနည်း ခလုတ်တိုက်တယ်"

"မှန်လိုက်တာ ... ကိုယ်တော်ရယ်"

"ဟုတ်ပါပေ့ ... အရှင်ဘုရားရယ်"

"မိုးမသောက်ခင်မှာ ခိုးသွားကြတာ"

"ဖြစ်နိုင်ပါ ဘုရား"

"ဒကာကြီး ... နွားခိုးတွေကို ဖမ်းချင်သလား၊ ကိုယ့်နွားကို ပြန်လိုချင်သလား။ အာရုံထဲမှာ နွားခိုးတွေ အဝေးကို သွားနေကြတယ်"

"ကိုယ့်နွားပြန်ရရင် တော်ပါပြီ ... ကိုယ်တော်"

"အင်း ... အင်း ... ဟုတ်ပြီ ... ဟုတ်ပြီ ... အင်း ... အင်း"

"ဒေါက် ... ဒေါက် ... ဒေါက် ... ဒေါက် ..."

"ဒေါက် ... ဒေါက် ... ဒေါက် ... ဒေါက် ..."

စိတ်ကူးသစ်စာပေ



ရှင်ပုညက တကယ့်ပုရောဟိတ်ကြီးလိုပဲ သစ်သားသင်ပုန်းကို ဆက်ဆစ်နဲ့ခေါက်ပြီး ခေါင်းတညိတ်ညိတ် လုပ်နေရင်းက ...

"အလွန်ကြီးတဲ့ ရေကန်ကြီးတစ်ကန် မြင်ရတယ်"

"ဟုတ်လား ... ဘုရား၊ အင်းကြီးနဲ့တူသနဲ့ ... ကိုယ်တော်"

"အဲဒီကန်ကြီးရဲ့ အနောက်မှာ ဆူးချုံတွေရှိတယ်။ အကြီးကြီးပဲ။ ဆူးချုံရဲ့နံဘေးက သစ်ငုတ်မှာ နွားကို ဂုက်ထားတယ်။ အမြန်သွားရှာကြ။ မှန်းမတည့်မိ တွေ့အောင်ရှာ။ မွန်းတိမ်းရင် နွား အသက်မရှိတော့ဘူး။ အမြန်သွားရှာကြ"

"ကိုယ်တော် ... ဦးတင်ခဲ့ပါတယ် ဘုရား"

"အေး ... အေး ... သွား ... သွား ... သတ္တဝါအသက်အား ဘုမ္မစိုး၊ ရုက္ခစိုး၊ တောစိုးတို့ ကယ်တင်စောင့်ရှောက်ပါစေ။ သင်တို့အား နှိပ် မေတ္တာပို့ပါ၏။ ကျန်းမာချမ်းသာကြပါစေ"

တိုတိုပြောကြပါစို့။

မွန်းမတည့်မီမှာ ဗိသနိုးမြို့အနောက်က 'ဖောင်တော်ပေါက်အင်း' ကြီးရဲ့ ကန္တာရ ဆူးချုံကြီးတွေ ပတ်လည်ဝိုင်းနေတဲ့ မြေကျစ်ကျစ်ထနောင်းပင်ပျိုမှာ နွားကို ကြိုးချည်ထားတာ တွေ့ရတယ်။

နွားပြာကြီးရဲ့အနီးမှာ နှီးစည်းက တစ်စီး။

ခြင်းတောင်းကြီးက နှစ်လုံးနဲ့ စားပြီး လှွင့်ပစ်ထားတဲ့ ငှက်ပျောသီးတွေပါ တွေ့ရတယ်။

နွားပြာကြီးက သခင်ကိုတွေ့တော့ ဝမ်းခေါင်းသံကြီးနဲ့ ရုန်းပြီး ထွက်ပါရော။ နွားရှင် ပျူငတွန်တို့က ဝမ်းသာအားရ ကြိုးဖြေပြီး တုတ်တွေ ဓားတွေနဲ့ သူခိုးရန်ကို ကြည့်ရင်း နွားကို ရွာထဲအရောက် မောင်းချလာကြတယ်။ ရွာထဲရောက်ရော နန်းဦးရှင်ရသေ့ကြီးရဲ့တပည့် တကောင်းကိုယ်တော် ဘုရား ဗေဒင်ဟောတာ မှန်လှချည်ရဲ့ဆိုပြီး သတင်းပြန့်သွားပါရော။

နွားရှင်မိသားစုက ဝမ်းသာလွန်းလို့ ဆွမ်းဟင်းများကို ခေါင်းပေါ်ရွက်ပြီး ကျောင်းလာပို့တာ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခခံလို့ . . . ဒကာကြီးတို့ရယ်၊ ကျောင်းမှာ ဘုရင်မကြီးက ပို့ပေးတာရော၊ မြို့ထဲက ဆွမ်းဟင်းရော၊ လုံလောက်ပါတယ်ကွယ်။ ဒကာကြီးတို့သာ စားကြစမ်းပါ"

"ဝမ်းသာလွန်းလို့ပါ ဘုရား။ လက်ခံတော်မူပါ ဘုရား"

"သာဓု . . . သာဓု . . . သာဓု . . ."

နောင်အခါ ဟိုရှာဒီရှာက ကျွဲပျောက်၊ နွားပျောက်၊ ဗိသနိုးမြို့ထဲက ပစ္စည်းပျောက်မှန်သမျှ နန်းဦးကျောင်းရောက် ရှင်ပျိုကိုယ်တော်လေးကိုပဲ မေးခင်လာလာ မေးကြတယ်။

ရှင်ပုညကလည်း ကြိုးစားပန်းစား ဟောပြောပေးတယ်။

အဲဒါက တောထဲမှာ ဝှက်ထားတယ်။

ရွာထိပ်က ညောင်ပင်ခွကြားမှာ ရောက်နေတယ်။

အိမ်နောက်က ကောက်ရိုးပုံထဲ သွားရှာကြ။

ရေတွင်းထဲမှာ ကျနေတာ။

ဘယ်အရပ်က သစ်ပင်အောက်မှာ မြှုပ်ထားတယ်။

ဟောတဲ့အတိုင်း နေမကူးခင်သွားရှာရင် အမှန်တကယ်ကို ပြန်ရတယ်။ အချို့က မွန်းမတည့်မီ သွားရှာဆိုတာကို မွန်းလွဲမှ သွားရှာတော့ . .

ပစ္စည်းတော့ ပြန်ရပါရဲ့. . .

ကွဲပျက် ကျိုးပဲ့နေတယ်။

အချို့ ဘာမှ ပြန်မရဘူး။ မှန်လိုက်တာ။

"ကိုယ်တော်ပြောတဲ့ အချိန်အတိုင်း ရှာရင် ပြန်ရမှာကွာ။ ခုတော့ မွန်းလွဲသွားတော့ နွားသေပဲ ပြန်ရတယ်"

"သူပြောတဲ့ အချိန်အတိုင်း သွားရှာနော်။ အချိန်လွဲရင် ဘာမှ ရမှာမဟုတ်ဘူး"





"နန်းဦးရှင်ရသေ့တပည့် တကောင်းရှင်ပျိုလေး မေးခင်ဟောတာ မှန်မှမှန်ပဲဟေ့။ ပြိုင်စံရှား ပညာရှိပဲဟ"

"သူနိုးမဓိတာ ဆိုးသကွ"

"အိုတော် . . . ဘုန်းကြီးအလုပ်က သူခိုးဖမ်းဖို့မှမဟုတ်တာ။ အခိုးခံရတဲ့ပစ္စည်း ပြန်ရရင် တော်ရောပေါ့"

"ဟုတ်သဟ . . . ငတို့ တကောင်းရှင်ပျိုလေးရောက်ပြီးမှ သူခိုးသူဝှက် သိပ်အတင့်မရဲတော့ဘူး"

တကောင်းပြည်က တကောင်းရှင်ပျိုလေးခေါ် နန်းဦးကျောင်းရှင်ရသေ့ရဲ့တပည့် ရှင်ပုညရဲ့ မေးခင်နက္ခတ်၊ မနောပညာရဲ့အစွမ်းဟာ ဗိသနိုးမြို့ပေါ်မှာ ဟိုးဟိုးကျော်ပြီး . . .

နန်းတွင်းက နန်းတော်သားများတောင်မှ ကျန်းမာရေးကိစ္စ၊ ခရီးသွားကိစ္စရှိရင် နန်းဦးကျောင်းက တကောင်းရှင်ပျိုလေးကို လာရောက်မေးမြန်းတိုင်ပင် အကြံဉာဏ်ယူကြတယ်။

ဒါကြောင့် နန်းဦးကျောင်းမှာ ညှော်မပြတ်သလိုပဲ . . .

လှူဖွယ် စားဖွယ်များကလည်း အလျှံအပယ်ပါပဲ။ ကောင်းမှုညွှန့်ပေးလေးများကို ရှင်ပုညက မယူဘူး။ ကျေးဇူးရှင်၊ နန်းဦးကျောင်းဆရာအရှင်ကိုပဲ ပြန်ကပ်လှူတယ်။

ကျန်လို့ ပိုသမျှ စားစရာတွေကိုလည်း ဆင်းရဲသား ကလေးလူငယ်၊ လူအိုသူမများကို စွန့်ကြဲပေးပစ်တော့ ရှင်ပညာရဲ့ ပညာ၊ သဒ္ဓါ၊ သီလ၊ ဂုဏ်သတင်းဟာ ဗိသနိုးမြို့တော်ကြီးမှာ ပျံ့နှံ့နေတာပေါ့။

"ကျော်မှာ တော်မှာပေါ့လေ။ နန်းဦးကျောင်း ရှင်ရသေ့ကြီးရဲ့ တပည့်ရင်းဥစ္စာ"

ရှင်ပျိုကြောင့် နန်းဦးရှင်ရသေ့ကြီးပါ အမည်ဂုဏ်သတင်းကောင်းထွက်ခဲ့ရပေါ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၆ ]

❑

ဒီလို ရှင်ပျို့ရဲ့ ပညာဂုဏ်သတင်း၊ ကျော်စောသတင်းဟာ ဗိသနိုး ဘုရင်မကြီးပန်ထွာရဲ့ ရွှေနားတော်ကို များမကြာခင် ပေါက်ရောက်သိရှိသွားခဲ့တယ်။

ဒါကြောင့် မင်းချင်းတို့ကို စေလွှတ်စုံစမ်းစေရော . . .

"မောင်မင်း . . . ရှင်ပုညရဲ့သတင်းကို သိရပြီလားဟဲ့"

"မှန်ပါ . . . ဘုရင်မကြီးဘုရား၊ ရှင်ပုညဆိုသူ ရဟန်းပျို့ဟာ တကောင်းအရပ်က ကြွလာပြီး ဘုရင်မကြီးရဲ့ဖခင် နန်းဦးဆရာရသေ့ကြီး ကျောင်းမှာ တပည့်ခံလို့ ပညာရင်နို့ သောက်စို့နေသူပါ ဘုရား"

"အဖရသေ့ ကျောင်းမှာလား"

"မှန်ပါ . . . ဘုရင်မကြီး ဘုရား"

"ဒါဆို ဘရသေ့ကို သွားပင့်ချေကွယ်"

မင်းချင်းက သွားပင့်လို့ ပန်ထွာဘုရင်မကြီးရဲ့ဖခင် နန်းဦးကျောင်း ရှင်ရသေ့ ကြွရောက်လာတယ်။





ဘုရင်မကြီးက မြင့်မြတ်သန့်ရှင်းတဲ့နေရာမှာ ဖခင်ရှင်ရသေ့ကို နေရာချပေးပြီး ရိုသေစွာ ရှိခိုးကန်တော့လိုက်တယ်။

"ဘုရင်မကြီး . . . ပဓာအကြောင်းထူးရှိလို့ အဖကို ပင့်ခေါ်ချေသတုံး"

"မှန်ပါ . . . အဖဘုရား၊ ဘရသေ့ရဲ့ကျောင်းမှာ အခြားအရပ်မှ အာဂန္တုရဟန်းငယ်တစ်ပါး ရောက်နေတယ် ကြားလို့ပါဘုရား"

"ဟုတ်ပါတယ် . . . ဒကာမကြီး၊ ဘာဖြစ်လို့ပါလဲ"

"ဘယ်အံရပ်က ကြွလာတာတဲ့တုံး အဖ"

"တကောင်းပြည်ကပါကွယ်"

"ရဟန်းပျို့ရဲ့ ဂုဏ်သတင်းတွေက ဗိသနိုးတစ်မြို့ တစ်နယ်လုံးကို ကျော်လှချေကလား အဖ"

"ကျော်ဆို စာပေကျမ်းဂန်ကလည်း နှံ့စပ်သကိုး . . . ဒကာမကြီး။ နှံ့စပ်ရုံမျှမက ဗဟုသုတကလည်း ဘက်စုံတော်သကွယ့်။ ပြီး . . . ဗေဒင်အတတ်၊ ဆေးဝါး၊ မန္တန်၊ မန္တရားအတတ်လည်း အတော်ကလေး တတ်သိတယ်။ ကျွဲပျောက်၊ နွားပျောက်၊ ပစ္စည်းပျောက် ဟောတာလည်း မှန်နေတာပဲ။ တစ္ဆေသရဲ ပူးတုံ့ခွာတုံ့ရှိရင်လည်း အင်း၊ မန္တန်များနှင့် ချက်ချင်းထွက်အောင် ကြောက်အောင်လုပ်တာလည်း ကျွမ်းကျင်တော့ သူ့ကို သမားအဖြစ်ရော၊ ဆရာအဖြစ်ရော အားကိုးကြတာ မနည်းပဲဆိုတော့ တစ်ယောက်စကား တစ်ယောက်နား ကျော်ပေပေါ့ကွယ်"

"အဖ . . ."

"ပြော . . . ဘုရင်မကြီး"

"တပည့်တော်မ အဲဒီရဟန်းကို ဖူးတွေ့ချင်ပါသည်ဘုရား"

"ဒါဆို ဘုရင်မကြီး ဘယ်လို စီစဉ်ချင်သတုံး ပြော"

"ဖရသေ့နှင့်အတူ ရွှေနန်းတော်ပင့်၍ နေ့ဆွမ်း ဆက်ကပ်ချင်ပါသည် ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့ ...။ ဘုရင်မကြီးလည်း ကုသိုလ်ရတာပေါ့။ ဘုရင်မကြီး ...အဲဒီရှင်ပျိုဟာ ပညာအရာမှာ ထူးချွန်တော်လှပေတယ်။ သူ့ကို လူထွက်စေပြီး ရွှေနန်းတော်မှာ ရာထူးတစ်နေရာပေးလို့ ခန့်ထားရင် ပညာရှိတစ်ဦး ကောက်ရသကဲ့သို့ ရှိမှာပဲ ...ဘုရင်မ"

"အကဲခတ်ရသေးတာပေါ့ ...အဖ"

ဒီလိုနဲ့ မိုးလေဝသကောင်းတဲ့ တစ်နေ့မှာ အဖနန်းဦးကျောင်း ဘုရှင်ရသေ့နှင့်အတူ ရှင်ပျိုရှင်ပုညအပါအဝင် ကပ္ပိယနှစ်ဦးတို့ ပန်ထွာဘုရင်မကြီးရဲ့ ရွှေနန်းတော်ကို ကြွရောက်လို့လာတယ်။

ဘုရင်မကြီးအပါအဝင် သက်တော်ရှည်အမတ်ကြီး၊ မှူးကြီးမတ်ကြီး၊ ဝန်ကြီးများနှင့် စစ်သူကြီး၊ တပ်မှူးသျှိဝတို့က ရှိသေစွာ ခရီးဦးကြိုဆိုပြီး သိရိမင်္ဂလာခန်းမကြီးမှာ ခဲဖွယ်ဘောဇဉ် အရသာကောင်းတို့နှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းတယ်။

ကပ္ပိယနှစ်ဦးဖြစ်တဲ့ ငကြေးနဲ့ငမေးတို့က ရဟန်းနှစ်ပါးရဲ့ ထီး၊ ဖိနပ်တို့ကို သင့်ရာမှာ သိမ်းထားပေးပြီး တိုင်ထောင့်တစ်ခုမှာ ကုပ်ကုပ်လေးထိုင်လို့ ဘုရင်မကြီးရဲ့မျက်နှာကို ခိုးကြည့် အကဲခတ်နေကြတယ်။

ဘုရင်မကြီးက သက်တော်ရှည်မှူးကြီးမတ်ကြီး၊ ပုဏ္ဏားတော်ကြီးတို့နှင့် ရှိသေစွာ ဆွမ်းကပ်လှူတယ်။ ပန်ထွာဘုရင်မကြီးကလည်း ရဟန်းပျိုလေးကို အသာအကဲခတ်နေတယ်။

ရဟန်းပျိုကလေးရဲ့ အသက်က သူမနှင့် မတိမ်းမယိမ်းမျှပဲ ရှိမယ်။ ရှိလှ (၃၅) နှစ် (၄၀) နှစ်။ အသားဖြူဖြူ၊ မျက်ခုံးကောင်းကောင်း။ မျက်လုံးနက်နက်၊ နှာတံပေါ်ပေါ်၊ မျက်နှာသွယ်သွယ်လေးမို့ ကြည်ညိုဖွယ်ရှိတယ်။

ဟင်းခွက်တွေကိုလည်း အလျှင်စလို မနှိုက်ဘူး။

ဘုရသေ့ကြီး ခပ်ယူပြီးမှ သူက ခပ်ရုံမျှလေး ခပ်ယူဘုဉ်းပေးတယ်။ ဘုရင်မကြီးက ပျူနန်းတွင်း ဟင်းချက်စားတော်ကဲကျော်တို့ရဲ့ ဟင်းမျိုးပေါင်းများစွာကို စားပွဲအပြည့် ခင်းကျင်းထားတာလေ။ သို့သော် ...





ရဟန်းပျိုလေးက အသားငါးတွေကို လုံးဝခပ်မစားဘူး။

အသီးအနှံကြော်နှင့် ဟင်းရည်ဟင်းမျှပဲ သာသာဖွဖွ ခပ်ယူစားတယ်။

ကြည့်ရတာ သက်သတ်လွတ်သမား ထင်ပါရဲ့။

ဆွမ်းလုတ်ယူပုံကလည်း ခပ်ကြမ်းကြမ်း မယူဘူး။ ဆွမ်းလုတ်သေးသေးကို ဖွဖွလေးယူပြီး သွယ်ပြောင်းတဲ့ လက်ငါးချောင်းနဲ့ နှုတ်ခမ်းပါးစပ်ပွင့်ရုံမျှ ဖွင့်ပြီး ဖြည်းညင်းစွာ သွင်းလို့ နှုတ်ခမ်းစေ့ပြီး ကြေညက်အောင် ဝါးပြီးမှ မျိုချတယ်။

အင်း ...မြို့ကြီးသား ရဟန်းပီသပေတယ်လို့ ပန်ထွာဘုရင်မကြီးရော၊ မှူးကြီးမတ်ကြီးများရော မှတ်ယူကြတယ်။ စားရာမှာလည်း မျက်လွှာကိုချပြီး စားတယ်။ ဟိုကြည့်ဒီကြည့်၊ ဟိုပြောဒီပြော လုံးဝမလုပ်ဘူး။

သက်နှိုးရုံထားပုံ၊ လက်ကန်တော့ထိုးပုံကလည်း သေသပ်ကျနလှပလွန်းလို့ ဘုရင်မကြီး မြင်မြင်ချင်း ကြည်ညိုလေးစား မဆုံးဘူးပေါ့။

သည့်နောက် ဆွမ်းစားကိုရပ်ပြီး အချိုပွဲကပ်လှူကြတယ်။ အချိုပွဲဘုဉ်းပေးပြီးနောက် နန်းဦးဖရသေ့ကြီးက ဆွမ်းအလှူတရားစကားများကို ချီးမြှင့်တော်မူတယ်လေ။

ဒီမှာ ပန်ထွာဘုရင်မကြီးက ရဟန်းပျိုလေးရဲ့ ပညာအစွမ်းကို သိလိုတာမို့ မေးခွန်းအချို့ကို မေးလျှောက်တော့တာပေါ့။

"ကိုယ်တော့်ကို တပည့်တော်မ သိချင်တာလေး မေးလျှောက်ခွင့်ပြုပါဘုရား"

"မေးပါ ...ဒကာမကြီး"

"ရဟန်းတို့ရဲ့ဒုက္ခ ဘယ်နှပါး ရှိပါသလဲ ဘုရား"

"ဘုရင်မကြီး ...ဒုက္ခဆိုတာ ဆင်းရဲခြင်းကို ခေါ်ပါတယ်။ ရဟန်းတော်များ ခံစားသည့် ဆင်းရဲခြင်း (၅)ပါး ရှိပါသတဲ့။ အဲဒါတွေက ...



www.burmeseclassic.com

www.burmeseclassic.com



(၁) ‘စီဝရ အသန္တုဋ္ဌ’

ရရှိနေသော သင်္ကန်းဖြင့် မရောင့်ရဲနိုင်သောရဟန်း။

(၂) ‘ပိဏ္ဍပါတ အသန္တုဋ္ဌ’

ရရှိနေသောဆွမ်းဖြင့် မရောင့်ရဲနိုင်သောရဟန်း။

(၃) ‘သေနာသန အသန္တုဋ္ဌ’

ရရှိပြီးသော ကျောင်းအိမ်ရာဖြင့် မရောင့်ရဲနိုင်သော ရဟန်း။

(၄) ‘ဘေသဇ္ဇ အသန္တုဋ္ဌ’

လက်ရှိဆေးဝါးဖြင့် မကျေနပ်နိုင်သေးသောရဟန်း။

(၅) ‘ပြဟ္မာစရိယ အနဘိရတ’

ရဟန်းကျင့်ဝတ်၌ မပျော်ပိုက်၊ မကျင့်ကြံနိုင်ခြင်းရယ်လို့ ရဟန်းတို့ မရောင့်ရဲနိုင်တဲ့ အကြောင်းတရား ငါးပါးရှိတယ်။ အဲဒီတရားငါးပါးကိုက ရဟန်းတို့ ရနိုင်တဲ့ ဒုက္ခဆင်းရဲပဲ။ မကောင်းမှုလို့လည်း ခေါ်တာပေါ့ ... ဒကာမကြီး''

''သာဓု ... သာဓု ... သာဓု ...''

''သာဓု ... သာဓု ... သာဓု ...''

''သာဓု ... သာဓု ... သာဓု ...''

ပန်ထွာဘုရင်မကြီးနှင့်တကွ မင်း၊ ပရိသတ် အားလုံးတို့ပါ ရဟန်းပျို့ရဲ့ စကားအဆုံးမှာ သာဓုသုံးကြိမ် ခေါ်လိုက်ကြတယ်။

''နောက်ထပ်တစ်ခု မေးလျှောက်ပါရစေ ဘုရား''

''လျှောက်ပါ ... ဒကာမကြီး''

''ရဟန်းတို့ နေထိုင် သုံးတင်းသုံးလို့ရတဲ့ ကျောင်းရော ဘယ်နှမျိုးရှိပါသလဲ ဘုရား''

''ရဟန်းတို့ နေထိုင်သုံးတင်းသုံးလို့ရတဲ့ ကျောင်းသင်္ချိမ်း (၁၀) မျိုးရှိတယ်လို့ ကြားနာ မှတ်သားရဖူးပါတယ် ... ဒကာမကြီး။ အဲဒါတွေက ...





(၁) ‘ဝိဝိတ္တ သေနာသန’

အမိုးအကာ အခင်းတို့ဖြင့် ဆိတ်ငြိမ်ရာ၌ ဆောက်လုပ်သောကျောင်း။

(၂) ‘အရည’

ရွာနီးချုပ်စပ် တောမျိုးစပ်ရှိသည့် တောရကျောင်း။

(၃) ‘ရုက္ခမူလ’

သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်ရင်း။

(၄) ‘ပဗ္ဗတ’

တောင်ပေါ်တောင်စောင်း တောင်သာယာမှာ ဆောက်တဲ့ကျောင်း။

(၅) ‘ကန္ဒရ’

ချောက်၊ ချောင်း၊ သာယာသောကမ်းပါးယံ ရှိသည့် ကျောင်း။

(၆) ‘ဂိရိဂုဟ’

တောင်ခေါင်း ဥမင်လိုဏ်ဂူကျောင်း။

(၇) ‘သုသာန’

သင်္ချိုင်း၊ သုသာန်မှာ ဆောက်သည့်ကျောင်း။

(၈) ‘ဝနပတ္တ’

တောနက်တောအုပ်၊ ရွာဝေးခေါင်ခေါင်မှာ ရှိနေသည့် ကျောင်း။

(၉) ‘အဗ္ဘောကာသ’

လွင်ပြင်၊ လဟာပြင်မှာ ...

(၁၀) ‘ပလာသပုဉ္ဇ’

ကောက်ရိုးပုံ၊ မြက်ပုံ နေရာများကဲ့သို့ ဆိတ်ငြိမ်ရာ ကျောင်းသင်္ချိမ်းများရှိကြတယ်လို့ ကြားသိ မှတ်သားရပါတယ် ... ဒကာမကြီး''



www.burmeseclassic.com

www.burmeseclassic.com



[ငှင်း (၁၀)မျိုးကို သာမညဖလသုတ်၌ ဟောကြားထားသည်ဟု သုတေသနသရုပ်ပြမှာ ဆိုထားပါသည်။]

''သာဓု ... သာဓု ... သာဓု ပါဘုရား''

''သာဓု ... သာဓု ... သာဓု ပါဘုရား''

''သာဓု ... သာဓု ... သာဓု ပါဘုရား''

''နောက်ထပ် သိချင်တာလေး မေးလျှောက်ပါရစေဘုရား''

''မေးပါ ... ဒကာမကြီး''

''ရဟန်းသာမဏေတို့ သုံးဆောင်ရန် သပိတ် ဘယ်နှစ်မျိုးရှိပါသနည်း ဘုရား''

''ရဟန်းသာမဏေတို့ သုံးဆောင်ရန် ဘုရားရှင် ခွင့်ပြုတော်မူသည့် သပိတ် (၃)မျိုးရှိသတဲ့ ... ဒကာမကြီး။ အဲဒါတွေက ...

(၁) 'ဥက္ကဋ္ဌသပိတ်'
မပျော့မမာ အလောတော်ချက်ပြီး ထမင်း သုံးပြည်၊ တစ်ခွက်ဝင်သော သပိတ်။

(၂) 'မဇ္ဈိမသပိတ်'
ငှင်းထမင်းမျိုး သုံးခွက်နှင့် တစ်စလယ် ဝင်သောသပိတ်။

(၃) 'ဩမကသပိတ်'
ငှင်းထမင်းမျိုး သုံးခွက်နှင့် တစ်စလယ်ဝင်သော သပိတ်ရယ်လို့ (၃) မျိုးရှိတယ် ... ဒကာမကြီး။

ပြီး ... ဘုရားရှင်ခွင့်ပြုသည့် သပိတ် (၂) မျိုး သီးသန့်ရှိသေးတယ်။ အဲဒါက ပထမ - မတ္တိကာပတ္တ ... မြေသပိတ်မျိုးနဲ့ ဒုတိယ အယပတ္တ ... သံသပိတ်ပါတဲ့''

''သာဓု ... သာဓု ... သာဓု''

''သာဓု ... သာဓု ... သာဓု''

''သာဓု ... သာဓု ... သာဓု''





''လောကီထဲက သိချင်တာလေး မေးလျှောက်ခွင့်ပြုပါဦး ... ဘုရား''

''လျှောက်ပါ ... ဒကာမကြီး၊ ကျွန်ုပ် သိသမျှတော့ ဖြေပါ့မယ်''

''စစ်သည်ရဲမက်တို့ရဲ့သစ္စာ ဘယ်နှပါး ရှိပါသနည်း ဘုရား''

''ဒကာဘုရင်မကြီး ... ဤကိစ္စက ရေမြေ့ရှင်ဘုရင် ဒကာမကြီးတို့နှင့် လွန်စွာ အကျုံးဝင်ပေပေါ့။ စစ်သည်ရဲမက်တို့ရဲ့ သစ္စာတရားကား (၁) 'ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် ပါဏာတိပါတကံကို ခံယူရခြင်း'၊ (၂) 'သူ့သားမယားအိမ်ရာ၊ သူ့ဥစ္စာကို မလွန်ကျူး၊ မလုယူရခြင်း'၊ (၃) 'ရန်သူမဟုတ်သူကို မသတ်ရခြင်း' ၊ (၄) 'ရန်သူနှင့်ကြုံက အသက်ကိုစွန့်၍ တိုက်ရခြင်း' လို့ လောကဗျူဟာမှာ ဆိုထားပါတယ် ... ဒကာမကြီး''

''စစ်မက်ဖြစ်ပွားရခြင်း အကြောင်းကိုလည်း မိန့်တော်မူပါ ... အရှင်ဘုရား''

''စစ်မက်ဖြစ်ပွားရတာ အကြောင်း (၁၃) ပါး ရှိတယ်တဲ့ ... ဘုရင်မကြီး ...

(၁) နယ်ခြားသတ်မှတ်မှုကြောင့် အငြင်းပွား၍ စစ်မက်ဖြစ်ရခြင်း၊

(၂) မြေပေါ်မြေအောက် ပစ္စည်းလိုချင်မှုကြောင့် စစ်မက်ဖြစ်ပွားရခြင်း၊

(၃) ဆင်ကောင်းမြင်းကောင်း လိုချင်မှုကြောင့် စစ်မက်ဖြစ်ရခြင်း၊

(၄) စစ်သုံးလက်နက် လိုချင်မှုကြောင့် စစ်မက်ဖြစ်ရခြင်း၊

(၅) သမီးကညာလိုချင်မှုကြောင့် စစ်မက်ဖြစ်ရခြင်း၊

(၆) ဂုံး (ကုန်း) ချောပစ်မှုကြောင့် စစ်မက်ဖြစ်ရခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(၇) သစ္စာဖောက်ပြန်မှုကြောင့် စစ်မက်ဖြစ်ပွားရခြင်း။

(၈) ပေးပါးသော ရာဇသံစကားကို အနိမ့်အကျမသိမှုကြောင့် စစ်မက်ဖြစ်ပွားရခြင်း။

(၉) လူမျိုးရေး ဘာသာရေး ဖျက်ဆီးမှုကြောင့် စစ်မက်ဖြစ်ပွားရခြင်း။

(၁၀) မင်း အစိုးရတို့ တိုင်းပြည်ကို မစောင့်ရှောက်နိုင်မှုကြောင့် စစ်မက်ဖြစ်ပွားရခြင်း။

(၁၁) ရဲမက်ဗိုလ်ပါ၊ သူရဲသူခက်တို့ မရှိ၊ အားနည်း လုပ်ရည်ကိုင်ရည်ညံ့ဖျင်းလို့ အခြားက အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်လို့ စစ်မက်ဖြစ်ပွားရခြင်း။

(၁၂) ကုန်သည်ကြီးတွေ လောဘလွှမ်း၍ ဖြစ်ပွားရခြင်း။

(၁၃) ရန်ငြိုးဖွဲ့ အမုန်းများကြောင့် စစ်မက်ဖြစ်ပွားရခြင်း၊ ရယ်လို့ စစ်မက်ဖြစ်ပွားရခြင်း အကြောင်းတရားတွေ ရှိပါတယ် ... ဒကာမကြီး''

''မှန်လှပါ ... ကိုယ်တော်အရှင်နှင့် ဆုံတွေ့ရခြင်း၊ ဖူးမြော်ခွင့်ရခြင်း၊ လျှောက်တင်ရခြင်းတို့သည် ဘုရားတပည့်တော်မအတွက် အလွန်မှပင် ဗဟုသုတ အသိအမြင်များ ရရှိပါသဖြင့် သာဓုခေါ်ရပါသည် ... အရှင်ဘုရား''

''သာဓု ... သာဓု ... သာဓု ...''

''သာဓု ... သာဓု ... သာဓု ...''

''သာဓု ... သာဓု ... သာဓု ...''

သီရိမင်္ဂလာ ခန်းမဆောင်ကြီးဟာ သာဓုခေါ်သံများနှင့် လွှမ်းစွာကျက်သရေရှိနေလို့ပေါ့။ အဖ နန်းဦးရှင်ရသေ့အိုကြီးကလည်း သူ့ကျောင်းရောက် တပည့်ရဟန်းပျို့ရဲ့ လောကီလောကုတ္တရာနှစ်ဖြာ အသိပညာရှိပုံကို သဘောကျပြီး ကျေနပ်အားရတော်မူလျက် ရှိနေတယ်။





''အခြား ဆုံးမသြဝါဒများ ချီးမြှင့်ပါဦး ဘုရား''

သို့ကလို ပန်ထွာဘုရင်မကြီးက လက်အုပ်ချီပြီး လျှောက်လိုက်ရာ ရဟန်းပျို့ဟာ တစ်နေရာအရပ်ကို လှမ်းကြည့်ပြီး အံ့အားသင့်လို့ မျက်တောင်မခတ် စိုက်ကြည့်နေလိုက်တယ်။

ရဟန်းပျို့ရှင်ပုည အကြည့်ရှိရာကို ပန်ထွာဘုရင်မကြီး အပါအဝင် မှူးကြီးမတ်ကြီး နန်းတွင်းအရာရှိများနှင့် တပ်မှူး သျှိဝတို့ပါ လှည့်ကြည့်လျက်သား ဖြစ်သွားကြတယ်။

ရဟန်းပျို့အကြည့် ရောက်နေသည့်နေရာက နန်းဗဟိုစည်(မဟာဘုလစည်ကြီး) ရှိရာအရပ်ပဲ။

အားလုံး လိုက်ပါကြည့်ကြတော့လည်း ဘာမှ မတွေ့ရဘူး။ ရှင်ပုည ဘာကိုမြင်လို့ပါလိမ့်။ ရဟန်းပျို့ရဲ့ အသွင်သဏ္ဌာန်က အလွန်အံ့သြသွားသည့်သဏ္ဌာန်။

''ကိုယ်တော် ...''

''အရှင် ...''

ရဟန်းပျို့က ဘုရင်မကြီးရဲ့ခေါ်သံကို မကြားသလိုရှိပြီး တစ်နေရာကိုပဲ အာရုံကျလို့ နှုတ်ခမ်းချင်း ထိကပ်ပြီး ခေါင်းတညိတ်ညိတ် လုပ်နေတယ်။

ဒီမှာ နန်းဦးရှင်ရသေ့ကြီးက ...

''ရှင်ပုည ... ဘာဖြစ်လို့လဲ''

ဘုရင်မကြီးကလည်း သိချင်စိတ်နဲ့ ထပ်ပြီးမေးတယ်။

''ကိုယ်တော် ... ဘာကိုမြင်လို့ပါလဲဘုရား''

''ဘုရင်မကြီး ...''

''အမိန့်ရှိပါ ... ကိုယ်တော်''

''ဦးဇင်းတို့ ကျောင်းကို ပြန်ကြတော့မယ်''



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တော် ... ဘာမြင်သွားလို့ပါလဲ ဘုရား။ မိန့်တော်မူပါ ကိုယ်တော်"

"နောင်ခါမှပဲ အေးအေးဆေးဆေး ပြောမယ်"

"ဆရာအရှင် .... တပည့်တော်တို့ ကျောင်းကို ပြန်ကြွပါ ဘုရား"

ကပ္ပိယများကလည်း ဖိနပ်များစီးရန် ချပေးကြပြီး လှူဖွယ်များ ဆွဲကိုင်လို့ ဘုရင်မနှင့် မှူးမတ် သက်တော်ရှည်တို့က အရှင်နှစ်ပါးကို ဦးချ ကန်တော့ပြီး နန်းရှေ့ဥပစာအရောက် လိုက်ပို့ကြတယ်။ ပြီး မင်းချင်းတို့ က မြင်းရထားနဲ့ ကျောင်းကို လိုက်ပို့ပေးကြတယ်။ နန်းတွင်းကျန်ရစ်သူများ မှာတော့ ပဟေဠိဖြစ်ပြီး ကျန်ခဲ့ကြလို့။

"ဘိုးဘိုးတို့ ..."

"ဘုရား"

"တကောင်းမြို့သား ရှင်ငယ်ရဲ့အပေါ် ဘယ်လိုမြင်ကြပါလဲ"

"မှန်ပါ ...ဘုရင်မကြီးဘုရား။ ရှင်ငယ်သည် ငယ်ရွယ်ပျိုမျစ် သည့်အရွယ် ဖြစ်ပါသော်လည်း လောကီလောကုတ္တရာ နှစ်ဖြာသော ပညာ ဗဟုသုတနှင့် ပြည့်စုံသူဟု ခန့်မှန်းရပါသည် ... ဘုရင်မကြီးဘုရား"

"သခင်မလည်း သို့ကလိုပဲ မြင်မိတာပဲ။ အကယ်၍များ သူ့ကို လူထွက်စေပြီး နန်းတွင်းမှာ ရာထူးတစ်နေရာပေးလို့ အသုံးပြုရင်ကော ပသို့ရှိနိုင်ပါသလဲ ... မင်းကြီးတို့"

"အနည်းငယ်စောင့်ပါဦး ... ဘုရင်မကြီးဘုရား။ ယခုကြားရ သိရှိရသည်မှာ တကောင်းရှင်ငယ်ရဲ့ ပညာအဖျားမျှသာရှိမည်ဟု ထင်ပါ သည်။ အချိန်အနည်းငယ်ပေးပြီး ရှင်ငယ်ရဲ့ပညာအတိမ်အနက်ကိုကြည့် ပြီးမှ စဉ်းစားဆုံးဖြတ်တော်မူပါလျှင် ပို၍အကျိုးရှိနိုင်ကြောင်းပါ ... ဘုရင်မ ကြီးဘုရား"





"ဟုတ်ပေပေါ့လေ ... ပညာရှိအမတ်ကြီးများ တင်လျှောက်တာ လျော်ကန်သင့်မြတ်ပါပေတယ်။ သခင်မတို့ ဆန္ဒမစောသေးဘဲ နောက်တစ် ကြိမ် ပင့်ဖိတ်ပြီး အကဲခတ်ရသေးတာပေါ့"

"သက်တော်ရှည် ... ဘိုးဘိုး"

"အမိန့်ရှိပါ ... ဘုရင်မကြီးဘုရား"

"ရှင်ငယ် ဘာကြောင့် အဝေးတစ်နေရာကို ကြည့်ပြီး တအံ့တဩ ဖြစ်သွားရတာလဲ ... ဘိုးဘိုး"

"ကြည့်ရတာ သူ တစ်စုံတစ်ခုကို မြင်ပြီး အံ့ဩပုံပါပဲ ဘုရား။ သို့သော် ဘာကိုမြင်လို့ဆိုတာတော့ ရှင်ငယ်ပဲ သိပါလိမ့်မည် ... ဘုရင်မ ကြီးဘုရား"

"မှူးကြီးမတ်ကြီးတို့ရော စဉ်းစားမိတာ မရှိကြဘူးလား"

"မှန်ပါ ... ဤရှင်ငယ်သည် အကြားအမြင်များလည်း ရသည် သို့ မြို့ထဲမှာ ကြားသိရပါသောကြောင့် ထူးခြားမှု တစ်စုံတစ်ခုကိုတော့ မြင် သွားပုံရပါသည် ... ဘုရင်မကြီးဘုရား"

"အေးလေ ... အဖ ရှင်ရသေ့ကတစ်ဆင့် မေးမြန်းကြည့်ရမှာ ပေါ့။ ကိုင်း ... ဘုရင်မတို့ ရပ်နားကြပါစို့"

သည့်နောက် အခမ်းအနားကို ရုပ်သိမ်းပြီး ကိုယ့်တာဝန်ရှိရာကို သွားရောက်လိုက်ကြတယ်။

ဘုရင်မကြီးရဲ့ စိတ်ထဲမှာတော့ ရှင်ငယ်ရဲ့ ကြည်ညိုစရာရုပ်သွင် နှင့် တန်ဖိုးကြီးလှသည့် ပညာအသိတရားတို့ကို ကြားယောင်နေမိတယ်။ ဒါ့နှင့်အတူ ရှင်ငယ် ဘာကြောင့် အဝေးတစ်နေရာကို လှမ်းကြည့်ပြီး တအံ့ တဩ ဖြစ်သွားသည်လည်းဆိုတာကို စဉ်းစားလို့မရ ဖြစ်နေမိတယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၃၇ ]

မြင်းခြောက်ကောင်က ရထားဟာ ဗိဿနိုးမြို့ကြီးရဲ့ အနောက်ဘက်ရှိ ဖောင်တော်ပေါက်အင်းရှိရာကို ရှေးရှုသွားနေတယ်။

ရထားက အမိုးဖွင့်ရထားမို့ ခြေသွက်ခြေညီနှင့် ပြေးနေတဲ့ မြင်းရထားပေါ်က ထိုင်ဖုံပေါ်မှာ ထိုင်လိုက်လာတဲ့ ပန်ထွာဘုရင်မရဲ့ နက်မှောင်ရှည်လျား ဆံနွယ်ဖားပင်တို့ဟာ လေရှိန်နှင့် ပျံဝဲလွင့်လူးနေတယ်။

ပန်ထွာဘုရင်မက သာယာလှပတဲ့ တောရိပ်တောင်ရိပ်တွေကို ကြည့်ပြီး ရွှင်မြူးအားရ ကျေနပ်တော်မူလို့။

တစ်ချက်တစ်ချက် ထွက်ပြူစနေရောင်ကြောင့် ဘုရင်မရဲ့ အမိုးတန်နားတောင်းက ကျောက်ရဲ့အရောင်ဟာ ဝင်းခနဲ လက်ခနဲ ဖြစ်သွားနေတယ်။

တပ်မှူးသျှိဝကတော့ ခုချိန်မှာ ပန်ထွာဘုရင်မရဲ့ ကိုယ်ရံတော်အဖြစ် အနီးကပ် လိုက်ပါနေရတယ်လေ။





စစ်ပွဲ တိုက်ပွဲရှိနေရင် သျှိဝက ဗိုလ်မင်းကြီးများနှင့် စစ်ပွဲကို ကြီးကြပ်ရတဲ့ ဦးစီးတပ်မှူးပါ။ စစ်ပွဲတွေမရှိရင်တော့ ဘုရင်မရဲ့အသက်ကို ကာကွယ်ရတဲ့ ကိုယ်ရံတော်တပ်မှူးပေါ့။

ခုလည်း ဘုရင်မက ဖောင်တော်ပေါက်အင်းမှာ ရေကစားလိုတယ်ဆိုလို့ မြင်းခြောက်ကောင်က ရထားနဲ့ အင်းကျယ်ကြီးရှိရာကို သွားနေတာ။ သျှိဝက ဖိတ်ဖိတ်လက်နေတဲ့ စီးတော်မြင်းနက်ကြီး 'အာကာတိမ်ပျံ' ကို စီးပြီး ဘုရင်မရဲ့ ရထားနံဘေးကနေ ရံပြီးလိုက်နေတာ။

နောက်မှာတော့ ကိုယ်ရံတော်တပ်သား (၁၂) ယောက်တို့က လေး၊ မြား၊ ဓား၊ လှံ ကိုင်စွဲလို့ မြင်းတပ်ဖွဲ့ပြီး စောင့်ရှောက်လိုက်လာနေတာရယ်။

ပန်ထွာဘုရင်မကြီးက လေနှင့်သယ်ယူလာတဲ့ အင်ကြင်းပန်းရနံ့ကို အားရပါးရ ရှိုက်ရှူရင်း မြင်းပေါ်က တပ်မှူးလေးသျှိဝကို ပြုံးပြနေတယ်။

ဘုရင်မရဲ့အပြုံးကို မြင်လိုက်ရတာ သျှိဝရင်ထဲ ဧရာဝတီမြစ်ကြီး စီးဝင်သွားသလိုပဲ။

အေးမြငြိမ်းချမ်းလိုက်တာရယ်။

မှတ်မိပါသေးရဲ့လေ။

သူ စစ်ပွဲကြီးနှစ်ပွဲကို ကိုယ်တိုင် တိုက်ခဲ့ရပြီးပြီ။ ဒုတိယမြောက်တိုက်ပွဲမှာ သီရိခေတ္တရာရန်သူဗိုလ်မင်းနှင့် တစ်ဦးချင်းတိုက်ခဲ့ရတဲ့ စီးချင်းတိုက် ဓားပွဲ။

ရန်ပယ်ကုန်းတက်မှာလည်း ဗိဿနိုးရဲမက်တွေနဲ့ သီရိခေတ္တရာစမ်းတက်ရဲမက်တွေ ရင်ဆိုင်တိုက်နေကြတယ်။

ကြုံးဝါးသံ၊ ဓားချင်းထိခတ်သံ၊ ဒဏ်ရာရလို့ အော်လိုက်တဲ့အသံ၊ နှတ်သံ ထစ်သံတွေ ကြားနေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



သျှိုဝ သီရိခေတ္တရာသား ရန်သူဗိုလ်မင်းကို ဓားစီးချင်းတိုက်ပြီး အနိုင်ရလိုက်ပေမင့် ရန်သူရဲ့ ပယ်ဓားချက်ကြောင့် လက်မောင်းမှာ ဓားဦး ချက်ထိပြီး လက်မောင်းအသား ကွဲသွားခဲ့တယ်။

သည်တုန်းက သွေးပူနေလို့ ဒဏ်ရာကို အမှုမထားခဲ့ဘူး။ ရန်သူ့ အလောင်းတွေကို ကြည့်ပြီး ဗိသနိုးရဲ့အောင်ပွဲကို ပီတိဖြစ်နေတာကိုး။

တိုက်ပွဲကပြန်ပြီး မြို့တွင်းကို ဝင်တော့မှ ဘယ်လက်ဒဏ်ရာက ကိုက်ခဲစ ပြုလာတယ်။ သွေးတွေကလည်း လက်မောင်းတစ်ဖက်ကနေ တစက်စက်ကျလို့။

သို့သော် ရွှေနန်းတော် လာရာလမ်းတစ်လျှောက် မြို့တွင်းအဝင်ဝကနေ ပန်းသပြေ ရေချမ်းအိုးနှင့် ကြိုနေတဲ့ ဗိသနိုးမြို့သူမြို့သားတို့ရဲ့ အားရဝမ်းသာ ဟစ်အော်ကြွေးကြော်သံများကို ကြားမြင်ပြီး ကျနေတဲ့ သွေးစက်တွေကို သတိမပြုမိဘူး။ စိတ်ရောကိုယ်ပါ တက်ကြွနေတယ်လေ။

ရွှေနန်းတော်ရှေ့ မုခ်ဦးအဝမှာ ပန်ထွာဘုရင်မကြီးနဲ့ မှူးကြီးမတ်ကြီးတို့ကလည်း အားရဝမ်းသာ ကြိုကြလို့လေ။

သျှိုဝ မုခ်ဦးအဝင်မှာပဲ မြင်းပေါ်ကဆင်းပြီး တိုက်ပွဲဝင်ဓား လွယ်လို့ လမ်းလျှောက်လာခဲ့လိုက်တယ်။

သူ့နောက်မှာ ချွေးသံရွှဲရွှဲ ပေပေလူးလူးနဲ့ အကြပ်သွေးသောက် ဗိုလ်ရဲမက်တွေလည်း ဓားအိမ်တွေ ကျောပိုးပြီး လိုက်လာနေကြတာ။

ပန်ထွာဘုရင်မကြီးရဲ့ ရွှေမျက်နှာတော် ဝင်းဝင်းပပ၊ လင်းလင်းစိုစိုကို မြင်လိုက်ရတော့ မူးဝေဝေ နောက်ကျိုပင်ပန်းမှုတွေ ပျောက်ကွယ်သွားတယ်။

ဘုရင်မကြီးရှေ့မှာ သူတို့ ဒူးထောက်ခစားလိုက်ပြီးနောက် ...

"ဘုရင်မကြီးဘုရား ... သီရိခေတ္တရာ ရန်သူအလောင်းပေါင်း မြောက်မြားစွာကို ရန်ပယ်ချောင်းရဲ့ လှိုင်းတံပိုးအောက်မှာ နစ်မြုပ်ပျက်စီး





သေကျေလို့ ရန်သူများလည်း ပြန်ပြေးကြပါပြီ ဘုရား။ ဗိသနိုးမြေပေါ် နင်းထိတဲ့ ရန်သူ ငါးဆယ်ကျော်တို့လည်း ဗိသနိုးရဲမက်တို့ရဲ့ တိုက်ခိုက်မှုကြောင့် သေကြေကုန်ပါပြီ ဘုရား"

"မောင်မင်းတို့ ... သူရဲကောင်း ပီသပါပေရဲ့"

"ဗိသနိုးမြို့သား၊ ပန်ထွာပြည်သား ပီသကြပါပေရဲ့"

"အလို ... တပ်မှူးသျှိုဝ၊ မောင်မင်းလက်မောင်းက သွေးတွေကျလို့ပါလား"

"ဟယ် ... ဟုတ်တာပဲ။ တပ်မှူး ဒဏ်ရာရသနဲ့ တူပ"

ဘုရင်မကြီးက သျှိုဝရဲ့ လက်မောင်းက သွေးစက်စက်ကျနေတာကို မြင်ရော စိုးရိမ်စိတ်နှင့် မျက်လုံးလေးဝိုင်းစက်လို့ ... စိုးရိမ်ပူပန်ရိပ်လွှမ်းတိုတစ်ခု မျက်နှာအပေါ်မှာ ဖြတ်သန်းသွားတယ်။

မှူးကြီးမတ်ကြီးတို့လည်း သွေးစီးကျနေတာကို မြင်သွားကြပြီး ထွပ်လှုပ်ရှားရှား ဖြစ်ကုန်ကြတယ်။ ပန်ထွာဘုရင်မကြီးရဲ့ စိုးရိမ်စိတ်က မြန်လိုက်တာ။ သျှိုဝရဲ့အနီးကို ဖျတ်ခနဲ ရောက်လာပြီး ...

"အမတ်ကြီးတို့ ..."

"ဘုရား"

"သမားတော်များကို အသင့် ဆေးဝါးစီရင်နိုင်းကြ။ တပ်မှူး ... ထ ..."

"ကိစ္စမရှိပါဘူး ... ဘုရင်မကြီးဘုရား"

"အို ... မရဘူးလေ။ ဒဏ်ရာထဲကို ဖုန်တို့၊ ချေးတို့ ပိုးတို့ ဝင်သွားရင် ကြာမြင့်စွာ ကုသရမှာ ... ထ"

သျှိုဝ ထရပ်လိုက်တယ်။ ဘုရင်မထံက ကိုယ်သင်းနံ့နှင့် မွှေးကြိုင်နံ့သာရနံ့တို့က သျှိုဝရဲ့ရင်ထဲကို စီးဝင်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် သမားတော်များရောက်ရှိလာပြီး ဆေးကုသဆောင်မှာ ဒဏ်ရာကို ရေနွေးနဲ့ ဖန်ရည်ဆေး၊ အစွမ်းထက်ဆေးဝါးများ လိမ်းကျံအုံပြီး ဖြူစင်တဲ့ပိတ်စနှင့် စည်းနှောင်ပေးကြတယ်။

"တပ်မှူး ..."

"သမားတော်ကြီး"

"ဆေးကုသဆောင်မှာ နှစ်ရက် သုံးရက် အနားယူပါ ... တပ်မှူး"

"သမားတော်ကြီး ... ကျွန်ုပ် နေလို့ရပါတယ်။ လုပ်စရာတွေ ရှိသေးလို့ ဒီမှာ မနားပါရစေနဲ့"

"ဘုရင်မကြီးက ဒီမှာနားခိုင်းဖို့ အမိန့်ပေးထားပါတယ် ... တပ်မှူး"

ဒီမှာပဲ ဘုရင်မကြီး ဆေးကုသဆောင်ကို ကြွလာလို့ အားလုံး အရှိအသေ ပြုကြတော့ ...

"တပ်မှူး ... နေပါ ... နေပါ ... အနားယူလိုက်ပါ"

"မယူပါရစေနဲ့ ဘုရင်မကြီး"

"အို ... မင်း ပင်ပန်းနေတယ်လေ။ ဒဏ်ရာဆိုတာ လှုပ်လှုပ်ရှားရှားလုပ်လို့ မသင့်ဘူး။ နားလိုက်"

"မဖြစ်ပါဘူး ... ဘုရင်မ"

"ဘာလို့ မဖြစ်ရတာတုံး။ မင်းမှာ နောက်ဆံတင်းစရာ ရှိနေလို့လား"

'နောက်ဆံတင်းစရာ'

'နောက်ဆံတင်းစရာ'

နောက်ဆံတင်းစရာဆိုတာ ဘာကိုပြောတာလဲ ဟင်။ အမိကိုလား။ နှမကိုလား၊ အဖကိုလား၊ ဒါမှမဟုတ် ...

ချစ်သူရည်းစားကို ညွှန်းလိုက်တာလား။





ပန်ထွာဘုရင်မက သျှိဝရဲ့မျက်နှာကို မပြုံးတုံ့တုံ့ဟန်နဲ့ စိုက်ကြည့်ပြီး မေးလိုက်တာ။

သည် မပြုံးတုံ့တုံ့ ပြုံးတုံ့တုံ့ အပြုံးကြည့်ချက်က တပ်မှူးသျှိဝရဲ့ ...ကို တဒွေးဒွေး တနှံ့နှံ့ ဖြစ်သွားစေတာ။

"ပြောလေ ... သျှိဝ"

"ဘုရင်မကြီးဘုရား ... ကျွန်တော်မျိုးမှာ နောက်ဆံတင်းစရာ ...မိ အဖ၊ အစ်ကို၊ နှမ မရှိပါဘူး။ ကျွန်တော်မျိုးက တစ်ယောက်တည်း ...ပါ ဘုရား"

"ဒါပဲလား ... ကျန်သေးလားကွယ် ... ဟင်း ... ဟင်း ... ...င်း ... ဟင်း ...

မင်းရဲ့ ရည်းစားသန်ကိုရော ..."

"ကျွန်တော်မျိုးမှာ ရည်းစားသန် မရှိပါ"

"ဟုတ်လား ..."

ကြည့်စမ်း ... ဟုတ်လားလို့ မပြောဘဲ 'ဟုတ်လား' လို့ ပြော...လိုက်တဲ့ အာခေါင်သံလေးနှင့်အတူ ကျေနပ်ခြင်းရသ လှိုင်းကြက်ခွပ်လေး...များဟာ ဘုရင်မရဲ့ ဝင်းမွတ်သန့်စင်မျက်နှာပေါ်မှာ လွှန့်သွားတာကို သျှိဝ ...မြင်နေရသည်။

"မင်း အနားယူရမယ် ... သျှိဝ။ မင်းလို ရဲစွမ်းသတ္တိ လက်ရုံး...ရည်ရော၊ နှလုံးရည် ဗျတ္တိရောရှိနေတဲ့ သူရဲကောင်းတပ်မှူးတစ်ယောက်ကို ...အကျိုးမဲ့စွာ မဖြစ်စေချင်ဘူး။ မင်း ကုသဆောင်မှာ ဒဏ်ရာပျောက်ကင်း...သည်ထိ နားလိုက်ပါ"

"ဟို ... ဟို ... ဘုရင်မကြီး ဘုရား"

"ပဇာကြောင့်ပါလိမ့် ... သျှိဝ"

"ကျွန်တော်မျိုးလိုပဲ ထိခိုက်ဒဏ်ရာ အနည်းအများရခဲ့တဲ့ ရဲမက်...တွေကိုရော၊ သူတို့ရဲ့ မိသားစုများကိုပါ ကျွန်တော်မျိုး အနီးကပ် သွား



www.burmeseclassic.com

www.burmeseclassic.com



ရောက် အားပေးစောင့်ရှောက်ရဦးမှာမို့ပါ ... ဘုရင်မကြီး။ ကျွန်တော်မျိုး ဒီလိုနေရာမှာ အနားယူ အားမွေးနေဖို့ မသင့်ပါဘုရား''

ပန်ထွာ သူ့တပ်မှူးရဲ့ မြင့်မြတ်စိတ်ထားကို လေးစားသွားရတယ် သျှိဝက တစ်ကိုယ်ကောင်းသမား မဟုတ်ပါကလား။

သူ့ရာထူးစည်းစိမ်အတွက် မယစ်မူးပါကလား။

အခွင့်အရေး မယူတတ်သူပါကလား။

သူ့ရဲ့ကောင်းစိတ်ဓာတ်ဆိုတာ ဒါနဲ့တူရဲ့။

ခေါင်းဆောင်တပ်မှူးကောင်းတို့ရဲ့ ကိုယ်ကျင့်သီလ သစ္စာတရား တို့ဆိုတာ ကိုယ်ကျိုးမကြည့်တာကိုဘဲ ရည်ညွှန်းထင်လေရဲ့။

သို့သော် ဘုရင်မပန်ထွာ တပ်မှူးသျှိဝကို ဥပက္ခာမပြုရက်ဘူး ဒီတပ်မှူးသျှိဝကို သူမ ကြင်နာသနားနေတယ်။ ငယ်ရွယ်နုပျို သန့်စွင် ဖျတ်လတ်တဲ့ သူရဲကောင်းကလေး။

သူ့ရဲ့ရင်ထဲမှာ ပန်ထွာပြည်နဲ့ ဗိသနိုးပဲ ရှိနေတယ်။ သူဟာ သစ္စာသမာဓိရှိသူတပ်မှူး။

ဘဇာကြောင့်များ ဒီတပ်မှူးလေးကို မြင်ရတိုင်း သူမရင် တလှပ် လှပ် ဖြစ်နေရလဲမသိဘူး။

''တပ်မှူး ... သျှိဝ''

''ဘုရား ...''

''အမိန့်တော်မှတ်မယ် ... နာခံ''

''ဗျာ ...''

တပ်မှူးသျှိဝမှာ ငြင်းဆန်ခွင့် မရှိဘူးလေ။ သူ သစ်သားလှေ ခုတင်ပေါ်က ဆင်းပြီး ဒူးထောက်ခေါင်းငုံ့လို့ ဘုရင်မ ချမှတ်မည့်အမိန့်ကို နာခံဖို့ အသင့်ရှိနေလိုက်တယ်။

''ပန်ထွာဘုရင်မရဲ့တပ်တော်က တပ်မှူးသျှိဝ၊ လက်ကဒဏ်ရာ မပျောက်မချင်း ဆေးကုသဆောင်ကနေ ဗိသနိုးမြို့ထဲ လည်ပတ်သွားလာ ခြင်း မပြုရ ... အမိန့်''





''နာ ... ခံ ... လျက် ... ပါ ... ဘုရင်မ''

''သမားတော်ကြီး ... ဇီဝရ ...''

''အမိန့်ရှိပါ ... ဘုရင်မကြီးဘုရား''

''တပ်မှူးသျှိဝရဲ့ဒဏ်ရာ မပျောက်မချင်း ကုသ''

''မှန်ပါ ဘုရင်မကြီးဘုရား''

''နေ့စဉ် သခင်မ လာကြည့်ရှုစစ်ဆေးမယ်''

''မှန်ပါ ဘုရင်မကြီးဘုရား''

''ဆေးကုသဆောင်မှာ တပ်မှူးသျှိဝ သခင်မ လာချိန်မရှိခဲ့ရင် သမားတော်ကြီးရဲ့ တာဝန်''

''မှန် ... မှန် ... ပါ ... ဘုရား''

''သက်သာသလိုနေပါ ... တပ်မှူး''

တပ်မှူးသျှိဝ ဦးခေါင်းကို ဖြည်းညင်းစွာ မော့လိုက်တယ်။ ပန်ထွာ ဘုရင်မကြီးက သူ့ရဲ့မျက်လုံးကို စိုက်ကြည့်နေဆဲပါပဲ။ နူးနူးညံ့ညံ့အပြုံး လေးနဲ့ ကြည့်နေတာပါ။

တပ်မှူးသျှိဝ ဦးခေါင်း ပြန်ညွှတ်လိုက်တယ်။

ဘုရင်မရဲ့ မျက်ဝန်းထဲမှာ စေတနာဆိုတဲ့ ဝိညာဉ်တစ်ခုကို မြင် လိုက်ရလို့ပါ။

''မင်းအပေါ်မှာ ငါ ဘယ်မျှ မေတ္တာထားတယ်။ စေတနာထား တယ်။ ကရုဏာသက်တယ်ဆိုတာကို မင်း နားလည်ခံစားကြည့်ပါ ... သျှိဝ။ အခု မင်းကို ပြောနေတာ အမိန့်လို့ မထင်ပါနဲ့။ စေတနာလို့ မှတ်ယူစမ်းပါ။ ငါ့ရင်ထဲက စေတနာကို မင်း နားလည်တန်ဖိုးထားခဲ့ရင် ဒီ ခေါင်းပေါ်က သရဖူကို ဗိသနိုးနတ်မင်းကြီးထံ ငါ ပြန်အပ်ရဲတယ်။ အဲဒါ ...''

သည်စကားလုံးမျိုးတွေ ဘုရင်မမျက်ဝန်းမှာ ရိုးခနဲ ရိပ်ခနဲ လှစ်ခနဲ မြင်လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါတယ်လေ ...

ဒါ ... ဒါ ... တစ်ချက်လွှတ်အမိန့် မဖြစ်နိုင်ပါဘူးလေ။

ဒါ ... စေတနာပါ။ စစ်မှန်တဲ့၊ ဖြူစင်တဲ့ စေတနာပါ။

အပွန်းအပဲ့မရှိတဲ့ စေတနာတို့ရဲ့ အခြေတည်ရာ ရပ်ဝန်းဆိုတာ ကရော ဘယ်ရပ်ဝန်းပါလိမ့်။ ဘယ်နယ်မြေပါလိမ့်၊ ဘယ်တောင်တန်းပါ လိမ့်။

သခင်မရယ် ...

ဘုရားကျွန်တော်မျိုးက အရှင့်ရဲ့ကျွန်ပါ။

အဲဒီတောင်တန်းတွေ၊ ပင်လယ်တွေ၊ မြစ်ကြီးတွေ၊ သမုဒ္ဒ မြေပြင်တွေဟာ မြင့်ရာအရပ်မှာပဲ စိမ်းစိုမြင့်မား အေးအေးမြမြ တသွင်သွင် စီးဆင်းလှိုင်းထပါစေတော့။

သျှိဝ ဖောင်တော်ပေါက်အင်းရှိရာကို လိုက်ပါစောင့်ရှောက်ရင်း လှည့်လှည့်ကြည့်ပြီး ပြုံးပျော်ရွှင်မြူးနေတဲ့ ပန်ထွာဘုရင်မရဲ့ အပြုံးတွေကို အလိုက်သင့် ခံယူရင်း ကုန်ဆုံးခဲ့တဲ့ စေတနာနေ့ရက်တွေကို ပြန်ဆေးခြယ် နေမိခဲ့တယ်။

ဒီလိုနှင့် မြင်းခြောက်ကောင်က ရထားဟာ ဖောင်တော်ပေါက် တူးမြောင်းအနီးမှာ ရပ်လိုက်တယ်။

နပျိုထွားကျိုင်းလှတဲ့ မြင်းကြီးခြောက်ကောင်ရဲ့ ဟစ်သံ၊ ဟီသံ ကြောင့် အင်းပြင်ကျယ်ကြီးပေါ်မှာ မြူးတူးပျော်ပါးနေတဲ့ ငှက်အချို့ လန့်ပျံဝဲအော်သွားကြတယ်။

သျှိဝလည်း မြင်းနက်ကြီးပေါ်က လွှားခနဲ ခုန်ဆင်းလို့ ဘုရင်မ အနီးမှာ ရပ်လိုက်တယ်။ အထိန်းတော်ကြီး မယ်စိတြက မြင်းရထား အတွင်း တံခါးဖွင့်ဆင်းလာပြီး ဘုရင်မဆင်းဖို့ ကတ္တီပါစွပ် သုံးချောင်း ထောက် ခွေးခြေကို ရထားအဆင်း လှေကားရှေ့မှာ ချပေးလိုက်တယ်။





ပြီး ရထားလက်တန်းကို ကိုင်လို့ ဖွေးဥနုထွတ်နေတဲ့ ခြေတစ်ဖက်ကို ချတုန်းမှာ အထိန်းတော်ကြီး မယ်စိတြက ဘုရင်မလက်ကို ကိုင်ပေးထားတယ်။

ရထားမောင်းက မြင်းမခါရအောင် ရှေ့ကနေ မြင်းတွေရဲ့ဇက်ကြိုးတွေကို ထိန်းထားတယ်။

လေက တိုက်နေတော့ ပန်ထွာဘုရင်မကြီးရဲ့ ဆံပင်နက်မှောင် နွယ်လျတို့ လေထဲမှာ နောက်ပြန်လူးလွင့်နေပုံက လှိုင်းထနေသလိုပဲ။

လေတိုက်အားကြောင့် ရွှေခြည်ထိုးထဘီတော် အောက်နားဖာစ တွေဟာ လွန့်လွန့်လွင့်လွင့် လန်လန်သွားတော့ ...

မွေးညှင်းနုနု စိမ်းစိမ်းတို့ စိုစိုစိပ်စိပ်လေး စိုက်ပျိုးထားတဲ့ ခြေသလုံးတော် ဖွေးဖွေးလေးဟာ လှစ်ခနဲ ပေါ်ခနဲ ပေါ်ပေါ်သွားခဲ့တယ်။

ဝင်းမွတ်နုညက်တဲ့ ပိုးဖဲသားတို့နှင့် ယှဉ်ထားမယ်ဆိုလျှင်တောင် ပန်ထွာဘုရင်မရဲ့ သလုံးသား ဝင်းဝင်းလေးက အိစိုပြီး သွေးကြောလေး တွေ အတိုင်းသား မြင်ရလုလု နုအိနေတာ။

လေပြည်လေညင်းတွေက အင်ကြင်းပန်းရနံ့တွေကို သယ်ဆောင် ပြီး အင်းပြင်ကျယ်ကို ရင်ဘတ်နှင့် ပွတ်လို့ ဘုရင်မရှိရာကို လာရောက် ဦးခိုက်သလို ရှိနေတယ်။

"သျှိဝ ... ကူလှည့်ပါကွယ်"

ဘုရင်မခေါ်သံကြောင့် တပ်မှူးသျှိဝ လေ၏အလျင်မျိုးနှင့် ဘုရင်မ အနီးကို ရောက်သွားခဲ့တယ်။ ပန်ထွာဘုရင်မက သျှိဝရဲ့လက်နဲ့ အထိန်း တော်ကြီးရဲ့လက်ကို ကိုင်ပြီး ရထားပေါ်ကနေ ခြေခုံပေါ် ခြေချလို့ မြေပြင် ကို ဆင်းလိုက်တယ်။

အနုညက်ဆုံး ပိုးသားတွေနဲ့ ရက်လုပ်ထားသကဲ့သို့သော ဘုရင်မ ကြီးရဲ့ သွယ်လျပျောင်းပြောင်း လက်ဖဝါးရဲ့ ဆုပ်ကိုင်ခြင်းကို ခံစားလိုက်ရတဲ့ သျှိဝရဲ့ ညာလက်သွေးကြောတွေဟာ ...



www.burmeseclassic.com

www.burmeseclassic.com



သွယ်ပြောင်းချောမွတ် နညက်ခြင်းတွေ စီးဝင်ခံရပြီး ဘယ်ဘက် ရင်ဘတ်တစ်ပိုက် ပူနွေးလိုက်ခါသွားခဲ့တယ်။

ပန်ထွာဘုရင်မကြီးကတော့ လေနုအေးနှင့် သယ်ယူလာတဲ့ အင်းကြင်းပန်းရနံ့ တွေကို တစ်ဝကြီး ဆွတ်ယူခံစားပြီး ပိဘိကလေးငယ် မိန်းကလေးတစ်ဦးနှယ် ပျော်ရွှင်မြူးတူးနေရဲ့။

လက်နှစ်ဖက်ကို မြှောက်ဆန့်တန်းပြီး ကောင်းကင် ဦးခေါင်း ထက်မှာဝဲပျံနေတဲ့ ငွေရောင်ဖျိုင်းအုပ်ကြီးကို လက်ယပ်လှမ်းခေါ်လို့။

ကိုယ်ရံတော်ရဲမက်များကတော့ သင့်ရာသင့်ရာနေရာများမှာ လူ ခွဲပြီး လုံခြုံစောင့်ရှောက်ရေး တာဝန်ယူထားကြပေါ့။

''သျှိဝ . . .''

''ဘုရား . . . ဘုရင်မ''

''သခင်မ ဖောင်တော်နဲ့ အင်းထဲမှာ ရေကစားမယ်''

''မှန်ပါဘုရား''

''ရေကစားလို့ပြီးရင် ရွှေရောင်တော်ဘုရားကို ဖူးမယ်။ အင်းကြင်း ပန်းပွင့်တွေ အနည်းငယ် စုထားဖို့ လုပ်ကွယ်''

''မှန်ပါဘုရင်မ''

သည့်နောက် သျှိဝ ကိုယ်ရံတော်တပ်ဖွဲ့က အဖွဲ့မှူးကို အင်းကြင်း ပန်း လှလှပွင့်ပွင့် ပိုးကောင်မွှားကောင် မပါတာကို သန့်သန့်ရွေးရွေး ရွေး စင်ပေးရန် ပြောလိုက်ပြီး အင်းနှင့်ဆက်သွယ်ထားသည့် တူးမြောင်းရှိရာ ဦးဆောင်လာခဲ့လိုက်တယ်။

တူးမြောင်းရဲ့ နံဘေးဝဲယာမှာ အင်ကြင်းပန်းတွေက တန်းစီပေါက် နေပြီး အင်ကြင်းပန်းရနံ့တွေကလည်း လေယူတိုင်း မွှေးထုံလို့။

လမ်းတစ်လျှောက်မှာ သဲဖြူနုနုကို မြေသားအောက်ခံပေါ်က ခင်းထားပြီး မစို့တစို့လေးရှိနေတော့ သဲလမ်းလေးက မာတင်းတင်းလေး လျှောက်လို့ကောင်းတာပေါ့။





တူးမြောင်းထိပ်မှာ အင်းမှူး၊ အင်းစောင့်များက လှပစွာပြုလုပ် ထားတဲ့ ရွှေဟသာဖောင်တော်ကြီးကို နေရာထိုင်ခင်း၊ သောက်တော်ရေသန့်၊ စားဖွယ်များနှင့် အသင့်စောင့်နေကြလို့။

ရွှေဟသာဖောင်အမြင့်ဟာ ရေပြင်ပေါ်မှာ တစ်တောင်မျှမက ပေါ် နေတယ်။ ဖောင်တော်ဦးက ဟသာငှက်ဦးခေါင်းက ရွှေရောင်လက်လက် ထလို့။ ဖောင်တော်မြီးဟာလည်း သက်ရှိ ဟသာငှက်ကဲ့သို့ ရှိတယ်။

ဖောင်ဦးမှာ ဗိသနိုး ပန်ထွာအထိမ်းအမှတ် ( ) အလံက လေနှင့် တဖျပ်ဖျပ်မြည်လို့။

ဖောင်ပေါ်မှာ ရတနာကျောက်စီ သလွန်တစ်ခုကလည်း အသင့်၊ အနီးက နယားရုပ်စုံ စားပွဲခုံပေါ်မှာ ပျူလက်ရာ ရွှေပိန်းချ ရေတကောင်းနှင့် ဘုရင်မနှစ်သက်သည့် သစ်သီးစားဖွယ်တွေက ကလပ်ထဲမှာ အသင့်။

ဘုရင်မကြီးက သစ်သီးဝလံ အစားအစာကို အလွန် နှစ်သက် တာကိုး။ ပွဲတော်တည်ပြီးတိုင်း အချိုအဆိမ့် ငှက်ပျောသီး၊ သစ်ကြားသီး စသည်တို့ကို စားသုံးလေ့ရှိတယ်လေ။

အဲဒီ သစ်သီးသစ်ဖုကြိုက်တဲ့ ရသာတဏှာကြောင့် သူ့ရဲ့ဘဝ တစ်နေ့မှာ ဇာတ်သိမ်းမလှတဲ့ဘဝကို ရောက်ခဲ့ပြီး မျှော်လင့်ရည်မှန်းချက် တွေ နိဂုံးချုပ်ခဲ့ရပါတယ်။

ပန်ထွာဘုရင်မကြီးက ဖောင်တော်ပေါ်ရှိ ရတနာကျောက်စီသလွန် ပေါ်မှာ လှပတင့်တယ်စွာ ထိုင်လို့။ အနီးမှာ စားတော်ကဲကြီးနှင့် အထိန်း တော်ကြီးတို့က အသင့်ခစားလို့ နေကြတယ်။

ဖောင်တော်သားတွေက ရေကင်းသီချင်းတွေ စည်းချက်သံပြိုင်ဆို ပြီး ဖောင်တော်ကို တူးမြောင်းအတိုင်း လှေနဲ့လှော်၊ ထိုးဝါးနဲ့ထိုးပြီး အင်း ရေပြင်ရှိရာကို တက်ကြွပျော်ရွှင်စွာ လှော်ခတ်ခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



အင်းရေပြင်မှာ အပြာရောင်ဗေဒါတွေက ဟိုတစ်စု သည်တစ်စု ရှိလို့။ ရေဝမ်းဘဲ၊ ဗျိုင်းဖြူ၊ ဗျိုင်းညို၊ စက္ကဝါနှင့် ကျီး စသည့် ငှက်အုပ်စု တို့ကလည်း ရေပေါ်မှာ ဝဲလိုက်ပျံလိုက်။

ရေထဲက ငါးလေးတွေ ထိုးသုတ်လိုက်။ ရေထဲ ငုပ်သွားလိုက်နဲ့ အဲဒီလှုပ်ရှားမှု ရှုခင်းတွေကိုကြည့်ပြီး ပန်ထွာဘုရင်မ ပျော်ရွှင်နေတာကို မြင်ရတော့ တပ်မှူးသျှိဝလည်း အလိုလို ပျော်ခဲ့ရတယ်ပေါ့။

''သျှိဝ ... ရေပေါ်မှာ ကူးခတ်နေတဲ့ ဟိုငှက်က ဘယ်လိုခေါ်တုံး ဟင်''

''ရေဝမ်းဘဲပါ ... ဘုရင်မကြီးဘုရား''

''ဟို ... လည်တံရှည်ရှည်ကြီး၊ အရောင်မည်းမည်းနဲ့ ရေငုပ်ငုပ် သွားတဲ့ ငှက်ကရော ... သျှိဝ''

''အဲဒါ တင်ကျီးငှက်လို့ခေါ်ပါ ... ဘုရင်မ။ သူက ရေငုပ်ပြီး အစာ ရှာလေ့ရှိပါတယ်ဘုရား''

''ဟိုး ... လည်တံရှည်၊ ခြေတံရှည်၊ အရောင်ဖြူဖြူနဲ့ အညို ရောင်လေး စပ်ထားတဲ့ ငှက်ကရောကွယ်''

''ဝေသာလီဗျိုင်းလို့ ခေါ်ပါတယ်ဘုရား''

''ဝေသာလီ''

''မှန်ပါ ... ဘုရင်မကြီး''

''လှလိုက်တာကွယ် ... ကြည့်စမ်း ... ကောင်းကင်ပေါ်မှာ ဝဲပျံ နေပုံက ... ဟဲ့ ... ဟဲ့ ... ဟို ... လေဟုန်စီးနေတာရော ဘာငှက်ခေါ် လဲ ... သျှိဝရဲ့''

''သိမ်းငှက်ပါ ဘုရင်မ''

''သိမ်းငှက်က စွန်လိုပဲ ဝဲပြီး လေဟုန်စီးတယ်နော်''

''မှန်ပါ ... စွန်က အကောင်ကြီးပြီး နှုတ်သီး၊ ခြေသည်း ကြီး ပါတယ်။ သိမ်းငှက်က အကောင်သေးပေမင့် မြန်ပါတယ် ... ဘုရင်မ။





သိမ်းငှက်ကိုယဉ်ပါးအောင် လေ့ကျင့်သင်ပြီးနိုင်းရင် စာပို့သူလျှိုငှက်အဖြစ် သုံးလို့ရပါသည် ... ဘုရင်မ''

ဒီလိုနဲ့ ရွှေဟင်္သာဖောင်တော်ကြီးနဲ့ အင်းပြင်ထဲ လှည့်လည် ကြည့်ရှုကြတာ အချိန်အတော်ကြာသွားပြီမို့ ...

''ဖောင်တော်သားတို့ ... ဖောင်တော်ကို တူးမြောင်းရှိရာ ပြန်ဝင် ကြတော့ဟေ့''

''အမိန့်အတိုင်းပါ ... တပ်မှူး''

ဖောင်တော်သားတွေဟာ ဟင်္သာငှက်ဖောင်တော်ကြီးကို ယီးလေး သံပြိုင်ပြိုင် သီချင်းတွေ သီဆိုပြီး တူးမြောင်းရှိရာကို လော်ခတ်ဝင်ခဲ့ကြ တယ်။

သည့်နောက် ...

ကြာဖြူကြာညို ပဒုမ္မာကြာများနှင့် အင်ကြင်းပန်းတို့ကို သယ် ဆောင်ပြီး ရွှေရောင်တော်ဘုရားပေါ်ကို တက်ခဲ့ကြတယ်။

ရွှေရောင်တော်ဘုရားကို မြို့ဦးဘုရားလို့လည်း ခေါ်ကြတယ်။ ရွှေ ရောင်တော်ဘုရားကို တည်းဖို့အတွက်မဟုတ်ဘဲနဲ့ တည်ဖို့အတွက် ဗိသနိုး နတ်မင်းကြီးက ဟောဒီနေရာမှာ နေရာသန့်တစ်နေရာကို ညွှန်ပြခဲ့သတဲ့။ အဲဒီနေရာက ဘုရားအလောင်း ကျိုးဖြူမင်းနေခဲ့ဖူးတဲ့ အရပ်ပဲ။ သံတောင် (၅၀)အတိုင်းအရှည်ရှိတဲ့ စေတီကို ဗိသနိုးနတ်မင်းကြီးကိုယ်တိုင် ဦးစီးပြီး တည်ခဲ့တာရယ်။

ဒွာပနာတော်ကဆိုရင် အဇာတသတ်မင်းကြီးလက်ထက်က သို ဝှက်သိမ်းဆည်းထားတဲ့ ဘုရားရှင်ဓာတ်တော်များကို ယန္တရားစက်ခလုတ်၊ ဓားစက်၊ လှံစက်၊ မီးစက်များကြားကနေ လိုသမျှကိုယူ ပင့်ဆောင်ပြီး တည် ခဲ့တာ။

လပြည့်လိုညမျိုးမှာ စေတီတော်ကနေ နီလ၊ ပီတ ရောင်ခြည် တော်ခြောက်သွယ်တို့က ကောင်းကင်ထက်မှာ ပြိုးပြိုးပြက်ပြက် ဘာခဲနတ်



www.burmeseclassic.com

www.burmeseclassic.com



ထွန်းလင်းတောက်ပသည်ကို ဗိသုကာနိုးတစ်မြို့လုံး တစ်နယ်လုံးက ဖူးမြင်ကြရလို့။

ရွှေရောင်တော်ဘုရားလို့ အမည်တွင်ခဲ့တယ်။

[မှတ်ချက် ... ယနေ့တိုင် ဗိသုကာနိုးခေတ် အေဒီ (၁)ရာစုမှ (၅) ရာစုအတွင်း တည်ရှိခဲ့သည့် ရွှေရောင်တော်ဘုရားကို ကုက္ကိုခွရွာမှသွားသည့် ဗိသုကာနိုးနယ်မြေမှာ အထင်ကရ ဖူးမြင်နိုင်ပါသည်။]

ဘုရင်မက ရွှေရောင်တော်ဘုရားမှာ ပန်း၊ ရေချမ်း ကပ်ပြီး (၃၁) ဘုံသားတို့ကို အမျှအတန်း ပေးဝေခဲ့တယ်။

ရွှေရောင်တော်ဘုရားရင်ပြင်ဟာ အင်ကြင်းပန်းရနံ့နှင့် သင်းထုံပြီး လေပြည်လေညင်း တသုန်သုန်နဲ့ အေးမြလို့ ရင်ကို လန်းဖြာစေတယ်။

သည့်နောက် ဘုရားရင်ပြင်ပေါ်မှာ ပတ်လျှောက်ပြီး အဝေးက ရှုခင်းတွေကို ဘုရင်မက အရသာခံစားပြီး ပီတိဖြစ်ရှာလို့ပေါ့။

ဒီမှာ ဘုရင်မက တပ်မှူးသျှိဝကို မမျှော်လင့်ဘဲ မေးခွန်းမေးသကဲ့သို့သော စကားအချို့ကို ပြောခဲ့တယ်လေ။

"သျှိဝ ..."

"ဘုရား ... ဘုရင်မကြီး"

"မောင်မင်းက ဘုရင်မကြီးလို့ပဲ အမြဲတမ်း ခေါ်နေမှာလား ... သျှိဝ"

"ဘုရင်မကြီးက ပန်ထွာရဲ့ ဦးသျှောင်ပါ။ ဗိသုကာနိုးရဲ့အရှင်သခင်ပါ။ ဘုရင်မကြီးကို ဘုရင်မကြီးလို့ ခေါ်ဖို့ကလွဲပြီး။ အခြားသင့်တော်တဲ့ စကားလုံး ပန်ထွာတိုင်းပြည်မှာ မရှိပါဘူး ဘုရား"

"မောင်မင်းက လက်ရုံးရည်၊ ဓားရေး၊ မြားရေးမျှသာမကဘူး စကားပြောတဲ့ နှုတ်ရေးမှာလည်း စကားလုံးကြွယ်သူပေကိုး။ သျှိဝ ... မင်းကို ငါ ဒီတိုင်းပြည်အတွက် ယုံကြည်စွာ အားကိုးပါတယ်"

"မှန်ပါ ... ဘုရင်မ"





"မင်း ငါ့ကို ဘုရင်မလို့ မခေါ်ပါနှင့်"

"မဝံ့ပါဘုရား"

"ငါက ခွင့်ပြုရင် ဝံ့ရမှာပေါ့"

"မှန် ... ပါ"

"ငါ့ကို ဘုရင်မလို့ မခေါ်ပါနဲ့။ သခင်မလို့ပဲ ခေါ်ပါ"

"ဘုရင်မကြီး ... ဘုရား"

"ဘုရင်မကြီးလို့ မခေါ်ပါနဲ့လို့ ပြောပြီးပြီပဲလေ"

"မှန်ပါ ... သ ... သခင် ... မ"

"ပြော ... သျှိဝ"

"နန်းတွင်းမှာတော့ ဘုရင်မကြီးလို့ပဲ ခေါ်ပါရစေဘုရား"

"ဘာဖြစ်လို့"

"ဘုရားကျွန်တော်မျိုးက နန်းတွင်းမှာ သခင်မလို့ပြောရင် အခြားသူများကလည်း သခင်မလို့ လိုက်ပြောကုန်လျှင် ..."

"ဒီတော့ မောင်မင်းက ဘယ်လိုပြောချင်လို့လဲ"

"နန်းတွင်း နန်းရင်ပြင်မှလွဲ၍ အခြားသောနေရာဌာန လျှောက်ပတ်ရာမှာပဲ သခင်မလို့ ခေါ်ပါ့မယ်"

"အဲလိုလား ... ကောင်းပြီ ... ခေါ်ပါ။ မင်းကို လူယုံလူရင်းမို့ သခင်မ တိုင်ပင်စရာရှိတယ်"

"အမိန့်ရှိပါ ... သခင်မ"

အင်း ... သခင်မလို့ ခေါ်လိုက်ရတာ ရင်ထဲမှာ အရသာရှိလိုက်တာ။ လျှာထဲမှာ ချိုမြိန်လိုက်တာ။

ဘုရင်မရဲ့မျက်နှာကို လှမ်းကြည့်လိုက်တော့လည်း သခင်မလို့ အခေါ်ခံရတာ ကြည်နူးနှစ်ခြိုက်နေပုံပါပဲ။

"မောင်မင်း ... တကောင်းရှင်ပျိုကို ဘယ်လိုမြင်တုံး ... သျှိဝ"



www.burmeseclassic.com

www.burmeseclassic.com



"တကောင်းရှင်ပျို့ဟာ ပညာရည်ပြည့်ဝပုံတော့ ရှိပုံရပါသည် သခင်မ"

"သခင်မမှာ စဉ်းစားထားတာရှိတယ်"

"အမိန့်ရှိပါ သခင်မ"

"တကောင်းရှင်ပျို့ရဲ့ အပြောအဆို နေပုံ၊ နေဟန်၊ ပညာအသိ တို့ကို သခင်မ သဘောကျတယ်။ ဒါကြောင့် ရှင်ပျို့ကို လူထွက်ခိုင်းပြီး သခင်မတို့ နန်းတွင်းမှာ မင်းတိုင်ပင်အမတ်အနေနှင့် နေရာတစ်နေရာပေး ရင် သင့်မလားလို့ပါ။ မောင်မင်းက လူအလ္လာပေါင်းစုံနှင့် တွေ့ဆုံဆက်ဆံ ဖူးတော့ ဘယ်လိုသဘောရတုံး"

"သခင်မ . . ."

"ပြောပါ . . . သျှိဝ၊ ရဲရဲဝံ့ဝံ့ ပွင့်ပွင့်လင်းလင်းသာ ပြောပါ"

"သခင်မအနေနှင့် တကောင်းရှင်ပျို့ကို တွေ့မြင်၊ သိကျွမ်းရတာ တစ်ကြိမ်တစ်ခါပဲ ရှိပါသေးတယ် . . . သခင်မ။ သူတစ်ဦးတစ်ယောက်ကို တစ်ကြိမ်တစ်ခါ သိကျွမ်းခင်မင်ဖူးရုံမျှနှင့် တော်၏၊ ကောင်း၏၊ သင့်၏ လိုအပ်၏လို့ တစ်ထစ်ချဆုံးဖြတ်ဖို့ မသင့်လျော်သေးပါဘူး . . . သခင်မ။ သူတစ်ဦးကို မကြာခဏ တွေ့ဆုံအကဲခတ်ပြီးမှ၊ ပြီး သူ့ရဲ့ဝန်းကျင်ကို လေ့လာစုံစမ်း မေးမြန်းပြီးမှ အကဲဖြတ်ရတာ ပိုသင့်လျော်ပါတယ် . . . သခင်မ"

"ဒါဆို သခင်မတို့ ရှင်ပျို့ကို စောင့်ကြည့်ရဦးမှာပေါ့"

"မှန်ပါတယ် . . . သခင်မ၊ စောင့်ကြည့်အကဲခတ်လို့ သင့်မြတ် လျော်ကန်တယ်လို့ ယူဆဆုံးဖြတ်ပြီးမှ သခင်မလိုအပ်သလို နေရာချထား သင့်ပါတယ် သခင်မ"

"ကောင်းပြီလေ . . . သခင်မတို့ စောင့်ကြည့်ကြဦးစို့"

အင်း . . . ဘုရင်မပန်ထွာကတော့ တကောင်းရှင်ပျို့ကို အလွန် သဘောကျနေပုံပဲ။





ဘယ်လိုရည်ရွယ်ချက်နဲ့များပါလိမ့်။

တကောင်းရှင်ပျို့ကို နန်းတွင်း မင်းတိုင်ပင်အမတ်နေရာ ပေးချင် တဲ့။ တကောင်းရှင်ပျို့က . . .

စာပေကျွမ်းဂန် တတ်ကျွမ်းနှံ့စပ်တယ်။

ဗေဒင်၊ လက္ခဏာ၊ နက္ခတ်၊ အင်းအိုင်၊ ဂမ္ဘီရလည်း နားလည် တတ်ကျွမ်းတယ်။

အပြောအဆို လိမ္မာရေးခြားရှိတယ်။ ပြီး တကောင်းရှင်ပျို့က ငယ် နုပျို ကျန်းမာသန်စွမ်း၊ ချောမောလှပတယ်။ နန္ဒင်းဆိုးသင်္ကန်းဝတ်နှင့် အလွန်ကြည်ညိုစရာကောင်းနေတယ် မဟုတ်လား။

အကယ်လို့များ . . .

လူထွက်ပြီး နန်းတွင်းအရာရှိတို့ရဲ့ အဝတ်အစားနှင့်သာ ဆင်ယင် လိုက်ရင် . . .

တပ်မှူးသျှိဝ ရင်ထဲကို လဲပွင့်တစ်ပွင့် ကြွေကျသွားတယ်။ သေး တဲ့ ရေလှိုင်းဂယက်လေးတစ်ခု ခပ်ဝါးဝါး ထင်ဟပ်လှိုင်းထသွားတယ်။

ရင်ခုန်ချင်တာလား။

သူ့ရဲကောင်းတို့ နှလုံးသားက လေတိုးမခံချင်တာလား။ အိုး . . . ဘာတွေတွေးနေပါလိမ့်။ အတွေးစတွေကို ခပ်မြန်မြန် ဖယ်ရှားပစ်လိုက် ယ်။ ဖယ်ရှားလိုက်ပါမှ သခင်မရဲ့ ကိုယ်သင်းရနံ့က သူ့အပါးမှာ ဝေ့ဝဲ သလို ခံစားရပြီး ရင်တလှပ်လှပ် ဖြစ်သွားသလိုလို။

အောင်ပွဲခံစဉ်ညဉ့်တုန်းက နန်းမြင့်သလွန်ပေါ်က ဘုရင်မရဲ့ စေ ရေးရေး ငွေ့ငွေ့ငေးငေး အပြုံးကို ပြန်မြင်နေမိတယ်။

"ဟော့လူ . . . တပ်မှူး၊ မင်း ဘာတွေခံစားနေရတာလဲ ဟင်"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၃၈ ]

❑

''ရှင်ပုည ...''

''အရှင်ရသေ့ကြီး ... ဘာပြောမလို့ပါလဲဘုရား''

''ရှင်ငယ်ကို ကျုပ် မေးစရာရှိနေတယ် ... ရှင်ပုညရဲ့''

''မေးပါ ... ဆရာအရှင်ရသေ့ကြီး''

''နန်းတွင်းမှာ ဆွမ်းစားရင်း လောကီ လောကုတ္တရာတရားများ ဆွေးနွေးနေတုန်း ရှင်ငယ်ဘာကြောင့် တစ်နေရာကိုကြည့်ပြီး အံ့ဩစိုးရိမ် သလို ဖြစ်သွားရတာတုံး ဟင်''

နန်းဦးကျောင်း ရှင်ရသေ့ကြီးရဲ့မေးခွန်းကို ရှင်ပျို ဖြန်းခနဲ မဖြေ နိုင်သေးဘူး။ နှုတ်ခမ်းချင်း ဖိကပ်ပြီး စဉ်းစားသလို လုပ်နေတယ်။

''ဘာဖြစ်လို့ပါလဲ ... ဆရာအရှင်ရသေ့ကြီး''

''သမီးတော် ဘုရင်မကြီးက ရှင်ငယ်ကို ကြည်ညိုလေးစားပါ တယ်။ အဲဒီနေ့က ရှင်ငယ် အံ့ဩသလိုဖြစ်ပြီး အလျင်စလို ကောက်ကာ ငင်ကာ ပြန်ကြွတာကို သမီးတော်ဘုရင်မကြီးက သူ့ကိုများ မေးခွန်းတွေ





မေးလို့ အလိုမကျဖြစ်ပြီး ရှင်ငယ်ပြန်ကြွတယ် ထင်ပြီး အတွေးပဟေဠိဖြစ်နေ သို့ မေးကြည့်တာပါကွယ်''

''အရှင်ရသေ့ကြီး ... တပည့်တော် ပန်ထွာဘုရင်မကြီးရဲ့ မေးမြန်း လျှောက်ထားတဲ့ မေးခွန်းများနဲ့ စပ်လျဉ်းပြီး အလိုမကျစရာ မရှိပါဘူး ... ဘုရား။ ဘုရင်မကြီးသည် ဗဟုသုတလိုလားသည့် မြင့်မြတ်သောဘုရင်မ ကြီး ဖြစ်နေတာကို မြင်ရလို့ အလွန်လည်း ဝမ်းသာပါတယ်။ သို့သော် အဲဒီ နေ့က တပည့်တော်မျက်စိအာရုံထဲမှာ မမျှော်လင့်တဲ့ ပရသားတွေကို ရုတ် တရက် မြင်လိုက်ရလို့ပါ ... ရှင်ရသေ့ကြီး''

''ဟင် ... ရှင်ငယ်က ပရသားတွေကို မြင်ရတယ်''

''ရှင်ရသေ့ ... ပန်ထွာရဲ့နန်းတွင်းမှာ မဟာအတုလစည်တော် ကြီးရှိတယ်ဆိုတာ ဟုတ်ပါသလား''

''ဟုတ်တယ် ... ရှင်ငယ်၊ ဘာဖြစ်လို့တုံး''

''သီရိခေတ္တရာတပ် လာတိုက်တုန်းက ဒီမဟာအတုလစည်တော် ကြီးကို တီးခတ်လို့ ရန်ပယ်ချောင်း ရေကြီး လေကြီး မိုးကြီးကျပြီး ရန်သူ တွေ စစ်ရှုံးထွက်ပြေးရတယ်လို့ ပြောသံတွေကြားဖူးတယ်။ ဟုတ်ပါသလား အရှင်ရသေ့''

''ဟုတ်တာပေါ့ ... ရှင်ငယ်၊ ဒီအတုလစည်တော်ကြီးက သမီး တော် ဘုရင်မကြီးကို သိကြားမင်း ချီးမြှင့်ပေးအပ်ခဲ့တာလေ။ အလွန့်ကို တန်ခိုးကြီးတယ်၊ အံ့ဩလောက်အောင်လည်း စွမ်းတယ်''

''အင်း ... အင်း ... ဟုတ်ချေပေါ့၊ ဟုတ်ချေပေါ့။ ဒါကြောင့် သင်းတို့ကို တပည့်တော်ပညာအစွမ်းနဲ့ မြင်လိုက်ရတာကိုး''

ရှင်ပျိုက တစ်ယောက်တည်း ခေါင်းတညိတ်ညိတ်လုပ်ပြီး ကြမ်း ပြင်ကို သူ့လက်ညှိုးနဲ့ တဒေါက်ဒေါက်ခေါက်နေတယ်။ နန်းဦးရသေ့ကြီး မှာမှာလည်း ရှင်ပျိုရဲ့စကားတွေ နားထောင်ရင်းက အဓိပ္ပာယ်ကို နားမလည် သူဖြစ်နေလေတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ငယ် . . . သင့်ကိုကြည့်ရတာ တစ်စုံတစ်ခုကို သိနေ မြင်နေ သလိုပဲ။ သင်သိတာ မြင်တာရှိရင် ကျုပ်ကို အမှန်အတိုင်း ဖွင့်ပြောစမ်းပါ ပန်ထွာဘုရင်မကြီးရဲ့ အကျိုးစီးပွားအရေးနဲ့ စပ်လျဉ်းတာမျိုး မြင်ရရင် လည်း ပွင့်ပွင့်လင်းလင်း ပြောပြပါလား . . . ရှင်ငယ်"

"ပြောရတော့မှာပေါ့ . . . ကနဦးတုန်းက မပြောဘဲ နေမလို့ပါ ရှင်ရသေ့ကြီး မေးလာတော့ ထိန်ချန်မထားချင်ဘူး ဘုရား။ ရှင်ရသေ့ကြီး ကိုလည်း တပည့်တော်ရဲ့ ကျေးဇူးရှင် ဆရာရသေ့ကြီးအဖြစ် သတ်မှတ် လေးစားပြီး ဖြစ်တာကလည်းတစ်ကြောင်း၊ ပြီး ပန်ထွာဘုရင်မကြီးကို မြင် မြင်ချင်း ဒါ ဘဝဟောင်းက တော်စပ်ခဲ့ဖူးသော ဝဲ့ရဲ့ အစ်မ၊ နှမပါလား ယုံထင်မှတ်ယူပြီ၊ အစ်မတော် ဘုရင်မကြီးရဲ့အကျိုးကို ရှေးရှုလို့ ပြောပြ တော့မှာပဲ . . အရှင် ဆရာရသေ့ကြီး"

"ပြောပါ . . . ရှင်ငယ်၊ ပြောသာပြောပါ"

"တပည့်တော် မဟာအတုလစေည်တော်ကြီး တည်ရာနန်းဝန်းကျင် မှာ မိစ္ဆာနတ်ဆိုး ပရသားတွေကို မြင်လိုက်ရလို့ အရမ်း အံ့ဩသွားတာ"

"ဟင် . . . မိစ္ဆာနတ်ဆိုးပရသား . . . ဟုတ် . . . လားရှင်ငယ် ဟင်"

"ဟုတ်တယ် . . .။ သူတို့အင်အားက မသေးဘူးပဲ။ အမွေးအမှင် ထူထူကြမ်းကြမ်း၊ ကိုယ်ခန္ဓာ ကြီးကြီးထွားထွားကြီးတွေ။ အလွန့်ကို အရုပ် ဆိုးပြီး ကြမ်းကြုတ်ရက်စက်တယ်။ အဲဒီ မိစ္ဆာနတ်ဆိုးတွေကို ညတုန်းက တပည့်တော်ရဲ့အိပ်မက်ထဲမှာ ပြန်မြင်ရတယ်။ သူတို့က အတုလစေည်တော် ကြီးက အင်းစောင့်တွေကို ညှဉ်းပန်းနှိပ်စက်နေတယ်လို့ တပည့်တော် မြင်မက်ရတယ်။ ဒီအကြောင်း ဘုရင်မကြီးကို ဆရာအရှင်ရသေ့ကိုယ်တော်တိုင် သွားရောက်ပြောပြပါ။ အတုလစေည်တော်ကြီး ဘေးရန်မရှိအောင် ကာကွယ် ကြပါလို့ အမြန်ပြောပါ . . . ဆရာရသေ့ကြီး။ ဒါ မကောင်းတဲ့ လက္ခဏာ





တွေပဲ။ ဘုရင်မကြီးအတွက် တပည့်တော် များစွာလွန်စွာ ပူပန်လှပါတယ်။ ဘုရင်မကြီးကိုသာ တိုးတိုးတိတ်တိတ်ပြောပြပါ . . . ဆရာအရှင်"

"ရှင်ငယ် . . ."

"ဆရာအရှင် . . . ပြောပါ"

"အဲဒါ တကယ်ဖြစ်နိုင်လား"

"ဆရာအရှင် . . . ယုံပါ့မလားမသိဘူး။ ဒါဟာ ပြိုင်ဘက်နိုင်ငံက ညာစက်နဲ့ လွှတ်ပြီး နာမ်၊ နာမ်ချင်း၊ ဝိညာဉ်လောကချင်း နှိမ်နင်းတဲ့ အနေအထားပဲ။ ဆရာအရှင် . . . တပည့်ရဲ့ အာရုံနိမိတ်ရော၊ အိပ်မက် အကြောင်းအရာ ပြောပြပြီးပါပြီ။ ယုံတာ မယုံတာ ဆရာအရှင်တို့၊ ဘုရင်မ ကြီးတို့ အပိုင်းပါ။ တပည့်တော် တရားရှုမှတ်ပါရစေ . . . ဆရာအရှင်"

ရှင်ပျို့ဟာ ဆရာအရှင်နန်းဦးရသေ့ကြီးကို အရိုအသေပြုပြီး တရား ရှုမှတ်ရန်အတွက် ခြေ၊ လက်၊ မျက်နှာတို့ကို ရေနှင့်သန့်စင်ပြီး တစ်ပါး ကျောင်းထဲကို ဝင်သွားတယ်။

သည့်နောက် ကျောက်ဆင်းတု ဗုဒ္ဓရုပ်ပွားတော်ရှေ့မှာ တင်ပျဉ် ခွေထိုင်ပြီး လက်ခြင်းယှက်လို့ ဝင်သက်ထွက်သက်တရားကို ရှုမှတ်နေ တော့တယ်။

ဒီ တကောင်းပြည်သား ရှင်ပျို့ကလေးဟာ ငယ်ရွယ်ပေမင့် ပညာ ရှိတယ်။ ကျွဲပျောက်၊ နွားပျောက်၊ ပစ္စည်းပျောက်ရှာရာမှာလည်း နေရာ သေချာစွာ ဟောပြောနိုင်လို့ မြို့ရော၊ ရွာများမှာပါ ကျော်စောနေတယ်။

အချို့ လူ၊ ကျွဲ၊ နွား တိရစ္ဆာန်တို့မှာဖြစ်တဲ့ အနာရောဂါများကို လည်း သူညွှန်တဲ့၊ ပေးတဲ့ ဆေးဝါးများနှင့် ကုသရာမှာ ရောဂါပျောက် ကင်းကြတာ မြင်ရတယ်။

လူအချို့မှာ ဖြစ်နေတဲ့ စုန်းပူး၊ နတ်ပူး၊ သရဲတစ္ဆေပူး ဖြစ်ရပ်ဆန်း တွေကို အင်းတစ်ချပ် ရေစိမ်တိုက်တာနဲ့ ပျောက်ကင်းချမ်းသာသွားတာကို ရှင်ရသေ့ အံ့ဖွယ်မြင်ရတယ်။

www.burmeseclassic.com



ဟိုတစ်နေ့က ဆွမ်းလာပို့တဲ့ ဒကာတစ်ဦးကို ပေဒင်လက္ခ ဟောပြောနေတာ ရှင်ရသေ့ ကြားမြင်ရတယ်။

အံ့ဩစရာ ကောင်းလိုက်တာ။

"ဒကာကြီး . . . အိမ်ထောင့်က ရွှေထည်ပစ္စည်း ကောက်ရ မယ်"

"ဟုတ်ရဲ့လား . . . ကိုယ်တော်"

"ဟုတ်တယ် . . . မြင်နေရတယ်"

"ဘယ်လိုရွှေထည်ပစ္စည်းလဲ . . . ကိုယ်တော်"

"လက်ဝတ်ရွှေထည်ပဲ"

"ဘယ်တော့ရမှာလဲ ဘုရား"

"(၇) ရက်အတွင်းပဲ . . . ဒကာကြီး"

"ရရင် ယူရမှာပေါ့ . . . ကိုယ်တော်"

အဲဒီလို ဟောတာကို ရှင်ရသေ့ကြားရတာ။ အဟောခံရတဲ့ ဒကာ ကြီးလည်း မယုံသလိုတော့ ရှိနေတာပဲ။ သို့သော် ဒကာကြီး တစ်နေ့ ခြံ ထဲမှာ အမှိုက်လှဲတာ၊ ခြံ တောင်ဘယ်ဘက်ထောင့် အမှိုက်တွေအောက် ကနေ ကွမ်းသီးလုံးခန့် အလွန်လှပတဲ့ ပျုံမြေအိုးလေးတစ်လုံး တွေ့ရ အဖုံးလေးလှည့်ဖွင့်လိုက်တာ . . . ဘုရားရေ . . .

ရွှေလက်စွပ် သုံးကွင်းရယ်၊

ပျုံလက်ရာ စစ်စစ်တွေဗျာ။

နန်းဆွဲမျှင်ကြားမှာ ရွှံ့မြေကြီးတွေ ဝင်လို့။ အဲဒါ ရှင်ပျို့ကို ဝမ်းသာ အားရ လာပြောပါရောလား။ ရှင်ပျို့က ပြန်ပြောလိုက်တယ်လေ။ ကိုယ် ထိုက်လို့ ကိုယ်ရတာ သုံးပါတဲ့။

✿ ✿ ✿

## ၃၉

❑

ဒီလို ရှင်ပျို့ နန်းတွင်းမှာ ဆွမ်းစားရင်း မြင်လိုက်ရတဲ့ ပရမြင် နဲ့ ရှင်ပျို့ရဲ့ အိပ်မက်နိမိတ်ဆန်းအကြောင်းကို ဖခင်ရှင်ရသေ့ကြီးက တော် ဘုရင်မကို နှစ်ကိုယ်တည်း ပြောပြတော့ ပန်ထွာဘုရင်မ အလွန် ပြသွားတယ်။

ရှင်ရသေ့ကလည်း တကောင်းရှင်ပျို့လေးရဲ့ ဗေဒင်အစွမ်း၊ မနော း တွေလည်း မြင်ရသိရသမျှ အကုန်ပြောပြတော့ ဘုရင်ခမျာ စဉ်းစား ရှာရောလေ။

ပန်ထွာနိုင်ငံတော်ကြီး သီရိခေတ္တရာလက်အောက်ကို မကျရောက် ဒီမဟာအတုလစည်တော်ကြီးရဲ့ အံ့ဖွယ် ဂမ္ဘီရအစွမ်းတွေကြောင့် တ်လား။

မဟုတ်မှလွဲရော . . .

သီရိခေတ္တရာမင်း ဒွတ္တဘောင်မင်းကများ ဂမ္ဘီရအစီအရင်တွေနဲ့ မမြင်ရတဲ့ ပရသားတွေလွှတ်လို့ မဟာအတုစည်တော်ကြီးက အင်း င့်တွေကို တိုက်ခိုက်ဖျက်ဆီးဖို့ မှော်၊ ဂမ္ဘီရပညာ သုံးရော့သလား။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဖရသေ့ကြီး ပြောပုံအရ သူ့တပည့်ရှင်ပျို့က ဂမ္ဘီရလောကီဘက်မှာလည်း ထက်မြက်တယ်လို့ သိရတော့ ဟုတ်သော်ရှိ၊ မဟုတ်သော်လိုရမည်ရ ပညာပိုင်းနဲ့ စစ်ဆေးကြည့်ရင် သင့်မယ်နဲ့ တူရဲ့။

ဒါကြောင့် တကောင်းပြည်သားလို့ခေါ်တဲ့ ပညာရှင် ရှင်ပျို့ကို ထို့ခေါ်လာခဲ့ဖို့ အဖရှင်ရသေ့ကို ပြောရတယ်။

တစ်နေ့ ...

နန်းဦးကျောင်း ရှင်ရသေ့ကြီးနဲ့ တကောင်းရှင်ပျို့တို့ နန်းတွင်းကို ကြွလာခဲ့ကြတယ်။ အနီးမှာ မည်သူမျှ မရှိစေရ။

သုံးဦးသား တွေ့ဆုံတော့ ဘုရင်မ မေးမြန်းလျှောက်ထားရတော့ပေ့။

''အရှင့်ရဲ့ အမြင်အကြားနဲ့ အိပ်မက်က ဆန်းနေတာကိုး''

''ဘုရင်မကြီး ... ကျွန်ုပ် မဟာအတုလ စည်တော်ကြီးကို ခဏမျှ ကြည့်ရှုစစ်ဆေးပါရစေ''

''စစ်ဆေးကြည့်ရှုပါ ... ကိုယ်တော်''

သူတို့ မဟာအတုစည်တော်ကြီးထားရာ နန်းမြင့်စည်တော်ဆောင်ပေါ်ကိုရောက်တော့ လုံ့ရှည်နှင့် ဓားကိုင် စစ်သည်တော်များက သူနဲ့ နန်းဦးရှင်ရသေ့တို့ကို အရိုအသေပေးကြတယ်။

သည့်နောက် သစ်သားတံခါးကြီးကို ဖွင့်ပေးကြတယ်။ သုံးဦးသား ဝင်မလို့ လုပ်ခါနီးမှာ ...

''ဘုရင်မကြီး ... ခဏရပ်ပါ''

''ဘာဖြစ်လို့ပါလဲ ... ကိုယ်တော်''

''ဒင်းတို့ကို ကျွန်ုပ်တွေ့နေရတယ်''

''ဘယ်သူတွေလဲ ... ကိုယ်တော်''

''ဘုရင်မကြီး မြင်မှာမဟုတ်ဘူး။ ဟိုမှာ ပရမီစ္ဆာသားတွေ။ ဒါ သိရှိခေတ္တရာက လွှတ်တာနေမှာ။ အသာဖယ်နေ''

စိတ်ကူးသစ်စာပေ



ရှင်ပျို့ သို့ကလိုပြောပြီး နန်းမြင့်ရှေ့တစ်နေရာကို လက်ညှိုးထိုးပြလို့ ...

''ဆရာရှင် ...''

''ပြော ... ရှင်ငယ်''

''ဆရာရှင် ... မြင်ရလား။ ဟိုမှာ ပရနတ်ဆိုးတွေ''

ရှင်ရသေ့ကြီးက အဝေးပတ်ပတ်လည်ကို လှမ်းကြည့်ပြီး ...

''မမြင်ရဘူး ... ရှင်ငယ်''

''ဆရာအရှင်က ဘီလူးမကိုတောင် မြင်ဖူး၊ နှင်ဖူးရဲ့သားနဲ့၊ ဘာကြောင့် မမြင်ရတာပါလဲ ... ဆရာအရှင်''

ဟုတ်တာပဲ။ စန္ဒမုခီဘီလူးမ ပန်ထွာဖြစ်လာမည့် ကလေးကို မွေးဖွားပြီး နို့တိုက်မရဖြစ်တုန်းက သူကိုယ်တိုင် မန္တန်မန်းမှုတ်ပြီး ဘီလူးမကို နှင်ခဲ့ပါလျက်နဲ့ ယခုဘာလို့ မမြင်ရတာပါလဲ။ အင်း ... အင်း ...။

''ရှင်ငယ် ကျုပ်က အဲဒီတုန်းက ဘီလူးမ ကိုယ်ထင်ပြတာ၊ မီးဖွားဘုန်းနိမ့်ဖြစ်နေလို့ မြင်ရတာပါကွယ်။ ခု ကိုယ်ထင်မပြကြတော့ မမြင်ရဘူးလေ''

''ကောင်းပါပြီ ... ဆရာရှင်ရသေ့နှင့် ကျွန်ုပ်တို့ သင်းတို့ အဝေးသို့ ပြေးသွားစေဖို့ ရသမျှမန္တန်များ ရွတ်ကြပါစို့''

သည့်နောက် ဆရာရသေ့နှင့် ရှင်ပျို့တို့ဟာ ရှေ့ရှုစူးနဲ့ ဝဲယာကို မျက်နှာမူပြီး မန္တန်များကို အချိန်အတန်ကြာ ရွတ်လိုက်ကြတယ်။

အတန်ကြာတော့ ရှင်ပျို့က လက်ကာပြီး ရပ်နိုင်းလိုက်တယ်။

''ပြေးကုန်ပြီ ... အားလုံးပြေးကုန်ပြီ''

''ပြေးကုန်ပြီ ... ဆရာအရှင်''

''ပြောပါ ... ရှင်ငယ်''

''ဆရာအရှင်ရဲ့ မန္တန်ကလည်း တယ်စွမ်းပဲကိုး''

ရှင်ပျို့ရဲ့ စကားကြောင့် ဆရာရှင်ရသေ့ကြီး ကျေနပ်သလို ရှိသွားတယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



''အချို့သော မိစ္ဆာနတ်ဆိုးတွေက ကိုယ်ထင်မပြကြဘူး ... ဆရာ အရှင်။ ဘာလို့လဲဆိုတော့ သူတို့ခန္ဓာကိုယ်က အတ္တဘောကြီးတွေမို့ပဲ။ မစိုးရိမ်ပါနှင့်''

''ကိုယ်တော် ...''

''အမိန့်ရှိပါ ... ဘုရင်မကြီး''

''သူတို့က သီရိခေတ္တရာက လွှတ်လိုက်တာလား''

''ဒါလည်း ဖြစ်နိုင်ပါတယ် ဘုရင်မ။ နောက်တစ်ချက်က ပရသား အချင်းချင်းမှာလည်း တစ်ဦးစားနေရတာ၊ ကောင်းစားတာကို မနာလိုတာ မျိုး ရှိပါတယ်။ ပြီး ကြီးနိုင်ငယ်ညှဉ်းဝါဒကလည်း ပရလောကမှာ ရှိတယ်။ သူတို့လိုချင်တဲ့အကျိုးကို မရလို့ လာရောက်နှောင့်ယှက်ကြတာပါ။ မစိုးရိမ် ပါလင့်။ ကိုင်း ... အပေါ်ကိုတက်ပြီး ကြည့်ရအောင်။ နောက်တစ်ခါ သူ တို့ မလာရအောင် ကျွန်ုပ် ရေစည်း၊ သဲစည်း ချပေးပါ့မယ်''

ဒီလိုနှင့် ဒုတိယမြောက်တံခါးကို ဖွင့်ပြီး နောင် သူတို့သုံးဦး မဟာ အတုလစည်တော်ကြီးရှေ့မှောက်ကို ရောက်ခဲ့ကြတယ်။

အတုလစည်တော်ကြီးကို ကြည့်ပြီး ရှင်ပျို အလွန်အံ့သြလို့ သွား ခဲ့ရပါပကော။

ကြည့်စမ်း ...

ပျုယောက်ျားကြီးနှစ်ဦး လက်လေးချောင်းဆက်အထိမျှ အလုံး အဝန်းရှိတဲ့ စည်တော်ကြီး။

မျက်နှာကတင် လက်နှစ်ဖက်ဆက်ထိမက ကျယ်ဝန်းလှပြီး စည် ကိုကျက်ထားတဲ့ သားရေသား ခါးပတ်ကြီးတွေကို ရွှေချထားတယ်။

စည်ဝ မျက်နှာပြင်ပေါ်မှာ အင်းကွက်တွေက အမျိုးမျိုးပဲ။ စက် ဝိုင်းသင်္ကေတန်၊ လေးထောင့်သင်္ကေတန်၊ တြိဂံသင်္ကေတန် ခက်ခဲနက်နဲလှတဲ့ ရှေး စာတွေနဲ့ ရေးထိုးထားတာပါကလား။





ပြီး ... မန္တန်ကဲ့သို့သော စာသားတွေက စည်သားရေမျက်နှာဝ တ်ပတ်လည်မှာ စက်ဝိုင်းသင်္ကေတန်၊ စက်ဝိုင်းကြီး၊ စက်ဝိုင်းလတ်၊ စက် ဝိုင်းသေး သုံးကွင်းရေးထားတာကို။

အသေအချာကြည့်လိုက်တော့ စည်တော်ကြီးရဲ့ သစ်သားကိုယ် ထည်ပေါ်မှာ နတ်ရုပ်တွေ၊ ဘီလူးရုပ်တွေ၊ နတ်စစ်သည်ပုံတွေကို ထွင်း ထုံးထားပြီး ရွှေချထားတာကို အံ့ဖွယ် မြင်တွေ့ရတယ်။

စည်ကြီးကို နယားဦးခေါင်းပါ ရွှေပိန်းချ ရုပ်လုံးကြွ သစ်သားတိုင် ကြီး နှစ်တိုင်ပေါ်မှာ သံချိတ်ကြီးနဲ့ ချိတ်ထားတယ်။

ခန့်ညားထည်ဝါလိုက်တာ။

စည်မျက်နှာဝကို အုပ်ထားတဲ့ ပန်းကုံးစွပ်တွေကလည်း အင်းကွက် တွေ အစီအရီနဲ့။

အလွန်ကို ထူးဆန်းတဲ့ စည်ကြီးပဲ။

''ကိုယ်တော် ... စစ်ဆေးကြည့်ပါ''

ရှင်ပျိုက အတုလစည်တော်ကြီးရှေ့မှာ ရပ်ပြီး လက်နှစ်ဖက်ကို ည်မျက်နှာရှိရာ ဆန့်တန်းလို့ မျက်စိမှိတ်ပြီး အာရုံခံလိုက်တယ်။

ပန်ထွာဘုရင်မကြီးနဲ့ ရှင်ရသေ့တို့ကလည်း ရှင်ပျို့ရဲ့ အပြုအမူကို ျက်တောင်မခတ် အကဲခတ် စိုက်ကြည့်နေကြတယ်။

ရှင်ပျို့ရဲ့နှုတ်ကနေ ဟိန္ဒူ ဗြဟ္မဏဆရာကြီးများ ရွတ်တဲ့ မန္တန် တို့လို။

ပုဏ္ဏားတော်ပုရောဟိတ်ကြီးများ၊ နတ်မင်းကြီးကို ပင့်ဖိတ်သည့် ခါရွတ်သည့် ပါဠိဂါထာလိုလို၊ မန္တန်လိုလိုများကို ဟိန်းနေတဲ့အသံနဲ့ ရွတ် ဆိုတယ်။

ပြီးနောက် ...

အတုလစည်တော်ကြီးရဲ့ မျက်နှာဝဖောင်းရင်ပေါ်ကို ရှင်ပျိုက ၁၃ လက်နဲ့ အသာ တရွေ့ရွေ့ ဖြည်းဖြည်းတင်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ရှင်ပျို့ရဲ့ညာလက်က တဆတ်ဆတ်တုန်၊ ဖျတ်ဖျတ်ခုန်သလို တုန်ခါနေတာ၊ ရှင်ပျို့က မျက်စိကိုမှိတ်ပြီး မန္တန်တွေပဲ အဆက်မပြတ် ရွတ်နေတယ်။ စည်ကြီးလည်း အနည်းငယ် ယိမ်းထိုးလာတယ်။

ရှင်ပျို့ရဲ့လက်ဝါးဟာ ထိလိုက် ကြွလိုက်။

ရှင်ပျို့က လက်ဝါးကို ရှေ့တိုးနောက်ငင် လုပ်လိုက်၊

မကြာခင် ယိမ်းထိုးတဲ့ စည်ကြီး ငြိမ်ကျရပ်သွားခဲ့တယ်။

ပြီး ... ရှင်ပျို့က စည်မျက်နှာပြင်ပေါ်က အင်းကွက်တွေကို သူ့ခန္ဓာကိုယ်နဲ့ ကွယ်လို့ လက်သည်းနဲ့ပျက်အောင် ခြစ်လိုက်ပြီး ...

''ဘုရင်မကြီး ...''

''ကိုယ်တော် ... အရှင်''

''အတုလစည်တော်ကြီးရဲ့ အင်းစောင့်တွေက ပူးတုံ့ခွာတုံ့ ဖြစ်နေကြတယ်''

''ဘယ်လို အဓိပ္ပာယ်ပါလဲ ဘုရား''

''ဘုရင်မကြီး ... ဒီစည်ကြီးရဲ့ မျက်နှာဝကို နံ့သာမျိုးတွေနဲ့ ပက်ထားမဟုတ်လား။ ဒီမှာ အင်းကွက်တွေ ဆေးပျက်နေတယ်''

''မှန်ပါ ... သပြေပန်းကို နံ့သာမျိုးတွေစိမ်ပြီး စည်ပေါ်က အင်းစောင့်များကို ပက်နှိုးမိဖူးပါတယ် ဘုရား''

''အဲဒါ နည်းနည်းမှားသွားပြီကိုး''

''ရှင် ...''

''စည်မျက်နှာပြင်ပေါ်က အင်းတွေ၊ နံ့သာရည်ထိပြီး ကွယ်ပျက်ကုန်တော့ အင်းဖျက်ပစ်သလို ရှိသွားတာပေါ့။ ဒါကြောင့် အင်းစောင့်တွေကို ခေါ်ကြည့်တော့ ပူးတုံ့ခွာတုံ့ဖြစ်နေတယ်။ အင်းပျက်ရင် အင်းစောင့်ပါပျက်ကရော .. ဘုရင်မကြီး။ အင်းဆိုတာ မပျက်ရဘူး၊ မမှိန်ရဘူး၊ မပေါက်ရဘူး၊ မစောင်းရဘူး၊ မကျိုးရဘူး။ ရှင်းရှင်းပြောရရင် အင်းစောင့်အချို့





ဆေးကို ပြန်ခွာသွားကြပြီ။ ကျန်တဲ့အင်းစောင့်က မနိုင်တော့ဘူး။ ဒါကြောင့် ...က အလစ်ချောင်းနေတဲ့ မကောင်းဆိုးဝါး ပရသားတွေ ဒီဝန်းကျင်မှာ ...နေရာယူဖို့ ချောင်းနေတာ''

''အဲဒါဆိုတော့ ဘယ်လိုဖြစ် ...''

''ခုနေမှာ ... ဘယ်နိုင်ငံက ရန်သူဖြစ်ဖြစ်၊ ဗိသနိုးကို ချီတက် ...လို့ ရနေပြီ''

''ဟင် ...''

''ဒီစည်တော်ကြီးမှာ အင်းစောင့် မစုံတော့ဘူး။ အင်းစောင့်တွေ ... လုံမှ။ မယုံရင် ဘုရင်မကြီး ဒီစည်တော်ကြီးကို တီးခတ်ကြည့်ပါ။ ရန် ...ကောင်းကင်မှာ မိုးကြိုးလေကြိုး လုံးဝမကျရဘူး။ ကျွန်ုပ်ပြောသလို ...တ်ဘဲ မိုးကြိုးလေကြိုး ကျလာခဲ့ရင် ကျွန်ုပ်ကို အဆုံးစီရင်လိုက်။ ...ပ် ရဲရဲအာမခံတယ်''

ပန်ထွာဘုရင်မရဲ့ မျက်နှာပေါ်မှာ စိုးရိမ်စိတ်တွေ လွှမ်းမိုးသွား ပြီး ...လည်း ကတုန်ကယင် ဖြစ်သွားခဲ့တယ်။

''ကိုယ်တော် ... ဒါ ... ဒါဆို ... အတုလစည်တော်ကြီး နဂို ... ဂမ္ဘီရတန်ခိုးစွမ်းအင်တွေ ပြန်ရှိအောင် ဘယ်လိုလုပ်ရမှာလဲ ဟင် .. ... လို့''

''ပြင်မှ ရမှာပဲ။ ပြင်ရမယ်ဆိုရာမှာ အင်းတွေ ပြန်အသစ်စီရင်ပြီး ... ချုပ်အင်း၊ တိုက်အင်း၊ ခံအင်းတွေနဲ့ အလုံလုပ်ရမှာပဲ။ နေဦး .. ...မကြီး၊ ကျွန်ုပ် စစ်ဆေးလိုက်ပါဦးမယ်''

ရှင်ပျို့က သို့ကလိုပြောပြီး မဟာအတုလစည်တော်ကြီးရဲ့ သားရေ ...နှာပြင်ကို လက်သည်းနဲ့ ထပ်ခြစ်ကြည့်လိုက်တယ်။

ဒီလိုခြစ်လိုက်တော့ ရှိပြီးသား အင်းကွက်တွေပေါ်မှာ လက်သည်း ...တွေ တင်ကုန်ရော။

အမှန်က ရှင်ပျို့က တမင်လုပ်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့လဲဆိုတော့ ဒီတကောင်းရှင်ပျိုက ရဟန်းအစစ် မဟုတ်ဘူး။ နန္ဒင်းဆိုးသင်္ကန်းကို ဟန်ဆောင်ဝတ်ထားတဲ့ ရှင်ယောင်။

သီရိခေတ္တရာမင်း ဒွတ္တဘောင်ရဲ့ အစီအမံနဲ့ ရဟန်းရှင်ယောင်ဆောင်နေတဲ့သူလျှို။

အခု သူလျှိုရှင်ယောင် ပန်ထွာဘုရင်မရဲ့ မဟာအတုလစည်တော်ကြီးရှေ့မှောက်ကို ရောက်ပြီး စည်တော်ကြီးပေါ်က နဂိုအင်းတွေကို လက်သည်းနဲ့ခြစ်ပြီး ပထမ ဖျက်နေတာ။

ဒါကို ပန်ထွာဘုရင်မကြီးလည်း ခပ်လှမ်းလှမ်းမှာ ရပ်ကြည့်နေလို့ မရိပ်မိဘူး။

နန်းဦးရှင်ရသေ့လည်း မျက်စိမှုန်လို့ မမြင်ရှာဘူး။

ရှင်ရသေ့ကြီး ထင်နေတာက ဒီတကောင်းကလာတဲ့ ရှင်ယောင်ဟာ ဂမ္ဘီရပညာရော၊ ဗေဒင်၊ လက္ခဏာ၊ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့မှာ မိမိထက်ရော၊ သမီးတော် ဘုရင်မကြီးထက်ပါ ပိုမိုတတ်ကျွမ်းနားလည်သူ ပညာရှင်လို့ ထင်နေတာ။

အမှန်က ဒီရှင်ယောင်က တကောင်းပြည်သား မဟုတ်ဘူး။

သီရိခေတ္တရာက လူလိမ်သူလျှို။

သို့သော် ရှင်ယောင် (ရှင်ပျို) က ဟိတ်ဟန်မှင်မောင်း အလွန်ကောင်းတော့ ဗိဿနိုးမြို့သူမြို့သား ရွာသားရွာသူများသာမက ပန်ထွာဘုရင်မကြီးကပါ လေးစားယုံကြည်တာပေါ့။

အဲဒီ ယုံကြည်ကိုးစားမှုကိုက ပန်ထွာပြည်ကြီး ပျက်ဖို့ အစပြုတဲ့ကိန်းပဲ။

''တွေ့လား ... ဘုရင်မကြီး၊ အင်းဆေးတွေ မနိုင်တော့ဘူး အဲဒါကို 'အင်းကျွ' တယ်၊ 'အင်းခွာ' တယ်လို့ ခေါ်တယ်။ ဆိုလိုတာက အင်းစောင့်တွေ ဒီစည်ပေါ်မှာ မပျော်ပိုက်လို့ ခွာကုန်တာ။ နောက်တစ်





[illegible]ကျ် စည်သားရေပဲ။ မတီးဘဲနေရင် စည်ကြိုးလျှော့ပြီး သားရေရှုံ့တွန့်လေ့ရှိတယ်။

ရှင်းရှင်းပြောရရင် အတုလစည်ကြီးရဲ့ စည်သားရေကို တင်းအောင်ပြန်ကျက်ရမယ်။ ကြိုးတွေ တင်းရမယ်။ တန်ခိုးကြီး အင်းသစ်ပြန်ရေးပြီး အင်းစောင့်တွေ ပြန်ခေါ်အပ်ရမယ်။ စည်လုံးဝန်းကို သစ်စေးသုတ်ပြီး ရွှေပိန်းသစ် ပြန်ချရမယ်။ နံ့သာမျိုးကိုးပါးနဲ့ မပေါက်ဖျန်းဘဲ အငွေ့နဲ့ ပူဇော်ရမယ်။ ဒီမှ ရေရှည်ခံမှာ။

ပြီးတာနှင့် ဘုရင်မနှင့် ကျွန်ုပ်ကိုယ်တိုင် ဆီမီး၊ ပန်းမန်၊ အမွှေးနံ့သာ (၉) ပါး၊ ပန်းကိုးမျိုး၊ သစ်သီးကိုးမျိုးနှင့် ကိုးရက်တိုင်တိုင် ပူဇော်စိတ်၊ အဓိဋ္ဌာန်ဝင်လို့ အင်းစောင့်များကို ပင့်ရမယ်။ အင်းစောင့်များကို အဓိဋ္ဌာန်ပြီး ပွဲကနားကြီးပေးပြီး အင်းစောင့်များ ပျော်အောင်ရွှင်အောင် ကိုးရက်ပြည့်၊ ဆယ်ရက်မြောက်သောနေ့မှာ ပျော်ပွဲရွှင်ပွဲကြီးများ ကျင်းပပြုလုပ်ရမယ်။

ပြီး အမိ၊ အဘ၊ ဘိုးဘွား၊ ကျေးဇူးရှင်တို့အား နံ့သာရည်၊ စားဖွယ်များ အဝတ်တန်ဆာများ ပေးလှူရမယ်။ မြို့စောင့်နတ်များ၊ နယ်စောင့်နတ်များ၊ တောစောင့် တောင်စောင့် မြစ်စောင့် အင်းစောင့်နတ်များနှင့်တကွ [illegible]မိုး၊ ရက္ခစိုးတို့ပါမကျန် ဗလိနတ်စာ ကျွေးမွေးလှူဒါန်းရမယ်။ သို့ကလို [illegible]ဖွယ်ကောင်းမှုအစုစုကို လုပ်ပြီးတာနှင့် ဤမဟာအတုလစည်တော်ကြီးကို ဘုရင်မကြီးတီးခတ်ပါက စည်တော်ကြီး၏မြည်သံကို အတိုင်းတိုင်း အပြည်ပြည်ကပါ ကြားရပါလိမ့်မယ်။

စည်ကြီးကို ဘယ်လက်နှင့်တီးက မိုးသေးမိုးမွှား၊ လေစလေမွှား၊ [illegible]ကောင်းမိုးသန့်တို့ ရွာပြီး ကောက်နှံစပါး၊ ပဲပြောင်း၊ သစ်ဥသစ်ဖုတို့ [illegible]ထက်ထမ်းပိုး တိုးလာလိမ့်မယ်။

ရွှေမိုးငွေမိုးများ ရွာပြီး တိုင်းပြည် သာယာဝပြောလိမ့်မယ်။

မဟာအတုလစည်တော်ကြီးကို ဘုရင်မ၏ညာလက်နှင့် တစ်ချက်[illegible]တ်လိုက်သော် ကောင်းကင်မှာပျံနေသည့် ငှက်ကြာရထား၊ မိုးပျံလူသား[illegible]ရှာန်ပျံတို့ မြေကြီးပေါ်ကို ပျံရင်းက ပြုတ်ကျပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



စည်မျက်နှာပြင် အလယ်ဗဟိုစည်ချက်မကို သုံးချက် တီးခတ်
က လေကြီးမိုးကြီးများ ကျလာပါလိမ့်မယ်။ တောင်အရပ်ကို ရည်ညွှန်း
က တောင်အရပ်မှာ ကျပါလိမ့်မယ်။ မြောက်အရပ်ကို ရည်ညွှန်းပြီး တီး
မြောက်အရပ်မှာ လေကြီးမိုးကြီး ကျပါလိမ့်မယ်။

စည်တော်ကြီး၏ချက်မကို ဘုရင်မညာလက်သီးဆုပ်နှင့် လက်
ရစ် ကိုးကြိမ်ရစ်အုပ်ပြီး ရန်ပယ်အရပ်ကို ရည်ညွှန်းဆုတောင်း၍ တီးခတ်
က လေကြီးမိုးကြီး၊ မိုးကြိုးကြီး၊ လျှပ်စစ်မီးကြီး ကြောက်လန့်ဖွယ်ရာ ကျ
လိမ့်မယ်။ မိုးကြိုးကြီး (၉) ပါးသည် မီးလုံးမီးလျှံနှင့်တကွ မြေပြင်မှာရှိသ
ကို လောင်ကျွမ်းပါလိမ့်မယ်။ လက်ဝဲနှင့် ငါးချက်တီးခတ်သော် အဟုန်ပြ
လှသော တောင်ကျရေနှင့် ပိန်းပိတ်မည်းမှောင်သော မိုးတို့သည် ဝါးလုံး
ဝက်ခေါင်းထိုးရွာပြီး လှိုင်းတံပိုးကြီး သုံးပါးဖြစ်သည့် ...

(၁) မဟိန္ဒာဝိစိ ... ယူဇနာ ခြောက်ဆယ်တိုင် အောင်တ
သည့် လှိုင်းတံပိုး၊

(၂) ဂင်္ဂါဝိစိ ... ယူဇနာ ငါးဆယ်တိုင်အောင်တက်သ
လှိုင်းတံပိုး၊

(၃) ရောဟနဝိစိ ... ယူဇနာလေးဆယ်တိုင်အောင် အထ
အရပ်သို့ အလှိုင်းလှိုင်း တက်လွန့်လူးသည့် လှိုင်းတံ
ကြီးများ ကျရောက်ပြီး ရန်သူအားလုံး ချေမှုန်းပစ်
အတိုင်းတိုင်း အမင်းမင်းတို့ စိုးရိမ်ကြောက်ရွံ့၍ ဘုရင်
ခြေဖဝါးအောက်သို့ ဝင်ရောက်ခိုလှုံခစားကာ ရွှေ
ရတနာ သမီးကညာ၊ သားကညာ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား
ရတနာမျိုးတို့အား မပြတ်မလပ် ဆက်သရောက် ရှိ
မည်မှာ ကေန်မလွဲပါ ... ဘုရင်မကြီး။ အကယ်၍ အ
အယုတ်ဘက်ကို ရွေ့လျားနေသည့် ဤအတုလစည်ကြ
အား မပြုမပြင် မစီရင်သော် ...''

---

စိတ်ကူးသစ်စာပေ



''ဘာ ... ဘာဖြစ်နိုင်လဲ ... ကိုယ် ... တော် ... ဟင် ...
င်''

ဘုရင်မ အရမ်းစိုးရိမ်ကြီးနေတယ်။

အလွန့်ကို သိချင်စိတ် ပြင်းပြနေတယ်။

''မပြုမပြင် မစီရင်ဘဲ ယခုအတိုင်းသာ ထားရှိပါက တစ်လ
အတွင်း ဤစည်တော်ကြီး၏ သားရေမှာ စိုးဝါးနံဟောင်သည့် အပုပ်နံ့များ
က်ပါလိမ့်မယ်''

''ဟင် ...''

''တိုင်းပြည်မြို့ရွာအတွင်း မမြင်အပ်သော ပရသားများ၊ နတ်ဆိုး
များ အမျိုးမျိုး ခြောက်လှန့်ပြုစားလို့ လူတိရစ္ဆာန်အများ ကြောက်လန့်ငို
ကြွေး မီးဘေး၊ သူခိုးဘေး၊ ရောဂါဘယဘေးဆိုးများ ကြုံရပါလိမ့်မယ်။
မြို့တွင်း ရွာတွင်း မီးကြီးလောင် အငတ်ဘေးကြီး ကြုံဖို့ မိုးခေါင်ပါလိမ့်
မယ်''

''ဘုရား ... ဘုရား ...''

''သည့်ထက်ဆိုးသည်က အခြားတိုင်းတစ်ပါးက ရန်သူတို့ကို ဤ
စည်ကြီးက တန်ခိုးကျဒ္ဓိပြ၍ မတွန်းလှန်နိုင်ဘဲ ရန်သူများ အလုံးအရင်းနှင့်
ဝင်ရောက်တိုက်ခိုက်သည့်အတွက် ပန်ထွာတိုင်းပြည်ကြီး အလုံးစုံပျက်စီးပြီး
သိမ်းမြို့ကြီး သွေးချောင်းစီး၍ မြို့ကြီးရွာကြီးများ မှုန်မှုန်ညက်ညက်
ကြေမည် ... ဘုရင်မကြီး''

''အို ... ဘုရား ... ဘုရား ... ကြောက်စရာ ကောင်းလှချေ
သား။ အဖ ... အဖ ... ဖ ရသေ့ ...''

''ဘုရင်မကြီး ...''

''ဘယ်လို ... လုပ်ရမလဲ ဟင်။ သမီးတော် ဘယ်လိုလုပ်ရမှာ
... အဖ ... ဟင် ... ဟင် ... အကြံပေးပါဦး ... အဖရယ် ...
ဟင်''

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နန်းဦးရသေ့အိုကြီးခမျာမှာလည်း ရှင်ပျို (ရှင်ယောင်) ရဲ့ ဟော ချက် ပြောချက်များကို ကြားရပြီး ပန်ထွာရဲ့အနာဂတ်ကို တွေးလို့ အလွ စိုးရိမ်ပူပန်စိတ်ဟာ ဘုရင်မကြီး ပန်ထွာနည်းတူ ဖြစ်နေတယ်။

"ရှင်ငယ် ..."

"ဆရာအရှင် ..."

"ခုပြောတာတွေဟာ ကေန်အမှန်ဖြစ်မှာ သေချာသလား ... ရှင်ငယ်"

"ဆရာအရှင် ... တပည့်တော် ဤပန်ထွာမှာပင် ဦးခေါင်းချ သေတပန် သက်ထက်ဆုံး တရားကျင့်ကြံနေထိုင်သွားဖို့ ရွှေရောင်တော်ဘုရား မှာ သစ္စာပြုပြီးဖြစ်ပါတယ်။ ဘုရားရှင်၊ ဆရာအရှင်နှင့်ရော၊ ကျေးဇူးရှင် ပန်ထွာဘုရင်မကြီး ရှေ့မှောက်မှာ ကောင်းတူဆိုးတူ နေထိုင်သွားမည်ဖြ ပါတယ်။ မဟုတ်မမှန်ကို လိမ်ညာပြောဆိုသည်ဟု ကျွန်ုပ် ဟောပြောသည့် အတိုင်း ကေန်မဖြစ်ခဲ့ပါက ကျွန်ုပ်ကို ကျားစာ၊ သစ်စာ ကျွေးလိုက ကျွေး၍ အဆုံးစီရင်ပါ အရှင်"

"ဟူး ..."

"ဘယ်လိုလုပ်သင့်ပါသလဲ ... အဖရယ် ဟင်။ မြန်မြန်ပြောပါ အဖရဲ့။ သမီး ရန်သူတွေကို အနိုင်ရမှဖြစ်မှာလေ"

"သည်အတိုင်းဆို ပြန်လည်ပြုပြင် စီရင်မှ သင့်ပေမှာပေါ့ ... သမီးတော်"

"ကိုယ်တော် ..."

"ပြောပါ ... ဘုရင်မကြီး"

"ဒီ ဂမ္ဘီရအစီအရင်သစ် အတတ်များကို ကိုယ်တော် စီရင်နိုင် စွမ်းရှိပါသလား ... ကိုယ်တော်"

"ဘုရင်မကြီး ... ကြိုက်ရာ အစောင့်အကြပ်များရဲ့ ရှေ့မှောက် ဘုရင်မကြီးရဲ့ ရှေ့မှောက်မှာ လက်တွေ့စီရင် လုပ်ပြပါ့မယ်။ ပြီးရင် ဘုရင်မ





ကိုယ်တိုင် တီးခတ်၍ ကျွန်ုပ်ပြောတာ ဟုတ်မဟုတ် လက်တွေ့ စမ်းသပ် ဆေးတော်မူပါ။ ဘုရင်မကြီးလည်း ဂမ္ဘီရအတတ်ကို နားလည်သိရှိသူပါ။ ပြီးမှယုံပါ"

"ကောင်းပါပြီ။ ဒါဆို ပြုပြင်စီရင်ရမှာပေါ့။ ဘယ်နေ့ ဘယ်ရက်မှာ စီရင်သင့်ပါသလဲ ... ကိုယ်တော်"

"ကျွန်ုပ် ... ကောင်းကင်နက္ခတ်၊ အချိန်အခါ၊ စန်း၊ ကြွင်း၊ နဝင်း၊ ဆန်း ... 'အခါ' ကောင်းတို့ကို သေချာစွာ တွက်ချက်ပြီးမှ စီရင်ပါ့မယ်။ နောက်တစ်ချက် မဟာအတုလစည်တော်ကြီး ပြန်လည်ပြုပြင်စီရင်သည်ကို ဘုရင်မကြီးတို့မှတစ်ပါး အခြားသူများ မသိပါစေလင့်"

"ဘာကြောင့်ပါလဲ ... ကိုယ်တော်"

"မတော်လို့ ... မဟာအတုလ ရန်ပယ်စည်တော်ကြီးကို ကျွန်ုပ် ကိုယ်တိုင် ဦးစီး၍ ဂမ္ဘီရအစီအရင်နှင့် ပြုပြင်နေသည့် လျှို့ဝှက်ချက်ကို အခြားသူတို့သိသွားပါက ဘုရင်မရဲ့ရန်သူ တိုင်းပြည်ကို အမြန်သွားရောက် အကြောင်းကြားခဲ့သော် ကျွန်ုပ်တို့ ဘယ်လိုမှ ခုခံနိုင်စွမ်း မရှိပါဘူး ... ဘုရင်မ။

တစ်ခါ ကျွန်ုပ်၏ ပညာဂမ္ဘီရအစွမ်းကို သိသူများက ရန်သူတို့ အတွက် ကျွန်ုပ်ကို မပြုပြင်နိုင်ရန် လုပ်ကြံခဲ့သော် ဘုရင်မကြီးရဲ့ အကျိုး တော်ကို ကျွန်ုပ် မည်သို့ အဆုံးတိုင် ကာကွယ်ပေးနိုင်မှာလဲ .. ဘုရင်မ"

"ကောင်းပါပြီ ... ကိုယ်တော်၊ ကျွန်ုပ်ရယ်၊ အဖရယ်၊ လူရင်း သုံးယောက်ကလွဲရင် မည်သူမျှ မသိစေရအောင် ကျွန်ုပ် လျှို့ဝှက်ထားပါ့မယ်"

"သာဓု ... သာဓု ... သာဓု ... ဘုရင်မကြီး သက်တော်ရာ ကျော် ရှည်ပါစေ။ ဘုန်းတန်ခိုးကြီးမြတ်စွာဖြင့် တိုင်းပြည်အုပ်ချုပ်နိုင်ပါ စေ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၄၀ ]

❑

အဲဒီအချိန်မှာပဲ ဗိသသနိုးမြို့တွင်းမှာလည်း တိုက်တိုက်ဆိုင်ဆိုင် တဘောင်အဆန်း သီချင်းလင်္ကာအဆန်းတွေ ပေါ်နေပါရော။

''အတုလစည်တော် ... မပြင်သော် ...
ရန်ပေါ်မီးတောက် မိုးထိမည် ...
''အတုလစည်ကြီး ပြင်လို့ပြီး ...
ရန်မီးငြိမ်းစေ၊ သက်တော်ရှည် ...
''အတုစည်သံ မြည်ဟီးသံ ...
ပန်ထွာဘုန်းကြီး ထီးဆောင်းမည် ...
''ဒွတ္တဘောင်ရန် ပန်ထွာနိုင် ...
စည်တော်မိုးသို့ ခြိမ်းလိမ့်မည် ...
''စည်တော်တီးသံ စပါးကောက်နှံ
ကျောက်သံပတ္တမြား ဖြိုးမောက်မည် ...
ရှင်ငယ် မ,လို့ ဘုန်းတောက်မည် ...
ပန်ထွာ မိုးလောက်မြင့်လိမ့်မည် ...





အဲဒီလို ထူးဆန်းတဲ့ တဘောင်တွေကို ဗိသသနိုးမြို့ထဲမှာရော၊ ကျေးလက်တွေမှာပါ ကလေးလူကြီးမကျန် ရွတ်ဆိုနေကြတယ်။

အချို့က သီချင်းလိုလုပ်ပြီး ဆိုကြလေရဲ့။

လယ်သမား၊ ယာသမား၊ နွားကျောင်းသား၊ ဈေးသည်ဈေးဝယ် များဟာ အဲဒီတဘောင်တွေကို ရွတ်ဆိုပြီး အမျိုးမျိုး ပြောဆိုဝေဖန်ကြ။

ညအခါ လသာသာ ရေနွေးကြမ်းဝိုင်းမှာ တဘောင်တွေရဲ့ အဓိပ္ပာယ်ကို ကိုယ့်အတွေးနဲ့ကိုယ် ဖော်ကြပေါ့။

''အတုလစည်ကို မပြင်ရင် ရန်မီးက မိုးထိတောင် တက်မယ်ဆို ပါလား ... ကိုရင်ဟာရို့ရေ''

''ဟုတ်ပ ... ကိုရင်ရယ်၊ စည်ကြီးက ပသို့ဖြစ်လို့တုံးတဲ့''

''စည်တော်ကြီးသားရေကို ကြွက်ကိုက်လို့တဲ့''

''သားရေပဲ ကြွက်က ကိုက်မှာပေါ့ ... ကိုရင်ငဲ့''

ဒီမှာ တောင်းနီး၊ ဆန်ကော ဈေးသည်ကြီးက ...

''ဒီလိုရှိတယ် မဟုတ်ရော ... ကိုရင်၊ ပန်ထွာဘုရင်မကြီးက ကြာသပတေးသမီးဆို ဟုတ်တည်း ... ကိုရင် ဟင်''

''ကြာသပတေးလို့ ပြောကပ်ပါဗျာ''

''ကြာသပတေးဆို နေ့နံက ကြွက်ပေါ့ဗျ''

''ပဇာဖြစ်တုံး ဈေးသည်ကြီးရယ်''

''ဗိသနိုးကရော ကြာသပတေး မဖြစ်နိုင်ဘူးလား''

''ဖြစ်ရော ပသို့ဖြစ်မယ်တဲ့တုံး ... မောင်ရင်ဆန်ကောရဲ့''

''ကြာသပတေးသုံးခု ဆက်နေတာ ကက်ကင်းဗျ''

''အံမယ် ... ကက်ကင်းဆိုရော ချက်ချင်း ဘာဖြစ်မှာတုံး ... ဆန်ကောရ''

''ဗေဒင်သဘောမှာ ကက်ကင်းကျရင် ပျက်ကွင်း စရော်တဲ့ ကောင်းဘူး''



www.burmeseclassic.com

www.burmeseclassic.com



"အလိုကွယ် ... ကိုရင်ဆန်ကောက ဗေဒင်ဆရာနဲ့ တူရဲ့ဟဲ့"

"လုပ်ပါဦး ... ကိုဗေဒင်ဆန်ကောရ ... ပြောပါ"

"ကက်ကင်းကျရင် ရန်ကိန်း၊ တိုက်ကိန်း၊ ပျက်ကိန်းတဲ့၊ သားရေကို ကိုက်တဲ့ကြွက်က ဒါ ကျူးကျော်စော်ကားတာ။ ပန်ထွာကိုလည်း ကြာသပတေးကြွက်လို့ ယူရင် ဗိသနိုးကိုလည်း ကြာသပတေးကြွက်လို့ ယူရင် ကြွက်သုံးကောင် ရန်ကိန်းဗျ"

"ဒါဆို ဘာလုပ်မတုံး ... ကိုရင်ဆန်ကော၊ အမြန်ပြောပဦးဟ"

"အတုလစည်ကြီး ပြင်လို့ပြီး ...
ရန်မီးငြိမ်းစေ ... သက်တော်ရှည်ဆို မဟုတ်လား"

"ဟုတ်ပကော ... မြို့ထဲ ဆိုနေကြပလဲလေ"

"စည်ကြီးကို ပြင်သင့်တာပေါ့ဗျာ။ ပြင်ပြီးရင် အတွင်းရန် အပြင်ရန် ငြိမ်းပြီး ဘုရင်မကြီး သက်တော်ရှည်လို့ ဆိုသကိုး"

"ဟုတ်ပဗျာ ... ကိုရင်ဆန်ကောပြောတာ သဘာဝတော့ ကျသားဗျ။ ရှိသေးတယ်ဗျ။ စည်တော်တီးသံ၊ စပါးကောက်နံ့၊ ကျောက်သံ၊ ပတ္တမြား ဖြိုးမောက်မည်တဲ့ ... မကောင်းဘူးလားဗျာ"

"နိမိတ်ကောင်းပဲပေါ့ ... ကိုရင် ဝိဇ္ဇာ"

"ရှိသေးတယ်ဗျာ ... ရှင်ငယ် မ,လို့ ဘုန်းတောက်မည်တဲ့။ အဲဒါ ဘာကိုပြောတာတုံး ... ကိုရင်ဆန်ကောရဲ့၊ သိရင် လင်းစမ်းပါ"

"ရှင်ငယ် ... အင်း ... ရှင်ငယ် မ,လို့ ဘုန်းတောက်မည်ဆိုတော့ အင်း ... အင်း ... ဟိုး ရှင်ပျိုများလား မသိဘူးဗျ"

"ပသူတုံး ... ကိုရင်"

"ဗေဒင်ဟောတာမှန်တဲ့ တကောင်းရှင်ပျိုလေးလေ"

"အေး ... ဟုတ်ပကောဟာ ... ဟုတ်သပေါ့ဟ။ ဒီ တကောင်း ရှင်ပျိုကို ပြောသာနေမဟာ။ ရှင်ပျိုကလည်း ပညာစုံလို့ဟ"





အဲဒီလို ရပ်ထဲ၊ ရွာထဲ၊ မြို့ထဲ၊ ဈေးထဲ၊ ရေဆိပ်၊ လှေဆိပ် ပြောဆိုဝေဖန်နေကြတဲ့ တဘောင်စကားသံတွေကို တပ်မှူး သျှိဝ ကြားရဖန်များတော့ စုံစမ်းလေ့လာပြီး ဘုရင်မပန်ထွာထံ ဝင်ရောက်ခစား လျှောက်ထားတင်ပြခဲ့တယ်။

"တဘောင်တွေ ပေါ်နေ ရွတ်ဆိုနေ ... ဟုတ်လား ... သျှိဝ"

"ဟုတ်ပါတယ် ... သခင်မ၊ အတန်ကြာနေပါပြီ ဘုရား"

"ဘယ်လိုတဘောင်များလဲဆိုတာ လျှောက်တင်စမ်းပါဦး ... သျှိဝရယ်"

"မှန်ပါ ဒီအရပ်ထဲ မြို့ထဲ ပေါ်နေတဲ့ ရွတ်ဆိုနေတဲ့ တဘောင်များကတော့ ..."

"အတုလစည်တော် မပြင်သော် ...
ရန်ပေါ်မီးတောက် မိုးထိမည်ပါတဲ့ သခင်မ"

"ဟေ ..."

"အတုလစည်ကြီး ပြင်လို့ပြီး
ရန်မီးငြိမ်းစေ ... သက်တော်ရှည်တဲ့ ..."

"အလို ... တယ် ... ထူးပါလား ... သျှိဝရဲ့ ... ဆက်ပါဦးကွယ်"

"ဒုတ္တဘောင်ရန် ပန်ထွာနိုင် ..."

"စည်တော်မိုးသို့ ငြိမ်းလိမ့်မည်တဲ့"

"နိမိတ်ကောင်းစကားပါကလား ... ဝမ်းသာစရာပါလား ... သျှိဝရယ် ... ကျန်သေးရင် အမြန်လျှောက်စမ်း ... တပ်မှူးငယ်"

"စည်တော်တီးသံ ... စပါးကောက်နံ့ ...
ကျောက်သံပတ္တမြား ဖြိုးမောက်မည် ...
ရှင်ငယ် မ,လို့ ဘုန်းတောက်မည် ....
ပန်ထွာမိုးလောက် မြင့်လိမ့်မည်ပါတဲ့ ... သခင်မ"



www.burmeseclassic.com

www.burmeseclassic.com



''မောင်မင်းရယ် ... ဒီလို ကောင်းမွန်တဲ့ နိမိတ်တဘောင်စကားဘာလို့ နောက်ကျပြီးမှ လျှောက်တင်ရတာတုံးကွယ် ဟင်''

''လေ့လာတုန်းအခါမို့ပါ ... သခင်မ။ ဒါနဲ့ ... သခင်မ .. ကျွန်တော်မျိုး ... တဘောင်စကား မှန်၊ မမှန်တော့ မသိနားမလည်ပါဘူးဘုရား။ အမှန်တကယ်လည်း မဟာအတုလစည်တော်ကြီးက ပြုပြင်ရန်လိုအပ်ပါသလား ... သခင်မ''

ပန်ထွာဘုရင်မ တပ်မှူးသျှိဝရဲ့ အမေးစကားကို ဖြေရန် သင့်မသင့် စဉ်းစားတယ်။

မိမိလည်း တပ်မှူးသျှိဝကို ယုံကြည်တယ်၊ အားကိုးတယ်၊ ပြီးသူ့ကို သဘောကျနှစ်မြို့က်မိနေတယ်။

ဘုရင်မဆိုတဲ့ ဣန္ဒြေသိက္ခာကို ထိန်းပြီး ရာဇဣန္ဒြေနဲ့ နေနေရလို့သာ။ မိမိသာ အရပ်သူတစ်ဦး၊ သာမန် ဗိုလ်သနီးမြို့သူတစ်ဦး ဖြစ်နေရင် ...

''သျှိဝ ...''

''အမိန့်ရှိပါ ... သခင်မ''

''အခု သခင်မပြောသည့်စကား တပ်မှူးကလွဲရင် မည်သူ့ကိုမှမသိစေချင်ဘူး။ လျှို့ဝှက်စကားမို့ပါ''

''ယုံကြည်စိတ်ချတော်မူပါ ... သခင်မ၊ အမိန့်သာရှိတော်မူပါ''

''မဟာအတုလစည်တော်ကြီးကို ပြန်လည်ပြုပြင် စီရင်ရတော့မယ်''

''ဟင် ... မည်သို့သော အကြောင်းအရာကြောင့် ပြုပြင်စီရင်ရမှာပါလဲ ... သခင်မ''

''မဟာအတုလစည်တော်ကြီးကို စစ်ဆေးကြည့်တော့ အပြစ်အနာအဆာများ သွားတွေ့ရတယ် ... တပ်မှူး၊ ထိန်းကြိုးသားရေတွေ မှိုတက်ပြီး ကြိုးတွေလျှော့နေတယ်။ စည်ရဲ့ မျက်နှာပြင်အသားလည်း မတင်းတော့





သားရေနေရာတွေကို ကြွက်ကိုက်ထားတာတွေ့ရပြီး စည်မျက်နှာပြင်ပေါ် ဂမ္ဘီရအင်းတွေ ဆေးပျက် အင်းပေါက်၊ အင်းပျောက်၊ အင်းမှိန်၊ အင်းနွမ်းနေတယ်။ ဒါကြောင့် မဖြစ်မနေ ပြန်လည်ပြုပြင်ရမယ်''

''ကျွန်တော်မျိုး မေးလျှောက်ပါရစေ ... သခင်မ''

''မေးပါ ... သျှိဝ၊ သခင်မ ခွင့်ပြုတယ် ... မေးပါ''

''ဒီမဟာ၊အတုလစည်တော်ကြီးကို မည်သည့်ပညာရှင်များ ပြုပြင်စီရင်မှာပါလဲ ... သခင်မဘုရား''

''သခင်မရယ်၊ အဖရှင်ရသေ့ရယ်၊ တကောင်းရှင်ပျို့ရယ် ဝင်ရောက်စစ်ဆေးတော့မှ တကောင်းရှင်ရဲ့ ပညာအမြင်နဲ့ အပြစ်အနာအဆာတွေကို တွေ့ခဲ့ရတာ။ ဒီအစီအရင်တွေကို ပညာရှင်တကောင်းပျို့ဦးစီးပြီး ဂမ္ဘီရအစီအရင်တွေနဲ့ ပြန်လည်ပြုပြင်မှာပါ''

''သခင်မ ...''

''ပြောပါ ... သျှိဝ''

''တကောင်းရှင်ပျို့ကရော ထက်ထက်မြက်မြက် စွမ်းဆောင်နိုင်ပါ့မလား သခင်မ''

''ရှင်ငယ်က လုံးဝ အာမခံပါတယ်တဲ့။ ဒီအတုလစည်တော်ကြီး ပြင်ဆင်စီရင်ပြီးရင် ဘုန်းတန်ခိုးကြီးမားပြီး ရန်အားလုံးကို အနိုင်ရလိမ့်မယ်၊ ဆန်ရေစပါး၊ ကျောက်သံပတ္တမြား၊ ကောက်ပဲသီးနှံ ပေါကြွယ်ဝပြီး တိုင်းပြည်မှာ ရွှေမိုးငွေမိုး ရွာလို့ မင်းအပေါင်း ခစားကြလိမ့်မယ်တဲ့ ... တပ်မှူးသျှိဝ။ ယခုရွတ်ပြတဲ့ တဘောင်နဲ့ အံကိုက်မနေပေဘူးလား ... သျှိဝရယ် ... ဟင်။ ကိုက်ညီမဟုတ်လား''

''စည်တော်ကြီးကို မပြုပြင်ခင် အရင်စမ်းသပ်တီးခတ်ဖို့ မလိုပေဘူးလား ... သခင်မ''

''တီးလို့စမ်းလို့ မရနိုင်ဘူး ... သျှိဝငယ်''

''ပဖာကြောင့်ပါလဲ ... သခင်မ''



www.burmeseclassic.com

www.burmeseclassic.com



''စည်မျက်နှာပြင် အိုက်ကျနေတော့ တီးကြည့်လျှင်လည်း အရင် လို အောင်မြင်ဟိန်းကျယ်တဲ့ အသံကို မရနိုင်ဘူး။ ပြင်ကိုပြင်ပြီး စနစ်တကျ စီရင်မှ ရမှာပဲ''

''ပညာရှိ အမတ်များရဲ့ သဘောထားကို တီးခေါက်မေးမြန်းပြီး ပါပြီလား ... သခင်မဘုရား''

''အရေးပါသူများနဲ့ လျှို့ဝှက်မေးမြန်းတိုင်ပင် စစ်ဆေးပြီးပါပြီ ... သျှိဝ။ အားလုံးကလည်း တိုင်းအရေး ပြည်အရေးရဲ့ အဓိကအချက် ဖြစ် နေတော့ ဘုရင်မကြီး သဘောတော်အတိုင်းပါပဲတဲ့။ သည်တော့ အမြန်ပြ ပြင်စီရင်ရမယ်။ ဘာလို့လဲဆိုတော့ ...''

ပန်ထွာဘုရင်မကြီးက ပြောနေရင်းက စကားကို ရပ်လိုက်ပြီး ဝန်းကျင်မှာ တစ်စုံတစ်ဦး ရှိလေမလားလို့ ဝေ့ဝဲကြည့်လိုက်တယ်။

''ဘာကြောင့်ပါလဲ ... သခင်မ''

''တို့များ ပန်ထွာနိုင်ငံရဲ့အသက်ထဲမှာ မင်းတို့သူရဲကောင်းရဲမက် များလိုပဲ ရန်ပယ် အတုလစည်တော်ကြီးက အရေးပါတယ် ... သျှိဝ သခင်မတို့ သီရိခေတ္တရာရဲ့ ကျူးကျော်ရန်ကို ဖြိုခွင်း တိုက်ဖျက်နိုင်တာလဲ မဟာအတုလ ရန်ပယ်စည်တော်ကြီးရဲ့ ဂမ္ဘီရ တန်ခိုးစွမ်းအင်ကြောင့်ဆိုရင် လုံးဝ မမှားနိုင်ဘူး။ အခု အတုလစည်တော်ကြီး ချို့ယွင်းအားနည်းမှုရှိတဲ့ အကြောင်းကို ရန်သူ့ဘက်က သိသွားရင် ပန်ထွာရော၊ ဗိဿနိုးရော ဒုက္ခ အကြီးအကျယ် ရောက်သွားလိမ့်မယ်။ ဒါကြောင့် သခင်မတို့ ရန်ပယ်အတုလ စည်ကြီးကို ဂမ္ဘီရအစီအမံများနဲ့ ပြန်လည်ပြုပြင်နေကြောင်း ဘယ်သူမှ မရိပ်မိ၊ မသိ၊ မပေါက်ကြားရအောင် တပ်မှူးသျှိဝလည်း စောင့်ကြည့်နား ထောင်ပေးရလိမ့်မယ်''

''မှန်ပါ ... သခင်မ''

''သျှိဝ ...''

''အမိန့်ရှိပါ ... သခင်မ''





''မောင်မင်း ... ခုတလော အလုပ်များနေလို့လား''

''မှန်ပါ ... သခင်မ''

''မင်းကို သိပ်မတွေ့ရလို့ပါ''

''တိုင်းပြည်ရဲ့ လုံခြုံရေးဆိုတာ အခါမလပ် အစဉ်သတိရှိနေရ မို့ ဗိုလ်မင်းများနဲ့ လုံခြုံရေး အစီအမံများကို တိုးချဲ့ဆောင်ရွက်နေရလို့ ... သခင်မ''

''ဟုတ်တာပေါ့ ... သို့သော်လည်း မကြာခဏတော့ ဝင်ရောက် စားပါ ... သျှိဝရယ်''

''မှန်ပါ ... ခစားနိုင်ဖို့ အချိန်ယူပါ့မယ် ... သခင်မ။ ကျွန် တော်မျိုးကို ပြန်ခွင့်ပြုပါဘုရား''

သျှိဝ ဘုရင်မကြီးကို ဦးညွှတ် အရိုအသေပြုပြီး နောက်ဆုတ်လို့ ည့်လိုက်တယ်။

သျှိဝ လှည့်ပြန် မကြည့်လို့ပါ။

ပန်ထွာဘုရင်မကြီးက သျှိဝရဲ့ နောက်ကျောပြင်ကျယ်ကြီးကို ငေး ည့်ပြီး ပြုံးရိပ်၊ ကြည်နူးရိပ်သန်းမနေတာကို သျှိဝ မြင်လိုက်ရရင် ...

ရင်ခုန်သံစည်းချက်တွေ မြန်သွားနိုင်တဲ့ ဖြစ်ခြင်း။

သို့သော် သျှိဝ လှည့်မကြည့်ပါဘူး။

လှည့် မကြည့်သည့်တိုင်လည်း တပ်မှူးသျှိဝရဲ့ ရင်ထဲ အသည်း မှာ ပန်ထွာဘုရင်မရဲ့ အနိုင်းမဲ့ အလှပုံရိပ်ဟာ ဖျက်လို့မရအောင် စွဲထင် နေတာကိုလည်း သူကလွဲပြီး ဗိဿနိုးနတ်မင်းကြီးတောင် မသိနိုင်ဘူးလေ။

အင်းပေါ့လေ ... တို့သခင်မ ပန်ထွာ ဘုရင်မကြီးကလည်း ကောင်းရှင်ပျို ပညာရှင်လေးကို အရမ်းယုံကြည်လွန်းနေတယ်။

ရှင်ပျို ပညာရပ်ပိုင်းဆိုင်ရာမှာ မတော်ဘူးလို့ မဆိုလိုချင်ပါဘူး။ သော် ရှင်ပျိုက ငယ်ရွယ်ပျိုမျစ်သူ ဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



အတတ်ပညာ၊ အသိပညာတို့အနက် . . .

ဂမ္ဘီရ၊ အင်းအိုင်၊ ခါးလှဲ့၊ ဗေဒင်၊ မန္တရား အတတ်အစွမ်းဆိုတာ ငယ်ရွယ်သူတို့လက်ထဲမှာ အမှန်တကယ် ရှိနိုင်ရဲ့လား။

အတွေ့အကြုံရင့်ကျက်တဲ့ သမားအို၊ ဆရာအိုကြီးတို့ထံမှာသာ လျှင် သီလ၊ သမာဓိ၊ ပညာ အစွမ်းတို့နှင့် မယိမ်းမယိုင် ရှိမနေနိုင်ဘူး လား။

မိမိက တိုင်းပြည်အရေးမှာ အဆုံးအဖြတ်ပေးနိုင်သူ မဟုတ်ဘူး ပန်ထွာဘုရင်မကြီးကသာလျှင် ဆုံးဖြတ်နိုင်တာ။

သူမက ပန်ထွာရဲ့ ရေမြေရှင်။

ဗိဿနိုးရဲ့ ဥသျှောင် . . .

ပြီး ဘုရင်မကြီးက ရှင်ပျူရဟန်းမှုရဟန်း ဖြစ်နေတာ။

အဲဒီတကောင်းသားရဟန်း မကောင်းပြောရင် လုံးဝမကြိုက်ဘူး ပြောတဲ့လူ၊ ဝေဖန်တဲ့လူကို ထောင်သွင်းအကျဉ်းချ အဆုံးစီရင်မယ်လို့ အမိန့်ထုတ်ထားသကိုး။

မိမိက သူ့ရဲ့ လက်အောက်က တင်မှူး။

တစ်နည်း . . . ဘုရင်မရဲ့ ကျေးကျွန်တော်မျိုး။

တကယ်လို့ ကိုယ်န္တိုက်ကပါ အဲဒီ ဂမ္ဘီရရဟန်းကို မယုံပါဘူးလို့ ပြောမိရင် မိမိလည်း သေဒဏ်ခံရမှာပဲ။

✿ ✿ ✿

[ ၄၁ ]

❑

ဆန်ကော၊ ဆန်ကာရောင်းသမား ဉာဉ်ပြရယ်၊ ရှင်ပျူ (ရှင်ယောင်) ကပ္ပိယလူရွယ်နှစ်ဦးတို့ဟာ နေဝင်ရီတရောအချိန် . . .

ကုန်းကမ်းပါးကြီးတစ်ခုမှာ လျှို့ဝှက်စွာ တွေ့ဆုံကြတယ်။

အမှန်က သူတို့အားလုံးဟာ သီရိခေတ္တရာတိုင်းပြည်ရဲ့ သူလျှို ...

ရှင်ယောင်ရှင်ပျူရဲ့ အမည်ရင်းက 'သျှန်စ'။

ဆန်ကော၊ ဆန်ကာ၊ ဝါးအရုပ်ရောင်းသူက 'ကျော်ဆွယ်'။

ကျော်ဆွယ်ကလည်း လူလိမ်ထောင်ကျ။ ကပ္ပိယနှစ်ဦးဖြစ်တဲ့ 'ဇဲ ...နဲ့ 'ထိန်ခွက်'ဆိုတာက သီရိခေတ္တရာရဲ့ နာမည်ကျော် ဖောက်ထွင်း ...သူခိုး။

သင်းတို့တာဝန်က ပန်ထွာတိုင်းပြည်ကို နာမည်အတုတွေနဲ့ဝင် ...ထွာဘုရင်မကြီးရဲ့ တန်ခိုးစွမ်းအင်ကြီးလှတဲ့ ဂမ္ဘီရ အတုလရန်ပယ် ...တ်ကြီးကို ဖျက်ဆီးပစ်ဖို့။

''ဟေ့ . . . သျှန်စ''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ကျော်ဆွယ်၊ မင်းကို ငါပြောထားမဟုတ်လား ငါ့ကို နာမည်ရင်း သေချှန်စလို့ မခေါ်ပါနဲ့ 'ရှင်ငယ်' လို့ ခေါ်ပါဆိုနေ[...] မင်း မှတ်မထားဘူးလား"

"အေးပါ ... အေးပါ ..."

"ဘာ ..."

"အဲ ... အဲ ... မှန်ပါ ... ကိုယ်တော် ... မှန်ပါဘုရား [...] တောက် ... ဟင်း ..."

"ဆန်ကောကြီး ... မင်း ရေးလွှတ်ဖြန့်လိုက်တဲ့ တဘောင်[...]က တစ်နယ်လုံး ရွတ်ဆိုပြီး အုတ်အော်သောင်းတင်း ဖြစ်နေပါလားဟေ့"

"ဆန်ကောကြီးပဲလေ။ အလကားမှ မဟုတ်ဘဲ။ ဟို ... သူ[...]နှစ်ကောင်လည်း လက်သံပြောင်ပါ့ကွာ။ ရွာလည်း ရွှေ၊ ငွေ၊ ကျွဲ၊ နွား နို့[...]ဝှက်လိုက်၊ တို့ရှင်ငယ်က ဖေဒင်ဟောလိုက်နဲ့ ငါ ဆန်ကောဆန်ကာ [...]လို့ရတာလေးတောင် မနည်း ဝှက်ထားရတယ်"

"ဘာလို့လဲဟ ... ဆန်ကောကြီးရဲ့"

"ဘာဖြစ်ရမှာလဲ ... ရှင်ငယ်၊ ဟို ... သူခိုးနှစ်ကောင်[...] ဇဇ်ခုတ်နဲ့ ထိန်ခွက်တို့ ဝင်ခိုးမှာ စိုးလို့"

"ဟား ... ဟား ... ဟား ... ဟား ... ဆန်ကောကြီး[...] ငါ့လူပစ္စည်း ငါတို့က ခိုးပါ့မလားကွ။ ငါ့လူသာ ရွာကလန်ကြီးသမီးနဲ့ ပ[...] ပရိလုပ်ရင်း ရှိတာလေး ပြုတ်ပြုတ်ပြုန်းမှာ ... ငါ့လူရေ"

"ဟား ... ဟား ... ဟား ... ဟား ... ကလန်ကြီးသမီး[...] လည်း လုံးကြီးပေါက်လှဟ"

"ငါ့ကို ပြထားစမ်းဟဲ့"

"ငါ့ရှင်က ဘာလုပ်မလို့တုံး၊ သင်္ကန်းဝတ်ကြီးနဲ့။ တော်[...] အလိမ်ပေါ်ကုန်မှဖြင့်ကွာ"

"ဟ ... သူခိုးတွေရ၊ ငါက ကြံစည်ချင်လို့ မဟုတ်ပါဘူး[...] ဆွမ်းခံဝင်ရင်း အကဲခတ်ချင်လို့ပါ။ ဝတို့လူ ဗိသနိုးသားဖြစ်ပြီး ကျန်[...] ကို ဝမ်းသာလို့ပါ"





"ငါ့ရှင် ... ဖေဒင်ဟောတာကရော"

"တော်စမ်းပါကွာ ... မင်းတို့ ခိုးဝှက်ပြီး လာပြောလို့ ငါလည်း [...]ကောင်းကောင်းနဲ့ ဟောပြီး ကောင်းစားရတာပါ။ ဒီမှာ ငါ့ကို ပန်ထွာ [...]ရင်မကြီးက အရမ်းကို လေးစားယုံကြည်နေတယ်။ ဘုရင်မကြီး မကြာ [...] ကြေဝတေးမင်းကဲ့သို့ ဘုန်းတန်ခိုးကြီးမယ်ဆိုပြီး သူ့ရဲ့ ပတ္တမြားလက်စွပ် [...] သိဒ္ဓိတင်တာတို့၊ အန္တရာယ်ကင်း စည်းတားတာတို့ ခပ်တည်တည် [...]ပေးတော့ အခု ငါ ဘုရင်မရဲ့နန်းတွင်းကို အစစ်အဆေးမရှိ ဝင်လို့ [...]လို့ရပြီ။ ရက်ပိုင်းအတွင်း တန်ခိုးကြီးလှတဲ့ မဟာအတုလစည်တော် [...]ကို သားရေအသစ် ပြန်ကျက်ပြီး အင်းညှိ၊ အင်းယုတ်တွေနဲ့ အစားထိုး [...]ည်တော်ကြီး သိဒ္ဓိပြယ်အောင် လုပ်မယ်။ ဒီမှာ ဆန်ကော ..."

"ပြော ... ငါ့ရှင်"

"နွားအိုမရဲ့ သားရေဟောင်းပဲရရ၊ ကျွဲအိုမရဲ့ သားရေဟောင်းပဲ [...] ငါ့ထံ အမြန်ပို့"

"ရရစေ့မယ်"

"ဟိုကောင် ... သူခိုး"

"ဒီနာမည် မခေါ်စမ်းပါနဲ့ ... ငါ့ရှင်ရာ၊ ကပ္ပိယကြီး လုပ်စမ်းပါ [...]ရာ"

"အေး ... အေး ... ကပ္ပိယ၊ မောင်ရင် ... အိုးစည်တို့၊ စည် [...]တို့ သားရေကျက်တတ်တယ်နော်"

"ကျုပ်အဖေဟာ သီရိခေတ္တရာမှာ စည်တိုစည်ရှည်၊ သားရေကျက် [...]သားရေဆွဲ လုပ်ရောင်းတဲ့သူပါဗျ။ ကျုပ် နားလည်ပါတယ်။ အခြေအနေ [...]ရသော ကျုပ်က သူခိုးဖြစ်နေတာပါ"

"ကောင်းပြီ ... လူစုခွဲကြစို့"

သူတို့လေးဦး လျှို့ဝှက်တိုင်ပင်ပြီး စီစဉ်စရာရှိရာကို စီစဉ်ကြလို့ [...]ခွဲကာ ကိုယ့်နေရာကိုယ် ပြန်လာခဲ့လိုက်ကြတယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၄၂]

❑

ရှင်ယောင် (ရှင်ပျို) ဟာ သစ်လွင်တဲ့ နန္ဒင်းဆိုးသင်္ကန်းကို ကျ[illegible] နနရုံပြီး နောက်ပါကပ္ပိယ တပည့်နှစ်ဦးနဲ့ နန်းတွင်းကို ဝင်ခဲ့တယ်။

နောက်ပါကပ္ပိယနှစ်ဦးအနက် တစ်ဦးက သားရေပြားလိပ်ကြီး[illegible] ချပ်၊ ရှူး၊ ဆောက်၊ သားရေလှီးဓား၊ ဆောက်ပုတ် (တင်းပုတ်) စတာ[illegible] ထည့်လွယ်လို့။

နောက်တစ်ယောက်ကတော့ ရွှေပိန်းချထားသည့် သစ်သားသေတ္တာ[illegible] ငယ်ကို ကတ္တီပါအနီစနဲ့ ထုပ်ပြီး ရင်မှာပိုက်လို့ ဝတ်ကောင်းစားလှတွေ[illegible] ဝင်လာကြတယ်။

ဘုရင်မကြီးဟာ ရှင်ပျိုကိုမြင်တာနဲ့ ပျာပျာသလဲ လက်အုပ်ချီ[illegible] ကြိုဆိုတော့တယ်။

ဘုရင်မကြီးရဲ့ ကိုယ်ပေါ်က သင်းပျံ့ကြိုင်လှိုင်တဲ့ အမွှေးရနံ့တွေ[illegible] ဟာ ရှင်ပျိုတို့ရဲ့နှာခေါင်းကို တိုးဝှေ့နေလို့။

''လှူဖွယ်ပစ္စည်းများ အသင့်ရှိပါပြီလား … ဘုရင်မ''

''မှန်ပါ … ကိုယ်တော်။ အထိန်းတော်ကြီး မယ်စိတြကိုယ်တိုင် စည်တော်ခန်းတွင်းမှာ အသင့်ပြင်ပြီးပါပြီ ဘုရား''





''သွားစို့''

ဘုရင်မကြီးက လျှို့ဝှက်အစီအစဉ် ဖြစ်နေတာမို့ စည်တော်စောင့်[illegible]တွကို ဖယ်ရှားထားတော့ စည်တော်ကြီးထားရှိရာ နန်းမျှော်စင်သည် ရဲမက်[illegible]ယ်ပါအစောင့် တစ်ယောက်မှမရှိဘူး။

ထူလှတဲ့ သစ်သားတံခါးကြီးကိုလည်း အသင့်ဖွင့်ထားတယ်။

ရှင်ယောင်ဟာ အနက်ရောင် ကတ္တီပါလိုက်ကာကိုဖယ်ပြီး ဘုရင်မ[illegible]နဲ့အတူ စည်တော်ကြီးရှိရာရှေ့မှာ ရပ်လိုက်တယ်။

မဟာအတုလစည်တော်ကြီးရှေ့မှာ သစ်သီးကိုးမျိုးတို့က လှပစွာ [illegible]းရေးထားတဲ့ မြေပန်းကန်များထဲမှ အပြည့်အမောက်။

ပြီး … အဝါ၊ အပြာ၊ အနီ၊ အဖြူ စသည့် ပန်းရောင်စုံတို့က[illegible]ည်း စည်တော်ကြီးရှေ့ ကျောက်စားပွဲပေါ်မှာ ပန်းခင်း၊ ပန်းတောင်ကြီး[illegible]သား။ ပန်းအိုးကြီးတွေ (၉) လုံးနဲ့ လှလိုက်၊ မွှေးလိုက်တာ။

မြေခွက်ငယ် (၉) ခွက်ထဲမှာတော့ …

နံ့သာဖြူ၊ နံ့သာနီ၊ ကရမက်၊ အကျော်၊ စမ္ဗာ၊ ကံ့ကမ်၊ လေးညှင်း၊ [illegible]ညှင်း၊ တောင်ဇလပ်၊ ကံ့ကော် စသည့် နံ့သာ (၁၀) မျိုးတို့ကို မီးသင်း[illegible]ထားတော့ မွှေးကြိုင်လှတဲ့အခိုးအငွေ့တွေဟာ စည်တော်ကြီးပေါ်ကို ဦးတိုက်[illegible]ဝဲနေသလို ရှိနေတယ်။

ငှက်ပျောပွဲ၊ အုန်းပွဲ ဖီးဆိုင်များ၊

သာသနာ့ပွဲများ၊ မြို့တော်ရှင်ပွဲများ၊

ဗိဿနိုးနတ်မင်းကြီးပွဲ၊

ဗြဟ္မဏာသူတော်စင်တို့အတွက် အုန်းပွဲများ၊

ရွာတော်ရှင်ပွဲများ၊

မဟာအတုလစည်တော်ကြီးရှိ အင်းစောင့်တို့အတွက် ငှက်ပျောပွဲ[illegible] စသည်ဖြင့် အုန်းပွဲ၊ ငှက်ပျောပွဲတွေကလည်း အခန်းတွင်းမှာ ပွဲပေါင်း [illegible] ခန့် ရှိနေတယ်။

''ဘုရင်မကြီး … နက္ခတ်ကောင်း၊ အခါကောင်း ရောက်ပါပြီ။ [illegible]သစွာ ထိုင်ပါ။ ဟုတ်ပြီ … ပန်းမျိုး (၉)ခက်ကို ကိုင်ပါ''



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မကြီးက အထိန်းတော်ကြီးပေးတဲ့ ပန်းရောင်စုံ (၉)မျိုးကို လက်အုပ်ချီ၊ လက်ထဲမှာထည့်ပြီး ကန်တော့ဟန်ပြင်လိုက်တယ်။

''လိုက်ဆို''

''ဘိုးတော်သိကြားမင်းအား ရှိခိုးပါ၏''

''ဘိုးတော်သိကြားမင်းအား ရှိခိုးပါ၏''

''မောင်ကြီး ဗိဿနိုးနတ်မင်းအား ရှိခိုးပါ၏''

''မောင်ကြီး ဗိဿနိုးနတ်မင်းအား ရှိခိုးပါ၏''

''မဟာဗြဟ္မာ သူတော်စင်တို့အား ရှိခိုးပါ၏''

''မဟာဗြဟ္မာ သူတော်စင်တို့အား ရှိခိုးပါ၏''

''မြို့တော်ရှင်၊ ရွာတော်ရှင်တို့အား ရှိခိုးပါ၏''

''မြို့တော်ရှင်၊ ရွာတော်ရှင်တို့အား ရှိခိုးပါ၏''

''ကမ္ဘာစောင့်နတ်မင်းကြီးကို ရှိခိုးပါ၏''

''ကမ္ဘာစောင့်နတ်မင်းကြီးကို ရှိခိုးပါ၏''

''မဟာအတုလစည်တော်ကြီးရှိ အင်းစောင့်တို့အား စားဖွယ်သစ်သီး၊ ရသာမုန့်များ အသားငါး ပန်းရောင်စုံ အမွှေးနံ့သာတို့ဖြင့် ပူဇော်ပါ၏''

''မဟာအတုလစည်တော်ကြီးရှိ အင်းစောင့်တို့အား စားဖွယ်သစ်သီး၊ ရသာမုန့်များ အသားငါး ပန်းရောင်စုံ အမွှေးနံ့သာတို့ဖြင့် ပူဇော်ပါ၏''

''အရှင်တို့အား ခဲဖွယ်ဘောဇဉ် အစုံအလင်နှင့်လည်းကောင်း အုန်းပွဲ၊ ငှက်ပျောပွဲနှင့် နံ့သာတို့အားလည်းကောင်း ပူဇော်ပါ၏''

''အရှင်တို့အား ခဲဖွယ်ဘောဇဉ် အစုံအလင်နှင့်လည်းကောင်း အုန်းပွဲ၊ ငှက်ပျောပွဲနှင့် နံ့သာတို့အားလည်းကောင်း ပူဇော်ပါ၏''

''အရှင်ကောင်း၊ ပုဂ္ဂိုလ်ကောင်းတို့ . . . ယခုအချိန်မှစ၍ မဟာအတုလ ရန်ပယ်စည်တော်ကြီးကို အသစ်ပြန်လည်မွမ်းမံမည် ဖြစ်ပါသည်။ စောင့်ရှောက်ခွင့်ပြုတော်မူကြပါကုန်လော့''

စိတ်ကူးသစ်စာပေ



''အရှင်ကောင်း၊ ပုဂ္ဂိုလ်ကောင်းတို့ . . . ယခုအချိန်မှစ၍ မဟာအတုလ ရန်ပယ်စည်တော်ကြီးကို အသစ်ပြန်လည်မွမ်းမံမည် ဖြစ်ပါသည်။ စောင့်ရှောက်ခွင့်ပြုတော်မူကြပါကုန်လော့''

''အတုလစည်တော်ကြီးမှ အင်းစောင့်များ သင့်ရာအရပ်မှာ ခေတ္တခိုနေပေးပါဟု တောင်းပန်ပါသည်''

''အတုလစည်တော်ကြီးမှ အင်းစောင့်များ သင့်ရာအရပ်မှာ ခေတ္တခိုနေပေးပါဟု တောင်းပန်ပါသည်''

''အင်းသစ်များနှင့် မွမ်းမံပြီး ပင့်ဖိတ်ပါက မဟာအတုလစည်တော်ကြီးမှာ ပြန်လည်စောင့်ရှောက်ကြပါကုန်လော့''

''အင်းသစ်များနှင့် မွမ်းမံပြီး ပင့်ဖိတ်ပါက မဟာအတုလစည်တော်ကြီးမှာ ပြန်လည်စောင့်ရှောက်ကြပါကုန်လော့''

''ကိုင်း . . . ဘုရင်မကြီး၊ အမွှေးနံ့သာများနှင့် ဒေဝတာတို့ရော၊ ဗြဟ္မာသူတော်စင်တို့ပါ ပူဇော်သမှုပြုပါတော့''

ဘုရင်မကြီးက သွယ်လျလျ၊ ဖြူဥဖြူနု လက်ချောင်းများဖြင့် နံ့သာစုံအိုးကြီးကို မ,ပြီး ဒေဝတာတို့ကိုလည်း အငွေ့ရနံ့နဲ့ ပူဇော်တယ်။

နတ်ကလည်း ဘုရင်မကို စောင့်ရှောက်တော်မူပါရန် တတွတ်တွတ် ရွတ်ဆိုတယ်။ ဒီအချိန်မှာ ရှင်ယောင်ရှင်ပျိုက ဗြဟ္မာပုဏ္ဏားဟန်ပါတဲ့ ဂါထာမန္တန်တို့ကို အသံကျယ်ကျယ်နှင့် မန်းမှုတ်ပြီး . . .

လက်ဝါးနှစ်ဖက်ကို ပွတ်လိုက် ရိုက်လိုက်၊ ပင့်မြှောက်လိုက်၊ ကော်ယပ်ခေါ်လိုက် ရွတ်ဖတ်ရင်း သရုပ်ဆောင်လုပ်နေတယ်။

''ဘုရင်မ . . .''

''အရှင် . . .''

''ကျွန်ုပ် ထိုစည်တော်ကြီးကို ချပြီး ပြုပြင်မယ်။ နှစ်ရက်တိတိကြာမယ်။ ဘုရင်မကြီးက ဘုရားခန်းမှာ ဥပုသ်သီတင်းစောင့်၊ ပုတီးစိပ်ပြီး ဒေဝတာတို့ကို မေတ္တာပို့သပါ။ ကိစ္စပြီးသည်နှင့် ဘုရင်မကြီးကို လာရောက်အကြောင်းကြားပါမည် ဘုရင်မ''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



''မှန်လှပါ ... အရှင်၊ ကောင်းမွန်စွာ စီရင်တော်မူပါ။ အရှင်တို့ကို ဘုရားကျွန်မ ယုံကြည်အားကိုးပါသည်။ ဆွမ်းကွမ်းကိစ္စတို့အား အထိန်းတော်ကြီးတို့အဖွဲ့မှ လိုလေးသေးမရှိ အချိန်မှန် ဆက်ကပ်ပါလိမ့်မည်အရှင်။ ဘုရားကျွန်မ ဦးတော်တင်ပါ၏''

''သာဓု ... သာဓု ... သာဓု ... ဘုရင်မကြီး သက်တော်ရှည်၍ ကျန်းမာချမ်းသာပါစေ''

သည့်နောက် ဘုရင်မကြီးနှင့် အထိန်းတော်ကြီးတို့ စည်တော်ခန်းမတွင်းကနေ ထွက်သွားကြရော။ ကပ္ပိယတို့က အခန်းတံခါးကြီးနှစ်ချပ်ကို စေ့ပြီး သစ်သားမင်းတုပ်ကြီးနဲ့ ကလန့်ပိတ်လိုက်တယ်။

''စလိုက်ကြစို့ ... မြန်မြန်လုပ်''

ကပ္ပိယကြီးယောင်ဆောင် သူခိုးနှစ်ဦးနဲ့ ရှင်ယောင်တို့ဟာ စည်တော်ကြီးချိတ်ကြိုးကို အရင်ဖြုတ်ချကြပြီး စည်တော်ကြီးရဲ့ အနားကွပ်အင်းပိတ်သားတွေကို ဓားနှင့် အမြန်လှီးပစ်ကြတယ်။

ပြီး ...ကိုယ်ထည်ပေါ်က သားရေကြိုးတွေကို ဓား၊ ဆောက်တို့နဲ့ ထိုးဖြုတ်ပစ်ကြပြီးရော စည်မျက်နှာပြင် သားရေပြားကြီး ကွာကျသွားတယ်။

အသေအချာ ကြည့်လိုက်မှ ...

သားရေရဲ့ အတွင်းဘက်မှာလည်း အတွင်းကာအင်း၊ အပြင်မှာက အပြင်ကာအင်းတွေ ရှိနေတာကို သိလိုက်ရပြီး အင်းတွေကို ဓားနဲ့ခြစ်၊ လှီးဖြတ် မသန့်သောရေထဲမှာ စိမ်လိုက်ကြတယ်။

အလို ... စည်ရဲ့ကိုယ်ပေါ်မှာ ရွှေပိန်းချထားတာပဲ။

ရွှေပိန်းအောက်မှာ အင်းမျိုးစုံစီရင်ထားသလို၊ နတ်စစ်သည်များ ယက္ခဘီလူးရုပ်ကြွများ စေ့စေ့နီးပါး လက်ရာမြောက်စွာ ထုပတ်ထားတာကိုး။

ခု ဒီအစောင့်ရုပ်ကြွတွေကိုလည်း ဆောက်နဲ့ထွင်းဖယ်ပြီး သစ်ဇေး ပြန်သုတ်လို့ ရွှေပိန်းပြန်ချလိုက်ကြတယ်။





စည်သားရေကြိုးတိုင်းမှာလည်း ပါဠိလိုလို၊ သက္ကတလိုလို၊ ဟိန္ဒူ...လို စာသားစာတန်းတွေ ရေးထားပြန်တော့ အဲဒီကြိုးတွေကို ဓားနဲ့ ...ထစ်ထစ်ခုတ်ပိုင်းပြီး မသန့်သောရေအင်တုံထဲမှာ စိမ်ထားလိုက်တယ်။ ပြီး ...နိမ့်စားမန္တန်စာတွေ ရေးတင်ကြတယ်။

အတွင်းခံအင်း၊ အပြင်တိုက်အင်းများပါတဲ့ မျက်နှာသားရေကို မီးရှို့...ကျ်ဆီးပြီးနောက် ...

အသင့်ပါလာတဲ့ မသန့်ရေဖျန်းထားသည့် ကျွဲသားရေနဲ့ တိုင်းဖြတ်... စည်မျက်နှာပြင်ကို သူ့နဂိုအတိုင်း အံကိုက်ပြန်ကျက်လိုက်ကြတယ်။

စည်သားကြိုးတွေပေါ်မှာ အောက်လမ်းဂါထာတွေကို စုတ်ဆေးနဲ့ ...ကြသလို ...

စည်မျက်နှာပြင်ပေါ်မှာတော့ ဘယ်လိုအင်းစောင့်မျှ နေလို့မရတဲ့ ...ည့်အင်းယုတ်၊ အင်းလိမ်အင်းပိန်များကို ပြည့်နေအောင် ရေးထိုးပြီး ...ည်မျက်နှာပြင်ကို အပ်ချုန်တွေနဲ့ အပေါက်လေး ငါးနေရာ ဖောက်ပစ်...ကြတယ်။

ဒါမှ စည်ကိုတီးရင် လေမလုံတော့ ဟိန်းနေတဲ့ အသံမထွက်ဘဲ ...သံပဲ မြည်နေမှာကိုး။

အပေါက်နေရာတွေကို အင်းကွက်အညံ့တွေနဲ့ ဆေးပါးပါးတင်ပြီး ...များကို လှပစွာ တပ်ဆင်လိုက်လို့ စည်ချိတ်မှာ အခိုင်အခန့် ပြန်...လိုက်တယ်။

''ဘယ့်နှယ်လဲဟေ့ ... ကပ္ပိယတို့''

''ခန့်လိုက်ပါဘိ ... ငါ့ရှင်ရယ်''

စည်ပေါ်ကို ကတ္တီပါအနီစ အုပ်လိုက်၊ ကတ္တီပါအနီစပေါ်မှာ ...န့်သော ရေကိုးမျိုးကို ဟသ်ာပြဒါးဆေးနဲ့စပ်ပြီး အင်းယား (ယားစေ...အင်း) ကို အောက်လမ်းဂမ္ဘီရနည်းယုတ်တွေနဲ့ စီရင်ထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ကတ္တီပါစကြီးကို စည်ကိုယ်ပေါ်မှာ အုပ်ပြီး စည်ရှေ့က ကြ[illegible] ခင်းမှာ အင်းကွက်မျိုးစုံကို ခြေနင်းစရာမရှိအောင် ဟင်္သာပြဒါး ဆေးနီ[illegible] နဲ့ ရေးထိုးထားလိုက်တာ။

မြင်ရတာကိုက အံ့သြလေးစားစရာပဲ။ လက်ရာကလည်း မြော[illegible] မှမြောက်ပဲ။

''ဘာလိုသေးလဲ ... ငါ့ရှင်''

''အားလုံးပြည့်စုံပြီ''

''သေချာရဲ့လား ... ငါ့ရှင်''

''စိတ်ချစမ်းပါ ... ဒီနေ့ကစပြီး ပန်ထွာဘုရင်မရဲ့ဘဝ ပျက်စီး[illegible] ငါ့လူတို့''

''ဒါဆို ငတို့ တာဝန်ကျေပြီပေါ့''

''ဒါပေါ့''

''ငတို့ ချမ်းသာပြီပဲပေါ့''

''ငါ့ရှင် တော်လိုက်တာကွာ''

''မင်းတို့လည်း တော်ပါပေတယ်လေ''

''အေးလေ ... နောက်ဆုံးတော့ ငါတို့အားလုံး အလွန်တော်[illegible] တဲ့ လူတွေပါပဲကွာ။ ဟား ... ဟား ... ဟား ... ဟား ... ဟား ..''

''အဟတ် ... အဟတ် ... အဟတ် ... အဟတ် ...''

''ငါ့ရှင် ...''

''ဘာတုံး''

''ကိစ္စပြီးရင် ငါတို့အားလုံး သူတို့ မရိပ်မသိခင် ဗိဿနိုးက[illegible] သီရိခေတ္တရာအရောက် အမြန်ပြေးရမယ်လေ''

''မပူပါနဲ့ ... ငါ အားလုံး စီစဉ်ထားပြီးပါပြီ။ ဘုရင်မကြီး ဗိုး[illegible] ယုံကြည်ကိုးစားအောင် ပြုပြီးမှ ငါတို့ လစ်ကြတာပေါ့''

❀ ❀ ❀

[၄၃]

❑

အုန်း၊ ငှက်ပျော် ကန်တော့ပွဲအသစ်တွေဟာ စည်တော်ကြီးရှေ့ ခုံတန်းပေါ်မှာ ပြည့်နေတာပဲ။ အမွှေးနံ့သာပေါင်းစုံတို့ရဲ့ အခိုးအငွေ့တွေက လည်း အခန်းတွင်းမှာ နဂါးငွေ့များလို လူးလွန့်လို့။

ပန်းအသစ် အိုးတွေကလည်း ပန်းရောင်စုံတောကြီး ဖြစ်ထွန်း ပေါက်ရောက် ပွင့်ဖူးနေသလို အလှရောင်စုံတွေနဲ့။

သစ်သီးပွဲမျိုးစုံ၊ အသားကောင်လုံးကင်မျိုးစုံ၊ ထမင်းဖြူပွဲများက လည်း အငွေ့ထောင်းထောင်းနဲ့ ကျောက်စင်ပေါ်မှာ တန်းစီလို့။

ရှေ့မှာတော့ ...

ရွှေရောင်အင်းကွက်ကြီးများ၊

အနီရောင် အင်းစမကွက်ကြီးများ၊

ဘီလူးရုပ်၊ နတ်ရုပ်၊ မြွေနဂါးရုပ်တုများ၊



www.burmeseclassic.com

www.burmeseclassic.com



လေးထောင့်ကွက်အင်း၊ သုံးမြှောင့်ကွက်အင်း၊ ငါးမြှောင့်ကွက်အင်း၊ အင်းစေတီ၊ အင်းလေှကား၊ အင်းမြင်းရုပ်၊ အင်းတိုက်နွား၊ အင်းစက်ဝိုင်း အထပ်ထပ်တွေနဲ့။

ဒီလိုအင်းမျိုးစုံ စီရင်ထားတာကို ရုတ်ခြည်းမြင်လိုက်ရရော ဇာလွှာပါးပါးကို အုပ်ဆောင်းပြီး ရပ်နေသည့် နတ်မိမယ်တို့ ငေးမောယူရအောင် လှပလွန်း သွယ်နွဲ့လွန်းလှသည့် ပန်ထွာဘုရင်မကြီး အလွန်ကို အံ့ဩသွားတယ်။

အရှင့်ကို အတိုင်းမသိ လေးစားသွားခဲ့ရပါပြီလေ။

''ဘုရင်မကြီး ...''

''အရှင် ...''

''ဟောဒီ ဂမ္ဘီရအင်းတွေပေါ်ကို လက်ဝါးနှင့် ပုတ်လိုက်တာနဲ့ အင်းစောင့်တွေ အသင့်ခစားဖို့ ရောက်လာလိမ့်မယ်''

''ဟုတ်လား''

''သို့သော် တစ်နိုင်ငံနှင့်တစ်နိုင်ငံ စစ်ဖြစ်မှ ပြုလုပ်ပါ။ ဟောဟိုစည်ကြီးမှာ ဂမ္ဘီရအင်းသစ်တွေနဲ့ ကျွန်ုပ် နေ့ရောညပါ မန္တန်တစ်သောင်းဂါထာတစ်သိန်းစုတ်ပြီး စီရင်လို့ အင်းစောင့်များကို အပ်ခဲ့ပြီးပြီ။ အရင်တုန်းက မြည်တဲ့ စည်သံထက် အခုစီရင်ထားလို့ မြည်တဲ့အသံကို သီရိခေတ္တရာ၊ တကောင်း၊ ဟန်လင်းပါ ဖိန့်ဖိန့်တုန်ခမန်း ကြားရပြီး ကြောက်လန့်စိုးရိမ်ကြလိမ့်မယ်။ ဤပြုပြင် စီရင်ထားသည့် အတုလစည်တော်ကို ဘုရင်မညာလက်နှင့် ကိုးကြိမ်တီးလိုက်ပါက ရန်ပယ်ချောင်းမှာ မိုးကြီးလေကြီးရေကြီး လှိုင်းတံပိုးကြီးတို့သည် (၃)ရက်ဆက်တိုက် ပြင်းထန်စွာ ဖြစ်ပေါ်နေပြီး မြေကြီးပါ တုန်ဟည်းနေပါလိမ့်မယ် ... ဘုရင်မ''

''အံ့ဩစရာပါကလား ... အရှင်''

''ဘုရင်မကြီး မယုံပါလျှင် ယခုပင် နံ့သာ (၉)ပါးနှင့် ပူဇော်၍ဤအင်းတို့ကိုလည်းကောင်း၊ စည်အင်းတို့ကိုလည်းကောင်း ဦးခိုက်ပူဇော်





ပြီး (၉)ကြိမ်တိတိ တီးခတ်ကြည့်ပါ။ ရန်ပယ်ချောင်းမှာ လေကြီးမိုးကြီး ရေသုံးရေလှိုင်းနှင့် မိုးကြိုးလက်နက်တို့ ဝရဇိန်စက်ကဲ့သို့ (၃) ရက်တိုင်တိုင်နားကွဲလုနီး ကြားရပါလိမ့်မည်။ မကြား၊ မဟုတ်ရှိသော် ကိုယ်တော်ကိုဘုရင်မကိုယ်တော်တိုင် ဗိသနိုးမြို့သားများရှေ့မှာ ခေါင်းဖြတ်၊ လက်ဖြတ်၍ အဆုံးစီရင်ပါ ... ဘုရင်မ''

''အို ... အရှင်၊ မဝံ့ပါဘူး ... အရှင်။ စိတ်နှင့်မျှပင် အရှင့်ကိုအပြစ်မှားဝံ့ပါ။ အရှင်ဟာ အလွန့်ကို အံ့ဩဖွယ်ကောင်းသည့် ဂမ္ဘီရပညာရှင်နန်း တပည့်တော်မ သိပါသည်။ တပည့်တော်မသည် အင်းအိုင်၊ ဂမ္ဘီရတို့မှာ အတန်အသင့် နှံ့စပ်သိရှိပါသော်လည်း အရှင်ကဲ့သို့ ပညာအသိ မတတ်မွှမ်းပါ။ အရှင့်ကို အလုံးစုံ ယုံကြည်ပါသည်။ ဘုရားကျွန်တော်မ မစမ်းမတီးပါရစေနှင့် ... အရှင်''

''ဘာလို့ မစမ်းချင်ရတာတုံး။ ကျွန်ုပ်တို့ဘုရင်မကြီးရဲ့ အဖရသေ့နှင့် နန်းတွင်းအရာရှိများက မယုံမရှိ နေကြမှာပေါ့''

''အရှင် ... သူတို့ကို ဂရုစိုက်ဖို့ မလိုပါဘူး။ အရှင့်ကို မယုံဘူးဆို့ ပြောသည်နှင့် ပြောသည့်သူကို သေဒဏ်အပြစ်ပေးလိုက်မှာပါ ... အရှင်။ ကျွန်တော်မျိုးမ စည်တော်ကြီးကို စမ်းသပ်မတီးလိုတာက ရန်သူတို့ ကြားသိသွားမှာစိုးလို့ပါ ... အရှင်''

''ကောင်းပြီ ... ဘုရင်မကြီး၊ သင် ယူဆတာလည်း သင့်မြတ်ပါပေတယ်။ ကိုင်း ... ဘုရင်မကြီး၊ နတ်၊ ဒေဝတာများ၊ အင်းစောင့်များတို့ ပူဇော်ပေရော့''

သည့်နောက် ဘုရင်မကြီး စားဖွယ်များ၊ အမွှေးနံ့သာ အရည်များနှင့် ဒေဝတာ အင်းစောင့်များကို ပူဇော်ပြီး စည်တော်ကြီးကို ရှိခိုးကန်တော့လိုက်တယ်။

ပြီး ... ရှင်ပျိုက စည်တော်ကြီးအနီးကို ခေါ်ပြီး စည်မျက်နှာပြင်ပေါ်က အင်းတို့ရဲ့ တန်ခိုးသတ္တိထူးများကို တစ်ခုချင်း ရှင်းပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မကြီးခမျာ အံ့ဩဝမ်းသာလွန်းလို့ မျက်ရည်များ စီးကျကာ ရှင်ယောင်ရဲ့ခြေဖမိုးကို နဖူးနဲ့ထိပြီး ဦးတိုက်တော့တယ်။

''ဘုရင်မကြီး . . .''

''ဘုရား . . .''

''ကိုယ်တော် နေ့ရောညပါ စီရင်ရွတ်ဖတ်ရလို့ ပင်ပန်းသွားပါပြီ။ ဒါကြောင့် ကိုယ်တော်မြင်းမဏ်တောင်မှာ (၉)ရက် အဓိဋ္ဌာန်ပြန်ဝင်ပြီး အပြစ်တွေကို ဆေးကြောရမယ်''

''ဟင် . . . အပြစ် . . . အရှင့်မှာ အပြစ်ရှိလို့လား အရှင်''

''ရှိတယ် . . . ဘုရင်မ''

''ကျွန်တော်မျိုးမ နားမလည်တော့ဘူးဘုရား''

''ဘုရင်မ . . .''

''ကျွန်ုပ်တို့ ရဟန်းဆိုတာ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ မန္တန် မစီရင်ရဘူး။ ငတို့ဘုရားရှင်က မလုပ်ရဘူးလို့ ပညတ်ထားတယ်။ ဒီအမှုကို ဘုရားရှင် လုံးဝမကြိုက်ဘူး။ ရဟန်းတို့နှင့်လည်း မအပ်စပ်ဘူး။ သို့သော် ကျွန်ုပ်သည် ဘုရင်မကြီးကို ဘဝဟောင်းက တော်စပ်ခဲ့သည့် နှမ၊ အစ်မ ကဲ့သို့ သက်ဝင်ယုံကြည် ခင်မင်၍သာ ငရဲအကျခံပြီး နှမကို စောင့်ရှောက်ဖို့ ဘုရားမကြိုက်သည့် အလုပ်ကို လုပ်ခဲ့မိတယ်။ အခု ကျွန်ုပ်အပြစ်များ ဝန်ချတောင်းပန်ပြီး အာပတ်ဖြေရမယ်။ ဒါကြောင့် မြင်းမဏ်တောင်မှာ (၉)ရက် အဓိဋ္ဌာန်ဝင်ပြီး အပြစ်တွေ ဆေးကြောရမယ်။ အကြောင်းကြီးငယ် ရှိပါက ခြေမြန်လွှတ်၍ အကြောင်းကြားပါ . . . ဘုရင်မ''

''ကျေးဇူးကြီးလှပါဘိ . . . မောင်ကြီးဘုရား၊ ကျွန်တော်မျိုးမကို သံယောဇဉ်ရှိ၍ အရှင် ကိုယ်ကျိုးစွန့်ခဲ့ရသည်ကို ဘဝဆက်တိုင်း သတိရ နေမှာပါ . . . အရှင်။ အရှင် ချမ်းသာစွာ နေပါ''

''နှမငယ် . . . ဘုရင်မကြီးလည်း ကျွန်ုပ်နှင့်အပြိုင် ရွှေနန်းဦးမှာ အေးချမ်းပျော်ရွှင်စွာ (၉)ရက်တိုင်တိုင် ဥပုသ်သီတင်း ဆောက်တည်ပါ။ ဥပုသ်





ထွက်သည်နှင့် ဗိဿနိုးမြို့တွင်းမှာ ပွဲကြီး၊ ကနားကြီးပေးပြီး အလှူကြီး တစ်ခု ပြုလုပ်ပါ။ ပျော်ပွဲရွှင်ပွဲ၊ ပြိုင်ပွဲများ ကျင်းပပေးပါ။ ပြီးမှ ရာဇပလ္လင် မှာ စံမြန်းပါ။ သင် ရန်တိုင်းကို မုချမသွေ အောင်မြင်ပါပြီ''

''သာဓု . . . သာဓု . . . သာဓု . . . မောင်ကြီးဘုရား''

ရှင်ယောင်ပြန်ကြွသွားပြီးတော့ ဘုရင်မကြီးက လွန်စွာ လှပ ခန့်ညားတဲ့ စည်တော်ကြီးကို လှည့်ပတ်ကြည့်ပြီး . . .

''အထိန်းတော်ကြီး . . .''

''အမိန့်ရှိပါ . . . သခင်မဘုရား''

''မဟာအတုလစည်တော်ကြီး ခန့်ညားလိုက်ပါဘိ . . . အထိန်း တော် ကြီးရယ် နော်''

''သခင်မရဲ့ ဘုန်းတန်ခိုးကြောင့်သာ လူကောင်း၊ ရှင်ကောင်း တော်ပြဟ္မာကောင်းတို့နဲ့ သူတော်ကောင်း စောင်မ,တော်မူတာပေါ့ . . . သခင်မ''

''ဟုတ်ပေပေါ့လေ . . . အင်း . . . အင်း . . . တကောင်းသား ရှင်ပျိုလေးရဲ့ ကျေးဇူး အလွန်ကြီးမားပါပေတယ်။ ဥပုသ်တော်က ထွက်ပြီး ရင် တကောင်းရှင်ပျိုအတွက် ခန့်ညားထည်ဝါတဲ့ ကျောင်းကြီးတစ်ကျောင်း ဆောက်လုပ် လှူဒါန်းရမှာပဲ''

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

# [၄၄]

❑

ရှင်ယောင်လည်း မြင်းမဏိတောင်တော်က ကျောက်ဂူမှာ (၉)ရက် [illegible] အဓိဋ္ဌာန်ဝင်မယ်လို့ သတင်းလွှင့်တယ်။ ပန်ထွာဘုရင်မကြီးသည် တန်[illegible] သိဒ္ဓိများ တိုးပွားဖို့အတွက် နန်းတော်ကြီးရဲ့ ဘုရားခန်းမှာ (၉) ပါးသီ[illegible] ခံယူပြီး ရှင်ပျိုနဲ့ တစ်နေ့တည်း၊ တစ်ချိန်တည်း (၉)ရက် ဥပုသ်အဓိဋ္ဌာ[illegible] တော် ဝင်ခဲ့တယ်။

ဥပုသ်တော် မဝင်ခင်မှာ စီမံမှုကိစ္စအဝဝကို ကြိုတင်ပြီး မှူး[illegible] မတ်ကြီးတို့ကို စီမံချက် ချပေးခဲ့တယ်။

မဟာအတုလစည်တော်ကြီးရဲ့ ဝန်းကျင်မှာလည်း လုံခြုံရေး [illegible] တိုးမြှင့်လိုက်တယ်။

ဘုရင်မအမိန့်မရဘဲ မည်သူမျှ မဟာအတုလစည်တော် နန်း[illegible] ဆောင်ကို ဝင်မလာရ။ ရပ်မကြည့်ရ။

ချဉ်းကပ်လာသူ မှန်သမျှကို အစစ်အဆေးမရှိ ဖမ်းဆီး[illegible] သွင်း အကျဉ်းချ။





တပ်မှူးသျှိဝ မြို့စား ရွာစားများနှင့် နယ်မြေလုံခြုံရေးကို အစဉ် [illegible]တိရှိရန် ...

ပြီး ... မြို့တော်ဝန်ကို ဆင့်ခေါ်လို့ တာဝန်ကြီးတစ်ခု ပေးလိုက် [illegible]ယ်။

''မြို့ဝန်မင်း ...''

''အမိန့်ရှိပါ ... အရှင်မ''

''ကျွန်ုပ်သည် (၉) ရက် ဥပုသ်အဓိဋ္ဌာန်များ ဝင်မယ်။ (၁၀) ရက် [illegible]မြောက်နေ့မှာ ဗိဿနိုးမြို့တွင်း ပွဲကြီးသဘင်ကို အဆိုကျော် ကချေသည်၊ [illegible]သဘင်သည်တို့နှင့် ပြုလုပ်ရမယ်''

''မှန်ပါ ... ဘုရင်မ''

''မြို့ပြင်လေးရပ်မှာ ဗိဿနိုးနတ်မင်းကြီးနှင့် မြို့တော်ရှင်၊ ရွာ[illegible]တော်ရှင် နတ်မင်းကြီးများကို ကနားကြီးပေးပြီး ဒေဝဗလိနတ်စာ လှူ[illegible]ယ်''

''မှန်ပါ ... ဘုရင်မ''

''ပွဲကြီးလမ်းကြီးအားလုံး မြို့ဝန်မင်းက အချွတ်အချော်မရှိ စီရင် [illegible]မယ်။ ပွဲကြီးသဘင်နှင့် ဒေဝါဗလိဒါနပွဲကြီးကို (၇)ရက်တိုင်တိုင် ကျင်းပ [illegible]မို့ နန်းတွင်းနန်းပြင်၊ မြို့တွင်းမြို့ပြင် သေသပ်လှပတင့်တယ်အောင် စီ [illegible]''

''မှန်ပါ ... ဘုရင်မ''

''မြို့စား၊ နယ်စား၊ ရွာစား၊ ကလန်သံပျင်များရဲ့ ပူဇော်ရှိသေသမျှ [illegible]လည်း ပွဲဦးပထမနေ့မှ ကျွန်ုပ် ခံယူမှာမို့ အားလုံးကို ဆင့်ဆိုစီရင်''

''မှန်ပါ ...''

''အဲဒီနေ့မှာ သင့်ရာသင့်ရာကို ဆုတော်၊ လာဘ်တော်များ ချီး [illegible]မြှင့်တော်မူမယ်''

''မှန်ပါ ... အရှင်မ''



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ချက် ပန်ထွာနယ်မြေအတွင်းရှိတဲ့ ဗိသုကာ အကျော်… များကိုလည်း ဖိတ်ခေါ်ပြီး ရဟန်းအုတ်ကျောင်းကြီးတစ်ကျောင်း အတွက်… ဂုဏ်အင်္ဂါနှင့်ညီစေမည့် လက်ရာ မည်သို့ စီရင်သင့်သည်ကို ကြိုတင်ညှိ နှိုင်းထား"

"မှန်ပါ ... အမိန့်တော်အတိုင်း စီရင်ပါ့မည် ... အရှင်မ"

"တပ်မှူးသျှိဝ ..."

"အမိန့်ရှိပါ ... ဘုရင်မကြီးဘုရား"

"အောင်ပွဲသဘင်၊ ပျော်ပွဲသဘင်၊ ဒေဝါဗလိသဘင်ရဲ့ လိုမြဲ… ကိစ္စ အဝဝကို သက်တော်ရှည်ဘိုးဘိုး၊ သေနာပတိတို့နှင့် တိုင်ပင်၍ … အပ်သလို စီရင်စေ"

"မှန်ပါ ... ဘုရင်မကြီးဘုရား"

"မြို့ဝန်မင်း ..."

"ဘုရား ... အရှင်မ"

"ဥပုသ်ထွက်ပြီး (၁၀) ရက်မြောက်နေ့မှာ မြင်းမဏီတောင်ခြေ… မှာ တရားကျင့် အဓိဋ္ဌာန်ဝင်နေသည့် တကောင်းရဟန်းရှင်ပျိုကို မြို့… ခြောက်ကောင်က ပန်းရထားနှင့် ရွှေနန်းတော်သို့ ကြိုရမယ်။ အဖ ရှင်မ… ကိုလည်း ကြိုရမယ်။ ကောင်းမွန်စားမြိန်ဖွယ် ဆွမ်း၊ ဟင်း အမျိုးမျိုးတို့… ကြိုစီစဉ်ထား"

"မှန်ပါ ... အရှင်မ"

"ပညာရှင်ရဟန်း ကြွလာမည့် လမ်းတစ်လျှောက်ကို ကော်ဇော… ခင်းပြီး လမ်းဝဲယာမှာ ပန်းအိုးရောင်စုံတို့ကို တန်းစီရှိပစေ။ အဖရသေ့… ရဟန်းပျိုကို ရွှေထီးနှစ်လက်စီ မိုး၍ နန်းမ တရားပလ္လင်ရှိရာကို မှူးကြီး… ကြီး၊ သေနာပတိ ပုဏ္ဏားတော်ကြီးများ၊ မင်းညီမင်းသား၊ အပျိုတော်… ပါမကျန် ကြိုဆိုရှိသေ ပျပ်ဝပ်ခစားရန် အသင့်စီစဉ်"

"မှန်ပါ ... အရှင်မ၊ စီစဉ်ပါ့မည်ဘုရား"





"လျှောက်တင်စရာ ရှိသလား"

"မရှိပါဘုရား"

"ကျွန်ုပ် ဥပုသ်တော်ဝင်မည်။ (၈)ရက်အတွင်း မည်သူမျှ လာ …ရောက်တွေ့ဆုံခြင်း မပြုရ။ အရေးတော် အသေးအမွှားအထက် ရှိခဲ့ပါက …သက်တော်ရှည်အမတ်ကြီး၊ တရားရေးဝန်၊ သေနာပတိတို့နှင့် တိုင်ပင်၍ …သို့အပ်သလို စီစဉ်စေ"

"အမိန့်တော်အတိုင်း ဆောင်ရွက်ပါ့မည် ... သခင်မ"

သည့်နောက် ပန်ထွာဘုရင်မကြီးက မျက်နှာတော်ကို ဇာလွှာ …ဆုပ်ပြီး အထိန်းတော်ကြီးနှင့် ဥပုသ်တော်ဆောင်ရှိရာကို ကြွသွားတယ်။

ဆင်မယဉ်သာတို့ လှမ်းသည့်အတိုင်း ယဉ်ယဉ်လှလှလေး။

ခြေသံဖွဖွလေး။

ကြွလိုက်တဲ့ ခြေဖနောင့်သားလေးတွေကိုက ပုလဲလုံးကြီးများ …နှယ် ဖွေးအု နုလှချည်ရဲ့။

လှုပ်လီလှုပ်လဲ့ တင်သားစိုင်တို့က ပိုးထဘီအောက်မှာ မို့မောက် … တင်းတင်းလွှားလွှား။

ထဘီတော်အောက်နားကို ကိုင်ထားသည့် ဖယောင်းသွယ်သွယ် …လက်ချောင်းလေးများရဲ့ ကော့ပျံပုံက လက်ရာမြောက် ပန်းပုဆရာပင် တုပ …ဆစ်နိုင်ဖွယ် မမြင်။

ခါးသေး၊ ရင်ချီနှင့် အလှပေါင်းစုံစုဝေးရာ သခင်မက ရှေ့ရှုသွား …မှ ဇာလွှာဖွင့်လို့ အသာခေါင်းငဲ့၍ လှည့်အကြည့် ...

ပန်ထွာဘုရင်မကြီးရဲ့ အလှကို မေတ္တာနှင့် ရင်ဖွဲ့ရှေးသီနေသည့် …တပ်မှူးသျှိဝရဲ့ အကြည့်အငေးနှင့် ဆုံသွားသောအခါ ...

သျှိဝရင်ထဲ ဖိုခနဲ လှုပ်ခနဲ။

အပြစ်တော်များ သင့်လေမလား။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မရဲ့ ရွှေနှုတ်တော်မှာလည်းကောင်း၊ ရွှန်းလဲ့ကြည်စို မျက်ဝန်းတော်မှာလည်းကောင်း အပြစ်ကိုဖွဲ့ရန် စကားလုံးများ မထွန်းပခဲ့ပါ။

နီတျာတျာ နှုတ်ခမ်းတော်နှစ်လွှာမှ ရုတ်တရက် ဖူးပွင့်သွားသည်က အနောခာတ်ရေစင်နှင့် နယ်ဖတ်ထားသည့် ပြုံးယောင်ယောင် အပြုံကလေး တစ်စွန်းတစ်စ။

သည်အပြုံးကို တပ်မှူးလေးသျှိဝ ဖွဲ့ဆိုကြည့်တယ်။

အမုန်းတော့ လုံးဝမဟုတ်။

အမုန်းမဟုတ်ရင် ဘာဖြစ်နိုင်မတုံး သျှိဝ။

နှလုံးအိမ်ကို စီးဝင်သွားသည့် သမုဒယမြစ်တစ်စင်း။ သေချာလို့လား သျှိဝရယ် ... ဟင်။

သေချာတာပေါ့ ... အရှင်နတ်မင်းကြီးတို့ရယ်။ ဘုရင်မကြီးရဲ့ မျက်လုံးအိမ်ထဲမှာ၊ နှုတ်ခမ်းတော်မှာ အချစ်ငွေ့မေတ္တာငွေ့ကို ကျွန်တော်မျိုးသျှိဝ ဖျတ်ခနဲ တွေ့ရသလို ...

ကျွန်တော်မျိုးရဲ့ မျက်နှာပြင်ပေါ်က မျက်လုံးအိမ်ထဲက သံယောဇဉ်မေတ္တာလှိုင်းငွေ့များ ဘုရင်မရင်ကို ဟပ်သွားတာ ဘုရင်မ သိပါတယ်။

အရှင်တို့ရယ် ... ဒီအချစ်တွေ ပွင့်လင်း ပုံရိပ်ထင်ဖို့က ကျွန်ုပ်တို့ အချစ်တွေကို ပီပီပြင်ပြင် အသက်ဝင်အောင် ပုတ်ခတ်နှိုးထစေရဦးမှာပေါ့။

အင်း ... ကျွန်ုပ်တပ်မှူးသျှိဝရင်ထဲမှာ လွမ်းမောရတာ ရှိခဲ့ပြီပေါ့။

တရိပ်ရိပ် တလွင်လွင် တသွင်သွင် တရွေ့ရွေ့ သံယောဇဉ်ပြစ်ရပါသော ဘုရင်မကြီးရဲ့ ရွှေမျက်နှာတော်ကို (၉) ရက်တိတိ မဖူးမြင်ရတော့ပါကလား။

✿ ✿ ✿

|၄၅|

❑

ဗိဿနိုးရွှေမြို့တော်ကြီးမှာ အစိကရ လမ်းမကြီးတွေကို အဆင့်မြှင့် ပြုပြင်နေကြပြီ။ ပွဲကြီး ကနားကြီးတွေကို ဘုရင်မ ဥပုသ်တော်ထွက်ဦးရင် စီရင်ကျင်းပမှာမို့ အမိုးပါတဲ့ ပွဲသဘင် မဏ္ဍပ်ကြီးတွေကို အမှုလုပ်တွေက ဆောက်လုပ်နေကြတယ်။

ပျူပန်းချီဆေးရေး ပညာရှင် ကြီးငယ်တို့ကလည်း အလှပဆုံး အတောက်ပဆုံး လက်ရာတွေကို ဆင်ဖို့ သူ့ထက်ငါ ကြိုးစားနေကြတယ်။

ဒါနှင့်အတူ ...

မြို့စား၊ ရွာစား၊ နယ်စား၊ ကလန်သံပျင်တို့ကလည်း ဘုရင်မကြီးကို ကန်တော့ဖို့ အမိုးတန် ပိုး၊ ဖဲ၊ ကတ္တီပါ၊ ကျောက်သံရတနာတို့ကို ကြိုဆင်စုဆောင်းနေကြလို့။

ဟုတ်တယ်လေ ...

ပန်ထွာဘုရင်မကြီးကို ဖူးမြော်ခွင့်ရဖို့က လွယ်မှတ်လို့။

ဘုရင်မကြီးရဲ့ အလှဂုဏ်က ပန်ထွာတစ်နယ်လုံး ပြောစမှတ်ဖြစ်နေတာကိုး။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်က ချောလှလွန်းလို့ဆိုတဲ့ နတ်သမီးတွေပင် ဘုရား ကြီးကို လာရောက်ခစား ဖေးကြည့်ရဆိုကိုး။

ဘုရင်မရဲ့ အလှဘွဲ့ကို ပျူစာဆိုကျော်များဖြစ်ကြတဲ့ သျှိကျ မတြာ၊ ဂုလိန္ဒ၊ မအိက္က စသည့် စာဆိုတော်များ အပြိုင်ရေးဖွဲ့ကြတာများ

ဟိုးအဝေး အခြားတိုင်းပြည်တွေတိုင်အောင် ကျော်ဇောသတဲ့။

ဗိဿနိုးဘုရင်မအလှကို ဖွဲ့သီတဲ့လင်္ကာတွေ ရွတ်ပြီး ပျူယောက်ျား တိုင်း ဘုရင်မကို ဖူးမြင်တွေ့ချင်ပေါ့။

ပျူသဘင်သည်တွေဟာ နေ့ရောညပါ အဆိုအကတွေကို ပျူ တူရိယာ အတီးအမှုတ်တွေနဲ့ လေ့ကျင့်ကြ။

ဖေးကြည့်ရအောင်လှတဲ့ ပျူကချေသည်တွေဟာ ကကြိုးကကွက် အသစ်တွေကိုရော၊ တီးလုံးအသစ်တွေကိုပါ ဖန်တီးပြီး ဘုရင်မကြီး ရှေ့တော် တော်ကျမည့် အကအလှ၊ အပြုံးအညို့တို့ကို ချွေးဒီးဒီးကျ လေ့ကျင့်ကြ တယ်။

ဘုရင်မကြီးရဲ့ ရှေ့တော်မှောက်မှာ အသုံးတော်ခံရတဲ့ အခွင့်အရေး ဆိုတာ ရခဲဘိခြင်းလေ။

ဘုရင်မကြီး နှစ်မြို့က်သဘောကျရင် ဆုတော်လာဘ်တော်တွေ ချီးမြှင့်ခံရမှာ၊ သူကောင်းပြုခံရမှာ၊ ဘွဲ့မည်တွေ ရဦးမှာ။

ကံကောင်းရင် မင်းညီမင်းသား၊ ဆွေတော်များနှင့် ငြိပြီး အင် ပေါ့ စိတ်ကူးယဉ်လို့ ကောင်းမှာပေါ့။

ပွဲတော်နေ့ကြီး မြန်မြန်ရောက်ပါစေ။

အဲဒီအချိန်မှာပဲ ဗိဿနိုးမြို့ရိုးအပြင် လမ်းမကြီးပေါ်မှာ မြင်းတစ်စီး ဒုန်းစိုင်းပြေးလာနေတယ်။ ဖုန်လုံးတွေဟာ မြင်းရဲ့နောက်မှာ အလိပ်လိုက် ကျန်ရစ်ခဲ့တယ်။

အတန်ကြာတော့ မြင်းစီးရှင်က မြို့ရိုးတံခါးဝမှာ မြင်းကိုရပ်လိုက် တယ်။ သည်မှာ တံခါးမှူး အရာရှိက မြင်းစီးသမားကို ရပ်တန့်စစ်ဆေး တယ်။





မြင်းစီးလူရွယ်ရဲ့တစ်ကိုယ်လုံး ချွေးနဲ့ဖုန်တွေ ညစ်ပေလိမ်းကျံပြီး နေတော်နေတော့ တံခါးမှူးကြီး ဂရုတစိုက် စစ်ဆေးရတာပေါ့။

သည်မှာ မြင်းစီးလူရွယ်က လျှို့ဝှက်သိမ်းဆည်းထားတဲ့ လက်မ နဲ့ ပစ္စည်းတစ်ခုကို ထုတ်ပြလိုက်ရော တံခါးမှူးက မြင်းစီးလူရွယ်ကို အလျင် အမြန် အရိုအသေပြုပြီး တံခါးသုံးထပ်ကို တစ်ထပ်ချင်း ဖွင့်ပေးခဲ့တယ်။

မြင်းစီးလူရွယ်ပြလိုက်သည့် ပစ္စည်းက ဗိဿနိုးနန်းတော်ရဲ့ အရေး ပါ အမှုတော်ထမ်းတို့ရဲ့ ဘုရင်မသရဖူတံဆိပ်ပါ သက်သေခံ အမှတ်အသား သေး

နန်းမြို့တွင်း ခြေချမိသည်နှင့် ချွေးစို့ရွှဲနေသည့်မြင်းပေါ်ကို လွှား နဲ့ ခုန်တက်ပြီး ရှည်လျားလှတဲ့ လမ်းကြောအတိုင်း မြင်းကို ကဆုန်ချ နင်ခဲ့လိုက်တယ်။

"ဟဲ့ ... ဟဲ့ ... ဟဲ့ ..."

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

"ဟဲ့ ... ပြေးဟ ... သားရ"

"ဘယ်လိုလူလဲဟ ... တစ်လမ်းလုံး သူ့လမ်းကျနေတာပဲ တိုက် တော့မလို့"

"တောက် ... ဘာကောင်လဲကွ ... ဟေ"

"အမယ်ကြီး ... ဘေးကိုကပ်နေ။ မြင်းစီးလူရမ်းကားလား မသိ ဘူး"

"ဟေ့လူ ... ဖြည်းဖြည်းစီးပါဗျ"

မြင်းစီးလူရွယ်က ဘယ်သူ့အပြောမှ ဂရုမစိုက်ဘူး။ ကျော်လို့ရ တာကို ကျော်၊ ကွေ့လို့ရတာကို ကွေ့၊ မရရင် လွှားခနဲ မြင်းကိုခုန်စီးပြီး ကြာခင် ရွှေနန်းတော်ရှေ့ ဥပစာမှာ မြင်းကိုရပ်လိုက်တယ်။

"တပ်မှူးရှိလား ... သွေးသောက်ကြီး"

"တပ်မှူး ... သျှိဝလား"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ် ... ဘယ်မှာရှိတုံး''

''ဟိုး ... နန်းတောင်က ပန်းပဲရုံမှာပါ''

မြင်းကို ပန်းပဲရုံဘက် ပြန်စီးခဲ့လိုက်တယ်။ ပန်းပဲရုံထဲက တူ
သံတွေဟာ အပြင်ကို လျှံနေတယ်။

''တပ်မှူး ...''

''ဟာ ... ဖျက္က ... ရွှေးသံ စိုရွှဲပါလား ... လာ ... လာ ..''

ဖျက္ကဆိုသူ မြင်းစီးသမားကို တပ်မှူးသျှိဝ လက်ဆွဲပြီး လူရှင်း
နေရာကို ခေါ်လာခဲ့လိုက်တယ်။ သူ့တစ်ကိုယ်လုံး ချွေးတွေ ဖုန်တွေနဲ့

''တပ်မှူး ... အရေးတော် ပေါ်လာပါပြီ''

''ဘာအရေးတော်တုံး ... ဖျက္ကရဲ့ ပြောစမ်း''

''ရန်သူ သီရိခေတ္တရာတပ်ကြီး သီရိခေတ္တရာကနေ အလုံးအရင်း
နဲ့ ချီတက်လာနေပါတယ် ... တပ်မှူး''

''ဟေ့ ... ရန်သူဘယ်ကို ဦးတည်လာတုံး ... ဖျက္က ...
ဟင် ...''

''ပန်ထွာကို တိုက်ပြီး ဗိဿနိုးကို သိမ်းယူဖို့ပါ''

''ဘာ ... သေချာရဲ့လား ... ဖျက္က အဲဒါ သေချာလား ဟင်''

''ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ပါ ... တပ်မှူး။ သီရိခေတ္တရာ
မှာ ကျွန်တော်တို့ အတွင်းလူရှိနေလို့ သေချာသိရတာပါ''

''တောက် ... ဆိုင်းမဆင့် ဘုံမဆင့်ကွယ်။ အင်အားက
ဘယ်လောက်ရှိလဲ ... ဖျက္က။ မြန်မြန်ပြောစမ်း''

''အင်အား ငါးသောင်းကျော်တယ်''

''ဟေ ...''

''တိုက်ဆင်ငါးရာ၊ မြင်းစီးတစ်သောင်းနဲ့ စစ်ရထား လှံကိုင်၊ ဓား
ကိုင်၊ ဓားကိုင်၊ ရိက္ခာတပ်အင်အားက ပုရွက်အုံကြီးလိုပါပဲ ... တပ်မှူး
သူတို့ နက်ဖြန်မိုးသောက်မှာ ရန်ပယ်ချောင်းကို ရောက်မှာ ကိန်းသေပဲ''

စိတ်ကူးသစ်စာပေ



''ဒါဆို ငါတို့ ဘုရင်မကြီးကို အမြန်လျှောက်တင်မှ ဖြစ်မယ်။
... ''

သည့်နောက် သူတို့နှစ်ဦး နန်းတော်ရှေ့ကို ရောက်ခဲ့ကြတယ်။
နန်းတော်စောင့်တွေက ပျာပျာသလဲဖြစ်နေတဲ့ သူတို့ကို မသင်္ကာလို့ထင့်
ရော ...

''တပ်မှူး ... ဘာကိစ္စရှိလို့ပါပဲ''

''ငါ ဘုရင်မကြီးနဲ့ တွေ့ချင်တယ် ... သွေးသောက်ကြီး''

''တွေ့လို့ မရသေးပါဘူး ... တပ်မှူး''

''ဘာလို့ မရရမှာလဲ။ ငါ့မှာ အရေးတကြီး လျှောက်တင်စရာရှိ
တယ်။ ဖယ်ကြ ...''

''မဖြစ်ပါဘူး ... တပ်မှူး။ ဘုရင်မကြီး ဥပုသ်တော် ဝင်နေပါ
တယ်။ နောက် လေးရက်ပြည့်မှ လာတွေ့ပါ။ ခုတော့ မည်သူမှ ဝင်လို့ တွေ့
ရပါဘူး။ ဒါ ဘုရင်မရဲ့ အမိန့်ပါ''

''တောက် ... မတွေ့လို့ မဖြစ်ဘူး၊ ဖယ်ကြ''

သျှိဝ ဓားရိုးပေါ်ကို ညာလက်တင်လိုက်ရော အစောင့်ရဲမက်များ
လည်း သူတို့လက်နက်တွေကို အသင့်ပြင်လိုက်ကြတယ်။

ဒီလို အော်ကြီးဟစ်ကျယ် အသံများကိုကြားလို့ နန်းတွင်း ဘုရင်မ
အထိန်းတော်ကြီး မယ်စိတြ အပြေအလွှား ရောက်လာပါရော။

''အလို ... မောင်တို့၊ ဘာဖြစ်ကြောင့် ဆူညံနေကြတာတုံး။ ဘုရင်မ
ကြီးရှင် မင်းတို့ ပြစ်ဒဏ်ထိမှာ မသိကြဘူးလား ဟင်''

ဒီမှာ နန်းတော်စောင့် အကြီးအမှူးများက အထိန်းတော်ကြီးကို
အမှုလာပုံအကြောင်း ပြောပြလိုက်ရော ...

''တပ်မှူး သျှိဝလား''

''ဟုတ်ပါတယ် ...အထိန်းတော်ကြီး၊ ကျွန်တော် ဘုရင်မနဲ့ ခု
ချက်ချင်း တွေ့မှဖြစ်မယ်။ ဝင်ပါရစေ''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး၊ လုံးဝ မဖြစ်ဘူး။ ဘုရင်မ(၉)ရက် အဓိဋ္ဌာန်ဝင် .."

"တိုင်းရေးပြည်ရေး ကိစ္စပါဗျ။ တွေ့ပါရစေ"

"မရဘူး နောက်၎လေးရက်ပြည့်မှ လာပါ ... တပ်မှူး။ ကျွန်မ လည်း ဘုရင်မကို မလျှောက် မပြောရဲဘူး။ တော်ကြာ သူ့ အဓိဋ္ဌာန်ပျက် အောင် လုပ်တယ်ဆိုပြီး အရေးယူရင် ကျွန်မလည်း ဒုက္ခရောက်မယ် ပြန် ကြပါ။ မဆူကြပါနဲ့"

"တောက် ... ကွာ ... ခက်ချေပေါ့ကွာ ... ဟင်"

သျှိဝ ဒေါသထွက်ထွက်နဲ့ မြေကြီးကို ဖနောင့်နဲ့ပေါက်ပြီး ချာခနဲ လှည့်လို့ နန်းရင်းဝန်အိမ်တော်ရှိရာကို အပြေးဝင်လာခဲ့လိုက်တယ်။

"နန်းရင်းဝန်မင်း ... အရေးတော်ပေါ်ပြီ"

"ဘယ်လိုအရေးပေါ်တုံး ... တပ်မှူး"

"သီရိခေတ္တရာတပ်ကြီး ပန်ထွာကို ချီလာနေပြီ"

"ဟေ ..."

"ဘုရင်မကိုလည်း တွေ့ခွင့်မရဘူး။ ကျွန်တော်မျိုးတို့ ဘယ်လို လုပ်ရမှာတုံး"

"နေဦး ... သက်တော်ရှည်အမတ်ကြီးအိမ်တော် သွားစို့"

သူတို့အားလုံး သက်တော်ရှည်အမတ်ကြီးအိမ်မှာ ဆုံကြတယ်။ တရားရေးဝန်လည်း ရောက်လာတယ်။

"စစ်တိုက်ဖို့က ဘုရင်မ အမိန့်ပေးမှရမှာ ... တပ်မှူး"

"ပြီး ... မဟာအတုလစည်တော်ကြီးကိုလည်း ဘုရင်မကိုယ်တိုင် တီးခတ်မှ ..."

"အဘိုး ... ရန်သူက မိုးလင်းရင် ရန်ပယ်ချောင်းကို ကျော် တော့မယ်။ ဘုရင်မကြီးက ဥပုသ်စောင့်တာ မထွက်သေးဘူး။ မဟာအတုလ စည်တော်ကြီးကို ဘုရင်မကိုယ်တိုင် တီးခတ်မှ အရင်လို ရန်ပယ်ချောင်း အောင်စောင့်နေရင် သူတို့ ဗိဿနိုးမြေကို ရောက်လာမှာပဲ။ ကျွန်တော်မျိုး တို့ ခံစစ်နဲ့ တိုက်ရမလား။ ထိုးစစ်နဲ့ တိုက်ရမှာလား"





"စစ်တိုက်ဖို့က ဘုရင်မ အမိန့်တော်ချမှတ်မှ တိုက်လို့ရတာ ဆုံးစံပဲ ... တပ်မှူး"

"ဒါဆို ဘုရင်မ စည်တော်ကို မတီးမချင်း ရန်သူပြုသမျှကို ငြိမ် ခံရမှာလား"

"ဒီလိုတော့ မဖြစ်ဘူးပေါ့"

"ဒါဆို ဘုရင်မကြီးထံ အမြန်ဝင်ပြီး ဘယ်သူလျှောက်တင်မှာ လဲ"

"ဒီလိုလုပ်ပါ ... တပ်မှူး"

"ပြောပါ ... ဘိုးဘိုး၊ ကျွန်တော်မျိုးတို့ အချိန်သိပ်ရတော့ဘူး"

"ဘုရင်မကြီးအပေါ် ဩဇာသက်ရောက်တာက သူ့ဖခင် ရသေ့ ကြီးလည်း မဟုတ်ဘူး။ တကောင်းရှင်ပျိုပဲ။ သူက ဘုရင်မ ကိုးကွယ် ယုံကြည်တဲ့ ဆရာအရှင်ပဲ။ ဘုရင်မကြီးရဲ့ အတုလစည်ကြီးကို ဂမ္ဘီရပညာ နဲ့အရင်နဲ့ ပြန်ပြုပြင် စီရင်တာလည်း အဲဒီရှင်ပျိုပဲ။ သူ အခု မြင်းမဏိ ဆောင်ပေါ်မှာ ကိုးရက် အဓိဋ္ဌာန်ဝင်နေတယ်။ အဲဒီရှင်ပျိုကို မောင်မင်း သွားရောက် နှစ်ကိုယ်ပြောပြီး ပင့်ခေါ်လို့ ဘုရင်မကို ဖြစ်နေတဲ့အခြေအနေ သည်ပြနိုင်း"

"ဟုတ်တယ် ... သက်တော်ရှည် ဘိုးဘိုးပြောတာ မှန်တယ်"

"ဘုရင်မကို ပြောဆိုနိုင်တာ အဲဒီဂမ္ဘီရ ရဟန်းပဲရှိတယ်"

"တပ်မှူး ..."

"ဘိုးဘိုး ဘုရား"

"အမြန်သွားပင့်ချေ။ ကျန်ရစ်ခဲ့တဲ့ မြို့ဝန်များနဲ့ သေနာပတိကြီး တို့ စစ်သူကြီးတို့က တပ်တွေကို နေရာတိုင်းမှာ အသင့်ရှိနေဖို့ အမြန် စီ စဉ်ကြတော့"

"ဒီလိုပဲ လုပ်ရမှာပေါ့လေ"

သျှိဝ မြင်းကြီးတိမ်ပျံအာကာကို အသားကုန်ဒုန်းစိုင်းပြီး မြင်း ဆောင်တောင်ရှိရာကို အပြင်းနှင်ခဲ့လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်လုံးတွေဟာ နောက်မှာ ရှည်လျားစွာ လုံးပြီး ကျန်ရစ်ခဲ့တယ်။

သူ တောင်တက်လမ်းအတိုင်း မြင်းကို နှင်ခဲ့ရင်း မြင်းတက်ဖို့ မလွယ်သည့်နေရာမှာ မြင်းကို ချည်ထားခဲ့ပြီး ဂူကောင်းရှင်ပျို့ရှိရာကို စုံစမ်းလာခဲ့လိုက်တယ်။

တောင်စွယ်တစ်နေရာမှာ ယောဂီခေါက်ဆိုးသင်္ကန်းဝတ် ရသေ့တစ်ဦးကို မြင်လို့ မေးရတယ်။

"အရှင် ..."

"ဘာတုံး ... ချစ်သား၊ ချွေးသံရွှဲရွှဲနဲ့ပါလား"

"တကောင်းအရှင်ရဟန်း ဘယ်မှာရှိပါသလဲ ... အရှင်"

"အရှင် ပုညလို့ ကိုယ်တော်လား ... ချစ်သား"

"မှန်ပါ ... အရှင်ရသေ့"

"သူ လွန်ခဲ့တဲ့သုံးရက်ကပဲ ဗိဿနိုးနန်းတော်ကို သွားရမယ်လို့ ပြောသံကြားတယ်"

"ဗျာ ... သူ ဒီတောင်ပေါ်မှာ (၉) ရက် အဓိဋ္ဌာန်ဝင်နေ မဟုတ်လား ... ရှင်ရသေ့"

"မဝင်ပါဘူး ... ချစ်သား၊ လူကပ္ပိယနှစ်ဦးနဲ့ နှစ်ရက်မျှပဲ နေတာပဲ တွေ့ရတယ်။ မိုးလင်းတော့ သူတို့ မရှိတော့ဘူး။ ချစ်သား တွေ့ချင်ရင် ဗိဿနိုးနန်းတွင်းကို လိုက်သွားတွေ့ပါလား"

"အရှင်ရသေ့ ... သူ ရှင်ပုညနေသွားတာ ဘယ်ဂူပါလဲ ... အရှင်"

"ဟောဟို နွယ်ဒါန်းကျနေတဲ့ ကျောက်ဂူကြီးပဲ ... ချစ်သား"

သို့ဖြင့် နွယ်ပင်တွေ အုပ်နေ ကျနေတဲ့ ကျောက်ဂူထဲကို ခပ်သွက်သွက် ဝင်လာခဲ့လိုက်တယ်။ ဂူထဲမှာ လူမရှိဘူး။ ထောင့်မှာတွေ့ရတဲ့ ကျောက်ပြားအောက်ခြေကို ငုံ့ကြည့်တော့ အထုပ်တစ်ခုကိုတွေ့တာနဲ့ ဖြည်ကြည့်လိုက်တော့ ...





သင်္ကန်းဟောင်းတစ်စုံ။

အစားအစာ အကြွင်းအကျန် မှိုတက်များ။

သီရိခေတ္တရာသုံး ရွှေဒင်္ဂါးတစ်ပြား။

ပြီး မီးလောင်ထားတဲ့ ပေရွက်တစ်ရွက်ကို ဂူအပြင် လမ်းနံဘေး ချုံဝပ်မှာ တွေ့လိုက်ရပါရော။

ပေရွက်ကို ဖြန့်ဆန့်ပွတ်ပြီး ဖတ်လိုက်တော့ ...

"ကိစ္စပြီးရင် အမြန်ပြန်ခဲ့ကြ"

အောက်ခြေမှာ နာမည်မပါဘူး။ သို့သော် ပေရွက်ပေါ်မှာ တံဆိပ်တုံးတစ်ခု ရိုက်နှိပ်ထားတယ်။ ဒါ ... ပန်ထွာရဲ့ အမှတ်တံဆိပ်မဟုတ်တာ သေချာတယ်။

ဒါဆိုရင် ...

ဒီရဟန်းဟာ ရဟန်းအစစ် မဖြစ်နိုင်ဘူး။

ရဟန်းတု ဖြစ်နိုင်တယ်။ သူ ဘာကြောင့် ဗိဿနိုးနန်းတွင်းမှာ ဆင်းသွားနေတာလဲ။ ဩဇာကြီးနေရတာလဲ။ သို့ဖြင့် တွေးရင်းက ...

"ဟုတ်ပြီ ..."

'ကိစ္စပြီးရင် အမြန်ပြန်လာ' လို့ ရေးထားတဲ့ မီးလောင်စ ပေရွက်ကို ဖတ်ရခြင်းအားဖြင့် ...

သင်းတို့အားလုံး သီရိခေတ္တရာသူလျှိုတွေ ဖြစ်ရမယ်။ မဟုတ်မှ လွဲရော ပန်ထွာဘုရင်မကြီးနဲ့ နန်းဦးရှင်ရသေ့အိုကြီးကို အယုံသွင်း ဖြားယောင်းပြီး ...

ဂမ္ဘီရဆန်းကြယ် မဟာအတုလစည်တော်ကြီးကို ... သူတို့ ...

တပ်မှူးသို့ဖြင့် တောင်ပေါ်က အပြေးပြန်ဆင်းလာပြီး တိမ်ပုံအာကာအောင်ပေါ်ခုန်တက်လို့ ဗိဿနိုးရှိရာကို အမြန်စိုင်းနှင်လာလိုက်တယ်။

မြင်းရော၊ လူရော ချွေးဒီးဒီးကျပြီး ညစ်ပတ်ပေရေနေပြီ။ အချိန်အမှု အရေးကြီးနေတော့ မြင်းရော၊ လူရော မနားနိုင်တော့ဘူး။ ပွယုံ



www.burmeseclassic.com

www.burmeseclassic.com



သွေးသောက်တို့ကိုလည်း ဗိသနိုးရော၊ ပန်ထွာပါမကျန် ရဟန်းပျိုတို့လူ
ကို ရှာဖွေခေါ်ခဲ့ဖို့ တာဝန်ပေးလိုက်တယ်။

သည့်နောက် … ရန်ပယ်ချောင်းရှိရာ ရေဆိပ်ကို အရင်ဝင်လိုက်
ပြီး ရေကောင်းမှူးကို ခေါ်လို့ မေးရတော့တယ်။

"ရေဆိပ်မှူး …"

"အမိန့်ရှိပါ … တပ်မှူး"

"ဒီ ရန်ပယ်ချောင်းကနေ ရဟန်းတစ်ပါးနဲ့ လူနှစ်ယောက် ဖြတ်
သွားတာ မြင်လား"

"မမြင်ပါဘူး … တပ်မှူး"

"သေချာရဲ့လား … ဆိပ်မှူး"

"သေချာပါတယ် … တပ်မှူး"

"ရဟန်းတစ်ပါးနဲ့ ကပ္ပိယနှစ်ဦးလာရင် တားထား"

"ဟုတ် …"

သူ မြင်းကို ကဆုန်စိုင်းပြီး ဗိသနိုးနန်းတော်ရှိရာကို အပြင်း
ခဲ့ရပြန်ပါရော။ အရေးကြီးတာ သူတို့ကို အုပ်မိဖို့ အရေးကြီးတယ်။

သူတို့ ရန်ပယ်ကိုတော့ မဖြတ်သေးတာ သေချာနေပြီ။ ဒါ
သူတို့ …။

မြို့တံခါးကနေ မြင်းစိုင်းပြီး ရွှေနန်းတော်ရှေ့ရောက်တော့ သ
တော်ရှည်ဘိုးဘိုးနှင့် မြို့ဝန်တို့က အလျင်စလို ဆီးကြိုမေးကြပါရော။

"တပ်မှူး … ရှင်ပျိုကို တွေ့ခဲ့လား"

"မတွေ့ခဲ့ဘူး … ဘိုးဘိုး၊ သူတို့ ဒီလို မလာကြဘူးလား"

"မလာဘူး"

"ဒါဆို သေချာသွားပြီ … ဘိုးဘိုးရေ"

"ဘာကို သေချာတာတုံး … တပ်မှူးရဲ့"

"သူတို့ဟာ ရဟန်းအစစ်မဟုတ်ဘူး"

စိတ်ကူးသစ်စာပေ



"ဘာ …"

"သူလျှို"

"ဟေ …"

"သူလျှို။ သီရိခေတ္တရာရဲ့ သူလျှိုတွေ။ ဟောဒီမှာ သက်သေခံ
ပစ္စည်းတွေ"

တပ်မှူးသျှိဝက သက်န်းဟောင်းနှစ်ထည်၊

သီရိခေတ္တရာသုံး ရွှေဒင်္ဂါးတစ်ပြား၊

မီးလောင်စ ပြုထားတဲ့ ပေရွက်တစ်ချပ်တို့ကို ပေးဖတ်ပြီး
အကြောင်းစုံကို ရှင်းပြလိုက်ရော …

"သွားပြီ … အားလုံး ဒုက္ခရောက်ပြီ"

"တောက် … ခံလိုက်ရပြီပေါ့ကွယ်။ ဒါဆို ငတို့ အတုလစည်
တော်ကြီးရဲ့ အခြေအနေကရော ဟိုးအရင်ကလို ဘုန်းတန်ခိုးစွမ်းအင်၊ ဂမ္ဘီရ
စွမ်းအင်တွေမှ ရှိပါ့တော့မလားကွယ်ရို့"

"ဘိုးဘိုး … ဘုရင်မကြီးကို ဝင်တွေ့မှဖြစ်မယ်"

"တပ်မှူး … ဖြစ်ပါ့မလား။ ငတို့က နိုင်နိုင်လုံလုံ သက်သေပြ
သူတို့ကို တစ်ယောက်မှ မမိသေးဘူးလေ။ ဘုရင်မကြီးကို ဝင်ပြောပြီး
တို့ငါတို့ စွပ်စွဲသလို မဟုတ်ခဲ့ရင် အားလုံး သေဒဏ်"

"ဘိုးဘိုး … သေဒဏ်ကို နောက်မှစဉ်းစားပါ။ ရန်သူ သီရိ
ခေတ္တရာတပ်ကြီး မိုးလင်းရင် ရန်ပယ်ချောင်းကို ရောက်တော့မယ်။ ကျွန်
တော်မျိုးတို့ကတော့ ဘုရင်မ အမိဋ္ဌာန်အထွက်ကို စောင့်ပြီး အမိန့်ရမှ တိုက်
ရင် အားလုံး ပန်ထွာနိုင်ငံသားတွေရဲ့ အလောင်းတွေ ထပ်နေပြီလေ"

"အကြံရ ကျပ်ပါလားကွယ်"

"ကျွန်တော်မျိုးတို့ ရန်သူကို ခံမတိုက်ရဘဲ လည်စင်းအသေခံပြီး
ကျွန်ဖြစ်ရမှာလား။ ဒီမှာ ဘိုးဘိုး …"

"ပြောပါ … သျှိဝ၊ ဖြည်းဖြည်းပြောပါ … လူကလေးရယ်။
မင်းရဲ့ခံစားချက်ကို ဘိုးဘိုးသိပါတယ်။ ပြောပါ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာပဲ လူဖြန့်ရှာခိုင်း တာဝန်ပေးထားတဲ့ သွေးသောက်အချို့ သွေးသံရွှဲရွှဲနှင့် မြင်းပေါ်က ဆင်းလာတယ်။

"တွေ့ခဲ့ကြရဲ့လား ... သွေးသောက်တို့၊ မြန်မြန်ပြောကြစမ်း"

"ဗိဿနိုးမြို့တော်မှာ လုံးဝမရှိတော့ပါဘူး ... တပ်မှူး၊ နန်းဦးကျောင်းလည်း မလာပါဘူးတဲ့"

"သွေးသောက် ငလုံးပြတ် ... ပြော"

"ပန်ထွာဝန်းကျင်မှာ မေးမြန်းစုံစမ်း ရှာဖွေကြပေမင့် ရှင်ပျိုတို့ ဘယ်ရောက်မှန်း မည်သူမျှ မပြောနိုင်ကြပါဘူး ... တပ်မှူး၊ မတွေ့ မမြင်ဘူးပဲ ပြောကြပါတယ်"

"သင်းတို့ သိရိခေတ္တရာသူလျှိုဆိုတာ သေချာနေပါပြီ ... ဘိုးဘိုး ရန်ပယ်ချောင်းကို နက်ဖြန်မွန်းမတည့်ခင် ရန်သူတွေ ဖြတ်မှာ ကျိန်းသေတယ်။ ကောင်းပြီ .. အရင်နှစ်ခါတုန်းကလို ရန်ပယ်ချောင်းကို ရန်သူဖြတ်တုန်းက မဟာအတုလရန်ပယ်စည်တော်ကြီး ဘုရင်မကိုယ်တော်တိုင် တီးခတ်လို့ ရန်ပယ်ချောင်းမှာ မိုးကြီးလေကြီးကျပြီး လှိုင်းကြီး၊ မိုးကြိုးပစ်လို့ ရန်သူတွေ စစ်ရှုံးသွားတယ်။ နက်ဖြန် ရန်သူတွေ ရန်ပယ်ကိုဖြတ်ရင် တန်ခိုးစွမ်းအင်ကြီးလှပါတယ်ဆိုတဲ့ အတုလစည်တော်ကြီးကို ဘိုးဘိုးလက်နဲ့ တီးခတ်မှာလား၊ တီးတီး မတီးတီး ကျွန်တော်မျိုးတို့ကတော့ အသေခံတိုက်ရမှာပဲ"

"ဘိုးဘိုးလည်း ရန်ပယ်စည်တော်ကြီးကို တီးခတ်ခွင့်မရှိဘူး"

"ဒါဆို ဘယ်သူတီးခတ်ခွင့်ရှိပါသလဲ ... ဘိုးဘိုး"

"ပန်ထွာဘုရင်မကြီးပဲ တီးခတ်ခွင့်ရှိတယ်"

"ဟုတ်ပြီ ... နက်ဖြန်မိုးလင်းရင် မဟာအတုလ ရန်ပယ်စည်တော်ကြီးကို ဂမ္ဘီရစွမ်းအင်ဖြစ်ပေါ်လာစေဖို့ ဘုရင်မကိုယ်တိုင် မဖြစ်မနေ တီးကိုတီးရမယ်။ ဘာလို့လဲဆိုတော့ မိုးလင်းရန် ရန်သူတွေ ရောက်တော့မှာမို့ပဲ။ ကိုင်း ... သေဒဏ်ပေးချင်ပေးပစေ ကျွန်တော်မျိုးကိုယ်တိုင် ဖော်လျှောက်မယ်"





"နေဦး ... တပ်မှူး"

"အချိန်က တန်ဘိုးကြီးနေပါပြီ ... ဘိုးဘိုး၊ ဖယ်ကြပါ"

"နေဦး ... ငါတို့ပါ ဝင်မယ်။ ဒါ တိုင်းပြည်ရဲ့အရေး စစ်ရေး၊ အစိဌာန်အရေးထက် ပိုအရေးကြီးတယ် ... ဝန်မင်းတို့"

"ကျုပ်တို့အားလုံး အပြစ်ဒဏ်ခံရမှခံတော့ မြိုင်တူဝင်လျှောက်ကြစို့"

"အထိန်းတော်ကြီး"

"ဘုရား ... ဘိုးဘိုးကြီး"

"ဘုရင်မကြီးရဲ့ ဥပုသ်ဆောင်ကို ဘိုးဘိုးတို့ ဝင်မယ်။ ရှေ့ကနေ သယ်ပြ"

အထိန်းတော်ကြီးလည်း ဘယ်လိုမှ ပြောဆိုရှင်းပြ တားလို့မရတော့ဘူး။

ကြားရချက်စကားတွေက အံ့ဩစရာတွေ ဖြစ်နေတာကိုး။

အထိန်းတော်ကြီးက ဥပုသ်ဆောင်ကို ဦးဆောင်သွားပြီး အဝါရောင် လိုက်ကာနှစ်စကို အသာအယာ ဖွင့်လိုက်တယ်။

ကြည့်စမ်း ...

ရွှေသားရုပ်တုအလား ဘုရင်မကြီး ထိုင်လျက် တရားကိုမှတ်နေတယ်။ ဝင်သက်ထွက်သက် အရှိန်ကြောင့် ဘုရင်မရဲ့ကျောပြင်ဟာ မသိမသာ လှုပ်နေတယ်။

ရုပ်ပွားတော်ကြီးကလည်း ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီးတွေနဲ့ သပ္ပာယ်လိုက်ပါဘိ။

"သခင်မကြီးဘုရား ..."

အထိန်းတော်ကြီးက ဘုရင်မနောက်နားကနေ လက်အုပ်ချီပြီး ညင်ညင်းစွာ အသံပြုလိုက်လို့ ဘုရင်မ အသက်ရှူတန့်သွားတယ်။

"ခေတ္တ ရပ်တော်မူပါ ... သခင်မကြီးဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"မယ်စိတြ ..."

"ဘုရား ... သခင်မ"

"ငါ့ရဲ့အမိဌာန်ကို သင် ဘာကြောင့် ဖျက်ဆီးရတာလဲ"

ဘုရင်မရဲ့အသံက တည်ငြိမ်ပါတယ်။ သို့သော် အသံရဲ့နောက် မှာ ဓားသွား ဖွေးခနဲလက်တာကို အထိန်းတော်ကြီး ခန့်မှန်းမိလို့ တစ်ကိုယ် လုံး တုန်နေတယ်။ နောက်ကိုလည်း စိုးစိုးရွံ့ရွံ့ လှည့်ကြည့်ရင်းက ...

"သက်တော်ရှည်ဘိုးဘိုးတို့ ဥပုသ်ဆောင်အတွင်းတော်ကို ဝင် ရောက်ခစားနေပါတယ် ... သခင်မကြီးဘုရား"

"သက်တော်ရှည်ဘိုးဘိုး ..."

"ဘုရား ... ဘုရင်မကြီး"

"သခင်မ အမိဌာန်ဝင်နေတယ်ဆိုတာ သိရဲ့မဟုတ်လား"

ဘုရင်မက လှည့်မကြည့်ဘဲ အသံတင်းတင်းနဲ့ မေးလိုက်တော့ အားလုံး စိုးရွံ့စပြုနေပြီ။

"မှန်ပါ ... အရေးတော်ပေါ်လာပါ၍ မဖြစ်မနေ ဝင်ရောက်ခစား ကြောင်းပါ ... ဘုရင်မကြီး"

"ဘာ ... အရေးတော် ... ဘာအရေးတော်မို့လို့လဲ ဘိုးဘိုး"

"ရန်သူ ... သီရိခေတ္တရာတပ်များ ပန်ထွာကို တိုက်ခိုက်သိမ်း ပိုက်ဖို့ စစ်ကြီး ချီလာနေပါပြီ ... ဘုရင်မ"

"ဘာ ..."

"ဘာ ..."

"ဘာပြောတယ်"

ဘုရင်မရဲ့အသံဟာ ကျားဟိန်းသလို ဟိန်းပြီး ရှေ့ခနဲ လှည့် လိုက်တယ်။ အလို ... ရှေ့ကော်မှောက်မှာ ဝန်မင်းကြီးတွေရော၊ တပ်မှူး သျှိဝတို့ပါ ပျပ်ဝပ်ခစားနေပါကလား။

"ဘိုးဘိုး ... သီရိခေတ္တရာတပ်တွေ ... ဟုတ်လား"





"မှန်ပါ ... တပ်မှူးသျှိဝရဲ့ ထောက်လှမ်းချက်အရ နက်ဖြန် မိုးလင်းလျှင် ရန်ပယ်ချောင်းကို သီရိခေတ္တရာ ရန်သူတပ်မကြီး ရောက်ပါ သိမ့်မယ်တဲ့ ... ဘုရင်မ"

"ဟင်း ဟင်း ဟင်း ဗြဲအကြောင်း ငါတို့အစွမ်းကို မသိသေးလို့ ဒွတ္တဘောင်က တတိယအကြိမ်မြောက် လာတိုက်တာကိုး။ ဒါဆိုရင်လည်း ရန်ပယ်ချောင်းမှာ သင်းတို့အားလုံးရဲ့ အသက်တွေ စတေးရတော့မှာပေါ့။ သာစမ်းပစေကွယ် ... တပ်မှူး ... သျှိဝ"

"ခစားလျက်ပါ ... ဘုရင်မကြီးဘုရား"

"မြင်းမဏိတောင်မှာ ငါ့အရှင် ဂမ္ဘီရရှင်ပျို အမိဌာန်စခန်းဝင်နေ တယ်။ ညတွင်း သွားပင့်ချေ"

အားလုံး အသံတိတ်သွားကြတယ်။ အပ်ကျရင်တောင် ကြားရ သလဲ့။ ဘုရင်မက ထပ်ပြောတယ်။

"သျှိဝ ..."

"ဘုရား ..."

"ငါပြောတာ ကြားရဲ့လား ... တပ်မှူး"

"မှန်ပါ ... ရွှေနားဆင်တော်မူပါ ... ဘုရင်မကြီး၊ တကောင်း ပြည်က ဂမ္ဘီရပညာရှင် ရှင်ရဟန်း မြင်းမဏိပှာရော၊ ဗိဿနိုးမှာပါ လုံးဝ မရှိတော့ပါဘူး ... ဘုရင်မကြီး"

"ဘာ ... ရဟန်းရှင်ပျို အမိဌာန်ဝင်နေတယ်လေ"

"မဟုတ်ပါ ... ဘုရား။ ကျွန်တော်မျိုး စေ့စေ့စုံစုံ စုံစမ်းရာမှာ သက်သေခံက ဒါ သီရိခေတ္တရာသုံး ရွှေဒင်္ဂါးနဲ့ သက်နံးဟောင်းပါ ... ဘုရင်မ။ ဟောဒါကတော့ မီးလောင်စပြုနေတဲ့ သီရိခေတ္တရာတံဆိပ်ပါ စာရွက်ပါ။ ပေရွက်မှာ ရေးထားတာက 'ကိစ္စပြီးရင် အမြန်ပြန်လာ' ပါတဲ့ ဘုရား"

"ဆက်စမ်း ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘုရင်မက ပစ္စည်းအားလုံးကို ကြည့်ပြီး မျက်နှာတစ်ချက် ညှိုး ကျသွားတယ်။

"သူတို့ကို မြို့အနှံ့ ရွာအနှံ့ ရှာဖွေပြီးပလား"

"ရှာလို့မတွေ့ပါဘူး ... ဘုရင်မကြီး"

"တောက် .. တွေ့ကြသေးတာပေါ့။ ဒါ့အပေါ်မှာ ကောက်ကျစ် ကြတာကိုး။ အားလုံး စစ်ပြင်ကြ။ ငါကိုယ်တော်တိုင် အတုလစည်တော်ကြီး ကို တီးပြီး တိုက်ပွဲဝင်မယ်။ ပန်ထွာ ဘယ်တော့မှ ဒွတ္တဘောင်ရဲ့ကျွန် မဖြစ်ရဘူး။ အမိန့် ..."

အားလုံးရဲ့ မျက်နှာများဟာ ပြစ်ဒဏ်စကားမဟုတ်ဘဲ ...

တိုက်ပွဲခေါ်သံ အမိန့်စကားဖြစ်သွားလို့ ရဲစိတ်ရဲမာန်များ မျက်နှာ ပေါ်မှာ လျှမ်းလျှမ်းထပြီး ရန်သူကိုတိုက်ရန် တာဝန်တွေ အသီးသီး ခွဲဝေ ကြတယ်။

မြို့စား၊ နယ်စား၊ ရွာစားများထံ အမိန့်စာချက်ချင်းဝေပြီး ရန်သူ ကို တိုက်ဖို့ ဆင့်ဆိုလိုက်တယ်။

အားလုံးဟာ ဆောက်လက်စ မဏ္ဍပ်ကြီးတွေ ရပ်ဆိုင်းပြီး ရန်သူ တိုက်ဖို့ ဓား၊ လှံ၊ လေး၊ မြားတွေကို ချက်ချင်း ပြင်ဆင်ကြတယ်။

မြင်းသည်တော်များ၊ စစ်သည်များဟာ အရပ်လေးမျက်နှာ အသီးသီး နေရာယူဖို့ လက်နက်တွေနဲ့ ချက်ချင်း ထွက်ကြတယ်။

✿ ✿ ✿

| ၄၆ |

❑

ကြည့်စမ်း ... ရန်သူ သိရှိခေတ္တရာတပ်ကြီးရယ် ...

မြောက်မြားလှစွာသော ရဲတံခွန်အလံတွေကို ကိုင်မြှောက်ပြီး စစ် ထောင်းသံ စစ်ချီသံတွေ တီးခတ်ကြွေးကြော်လို့ ရန်ပယ်ရှိရာကို ဦးတည်လာ ကြတာ။

မြင်းထောင်ပေါင်းများစွာရဲ့ ဟီသံ။

တိုက်ဆင်တို့ရဲ့ ဟီးသံ၊ ကျည်ကျည်ကျာကျာ အော်သံတွေက သံချိုင်တောင်ရိုပ်နဲ့ ပဲ့တင်တုန်ခါပြီး ဖုန်လုံးကြီးတွေ အလုံးအလိမ့် ထနေ တာကို ဗိဿနိုးမြို့ရိုးပေါ်ကနေ အတိုင်းသား မြင်နေရတယ်။

တပ်မှူးသျှိဝက တောင်ကြားလမ်းပေါ်က ကျောက်မောင်းသမား တွေကို အသင့်ရှိဖို့ အော်လိုက်တယ်။

"ဒီ မရဏတောင်ကြားကို ဝင်ရဲဝင် လာစမ်းပစေ ... တပ်မှူး ကျောက်တုံးဖို့ပြီး မြေမြှုပ်ပစ်လိုက်ပါ့မယ် ... စိတ်ချ"

လေးဘက်လေးတန် ဝင်လာနိုင်တဲ့ လမ်းကြောင်းမှာ ဆင်ခလုတ်၊ မြင်းခလုတ်၊ သံချွန်၊ မယ်နများ၊ သစ်ခလုတ်၊ တားကြိုး၊ မြေကျင်း၊ ထောင်ချောက် ဆူးညှောင့်များကိုလည်း လှည့်လည့်စစ်ဆေးလိုက်တယ်။

စိတ်ကူးသစ်တာပေ

www.burmeseclassic.com

www.burmeseclassic.com



တောင်ကမ်းပါးယံကြီးရဲ့ တောင်ကုန်းတွေပေါ်မှာ လေးသည်တော် အဖွဲ့ကလည်း လေးမြားကိုယ်စီနဲ့ တိုက်ပွဲဝင်ဖို့ အသင့်။

သျှိုဝ၊ ဗျဂ္ဂ၊ ဥတ္တရ စသည့် တပ်ဗိုလ်များ၊ သွေးသောက်ကြီးများ ဟာ ဓားကိုယ်စီလွယ်ပြီး မြင်းကိုယ်စီနှင့် တပ်တွေကို လိုက်လံစစ်ဆေးနေ ကြတယ်။

ရဲမက်တွေမှာ ဝတ်စုံပြည့် ရဲမက်တွေလည်း ပါသလို၊

ဝတ်စုံမပါတဲ့ ရင်အုပ်ကားကား၊ ကြွက်သားဖုထစ် လယ်သမား ယာသမား၊ တံငါ၊ နွားမွေး၊ ကျွဲမွေးသမားတွေလည်း လက်နက်ကိုယ်စီနဲ့ တိုက်ဖို့ သွေးကြွနေကြပြီ။

ကျူးကျော်စစ်ကို အရင်ဆုံး တားမည့် 'စစ်တား' နေရာက ရန် ပယ်ချောင်းပဲ။

ရန်ပယ်ချောင်းရဲ့ အလျားလိုက် မြေပြင်ကမ်းနားမှာ ရေ၊ ကမ်း ကုန်းမြင့်များပေါ်မှာပါ လေးတပ်ဖွဲ့တွေက နေရာယူထားပြီးသား။

တောင်ကုန်းမြင့်တစ်ခုပေါ်မှာတော့ အချက်ပြ ရဲလံတင်ဖို့ စိုက်ထူ ထားတဲ့ အလံတိုင်တစ်ခု ရှိနေတယ်။

ဒီအလံတိုင်က ရန်ပယ်ချောင်းကို သီရိခေတ္တရာရန်သူ တပ်ဖြတ် ကူးတာနဲ့ အလံတင်ပြီး ဗိဿနိုးနန်းမြင့်စည်တော်စင်ကို အချက်ပြရမည့် အလံ။

ဗိဿနိုးရွှေနန်းတော် နန်းမြင့် မဟာအတုလစည်တော်ဆောင်မှာ ဘုရင်မကြီးနဲ့ သက်တော်ရှည်အမတ်ကြီး ပုဏ္ဏားတော်ကြီးများက အသင့် မျှော်ကြည့်နေကြတော့ ...

အဲ့လံတိုင်ပေါ်ကနေ အချက်ပြအလံ တက်လာတာနှင့် ... ထို ပန်ထွာဘုရင်မ အပျိုဖော်ဝင်စ အရွယ်ကတည်းက သိကြားမင်းက ဗိဿနိုး နတ်မင်းကြီးကို ညွှန်ပေးခဲ့တဲ့ ရန်ပယ်မဟာအတုလစည်တော်။

ဗိဿနိုးတောနက်ကြီးထဲရှိ ဆင်ဝင်လို့ရသည့် ကျောက်ဂူထဲမှ တွေ့ရသည့် ထူးဆန်းသည့် စည်တော်ကြီး။





ကျောက်ဂူကြီးအဝမှာ သျှိုဝနတ်ရုပ်တုများ ရေး ဗိဿနိုးနတ်မင်း ရုပ်တု၊ ဗြဟ္မာသူတော်စင်တို့ရဲ့ ကျောက်ရုပ်တုတွေကို သစ်ပင်ချုံနွယ်များ ဖုံးနေတာ။

ဒီချုံနွယ်များကို ဗိဿနိုးနတ်မင်းကြီးရဲ့ လမ်းညွှန်ချက်နဲ့ အဖ ရှင် ရသေ့က တောရှင်းပြီး ရယူခဲ့တာ။

အံ့ဖွယ်အတုလစည်တော်ကြီး။

စည်တော်ကြီးရှေ့က ကျောက်ပလ္လင်ပေါ်မှာ ကျောက်သေတ္တာ ငယ်နှင့် ထည့်ထားတဲ့ ကြေးပုရပိုဒ်တစ်ဆူ။

ကြေးပုရပိုဒ်ထဲမှာ အလွန်ရှေးကျလွန်းသည့် ပါဠိစာ၊ ပျူစာ၊ သက္ကရစာများနှင့် ရေးထိုးထားသည်က ...

ဂမ္ဘီရစွမ်းအင်တို့နှင့် စီရင်ထားသည့် မဟာအတုလရန်ပယ်စည်တော် ဖြစ်သည်။

ဘုန်းကြီးတော်မူသည့် ပန်ထွာဘုရင်မအတွက်ဖြစ်သည်။

သူတော်ကောင်းတရား၊ နိဝရဏတရား။

ဂါရဝတရား၊ လောကပါလတရားတို့ စောင့်သိနေသမျှ ကာလပတ်လုံး ဤမဟာအတုလစည်တော်သည် ရန်ဟူသမျှကို ဖယ်ရှားအံ့ ...

နောက် ကြေးပုရပိုဒ်မှာတော့ သုံးပုံသုံးနည်းတို့ကို အကျဉ်းဝါကျ ပါဠိတို့နဲ့ ရေးထားတယ်။

ဒီ အတုလရန်ပယ်စည်တော်ကြီးကို ပန်ထွာမိန်းမပျို ဘုရင်မကြီး အဖြစ်နဲ့ ဗိဿနိုးမှာ စိုးစံတော့ နန်းမြင့်ဗဟိုစည် စင်ကြီးကို လှေကားများစွာ နဲ့ ကြောင်လိန်ဆင်ပြီး ဟိုးအမြင့်အပေါ်မှာ စည်တော်ကြီး အရတင်ထား တာ။

စည်တော်ကြီး၏အခန်းကို ဘုရင်မခွင့်ပြုသူမှ လွဲပြီး မည်သူမျှ ခဝင်ရဘူး။ တပ်မှူးသျှိုဝတောင် စည်တော်ကြီးကို မမြင်ဖူးဘူး။

တစ်ခါ ဒီရန်ပယ်စည်ကြီးကို ဘုရင်မကိုယ်တော်တိုင် ဆုတောင်း ပူဇော် ပသတီးမှ စည်ကြီးမြည်ပြီး ထူးဆန်းတဲ့ ဂမ္ဘီရစွမ်းအင်တွေ အံ့မခန်း ဖြစ်ပေါ်လာတာ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မကြီးက စည်တော်နန်းမြင့်ဆောင်ကနေ ရပ်ပြီး ရန်ပယ် ချောင်းတောင်ကုန်းပေါ်က ထိုးလွင့်တက်လာမည့် တိုက်ပွဲဝင်အချက်ပြအလံကို မမှိတ်မသုန် ကြည့်နေမှာ။

မှန်ရာပြောရရင် . . .

သျှိုဝက တိုက်ခိုက်ရေးသမား သူ့ရဲကောင်း စစ်သည်တော်ပါ။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်တယ်။ နတ်တို့၊ သိကြားတို့၊ ဘီလူးတို့ကို သိပ်အားမကိုးချင်ဘူး။ သို့သော် ဒီစကားမျိုး ဗိဿနိုးမှာ ပြောခွင့်မရှိဘူး။ ပန်ထွာဘုရင်မ မကြိုက်ဘူးလေ။

ပန်ထွာဘုရင်မကြီးကိုယ်တိုင်က ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်တွေကို လေ့လာလိုက်စား အလေးအနက်ထားသူ။

နတ်၊ သိကြား၊ ဗြဟ္မာ၊ ယက္ခတို့ကို မယုံကြည်ဘူးလို့ ပြောရင် သေဒဏ် အပေးခံရနိုင်တယ်။

ဘုရင်မရဲ့အလုက တုန့်နှိုင်းမဲ့အလုပါ။

သို့သော် ရက်စက်ပြီဟေ့ဆိုရင် ဘီလူးသရဲများပင် ကြောက်ရွံ့သွားနိုင်အောင် ရက်စက်ခက်ထန်တာ။

"ရန်သူတွေ ရန်ပယ်ချောင်းကို ဖြတ်ပြီဟေ့"

ကင်းစောင့်က မျှော်စင်ပေါ်ကနေ အသံကုန်ဟစ်လိုက်လို့ တပ်မှူး သျှိုဝ အတွေးကိုဖြတ်ပြီး ရန်ပယ်ချောင်းရှိရာကို လှမ်းကြည့်လိုက်ရော။

ဟယ် . . . ရန်သူတွေ ရင်ပေါင်တန်းပြီး ရန်ပယ်ချောင်းရှိရာကို လာနေပါကလား။

အရေးထဲ ရန်ပယ်ချောင်းရေက ရေကျပြီး ရေစစ်စပြုနေတော့ ကမ်းစပ် သဲခင်းပြန့်ကြီးတွေက ချောင်းထဲမှာ အထင်းသား။

သူတို့က ရေကျချိန်ကို လေ့လာပြီးမှ အလုံးအရင်းနဲ့ ဝင်လာကြတာ။ ရှေ့ဆုံးက စစ်မြင်းကြီးတွေ စီးလာတဲ့ သီရိခေတ္တရာ စစ်သည်တွေဟာ ဖွေးဖွေးလက်နေတဲ့ ဓား၊ လှံတွေ မြှောက်ပြီး နေရောင်အောက်မှာ အော်ဟစ်ကြုံးဝါး မြင်းစိုင်းလာနေတာ။

စိတ်ကူးသစ်စာပေ



"သီရိခေတ္တရာတဲ့ဟေ့"

"တက် . . . တက် . . . တက် . . ."

"ကျား . . . ကျား . . . ကျား . . ."

စစ်မြင်းတွေရဲ့ဟီသံဟာ ရန်ပယ်မှာ ပဲ့တင်ရှည်နေတယ်။

ဟိုးနောက်မှာ တိုက်ဆင်တွေကလည်း တကျိုကျို၊ တကျာကျာ ခွာသံပေး၊ နှာမောင်းကြီးတွေ မြှောက်ပြီး တဝူးဝူး အော်သံပေးနေတာက လည်း မိုးလုံးလျှံလို့။

"ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . ."

"ဒုန်း . . . ဒုန်း . . . ဒုန်း . . ."

"ဒိန်း . . . ဒိန်း . . . ဒိန်း . . ."

သားရေဒိုင်းကြီးတွေကို တုတ်တိုနဲ့ရိုက်လို့ မြည်တဲ့ အသံတွေကလည်း အသံကို ကြားရတာနဲ့တင် နားအူနားကန်း ရင်တုန်စရာပဲ။

"ဗိဿနိုးလေးသည်တော်တို့ . . . အသင့်"

"တူ . . . တူ . . . တူ . . . တူ . . . ဟူ . . . ဟူ . . . ဟူ . . . ဟူ . . ."

"ကျား . . . ကျား . . . ကျား . . ."

"ပစ် . . ."

"ရှီး . . . ရှီ . . . ရှီး . . . ရှီး . . ."

"ဖောက် . . . ဖောက် . . . ဖောက်"

"အား . . . အား . . ."

"အား . . . ငါ့ကို ထိပြီဟေ့"

တောင်ကုန်းတွေပေါ်က ဗိဿနိုးလေးသည်တော်များ ပစ်လိုက်တဲ့ မြားတွေက ရန်ပယ်ချောင်း ရေစပ်စပ်သဲပြင်ကို ဖြတ်နေတဲ့ ရန်သူ့ရဲ့ ရင်ဘတ်ကို ထိမှန်၊ မြင်းတွေကို ထိမှန်ပြီး ရန်သူမြင်းစစ်သည်များ ဝရုန်းသုန်းကား ဖြစ်ကုန်ကြတယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာပဲ ရန်သူဘက်က မြောက်မြားလှစွာသော မြားတွေဟာ ရန်ပယ်ချောင်းကိုဖြတ်ပြီး ကျိုင်းကောင်အုပ်ကြီးတွေလို ဗိဿနိုးတပ်ရှိရာကို ကျလာကြတယ်။

ကျလာတဲ့မြားတွေကို ဒိုင်းနဲ့ကာကြ။

တုံ့ပြန်မြားတွေ ပစ်ကြ။

မြင်းတွေ၊ စစ်သည်တွေ၊ ဖရိုဖရဲဖြစ်ပြီး နင်းကြ၊ အော်ကြ၊ ဟစ်ကြ။ ဒီမှာ ရန်သူ သိရိခေတ္တရာတပ်ကြီးက လူတစ်ရပ်မြင့် ဒိုင်းလွှားကြီးတွေကို ရှေ့မှာကာပြီး လှံရှည်တွေကိုင်လို့ ထောင်နဲ့ချီပြီး အရဲအဝံ့တက်လာကြ . . . ။

သူတို့နောက်က ဆင်စီးတပ်ကြီးကလည်း တပ်ဖြန့်ပြီး ရန်ပယ်ကို အဆင်း . . .

"တူ . . . တူ . . . တူ . . ."

"တူ . . . တူ . . . တူ . . ."

"တူ . . . တူ . . . တူ . . ."

တပ်မှူးသျှိဝ ညာလက်က ဓားကိုဆုပ်ကိုင်ရင်း ဘယ်လက်နဲ့ ကျွဲချိုကို ပါးစပ်တေ့ပြီး (၉)ကြိမ်မှုတ်လို့ အချက်ပြလိုက်ရော . . .

တောင်ကုန်းမြင့်ပေါ်မှာ ဗိဿနိုးရဲ့ အတုလစည်တော်ကြီးတီးရန် အချက်ပြအလံ အနီရောင်ဟာ အလံတိုင်ကနေ အလျင်နှုန်းနဲ့ တိုင်ထိပ်ပေါ်ကို ရောက်ရှိသွားပြီး အလံနီဟာ လေထဲမှာ တဖျပ်ဖျပ်လွင့်နေတယ်။

ဒါနှင့်အတူ သျှိဝဦးဆောင်တဲ့ ဗိဿနိုးတပ်သား ရာပေါင်းများစွာကလည်း သဲပြင်ထက်က ချောင်းရိုးသာသာရေကို ခုန်ကူး ကျော်ဝင်ပြီး ဒီမှာဘက်ကမ်းစပ်ကို ဝင်လာတဲ့ ရန်သူ မြင်းတပ်နဲ့ ခြေလျင်စစ်သားတွေကို ရင်ဆိုင်ထိုးခုတ် တိုက်ခိုက်ကြတော့တယ်။

✿ ✿ ✿

|၄၇|

❑

ပန်ထွာဘုရင်မကြီးဟာ ဗိဿနိုးနတ်မင်းအပါအဝင် ဗြဟ္မာနတ်ကြီးများ၊ မဟာအတုလစည်တော်ကြီးရဲ့ အင်းစောင့်များကို အမွှေးဘာ(၉) မျိုး၊ ပန်း (၉) မျိုး၊ အသီးအနှံ (၉) မျိုး၊ နံ့သာရနံ့ (၉) မျိုး တော့ပွဲအမျိုးမျိုးနဲ့ ပူဇော်သမှုပြုပြီး . . .

အင်းနှိုးမန္တန်တို့ကို ပီသအောင်မြင်တဲ့အသံ၊ ဌာန် အတုလစည်တော်ကြီးရှေ့မှာ ရွတ်ဖတ်နေတယ်။

နံ့သာမျိုးစုံတို့ မီးသင်းထားတဲ့ အခိုးအငွေ့တွေဟာ နဂါးငွေ့တန်း လူးလွန့်လိမ်ယှက်ပြီး စည်တော်ကြီးရဲ့ မျက်နှာပြင်ကို ဦးတိုက်နေသလို တယ်။ ဆီးမီးခွက်တွေထဲက မီးလျှံတွေကလည်း အင်းစောင့်တွေ မြူးာခုန်နေသည့်အလား ယိုင်ထိုး လောင်မြိုက်လို့။

သက်တော်ရှည်အမတ်ကြီးနှင့် ပုဏ္ဏားတော်ကြီးတို့လည်း လက်ချီပြီး အင်းစောင့်တို့ကို မေတ္တာပို့သကြတယ်။

"ဦ . . . . ."

"ဦ . . . . ."

"ဦ . . . . ."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



''ဟေဒ္ဒါပထဝီ နာဂေါ

သာဂရော မဏိ သာဂရော မဏိမေခလာ

ဒေဝတာ ဝဿဝရော။

ရာဇသေဏ္ဏော မာရော

မဟိဒ္ဓိကော ဒေဝတိဟာနိ

ရာဇသဗ္ဗ ကမ္မာနိ သိဒ္ဓိကာ . . . ဦ . . . ဦ . . . ဦ . . .''

''မဟာအတုလစည်တော်ကြီး၌ စောင့်ရှောက်ကြကုန်သော ...
စောင့်တို့ကို ပူဇော်ပါ၏။ မဟာဝိသနိုးနတ်မင်း၊ သျှိဝနတ်မင်းနှင့် ကိ...
တို့အား ပူဇော်ပါ၏။ အင်းစောင့်တို့ သက်ဝင်နိုးထ၍ ရန်ပယ်အရပ်မှာ ...
ကြီးမိုးကြီး လှိုင်းကြီး တော်လဲ၍ ရန်သူတို့ကို ဖျက်ဆီးကြပါကုန်သော...
ဦ . . .''

''အြွ မြွ ဖြိန္န မြွ ဖြိန္န မြွ ဖြိန္န

ဖျက္ခ ဖျက္ခ ရက္ခ ရက္ခ

အဟံဇာတိ ယဏ္ဍောရာဇာ

ဖြိန္နဝါတ ဒေဗတ္တော ဆိန္နတိ အတို . . . အြွ . . .''

ဘုရင်မကြီးက အလွန်ကို ထူးဆန်းအံ့ဖွယ် နားလည်ရ ...
နက်နဲသည့် မန္တန်ဂါထာတို့ကို လည်ချောင်းသံ၊ ရင်ခေါင်းသံ၊ လျှာ...
နှုတ်ခမ်းပိတ်သံတို့နှင့် ရွတ်ပြီး . . .

တောက်ခတ်တယ်၊ ဖနောင့်ပေါက်တယ်၊ အပေါ်ကိုမော့ကြ...
လက်ယပ်ခေါ်တယ်။ အရပ်လေးပါးကို လက်နှစ်ဖက်နဲ့ သိမ်းယူသလို...
တယ်။ တကယ် မော်ဝင်နေတဲ့အတိုင်းပဲ။

ပြီး . . . တစ်စုံတစ်ရာကို ဖမ်းယူဆုပ်သဏ္ဌာန် လုပ်ပြီး အ...
လွှင့်ပစ်တယ်။ အချို့ကို နင်းချေပစ်သလို ပြုတယ်။

''ဘုရင်မကြီး . . . အချက်ပြအလံ တိုင်ထိပ်ပေါ် ရောက်...
ပြီ . . . ဘုရင်မ''

''သင်းတို့ ရန်ပယ်ချောင်းကို ကူးကြပြီပေါ့''

စိတ်ကူးသစ်စာပေ



''မှန်ပါတယ် . . . ဘုရင်မ''

''တွေ့ကြသေးတာပေါ့ . . . ဒွတ္တဘောင်ရယ်။ သင်ကလည်း သီရိ...
...ရာဘုရင်၊ ငါကလည်း ပန်ထွာဘုရင်မ။ ကိုင်း . . .''

ဘုရင်မကြီးက မဟာအတုလစေတီတော်ကြီးရှေ့မှာ ရပ်ပြီး မဟာ...
...လစည်တော်ကြီးရဲ့ စည်လုံးကို နဖူးနဲ့ သုံးကြိမ်ထိတိုက် အရိုအသေပြု...
...။

ပြီး လက်အုပ်ချီလို့ တိုက်အင်းမန္တန်ကို ရွတ်ဆိုပြီး မဟာအတုလ...
...တော်ကြီးရဲ့ မျက်နှာပြင်ကို နမ္မတ်ဖွေးဥနေတဲ့ လက်သီးဆုပ်နဲ့ အား...
...ပြီး စတင်တီးခတ်လိုက်တယ်။

''ဗတ် . . .''

''ဟင် . . .''

''ဗတ် . . .''

''အလို . . .''

''ဗတ် . . .''

''အလိုလေး . . . အရှင်တို့''

ပန်ထွာဘုရင်မကြီးသာမက အနီးမှာရှိကြတဲ့ သက်တော်ရှည်...
...ဝ်ကြီးရော၊ ပုဏ္ဏားတော်ကြီးများပါ မျက်လုံးတွေ ပြူးကျယ် အံ့သြ...
...ကြတယ်။

ဘုရင်မကြီးရဲ့လက်အစုံဟာ တုန်ခါပြီး နှင်းဆီရောင် နှုတ်ခမ်းနှစ်...
...ဘို့ လှိုင်းထနေတယ်။

မယုံကြည်နိုင်လို့ နောက်တစ်ကြိမ် အတွင်းအားထည့်ပြီး တီးခတ်...
...တယ်။

''ဗတ် . . . ဗတ် . . . ဗတ် . . .''

အတုလစည်ကြီးရဲ့ တီးခတ်သံဟာ အရင်တုန်းကလို နားတုန်ခါ...
... တိန်းစည်သွားတဲ့အသံ လုံးဝ ထွက်ပေါ်မလာဘဲ . . .

တဗတ်ဗတ်အသံပဲ မြည်တော့တယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လေတိုက်သံ တိုးတိုးညင်းညင်းမျှ မကြားရဘူး။

သစ်ရွက်ကြွေသံ မကြားရဘူး။

လျှပ်စီးလက်သံ မမြင်ရဘူး။

မိုးခြိမ်းသံ ဝေးလို့၊ အိမ်မြှောင်စုတ်ထိုးသံမျှ မကြားရလို့ အ
နေကြစဉ်မှာပဲ ...

"တောက် ..."

"ရက်စက်ယုတ်မာလိုက်ပေ့ ... ရှင်ယောင်ရယ် ... ထွီ ..."

ဘုရင်မ တောက်တစ်ချက်ခတ်ပြီး နာကြည်းသံနဲ့ သို့က
ကောက်ချက်ချကာ မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး ချုံးပွဲချ ငိုကြွေးလို
တယ်။

"သွားပြီ ... ငါတို့အားလုံးရဲ့ဘဝ၊ ပန်ထွာတိုင်းပြည်ရဲ့ဘဝ
ဒွတ္တဘောင်နဲ့ ရှင်ယောင်တို့ အလုံးစုံ ဖျက်ဆီးလိုက်ကြပြီ ကွယ်ရို့။
ဟီး ..."

ရင်နင့်စရာ၊ သနားစရာကောင်းလိုက်ပါဘိ။

အားလုံးသောသူတို့ရဲ့ ပါးပြင်ပေါ်မှာ မျက်ရည်တွေစီးကျပြီး
သံတွေ ပေါ်လာကြတယ်။

ပန်ထွာဘုရင်မကြီး နားလည်သဘောပေါက်လိုက်ပါပြီ။

ရှင်ယောင် (ရှင်ပျို)။

မိမိနှင့် အဖရသေ့ကြီးတို့က သူ့ကို ပညာရှင်စစ်စစ်လို့ ယုံကြ
ပြီး နန်းဦးမှာ ထူးမြတ်တဲ့အခွင့်အရေးပေး လေးစားရို့ကျိုးစွာ ကိုးကွ
အားထားခဲ့ကြတယ်။

ရှင်ပျိုမှတစ်ပါး အခြားမရှိလို့ သက်ဝင်ယုံကြည်ခဲ့တယ်။

ခုတော့ ... တပ်မှူးသျှိဝပြောသလို ရှင်ပျိုဟာ ရဟန်းအ
မဟုတ်ဘူး၊ ရဟန်းအတု ရှင်ယောင်။

ပြီး ... သူလျှို။

သီရိခေတ္တရာမင်း ဒွတ္တဘောင်ရဲ့ အဆင့်မြင့်သူလျှို။

စိတ်ကူးသစ်စာပေ



ရက်စရာကောင်းလိုက်တာ၊ ရင်နာစရာ ကောင်းလိုက်တာ။

ငါ ... ပန်ထွာကို ဖျက်စီးအောင်ပြုတဲ့ တရားခံ ဖြစ်သွားပြီ။

ငါ ... မှားသွားပြီ။ အတိုင်းအတာမရှိ ငါ မှားသွားပြီ။

အဆုံးမတော့ ရှင်ယောင်က သူ့ကို ယုံလောက်အောင် အယုံသွင်း
ပြီး မဟာအတုလစည်တော်ကြီးရဲ့ ဂမ္ဘီရအစွမ်းတွေကို သူ့ရဲ့ ယုတ်ညံ့တဲ့
မှီရအစီအရင်တွေနဲ့ ဖျက်ဆီးသွားတာကိုး။

ရက်စက်လိုက်ကြတာ။

ယုတ်မာလိုက်ကြတာ။

လုပ်ရက်လေခြင်း ဒွတ္တဘောင်ရယ်။

မုန်းတယ်။ ငါ ဒွတ္တဘောင်ကို မုန်းတယ်၊ ရွံတယ်။

နန္ဒင်းဆိုးဝတ် ရှင်ယောင်ကို အရမ်းမုန်းတယ်။

"ဘုရင်မကြီး ..."

"ဘိုးဘိုး ... ကျွန်မ ... မှားသွားတယ်။ ကျွန်မ ပညာရှိတွေနဲ့
တိုင်ပင်ဘဲ ကိုယ်ထင်ရာ ကိုယ်စိုင်းမိလို့ အားလုံး အကျိုးနည်းကုန်ပါပြီ
ဘိုးဘိုးတို့ရယ် ... ဟီး ..."

"မငိုပါနဲ့ ... စိတ်ဓာတ် မကျပါနဲ့ ... ဘုရင်မ။ တရားသဘော
နဲ့ မြင်ပြီး စိတ်ကိုထိန်းပါ။ ကျွန်တော်မျိုးတို့မှာ တိုက်ရည်၊ စွမ်းရည်ရှိတဲ့
စစ်သည်ရဲမက် ဗိုလ်မင်းတွေ ရှိပါသေးတယ်။ ဘုရင်မကြီး စိတ်သက်သာ
သလို နေပါ။ ကျွန်တော်မျိုးတို့တပ် နန်းပြင်နန်းတွင်းကို ကွပ်ကဲပြီး အသေ
ခံတိုက်ပါ့မယ် ... အရှင်မ"

"ဘိုးဘိုး ... ဟိုလေ ... တပ်မှူး သျှိဝရော ... ဟင်"

"ရှေ့တန်း စစ်တားအရပ် ရန်ပယ်မှာ သျှိဝဦးစီးပြီး တိုက်နေပါ
တယ် ... ဘုရင်မ။ စိုးလင့်တော် မမူပါနှင့်။ ကျွန်တော်မျိုးတို့ကို ခွင့်ပြုပါ
အရှင်မ"

သူတို့အားလုံး နန်းမြို့ကြီးကို ကာကွယ်ကြဖို့ လှေကားအတိုင်း
ပြေးဆင်းသွားကြတယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



''မောင်ကြီး ... ဗိသနိုးနတ်မင်းကြီးရယ်၊ ညီမတော် မှားခဲ့ပါတယ်။ နှမတော်ကို မကယ်နိုင်တော့ဘူးလား ... မောင်ကြီး ဗိသနိုးနတ်မင်းကြီးရဲ့''

''မယ်မယ် ... မယ်မယ် ... စန္ဒမုခီ မယ်မယ်ကြီးရယ် ... သမီးတော်ကြီးကို မကယ်နိုင်တော့ဘူးလားဟင် ... ဟီး ...''

ဘုရင်မ စည်တော်ကြီးရှေ့မှာ ဒူးထောက်ပြီး ချုံးပွဲချ ငိုကြွေးလိုက်တယ်။

''အေးပေါ့လေ ... ငါက အဖနတ်မင်းကြီးပေးခဲ့တဲ့ ကြေးပုရပိုက်ထဲက စည်းကမ်းအတိုင်း ဂါရဝတရား၊ နိဝါတတရား မွေးမြူပြီး ပညာရှိသက်ကြီးဝါကြီး အသိရှိသူများနှင့် မတိုင်ပင်ဘဲ ငါ ... ငါ ... ဆိုတဲ့ အတ္တဘုရင်မမာန်နဲ့ လုပ်ချင်သလို လုပ်ခဲ့မှတော့ ဒဏ်တွေထိပြီပေါ့။ ငါ့မိုက်ပြစ်ကို တရားစောင့်သူတို့ မကယ်နိုင်တော့ဘူးပေါ့။ တောက် ... တွေ့ကြရောပေါ့ဟယ်''

ဘုရင်မ ယိုင်နေတဲ့စိတ်ကို ပြန်မတ်ထူလိုက်တယ်။

ကျနေတဲ့ ပျော့ညံ့စိတ်ကို ပြန်ကောက်ပြီး အားတင်းလိုက်တယ်။

သူ့ခန္ဓာကိုယ်ထဲမှာ ပန်ထွာရဲ့ ဖာတိသွေးတွေ လှိုက်ဆူပြီး အကြောတွေ တင်းမာလာခဲ့တယ်။

သူမ လှေကားထစ်တွေကို ခုန်ကျော်ဆင်းခဲ့ပြီး ဘုရင်မအခန်းထဲက ထန်းသားအနှစ်လေးကြီးကို လေးပလ္လင်ပေါ်ကနေ ကောက်ယူမ,လိုက်တယ်။

ပိဿ (၁၀၀၀) တင်တဲ့ လေးပါ။

တော်ရုံလူ မပစ်နိုင်တဲ့ လေးပါ။

ပျို့ရွယ်စဉ်က တပ်မှူးသျှိဝနဲ့ ဗိသနိုးလေးပစ်ကွင်းမှာ လေးပစ်ကျင့်ခဲ့တဲ့လေးပါ။

သူမ လေးညို့ကို ဆွဲကြည့်လိုက်တယ်။





လွန်းချိုကျစ်ထားတဲ့ သစ်နက်သားရေကြိုးက တင်းပြီး လိုက်ပါလာတယ်။

သူမ မြားကျည်တောက်ကို ကျောမှာလွယ်ပြီး လေးကို တင်းတင်းဆုပ်ကိုင်လို့ နန်းရှေ့ကို ခြေလှမ်းကျဲနဲ့ ရင်ကော့ ထွက်ခဲ့လိုက်တယ်။

ငါ အခု ဗိသနိုးဘုရင်မ၊ ပန်ထွာ ဘုရင်မပဲ။

နူးညံ့ပျော့ပြောင်း ဖော့ဖယောင်းလို ကန္တကလျာ၊ မွှမွှနုနု၊ ညှချွေးစွေး၊ ဖွေးဖွေးညက်ပန်ထွာ မဟုတ်တော့ဘူး။

တိုက်ပွဲဝင်မယ့် ဗိသနိုးစစ်သည်တော် ဘုရင်မပန်ထွာ။

ဒွတ္တဘောင်ရေ ...

သင်နဲ့ကျွန်ုပ် စစ်မြေပြင်မှာ ရင်ဆိုင်ပြီး မြားရေးမြားစွမ်း ပြရချေသေးသပေါ့။ ပန်ထွာဘုရင်မရဲ့သွေးဟာ နီစွေးတယ်။

ပန်ထွာဘုရင်မရဲ့ အမုန်းကလည်း ကမ္ဘာပျက်သည့်တိုင် သုဉ်းမှာမဟုတ်ဘူး။

သင်က ကျူးကျော်စော်ကား အနိုင်ကျင့်သူ။ ကျွန်ုပ်က အကျူးကျော်ခံရသူ။

သင့်ရဲ့မြားချက်နဲ့ ကျွန်ုပ်ရဲ့မြားချက် ဘယ်သူ့ရင်ကို အရင်စူးဝင်မလဲဆိုတာ စစ်မြေပြင်မှာ ရင်ဆိုင်တွေ့ကြသေးတာပေါ့။

သူရဲကောင်းဘုရင်ဆိုတာ ရာဇပလ္လင်ပေါ်ကနေ အမိန့်ပေးရဲတာထက် စစ်မြေပြင်မှာ ရင်ဆိုင်တိုက်ပြီး အရှုံးအနိုင်ကို ဆုံးဖြတ်ရဲမှ သူ့ရဲကောင်း ပီသရမှာပေါ့။

လာခဲ့ ... မဟာဒွတ္တဘောင်။ ငါကား ပန်ထွာဘုရင်မ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

# [ ၄၈ ]

❑

အားလုံးသော စစ်သည်တို့က ကောင်းကင်ယံ အလုံးကို ဟိ
သွားမည့် မဟာအတုလ ရန်ပယ်စည်တော်ကြီးရဲ့ မြည်သံကို နားစွင့်
ကြတယ်။

အချက်ပြအလံ ကောင်းကင်ယံမှာ တလူလူ လွှင့်နေတာ ကြာ
ပြီ။

အရင်တုန်းကလိုမျိုး အတုလစည်တော်သံ ဟိန်းဟိန်းကြီး မကြား
ရဘူး။

ပန်ထွာရဲမက်အားလုံး စိုးရိမ်သွားကြတယ်။ တစ်ဦးကိုတစ်ဦး
ကြည့်ပြီး ဘယ်လိုလဲလို့ မေးကြတယ်။

ကောင်းကင်ဟာ မိုး လုံးဝမညို့ဘူး။

လေပြင်းမုန်တိုင်း ဝေးလို့၊ လေပြည်လေညင်းတောင် မတိုက်
ဘူး။





လျှပ်စီးမလက်၊ မိုးမခြိမ်း၊ မိုးကြိုးပစ်သံတစ်ချက် မကြားရ။

မုန်ညင်းစေ့ခန့်မျှသော မိုးပေါက်ဟို့ မရွာ၊ မကျ။

ဘယ်လိုဖြစ်ရတာတုံး။

ရန်သူရဲမြင်းတပ်၊ ဆင်တပ်တွေ တိုက်စည် တိုက်မောင်းတီးပြီး
ရန်ပယ်ချောင်းကို ကျော်ပြီး ကြွေးကြော်သံတွေနဲ့ ဝင်လာကုန်ပြီ။

"တိုက် ..."

သျှိဝရဲ့ အမိန့်ပေးသံအဆုံးမှာ ထောင်နှင့်ချီသည့် ပန်ထွာရဲမက်
တွေဟာ ဓား၊ လှံ၊ ရဲတင်းများနဲ့ တရကြမ်း ဝင်တိုက်ကြတယ်။

သဲချောင်းပေါ်မှာ ဓားချင်းထိသံ၊ ဒိုင်းချင်းကာချင်း ရိုက်သံ၊ မြင်း
တွေ ပြိုလဲကျသံ၊ နာကျင်စူးရှ အော်ဟစ်သံများ ကြီးဝါးသံများနှင့် လူတွေ
ရောထွေးကုန်တယ်။

အင်အားချင်းက မမျှဘူး။

ပန်ထွာရဲမက်တွေ သွေးအလူးလူးနဲ့ သဲပြင်ပေါ်မှာ ကျဆုံးကုန်
ကြတယ်။ သဲပြင်ဟာ သွေးနီရဲရဲနဲ့ စေးထန်းနေပြီ။

တပ်မှူးသျှိဝရဲ့ဓားဟာ သွေးစေးတွေနဲ့ စေးထန်းပြီး လူတစ်ကိုယ်
လုံးလည်း ရန်သူ့သွေးတွေ ပေကျံလို့ လူရုပ်မပေါ်တော့ဘူး။

"တပ်မှူး ... သတိထား"

"သီရိခေတ္တရာကွ ... သေဟ"

"ထန် ..."

"ချွင် ..."

"ကျား ... ပန်ထွာကွ။ ဒါ တို့မြေဟေ့"

မြင်းတွေရဲ့အော်သံ ညံနေတယ်။ ပန်ထွာက တိုက်ဆင်တွေ နည်း
သော့ ဆင်ချင်း စီးချင်းထိုးရာမှာ ပန်ထွာရဲ့ဆင်တွေ ရန်သူရဲ့လှံချက်ထိပြီး
သွေးရှူးသွေးတန်း ပြေးရရှာတယ်။

"ရဲမက်တို့ ... နောက်ဆုတ်ကြ၊ ဆုတ်ကြ"



www.burmeseclassic.com

www.burmeseclassic.com



အင်အားချင်း မမျှဘူး။ ရန်သူ ဆင်တပ်ကြီးက အလံတွေလွှင့်ပြီး အလုံးအရင်း တပ်ဖြည့်ဝင် လာနေတာ။

သျှိဝတို့ နီးရာမှီရာရန်သူကို လျှပ်တစ်ပြက် ဓားနဲ့ဝင်ပိုင်း ခုတ်ပြီး နောက်ကို အမြန်ဆုတ်သွားကြတယ်။ ဓားချက်တွေ မြန်လွန်းလို့ ရန်သူ တွေ လန့်ဖျတ်ကုန်ကြရော။

အရေးကြီးတာက အသူရာတောင်ကြားပဲ။ ဒီနေရာကို မြားပေါ် ရမယ်။

အသူရာတောင်ကြားဆိုတာ ဘယ်လိုရန်သူတွေကိုမဆို အဆုံးစီရင် နိုင်တဲ့ နေရာ။ ဝင်လမ်း ကျယ်တယ်။ တောင်ကြား နှစ်ခုကြားက လမ်း ပေါ်မှာ မြင်းခလုတ်၊ ဆင်ခလုတ်တွေ ရှိတယ်။ ကျင်းနက်ကြီးတွေ ရှိ တယ်။

ကျင်းနက်ကြီးတွေပေါ်မှာ ဝါးထရံတွေ အုပ်ဖုံးပြီး အပေါ်မှာ မြေ သားတွေ ဖုံးထားတာ။ ကျင်းအောက်ထဲမှာ မီးသင့်ဝါးညှောင့်၊ သံချွန်း အဆိပ်ပြင်းမြွေဆိုးတွေ ထည့်ထားတယ်။

သျှိဝ မြင်းပေါ်ကနေ သူ့ရဲမက်တွေကို နောက်ဆုတ်ခိုင်းပြီး မြစ် ကမ်းပါးအဝင်လမ်းက ကောက်ရိုးပုံ အတားအဆီးတွေကို မီးရှို့လိုက်ရော-

သစ်ခြောက်၊ ဝါးခြောက်၊ ဝါးစိုများနှင့် ကောက်ရိုးတန်း ရိုးပြတ် ပုံကြီးတွေကို မီးစွဲလောင်ပြီး ဝါးဆစ်ပိုင်းတွေရဲ့ တဖောင်းဖောင်း ပေါက်ကွဲ သံနှင့်အတူ မီးစွဲလောင်စာတွေဟာ ရန်သူ့မြင်းတပ်နဲ့ ခြေလျင်တပ်ကို မီး စွဲပြီး ရှေ့တိုးလို့မရ ဖြစ်ကုန်ကြတယ်။

ဒီမှာ သျှိဝတို့က လျှို့ဝှက်တောလမ်းကနေ အသူရာတောင်ကြား လမ်းကို အရောက်ဆုတ်ခဲ့ကြတယ်။

''ဗျဂ္ဂ . . . ကျောက်မောင်းတွေ အသင့်ပြင်ထား''

''အသင့်ပဲ . . . တပ်မှူး၊ ကျုပ်တို့ အဆင်သင့်ပဲ''

''ရန်သူအင်အား များတယ်နော်''

စိတ်ကူးသစ်စာပေ



''များပစေ . . . ဒီတောင်ကြားကို ဝင်လာရင် အားလုံးအသေ ပဲ''

မကြာပါဘူး၊ မီးညွန့်တွေငြိမ်းသွားလို့ ရန်သူရှေ့ပြေး မြင်းတပ်နှင့် အတူ ဆင်တပ်၊ ခြေလျင်တပ်တွေဟာ ဗိဿနိုးနန်းမြို့ရဲ့အဝင် လမ်းကျယ် အသူတရာတောင်ကြားကို ဒုန်းစိုင်းပြီး ဝင်လာကြတာ။

''ကြိုးတင်း . . .''

''ဗိုး . . . မြန်း . . .''

''ဝုန်း . . . ဝရော . . .''

''အီး . . . ဟီး . . . ဟီး . . . ဟီး . . . ဟီး . . . ဟစ် . . . ဟစ်''

''ဟီး . . . ဟစ် . . . ဟစ် . . . ဟစ် . . . ဟစ် . . . ဟစ်''

''မြားတပ် . . . ပစ်''

သွေးသောက်ကြီး ရာဝနနှင့် ဗျဂ္ဂတို့ ဦးဆောင်တဲ့အဖွဲ့က မြေမှုပ် ကြိုးတွေကို ဖြုန်းခနဲဆွဲပြီး သစ်ပင်မှာ ကပ်ချည်လိုက်ရော ရန်သူ့မြင်းတပ် ကြီးများကို တိုက်တိုးပြီး မြင်းရော၊ လူပါ လဲအကျ မြားတပ်ဖွဲ့က မြားတွေ ဆိုးစိုက်ကျလာပြီး ရန်သူတွေ မြားထိသေကြ။

ရန်သူတပ်ကလည်း သေရဲသူတွေပါပဲ။

ကျတဲ့လူတွေကို မြင်းတပ်နဲ့ကျော်ပြီး ရှေ့ကိုထိုးတက်ကြတယ်။

မြင်းတပ်နောက်က ဆင်တပ်ကြီး။

သူတို့ဟာ မြားပစ်ကာပြီး ရှေ့ကို တိုးတက်ကြတာ။

ဒီလိုနဲ့ ရှည်လျားလှတဲ့ တောင်ကြားရဲ့ အလယ်အရောက်မှာ ဗိဿနိုးရဲမက်များက တောင်ကြားအဝင် လမ်းနံဘေး ဝဲယာက ပြတ်လှတဲ့တဲ့ သစ်ပင်ကြီးတွေ တွန်းလှဲချလိုက်ကြတာ။

''ဝေါ . . .''

''ဝုန်း . . . ဝုန်း . . . ဝုန်း . . .''

''အား . . . မလေးဗျာ . . .''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟီး ... ဟစ် ... ဟစ် ... ဟစ် ..."

"ဟီး ... ဟစ် ... ဟစ် ... ဟစ် ..."

"ဝေါ ... ဝေါ ... ဝေါ ..."

လူနှစ်ဖက်စာမျှ သစ်ပင်ကြီး (၁၀) ပင်ခန့်ဟာ တန်းစီဝင်လာတဲ့ ရန်သူ့ရဲမက် မြင်းတပ်ပေါ်ကို လဲပြိုပိကြလို့ လမ်းပိတ်ဆို့ကုန်ရော။

မြင်းတို့ရဲ့ နာကျင်စွာအော်သံနဲ့ သစ်ပင်ပိလို့ သေကျေ၊ ဒဏ်ရာ ရသူတွေ ရှူးရှူးဝါးဝါး အော်ဟစ်ပြီး နောက်ပြန်လှည့်လို့မရဘဲ ပိတ်မိသွား ပြီ။

"ရှေ့ကိုတက် ... ရှေ့ကိုတက် ... နောက်မှာ သစ်ပင်တွေ လဲ့ရ လို့ ပိတ်မိနေပြီ ... ရှေ့ကိုဖောက်တက် ..."

"နောက်က ဆင်တပ်ကြီးကလည်း ရှေ့တိုးမရတော့ဘူး"

ဒီမှာ တောင်ကြားလမ်းရှည်အတိုင်း အရဲစွန့်တက်လာတဲ့ မြင်းတပ် တစ်ဖွဲ့ဟာ ထောင်ချောက်ကျင်းကို နင်းမိပြီး ထောင်ချောက်ထဲကိုကျပြီး ကျင်းနက်ထဲ ညှောင့်ချူးပြီး သေကြ။ ကြောက်မက်ဖွယ် အော်ဟစ်ကြ။

နောက် မြင်းတွေလည်း လန့်ပြီး တိုး၊ တိုးရင်း ပြုတ်ကျသေ။

"ကျောက်မောင်းတွေ ... ဖြုတ်ချ၊ တွန်းချ"

"ကျား ... ပန်ထွာကွ ... တွန်း ... တွန်း ..."

"သွားရော့ကွာ"

"ဝရော ... ဝရော ... ဝုန်း ... အုန်း ... ဝုန်း ..."

"အား ... အား ... အာ ... အ ..."

"ကျောက်တုံးတွေ ကျလာကုန်ပြီဟေ့"

"ဝေါ ... ဝရော"

"ဝုန်း ... အုန်း ... ဝုန်း ..."

"ကျွီ ... ကျွီ ... ကျွီ ... အစ် ... အစ် ... ဂူး ... ဂူး ... ဂူး ..."

---

စိတ်ကူးသစ်စာပေ



"ဟီး ... ဟစ် ... ဟစ် ... ဟစ် ... ဟစ် ..."

"ဟီး ... ဟစ် ... ဟစ် ... ဟစ် ... ဟစ် ..."

တောင်ကမ်းပါးကြီးရဲ့ ဝဲယာ တစ်နံတစ်လျားပေါ်က စဥ့်အိုးကြီး၊ ဆင်အိုးကြီးမကာ ပုတ်တောင်း၊ ပုတ်လုံးမျှရှိတဲ့ ကျောက်တုံးကြီးတွေဟာ ထောင်ချောက်ကျင်းထဲ ဝရုန်းသုန်းကားဖြစ်နေတဲ့ ရန်သူ့မြင်းတပ်၊ ဆင် တပ်၊ ခြေလျင်တပ်တွေအပေါ်ကို တဝုန်းဝုန်း တအုန်းအုန်း ပြုတ်ကျပြီး နေသူတွေ ညက်ညက်ကျေ သေကြရော။

လူသေ၊ ဆင်သေ အလောင်းတွေ တောင်ကြားလမ်းပေါ်မှာ မနည်း ဘူးပဲ။

ဒီမှာပဲ ကျောက်တောင်ရဲ့ နောက်ကျောကနေ ရန်သူတွေက တောင်ကမ်းပါးယံကို အသေခံပြီး တက်လာကြတာ။ တက်လာသမျှပေါ်ကို ကျောက်လုံးကြီးတွေ လှိမ့်ချ။ နောက်ဆုံးတော့ ရန်သူတွေဟာ တောင်ပေါ် ကို လူအင်အားနဲ့ အသေခံဖြန့်တက်ပြီး တောင်ကမ်းပါးပေါ်က ဗိုလ်သနိုးတပ် တွေကို ဓားနဲ့တက်ခုတ်။

ဆင်ပေါ်ကနေ မြားတွေနဲ့ပစ်။

တိုက်ပွဲကြာလာတော့ ကျောက်မောင်းကျောက်တုံးတွေ ပစ်ချဖို့ မရှိတော့ဘူး။ တောင်ကမ်းပါးယံပေါ်မှာ ဓားချင်းခုတ်ကြရတဲ့ဘဝ။

သူ့လူရော၊ ကိုယ့်လူပါ တောင်ကမ်းပါးပေါ်ကနေ ဓားထိ၊ မြား ထိ ပြုတ်ကျ။

ရန်သူတွေဟာ ဘီလူးသရဲ စီးနေသလိုပဲ။

လူသေ၊ မြင်းသေတွေပေါ်ကို ကျော်လွှား ထောင်ချောက်ကျင်း တွေပေါ်မှာ ဝါးတံတား၊ ပျဥ်ချပ်တံတားတွေ ထိုးပြီး တောင်ကြားကို ဖောက် ထွက်ကြတယ်။

အင်အားချင်းမမျှတော့ တောင်ကြားလမ်း ပေါက်သွားပြီ။

ရန်သူ့မြင်းတပ်ကြီး ဝါးလုံးထိုး ဝင်လာကုန်ပြီ။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ဗိဿနိုးမြို့ရွာအသီးသီးက မြို့စားတွေရဲ့တပ်တွေက ဗိဿ [illegible] သွားတဲ့ တောလမ်းကနေ ဘွားခနဲ ဝင်ရောက်ထိုးခုတ်။

ဓားချင်းထိသံတွေဟာ မီးတွေပွင့်ပြီး တထန်ထန်မြည်နေတယ်။

အချို့ ရင်ဝမှာ လှံတန်းလန်းနဲ့။

အချို့ ဦးခေါင်းမရှိဘဲ ဓားကိုင်ပြီး ပြေးနေတယ်။

အချို့ လက်နှစ်ဖက်စလုံး မရှိကြတော့ဘူး။

အချို့ ဝမ်းဗိုက်က ဓားချက်ထိလို့ ပွင့်ကျလာတဲ့ အူတွေကို လ[illegible] နှင့်ပွေ့ပြီး သွေးရူးသွေးတန်း ပြေးရင်းလဲကျ။ အမိကိုတမ်းတသံ၊ အဖ[illegible] တမ်းတသံ၊ ဘုရားရှင်ကို တမ်းတသံတွေဟာ စစ်မြေပြင်မှာ ဆူညံ[illegible] တယ်။

စစ်မြင်းတွေဟာ ဝမ်းဗိုက်လှံတန်းလန်းနဲ့ ပြေးရင်း လူသေကော[illegible] တွေကို ခလုတ်တိုက်လဲကျသွားကြ။

လူသေတွေကို စစ်ဆင်တွေက တက်နင်းပြီး ဗိဿနိုးကို ရှေ[illegible] ချီတက်ကြ။

ရန်သူ့တပ်တွေဟာ တောင်ကြားလမ်းပေါ်က ကျောက်တုံးတွေ[illegible] ကျင်းတွေထဲ လှိမ့်ချ အမြန်ဖို့ပြီး ဆင်တပ်ကို ခဲရာခဲဆစ်ကျော်ဖြတ်ေ[illegible] မြို့ရှိရာကိုဝင်ဖို့ အားသွန်ကြိုးစားနေကြတယ်။

ဗိဿနိုးရဲ့ မြားတပ်ကလည်း တိုက်ဆင်တွေနဲ့ ဆင်စီးရဲမက်[illegible] ရှေ့တိုးတက်လို့မရအောင် ဘေးဘယ်ညာ ဝိုင်းရံပစ်ကြ။

အချို့ တိုက်ဆင်ကြီးတွေဟာ မြေ၊ မြက် ဟန်ဆောင်ဖုံးထား[illegible] ခလုတ်ကျင်းကို နင်းမိပြီး ဆင်ကျင်းထဲက ခလုတ်သံချွန်များ၊ ညှော[illegible] ဆူးပြီး ကျာကျာမြည်အောင်အော်ကာ မည်းမည်းမြင်ရာကို အစွယ်နဲ့ ဝင်[illegible] တော့တာပဲ။

အသေခံ ရန်သူ့တပ်ကြီးဟာ တောင်ကြားလမ်းကို ခပ်ကြမ်းကြ[illegible] ဖောက်ထွက်ပြီး စစ်ကြောင်းသုံးကြောင်း ဖြန့်လို့ ဗိဿနိုးမြို့တော်ရှိရာ[illegible]





ဦးတည်သွားဖို့ ကြိုးစားနေပေမင့် ပန်ထွာနယ်အသီးသီးတပ်တွေက အသေ အကျေ ဆီးကြိုခုခံကြသမို့ မြို့ရိုးတံခါးရှိရာဘက်ကို သွားလို့မရကြဘူး။

ဒီတော့ သီရိခေတ္တရာ တပ်သားတွေက တွေ့ရာရွာတွေကို ဝင် ပြီး အိမ်တွေ မီးနဲ့တိုက်၊

တွေ့သမျှလူတွေကို တိုက်ခိုက်သတ်ဖြတ်။

အဲဒီအချိန်မှာ သီရိခေတ္တရာဗိုလ်မင်းတစ်ဦးက ရွာ၊ ဇရပ်ကြီးပေါ် ကို မီးတုတ်ပစ်တင်ပြီး မြို့အဝင်လမ်းပေါ်ကို မြင်း စိုင်းနှင်သွားတယ်။ သူ့ သက်ထဲမှာ ထပ်မံပစ်ဖို့ မီးတုတ်တွေကိုင်ထားတာကို တပ်မှူးသျှိဝ မြင် လိုက်တယ်။

''သွေးသောက်တို့ . . . ခံတိုက်ထားကြ၊ မီးမြင်းသမားနောက်ကို ငါလိုက်မယ်''

''လိုက် . . . လိုက် . . . တပ်မှူး . . . ကျုပ်တို့ကို မငဲ့နဲ့။ မြို့ကို မီးမလောင်ဖို့ အရေးကြီးတယ်။ လိုက် . . .''

မြင်းပေါ်ကနေ မီးတုတ်တွေနဲ့ အိမ်တွေ၊ တဲတွေပေါ် လိုက်ပစ် ဆင်တဲ့ ရန်သူ မြင်းစီးသမားကလည်း မနည်းဘူး။

သျှိဝ မြင်းကြီးတိမ်ပျံအာကာကို ဒင်းတို့မြင်းတွေကြား အပြင်း ဆင်တိုးပြီး ဓားနှင့် ဘယ်ညာ မွှေ့ယမ်းခုတ်ပစ်လိုက်တယ်။

ရန်သူငါးယောက်ရဲ့ မီးတုတ်ကိုင် လက်တွေပြတ်ပြီး မြေပြင်ပေါ် ကျသွားတယ်။ သူတို့ဟာ သူတို့လက်ပြတ်ကြီးတွေကို ပြန်ကြည့်ပြီး နောက် ပြန်လှည့်ပြေးကြတယ်။

ခေါင်းဆောင်ဗိုလ်ဖြစ်ဟန်တူသူဟာ မြေပြင်ပေါ်ပြတ်ကျသွားတဲ့ သူ့လူရဲမက် သီရိခေတ္တရာတပ်သား ငါးဦးရဲ့ လက်မောင်းပြတ်ငါးချောင်းကို ကြည့်ပြီး ဓားခုတ်မြန်လွန်းလှတဲ့ ဓားသမား မြင်းစီးသူရဲကို မြင်းပေါ်ကနေ လှည့်ကြည့်လိုက်တယ်။

''ဟင် . . .''



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... သင်ဟာ အမတ်တမန် ပဋ္ဌင်းဖြူမဟုတ်လား"

"မင်းကလည်း ငါ့ကို မှတ်မိနေမှကိုး"

"ဘယ်မေ့မှာလဲလေ"

"မင်းကလည်း ဗိဿနိုးကိုယ်ရံတော်တပ်မှူး သျှိဝနဲ့ တူရဲ့"

"ဟုတ်လိုက်လေ ... ပဋ္ဌင်းဖြူရယ်။ လက်စသတ်တော့ သိရိခေတ္တရာရဲ့ ရာဇတမန်ဟောင်းကြီးကိုး။ ကြိုက်တယ်ဟေ့ ... မင်းကို ငါ မြေပြင်မှာ ရင်ဆိုင်တွေ့ရတာ ဝမ်းသာသကွယ့် ... ပဋ္ဌင်းဖြူ။ ဒီနေ့ မင်း ခေါင်းကိုဖြတ်ပြီး ပန်ထွာဘုရင်မထံ ငါကိုယ်တိုင် ဆက်သရမယ်။ ဒါနဲ့ ပဋ္ဌင်း ညိုရောပါရဲ့လား ... တမန်ကြီးရေ ... ဟား ... ဟား ... ဟား ... ဟား ... ဟား"

သျှိဝ ရှေ့က မီးတုတ်မီးရှို့သမားက လွန်ခဲ့သည့်နှစ်က ဗိဿနိုး ရွှေနန်းတော်ကို ဒွတ္တဘောင်မင်းရဲ့ ရာဇသံ ယူလာဖတ်ပြတဲ့ တမန်ပဋ္ဌင်းဖြူ ဖြစ်နေလို့ပဲ။

"တပ်မှူး ... သျှိဝ၊ မင်းတို့ လေလုံးထွားဖို့ မလိုတော့ဘူး။ ငါ တို့ သိရိခေတ္တရာ သောင်းတပ်ကြီးတွေ မင်းတို့ဗိဿနိုးကို ဝိုင်းမိထားပြီ လေ။ အတော်ပါပဲ ... တပ်မှူးရယ်၊ ငါကလည်း ဗိဿနိုးတပ်မှူးရဲ့ ခေါင်း ကိုဖြတ်ပြီး နောက်တော်က လိုက်ပါလာမဲ့ ငါတို့အရှင် မဟာဒွတ္တဘောင်ကို အရင်ဦးဆုံး ဆက်သချင်နေတာ။ ကိုင်းဟေ့ ..."

"ရွှမ်း ..."

"ဟား ဟား ဟား ဟား ဟား ... ရန်သူတမန်ဗိုလ်မင်းရဲ့ခေါင်း ကို ဖြတ်ရမှာ စိတ်မကောင်းလိုက်လေ ... ပဋ္ဌင်းဖြူရေ ... လာပဟေ့"

"ဟဲ့ ... ဟဲ့ ..."

"သားရေ ... တိုက်မယ်ဟေ့"

"ထန် ... ထန် ..."

"ရွှီး ... ဝှီး ..."

စိတ်ကူးသစ်စာပေ



"ကျား ... ဟောဒါ ဗိဿနိုးဓားကွ"

"သိရိခေတ္တရာဓားဟေ့ ... ကျား"

"ရွှမ်း ..."

"ထန် ... ထန် ... ထန် ... ထန် ... ထန်"

သွေးလူးနေတဲ့ ဓားနှစ်လက်ဟာ မီးတပွင့်ပွင့် တထန်ထန်နဲ့ အား ကောင်းမောင်းသန် နှစ်ဦးရဲ့ ဓားခုတ်အားတွေမို့ မြင်းချင်းဆိုင်တာနဲ့ ဓား ပြေးသံက ဝှီးခနဲပဲ။ ရွှမ်းခနဲ လေကိုတိုးပြီး ကျယ်လွန်းလှရဲ့။

"ကိုင်းဟာ ..."

"ဝှီး ..."

"ဟီး ... ဟစ် ... ဟစ် ... ဟစ် ... ဟစ် ..."

ပဋ္ဌင်းဖြူ သျှိဝရဲ့ ဓားရော၊ အားရော မခံနိုင်လို့ မြင်းပေါ်ကနေ၊ မြေပြင်ပေါ်ကို ပြုတ်ကျသွားရင်းက ဖျတ်ခနဲ ကောက်ထပြီး သျှိဝရဲ့မြင်း ရှေ့လက်ကို ဓားနှင့် လှမ်းတွက်လိုက်တယ်။

"ဟီး ... ဟီး ..."

သျှိဝက မြင်းဇက်ကို လှန်ဆွဲလိုက်တော့ မြင်းက ပတပ်ရပ်ပြီး အလှည့် သင်းက ခုန်ထပြီး ပြေးဝင်လာလိုက်တယ်။

သျှိဝ မြင်းပေါ်က လွှားခနဲ ခုန်ဆင်းပြီး ဓားချင်း ရင်ဆိုင်တိုက် စစ်လိုက်တယ်။ ပဋ္ဌင်းဖြူက ဓားရေး မညံ့ဘူးပဲ။

မိုးဓား၊ စိုက်ဓား၊ ပက်ဓား၊ ပတ်ဓား၊ စလွယ်ဓား၊ ရင်ခွဲရင်လှန် ဓား၊ ဆက်ရက်ခုန်၊ ကြောင်လိမ် ဓားရေးဓားချက် စုံလင်ပြီး အနုတ်အသိမ်း လည်း ကျွမ်းသကိုး။

တစ်ချက်မှာ သူ့ဓားချက်ကြောင့် သျှိဝ ယိုင်အသွား ...

သင်းက လွှားခနဲခုန်ဝင်ပြီး သျှိဝရဲ့ဇက်ကို စလွယ်ပိုင်းချလိုက်လို့ သျှိဝအတွင်းခုတ်ဓားနဲ့ ပြန်လှန်လိုက်ရော သူ ဓားနောက်ပြန်အလန် ...

ညာပြန်ပက်၊ တွက်လိုက်တဲ့ သျှိဝရဲ့ဓားချက်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဗိုး ..."

"ဒုတ် ..."

"အ ..."

"ဘုတ် ..."

ပဋ္ဌင်းဖြူရဲ့ ဦးခေါင်းဟာ မြေပြင်ကို ပြတ်ကျသွားပြီး သွေးရဲရဲ နှင့် မျက်လုံးပြူးကြည့်နေတယ်။ ပဋ္ဌင်းဖြူရဲ့ ခေါင်းပြတ်ကိုယ်လုံးကြီးဟာ မြေပြင်မှာ လဲကျမသွားဘဲ ဓားကို ဇော့ယမ်းခုတ်ပြီး တစ္ဆေသရဲပူးနေသလို လေကို လိုက်ခုတ်နေတယ်။

"ဟီး ... ဟစ် ... ဟစ် ... ဟစ် ..."

"ဟီး ... ဟစ် ... ဟစ် ... ဟစ် ..."

ဒီမြင်ကွင်းကို သျှိဝရဲ့မြင်း တိမ်ပျံအာကာမြင်ပြီး ထခုန်လို့ ဟီ တော့တာပဲ။

တိမ်ပျံတောင်လန့်သွားပြီ။ ကြာပါတယ်။

သျှိဝ သင်းရဲ့ခြေထောက်ကို ခုတ်ချလိုက်မှ ဗုန်းခနဲ အရုပ်ကြီး ပြတ် လဲကျသွားခဲ့တယ်။

သည့်နောက် သင်းဦးခေါင်းကို အဝတ်နှင့် ထုပ်ပြီး မြင်းကုန်းနှီး မှာ ချိတ်လို့ မြို့ရိုးရှိရာကို မြင်း အပြေးစိုင်းနှင်လိုက်တယ်။

မြို့ရိုးတံခါးရှိရာကို ရန်သူ သီရိခေတ္တရာတပ်ကြီးဟာ ကြွေးကြော် ဟစ်အော် ညာသံပေးပြီး ချီတက်လာနေကြတာ။ ဒီအချိန်မှာ မြို့တံခါးကို မည်သူ့မှ မဖွင့်ပေးကြတော့ဘူး။

မြို့ရိုးပေါ်က ဗိဿနိုးလေးသည်တော်တွေရဲ့ မြားတွေက ရန်သူ ရှိရာအရပ်ကို အသင့်ချိန်လို့ ...

"ဟိုမှာ ... တပ်မှူး ... တပ်မှူး ..."

"တံခါးဖွင့်ကြ"

"ဖွင့်လို့မဖြစ်ဘူး။ ရန်သူတွေ မြို့ရိုးရှေ့ မလှမ်းမကမ်းမှာ ရောက် နေပြီ"





"တပ်မှူး ... တပ်မှူး ..."

သျှိဝက မြင်းပေါ်ကနေ ဓားကိုဇော့ယမ်းရင်း နောက်ပြန်လှည့် လို့ ကြည့်လိုက်တော့ ရန်သူရဲ့ ဆင်တပ်ကြီးတွေ၊ အလံတလူလူ ဖုန် အထောင်းထောင်းနဲ့ အသုတ်ချီတက်လာနေကြပြီ။

"မြန်မြန်တံခါးဖွင့်"

တံခါးမှူးက တုန်ယင်စွာနဲ့ တံခါးကို ဟပေးလိုက်တုန်းမှာပဲ တိမ်ပျံ အာကာကို အပြင်းနှင်ပြီး မြို့တွင်းကို ဝင်လိုက်တယ်။ သူတို့က မြို့တံခါးကို အမြန်ပိတ်ချလိုက်တယ်။

မီးခိုးတွေ၊ မီးတောက်တွေဟာ အရပ်လေးမျက်နှာမှာ တောက် လောင်နေတယ်။

ရန်သူရဲ့ ဆင်တပ်ကြီးတွေဟာ မြို့တံခါးကို စီးဖို့ တရကြမ်းဝင်ကြ တော့ မြို့ရိုးပေါ်က လေးသည်တော်တွေကလည်း မြားမိုး ရွာချလိုက်ကြ တယ်။

ရန်သူတွေ ဆင်ပေါ်၊ မြင်းပေါ်က ပြုတ်ကျသေကြ။

ဒီမှာပဲ ရန်သူရဲ့ ထောင်ချီများလှတဲ့ မီးမြားတွေဟာ မြို့ရိုးကို ကျော်ပြီး မြို့တွင်းရှိ အိမ်ကြီးအိမ်ကောင်းများရဲ့ အမိုးပေါ် ကျရောက်ပြီး မီးလောင်ကုန်ပါရော။

"ဘုရင်မ ... ဘုရင်မကြီးရော"

"ငါ ... ဒီမှာ သျှိဝ ... ငါ ဒီမှာ ..."

ကြည့်လိုက်တော့ ဘုရင်မကြီးဟာ လေးနဲ့မြားကို တင်းတင်းဆုပ် ကိုင်ပြီး တိုက်ပွဲဝင်ဖို့ အမိန့်ပေးနေတယ်။ အမိန့်ပေးရင်း အသံပြုလိုက် တာ။

"ဘုရင်မကြီး ... ဟောဒီမှာ သီရိခေတ္တရာတမန် ပဋ္ဌင်းဖြူရဲ့ ဦးခေါင်းပါ ... ဘုရင်မကြီး"

သျှိဝက သွေးပေးနေတဲ့အထုပ်ကို ဖွင့်ပြလိုက်တော့ ပဋ္ဌင်းဖြူရဲ့ မျက်လုံးပြူးနေတဲ့ ဦးခေါင်းပြတ်ကြီး။



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ကောင်းတယ်။ မင်းက သူ့ရဲ့ဦးခေါင်းကို ဖြတ်ယူနိုင်တော့ ငါက ဒွတ္တဘောင်ရဲ့ခေါင်းကို ရအောင်ယူမယ်"

"ဘုရင်မ ... တိုက်ပွဲပြင်းထန်နေပါတယ်၊ မဝင်ပါနဲ့။ မြားလွတ်ရာ မီးလွတ်ရာမှာ နေပါ"

"ငါ လုံးဝ မပြေးဘူး၊ မရှောင်ဘူး။ နောက်မဆုတ်ဘူး။ ငါ ကိုယ်တိုင် တိုက်မယ်။ ရထားထိန်း မြို့တံခါးရှိရာကို မောင်း"

"ဟီး ... ဟီး ... ဟီး ... ဟီး ..."

"ဟစ် ... ဟစ် ... ဟစ် ..."

စစ်ရထားမှူးဟာ ပန်ထွာဘုရင်မကြီး ရထားပေါ် ခြေချမိသည်နှင့် မြို့တံခါးရှိရာကို တစ်ဟုန်ထိုး စိုင်းနှင်သွားလို့ သျှိဝ တိမ်ပျံအာကာနှင့် အပြေးလိုက်ခဲ့ရပါရော။ မြို့တံခါးကို ရန်သူ့တိုက်ဆင်တွေက ဆင်ဦးကင်းနဲ့ တိုက်ပြီး ဖွင့်ကြသလို မြို့ရိုးပတ်ချာကနေ မီးမြားတွေနဲ့ မြို့ထဲကို ပစ်သွင်း ကြတာ။

ဗိဿနိုးမြို့ကြီး မီးဟုန်းဟုန်း တောက်နေပြီ။ သားသည် မိခင် တွေရဲ့ ငိုသံ၊ အော်သံ ...

ကလေးငယ်တွေရဲ့ ကြောက်လန့်တကြား ငိုသံ ...

မီးလောင်ပြီး တဝုန်းဝုန်း ပြိုကျနေတဲ့အသံ၊ အော်သံ၊ ဟစ်သံ ကြုံးဝါးသံ၊ မြင်းခွာသံ၊ ဓားခုတ်သံတွေဟာ ဧရာပွက်သလို ကျွက်ကျွက်ညံ နေတယ်။

"ဝုန်း ... ဝေါ ..."

"မြို့တံခါး ဖွင့်သွားပြီဟေ့"

"တက် ... တက် ..."

"နန်းတော်ကို အရ စီးနင်းကြ။ တက်"

ဘုရင်မကြီးက ရှေ့ဆုံးကဝင်လာတဲ့ တိုက်ဆင်ပေါ်က အဲမောင်း ကိုင် မင်းသားတစ်ပါးရဲ့ ရင်ညွန့်ကိုချိန်ပြီး လေးနှင့် ပစ်လိုက်တယ်။

"ရွှီး ..."





"ဖောက် ..."

"အား ... အ ... အ ..."

"မြို့စားမင်းကို ထိသွားပြီ"

"တက်ကြ ..."

"အီ ... ကျစ် ... ကျစ် ... အစ် ... အစ် ..."

"အူ ... ဝူး ... အူး ... ဝူး ..."

"ဝေါ ... ဝေါ ... ဝေါ ... ဝေါ"

"ဘုရင်မကြီး ... အမြန် ရှောင်တော်မူပါ"

"ငါ့ကို အမိန့်မပေးနဲ့၊ သွားရော့ဟယ်"

"ရွှီ ..."

"ဖောက် ..."

ဘုရင်မကြီးရဲ့ မြားချက်တွေက တိုက်ဆင်ပေါ်က ရန်သူ မြို့စား ယာစား၊ အမတ်ကြီးငယ်တွေရဲ့ ရင်ညွန့်ကို ဖောက်ဝင်ပြီး ဆင်ပေါ်ကနေ ပြုတ်ကျကုန်တယ်။

သျှိဝကလည်း ဓားနှစ်လက်ကို ကိုင်ပြီး မြင်သမျှ ရန်သူတွေကို ဘီလူးစီးနေသလို ဝင်ခုတ်ပစ်တော့ ...

ရန်သူဦးခေါင်းတွေဟာ မြေပြင်မှာ တစ်ခေါင်းပြီးတစ်ခေါင်း ပြုတ်ကျနေတယ်။ ခေါင်းမပါတဲ့ ကိုယ်လုံးတွေပေါ် တက်နင်း ခုတ်။

နောက်ဆုံး သွေးပြင်ပေါ်မှာ ရပ်ပြီး ဘီလူးစီး သရဲစီး ခုတ်နေကြ တော့။

"တပ်မှူး ... ရန်သူတွေ အများကြီး ဝင်လာနေပြီ။ ဘုရင်မကြီး ကို ခေါ်ပြီး အမြန်ရှောင်ပါတော့"

"တပ်မှူး ..."

သူ နောက်ဆုံး နီးရာရန်သူ ဦးခေါင်းတစ်ခေါင်းကိုဖြတ်ပြီး ဘုရင်မ ရဲ့ စစ်ရထားအနီးကို ပြေးလာလို့ ...

"ရထားထိန်း ... အနောက်အရပ်ကို ရထားမောင်း"



www.burmeseclassic.com

www.burmeseclassic.com



''မမောင်းနဲ့။ ငါတိုက်မယ် ... ရပ်''

''မောင်း ... မောင်း ...''

ရထားထိန်းကလည်း အကောင်းပါးတယ်။ မြင်းတွေကို ကြိုးလွှ ဟိုးအနောက် လျှို့ဝှက်တံခါးရှိရာကို အပြင်းမောင်းလိုက်တယ်။

မြင်းရထားက မြန်လွန်းလို့ ဘုရင်မကြီးရဲ့ နက်မှောင်ရှည်လျ ဆံပင်တွေဟာ လေထဲမှာ နောက်ပြန် လူးလွန့်နေတယ်။

ဗိသနိုးနန်းတော်ကြီးကတော့ မီးဟုန်းဟုန်းတောက်ပြီး တဝုန်း ပြိုကျနေပြီ။

''ဟိုမှာ ... ပန်ထွာဘုရင်မပော့ ... လိုက်ကြ''

ရန်သူရဲ့ မြင်းစီးသူရဲကောင်းတွေက ဘုရင်မမျက်နှာ မြင်သွား ပြီး ...

''ရပ် ... ရပ် ... ဘုရင်မကြီး ... ရပ်ပါ''

''ရပ်ပါ''

''ရထားထိန်း မရပ်နဲ့ ... မောင်း ...။ ငါ ခံတိုက်ပေးမယ်''

သျှိဝ ရထားနောက်က ယှဉ်လိုက်နေရာက မြင်းဇက်ကိုလှည့် ရန်သူမြင်းစီးသူရဲကောင်း (၁၀) ယောက်ခန့်ကို ဓားဝင့်လို့ ရင်ဆိုင်လို တယ်။

''သျှိဝ ... မတိုက်နဲ့၊ ပြန်လှည့်ခဲ့''

ဘုရင်မရဲ့ စိုးရိမ်ကြီးစွာ အော်ဟစ်သံဟာ လေထဲမှာ လွင့် တယ်။ သျှိဝ ဓားကိုဆန့်တန်းပြီး ရန်သူမြင်းအုပ်ထဲကို တိုးဝင်ရင်း ဓား ဘယ်ညာယမ်းမွှေ့ခုတ်ပစ်လိုက်တယ်။

ရန်သူခေါင်းသုံးလုံး ပြုတ်ကျသွားတယ်။

ရန်သူ သီရိခေတ္တရာ သူရဲကောင်းတွေရဲ့ ဓားချက်တွေလည်း လက်မောင်းနဲ့ ကျောပြင်မှာ ထိပြီး နီရဲရဲသွေးတွေ စီးကျနေတယ်။

ဒါပေမင့် ဓားကို မရပ်ဘူး။

စိတ်ကူးသစ်စာပေ



ရန်သူတွေဟာ သူ့ကို လူစင်စစ်မှ ဟုတ်ရဲ့လားလို့ အံ့သြနေ တယ်။ ဒီမှာ တိုက်ဆင်ပေါ်ကနေ အမတ်တစ်ဦးက သျှိဝရှိရာကို လှံတို တစ်စင်းနဲ့ ပစ်မလို့ လက်မြှောက်လိုက်တုန်းမှာပဲ ...

ဘုရင်မကြီးက မြင်းရထားပေါ်က ခုန်ဆင်းပြီး ရပ်လျက်က မြား တစ်စင်း လွှတ်လိုက်တယ်။ မြားဟာ လေထုကိုခွဲရင်း ဆင်ပေါ်က အဲမောင်း လှံတိုကိုင်မြှောက်နေတဲ့ အမတ်ရဲ့လည်မျိုကို ဖောက်ဝင်သွားပြီး ဆင်ပေါ် ကနေ ပြုတ်ကျသွားခဲ့တယ်။

''သျှိဝ ... ပြန်လာခဲ့၊ သျှိဝ ... ပြန်လာခဲ့ ...''

''ဘုရင်မ ... သွားတော့''

''မင်းမပါဘဲ ငါမသွားဘူး။ သျှိဝ ... အမြန်ပြန်လာခဲ့ ... လာ

သျှိဝ ဘယ်ပြန်ညာပြန် ခုတ်ရင်း၊ ခုခံရင်း ပန်းဟိုက်နေပါပြီ။ သူ ချင်သေပါစေ၊ သူချစ်မြတ်နိုးရတဲ့ ဘုရင်မကြီးကို ရန်သူ့လက် လုံးဝ ပါမခံနိုင်ဘူး။

သို့သော် ဘုရင်မကြီးက သူမပါဘဲ သွားမှာမဟုတ်ဘူး။

ခုချိန်မှာ ဘုရင်မနဲ့သူပဲ ရှိတော့တယ်။

တိုက်ပွဲမှာ သူ့ရဲ့ သွေးသောက်ရဲဘော်တွေ၊ သူရဲကောင်းပီသစွာ ဆုံးခဲ့ရပြီ။ သူ့ကိုယ်မှာလည်း ဒဏ်ရာတွေနဲ့ သွေးခြင်းခြင်းရဲလို့။

အချို့ ရန်သူရဲ့သုံ့ပန်း ဖြစ်သွားကြပြီ။

မိမိက ဘုရင်မရဲ့ ကိုယ်ရံတော်။

ပြီး ... တပ်ရဲ့ ကာပ်မှူး။

အခု ဘုရင်မကို ထက်ကြပ်မကွာ အသက်နဲ့ရင်း စောင့်ရှောက်ရ တော့မယ်။ သျှိဝသွေးသံရဲရဲနဲ့ မြင်းပေါ်ကို အားယူတက်လိုက်ပြီး မြင်းကို ဒင့် တို့ဆတ်လိုက်တယ်။

သျှိဝ မြင်းနဲ့လိုက်လာတာ မြင်တော့မှ စစ်ရထားမှူးကို မောင်း အမိန့်ပေးလိုက်တယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မကို တင်ဆောင်လာတဲ့ စစ်ရထားဟာ မြေသားလမ်း ကြမ်းပေါ်မှာ ကျင်း၊ ချိုင့်တွေကို ခုန်ပေါက်ကျော်လွှားပြီး ယိမ်းယိမ်းထိုးထိုး ပြေးနေတယ်။

ဘုရင်မက သျှိုဝကို စိုးရိမ်ကြီးစွာ လှမ်းလှမ်းကြည့်တယ်။

သျှိုဝရဲ့ ကိုယ်ပေါ်အနှံ့ ဒဏ်ရာတွေက သွေးတွေဟာ မြင်းပေါ်က နေ စီးကျနေတာကို မြင်နေရတယ်။ ဒီလိုနှင့် ပြေးရင်း သွားရင်း မြင်းပေါ် ကနေ သျှိုဝ ပြုတ်ကျသွားခဲ့ပါရော။

''သျှိုဝ . . . သျှိုဝ . . . သျှိုဝ . . .''

''ရထားထိန်း . . . ရပ် . . . ရပ် . . . အမြန်ရပ်''

''ဟီး . . . ဟစ် . . . ဟစ် . . . ဟစ် . . . ဟစ် . . .''

စစ်မြင်းရထားရပ်သွားတော့ ဘုရင်မ မြင်းပေါ်က ခုန်ချပြီး မြေပြင် မှာ လူးလွန့်နေတဲ့သျှိုဝကို ပွေ့ထူလိုက်တော့ ဘုရင်မရဲ့လက်နှင့် ရင်ညွန့် ကို သျှိုဝဒဏ်ရာ နီနီရဲရဲသွေးတွေ စွန်းထင်းပေကျံကုန်တယ်။

''သျှိုဝ . . . သျှိုဝ . . . သတိရရဲ့လားဟင်''

''သျှိုဝ . . . သျှိုဝ . . . အသံပြုပါဦး . . . သျှိုဝရဲ့''

ဘုရင်မရဲ့အသံမှာ စိုးရိမ်ကြီးသံနှင့်အတူ ငိုသံပါနေတယ်။ ပြီး - မျက်ရည်တွေ ဒိုးယိုစီးလိမ့်ကျလာခဲ့တယ်။

''သျှိုဝ . . .''

''သ . . . သ . . . ခင် . . . မ''

''အားတင်းစမ်းပါ . . . သျှိုဝရယ်၊ သခင်မ မင်းအနားမှာရှိနေ တယ် . . . နော် . . . နော်''

''အကျွန်ုပ်ကို . . . ထား . . . ထား . . . ထားခဲ့''

''မထားခဲ့ဘူး၊ လုံးဝ မထားခဲ့ဘူး။ မင်းနဲ့ငါ သေအတူ ရှင်အတူ ပဲ''

''ရှောင် . . . ပါ . . . တော့ . . . သ . . . ခင် . . . မ . . .''

ဘုရင်မရဲ့ ခန္ဓာကိုယ်ထဲကို နှလုံးသားနဲ့ ရစ်နှောင်ထားတဲ့ ... အားတွေ စီးလိမ့်တိုးဝင်လာခဲ့တယ်။

စိတ်ကူးသစ်စာပေ



သျှိုဝရဲ့ သွေးလူးခန္ဓာကိုယ်ကို စိုးရိမ်ဇောနဲ့ ပွေ့ထူလိုက်တာ မြင် တော့ ရထားထိန်းက ပြေးလာတွဲကူပြီး ရထားပေါ် တင်လိုက်ကြတယ်။

ဘုရင်မက သျှိုဝရဲ့ဦးခေါင်းကို ဘယ်လက်ပေါ်မှာ ပွေ့တင်ပြီး သုယစွာ ညာလက်နှင့် ပိုက်ထားလိုက်တယ်။

မိန်းမောနေတဲ့ သျှိုဝရဲ့ သွေးပေကျံနေတဲ့ ဦးခေါင်းဟာ ဘုရင်မ ရဲ့ ရင်ခွင်ထဲမှာ ဝှက်ထားသလိုရှိရယ်။

မြင်းရထားက နောင်အခါ မင်းပုန်းတောင်လို့ အမည်တွင်မည့် တောင်တန်းရှိရာကို အပြင်း နှင်နေလျက်ပဲ။

ဘုရင်မကြီးက စိုးရိမ်ကြီးစွာနဲ့ သျှိုဝရဲ့မျက်နှာကို လက်ဖဝါးနုနုနဲ့ ပွတ်သပ်ပြီး တစာစာ ခေါ်နိုးနေတယ်။

''သျှိုဝ ဘာမှ မဖြစ်ပါစေနဲ့''

''ကရစ်သျှန . . . ကယ်မတော်မူပါ''

''ဗိဿနိုးနတ်မင်းကြီး . . . ကယ်မတော်မူပါ''

''တောစောင့်နတ်၊ တောင်စောင့်နတ်တို့ . . . ကယ်မတော်မူပါ . . အရှင်တို့''

''ကျွန်တော်မျိုးမ ပန်ထွာဘုရင်မကြီး မှန်သောသစ္စာကို ပြုပါ၏။ ကျွန်ုပ်သည် ဤသူရဲကောင်းတပ်မှူးကို မောင်လေးလိုလည်း ချစ်မြတ်နိုး ပါ၏။ ရင်နှင့်အမျှ ချစ်ရပါသော ချစ်သူအဖြစ်လည်း မြတ်နိုးရပါ၏။ သူ သည် ကျွန်တော်မျိုးမကို အသက်နှင့်အမျှ စောင့်ရှောက်ခဲ့ပါ၏။ ဤစေတနာ သစ္စာကို ကျွန်တော်မျိုးမ အမှန်တကယ် ယုံကြည်ခဲ့ပါသည်။

ဤမှန်သော သစ္စာစကားကြောင့် တပ်မှူးသျှိုဝ . . . မောင်လေး သျှိုဝ . . .

ဘုရင်မ ချစ်ရသူ တပ်မှူးသျှိုဝ . . . အသက်ချမ်းသာ ရပါစေ သတည်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၄၉ ]

❑

အခန်းခန်း အဆောင်ဆောင် စုလစ်မွန်းချွန် ပန်းကနုတ်တွေနဲ့ တင့်တယ်လှပတဲ့ ဗိဿနိုးရွှေနန်းတော်ကြီးရော ဗိဿနိုးမြို့တော်ကြီးပါ မီးဟုန်းဟုန်းတောက်လောင်ပြီး ပြာပုံဘဝကို တစ်ခဏအတွင်း ရောက်သွားခဲ့ပါပြီ။

မဟာအတုလ ရန်ပယ်စည်တော်ကြီးလည်း မီးသင့်လောင်ပြီး ပြာဖြစ်သွားရပြီ။

ဗိဿနိုးတပ်သားတို့ရဲ့ သွေးသံရဲရဲ အလောင်းတွေလည်း မြို့ထဲ၊ မြို့ပြင်အနှံ့မှာ ဖွေးဖွေးလှုပ်နေသလို၊

သီရိခေတ္တရာ ရဲမက်၊ ဗိုလ်ပါတို့ရဲ့ သွေးသံရဲရဲ၊ ခြေပြတ်လက်ပြတ်၊ ခေါင်းပြတ်အူထွက် အလောင်းတွေဟာလည်း နေရာတိုင်းမှာ မြင်နေရတယ်။

နှစ်ဖက်တပ်က စစ်မြင်း၊ စစ်ဆင် သေတွေကလည်း ဥဒဟိုပြန့်လို့။ ပြိုလဲပျက်စီးနေတဲ့ စစ်ရထားတွေကလည်း နေရာတိုင်းမှာ အနှံ့။





မြို့ထဲက နေရောင်အောက်မှာ ဗိဿနိုးပန်ထွာ သုံ့ပန်းတွေ ခေါင်းငုံ့ပြီး ငုတ်တုတ်။

သားသည်အမေတွေဟာ စစ်မြေပြင်မှာ ကျဆုံးသွားတဲ့ လင်သား၊ စစ်သည်တို့ရဲ့အလောင်းကို တွေ့ခွင့်မရှိကြဘူး။

မုဆိုးမတွေရဲ့ ငိုရှိုက်သံဟာ မီးလောင်ပြင်မှာ ပဲ့တင်နေတယ်။

သူတို့ရဲ့ မျက်ရည်တွေကတော့ ငိုရလွန်းလို့ ကုန်ခန်းသယောင်ရှိနေပါပြီ။ မိဘမဲ့ကလေးတွေရဲ့ ရှိုက်ငိုသံတွေ မတိတ်နိုင်ခဲ့တော့ဘူး။

စစ်နိုင်သူတို့ရဲ့ မာရေကျောရေ ဆဲရေးသံ၊ ကန်ကျောက်ရိုက်နှက်သံ၊ ဆွဲငင်လုယက်သံ၊ ဓားကြိမ်း၊ လှံကြိမ်း ကြိမ်းသံတွေကလည်း မိုးခြိမ်းနေသလို တုန်လှုပ်ဖွယ်ရှိနေလျက်။

''ဗိုလ်မင်းကြီးဘုရား ...''

''သွေးသောက်ကြီး ... ပြော''

''ပန်ထွာဘုရင်မကြီးကို ခြေရာခံမိပါပြီ ... ဗိုလ်မင်း''

''ဟုတ်လား ... သူ ဘယ်မှာရှိနေလဲ''

''ဟိုးအရှေ့က မင်းမျှော်တောင်မှာ ပုန်းအောင်း ခိုအောင်းနေပါတယ်။ ဟောဒါ ဘုရင်မ စစ်ရထားနဲ့ပြေးရင်း ကျကျန်ရစ်ခဲ့တဲ့ ရွှေနားတောင်းတစ်ဖက်ပါ ... ဗိုလ်မင်း''

''ဟုတ်ပေပေါ့ကွယ် ... ငါတို့လက်က ပြေးလို့ လွတ်ရိုးလားတဲ့။ ငါတို့ ဒွတ္တဘောင်အရှင်ကို လျှောက်ထားပြီး အမိန့်တော် ခံကြရမှာပေါ့''

သည့်နောက် ဗိုလ်မင်း ဖျူဇွက ယာယီတဲနန်းမှာ စံတော်မူနေတဲ့ သီရိခေတ္တရာပြည့်ရှင် မဟာဒွတ္တဘောင်မင်းကြီးကို ပျူနန်းသုံး နားတောင်းတစ်ဖက်ကို ဆက်သပြီး အကြောင်းစုံ လျှောက်ကြတော့ ...

''ဗိုလ်မင်းတို့ ... ငါကိုယ်တော်တိုင် ဘုရင်မကို ကောက်ယူသိမ်းပိုက်တော်မူမယ်။ သီရိပစ္စယဆင်တော်ကို ရွှေကကြိုးတင်။ ဘုရင်မအတွက် ဆင်တော်မ သီရိဝဏ္ဏကို မြပုခက်တင်၍ ထွက်တော်မူမည်''

သည့်နောက် မြင်းတပ်ကို ရှေ့ကတင်၊



www.burmeseclassic.com

www.burmeseclassic.com



ခြေရှုပ်ချင်မားလုံကိုင်တပ်က နောက်ကလိုက်၊

အလယ်မှာ ရွှေကကြိုးတင် သီရိပစ္စယဆင်တော်ရဲ့ ရွှေပုခက် မင်းထိုင်ပလ္လင်ပေါ်မှာ သီရိခေတ္တရာပြည့်ရှင် မဟာဒွတ္တဘောင်မင်းကြီးသည် ဘုန်းကြီးသောမင်းတို့၏ ဘုန်းကျက်သရေနှင့် စံတော်မူပြီး လိုက်ပါလာတယ်။

နောက်မှာတော့ ...

ပန်ထွာဘုရင်မကို ကောက်တော်မူဖို့ မြပုခက်တင် သီရိဝဏ္ဏ ဆင်မတော်။

နောက်ဘက်မှာ လေးသည်တော်တပ်ဖွဲ့၊

ဆင်တော်ရှေ့မှာ ရဲတံခွန် ရောင်စုံတွေက တလူလူလွင့်ပြီး မင်းမျှော်တောင်ခေါ် (နောင်အခါ မင်းပုန်းတောင်ခေါ်မည်) အရပ်ကို ချီတက်ခဲ့ကြတယ်။

ဒီအချိန်မှာ ပန်ထွာဘုရင်မကြီးကတော့ ချစ်လှစွာသော ချစ်သူ သူရဲကောင်းတဂ်မှူးသျှိဝရဲ့ မျက်နှာပေါ်ကို ခေါင်းဆောင်းပဝါအုပ်ပြီး မြေကျင်းထဲမှာ မြှုပ်နှံသင်္ဂြိုဟ်နေချိန်ပါ။

ချစ်သူတပ်မှူး ကိုယ်ရံတော်သျှိဝဟာ မြေကျင်းထဲမှာ သူရဲကောင်းတို့ မာန်မျက်နှာနဲ့ အသက်မဲ့လို့။

ဘုရင်မရဲ့ပါးပြင်ပေါ်မှာ မျက်ရည်လုံးတွေ တလိမ့်လိမ့် စီးဆင်းလိမ့်ကျနေတယ်။ မျက်ရည်လုံးတို့ဟာ သူရဲကောင်းရဲ့မျက်နှာပေါ်ကို တစ်ပေါက်ချင်း စီးကျလို့။

သူမ ကျန်ရှိနေတဲ့ ရွှေနားတောင်းတစ်ဖက်ကို ချစ်သူရဲ့ရင်အုံ့ရာမှာ တင်ပြီး ပဝါအုပ်လို့ ရှိုက်ငိုလိုက်တယ်။

''ငါ့ကိုခွင့်လွှတ်ပါ ... သျှိဝရယ်''

''မင်းရဲ့ သတိပေးစကားကိုသာ ငါ နားထောင်လိုက်နာခဲ့ရင် ပန်ထွာတိုင်းပြည် မီးလောင်တိုက် သွင်းခံရတဲ့ဘဝ လုံးဝမရောက်ပါဘူး ... သျှိဝရယ်''

စိတ်ကူးသစ်စာပေ



''ငါ မင်းတို့တွေရဲ့စကားကို ရာဇသံနဲ့ ဖယ်ရှားခဲ့ပြီး ရှင်ယောင်သူလျှိုတွေကို သူတော်စင်၊ ပညာရှင်လို့ ယုံစားမိလို့ ငါတို့အားလုံး ပျက်စီးရတဲ့ကိန်းပါပဲ''

''ငါက တိုင်းပြည်ဖျက်သူ ဖြစ်ခဲ့ရပြီး မင်းတို့ သူရဲကောင်းစစ်သည်ကြီးတွေ တိုင်းပြည်ရဲ့ အာဇာနည်အဖြစ် အသက်စွန့်ခဲ့ရတာကို ငါ မျက်ရည်နဲ့တောင်းပန်ပါတယ် ... သျှိဝရယ်''

''သျှိဝ ... ငါ သစ္စာပြုခဲ့တယ်။ ငါ တိုင်းပြည်အတွက်၊ ငါတို့ လူမျိုးတွေအတွက်၊ ပြီး ငါချစ်ခဲ့ရသူ မင်းအတွက် ငါ ကလဲ့စားပြန်ချေပါ့မယ်။

ပြီးရင် မင်းဝိညာဉ်ရှိရာကို ငါ လိုက်ခဲ့ပါ့မယ် ... သျှိဝ။ ငါ လိုက်ခဲ့ပါ့မယ်။ မင်း တမလွန်ကနေ စောင့်ကြိုနေပါကွယ်''

ပန်ထွာဘုရင်မဟာ မျက်ရည်စို့ရွှဲနှင့် ချစ်သူ သူရဲကောင်း သျှိဝ မျက်နှာပေါ်ကို အဝါရောင်ပန်းပွင့်တွေ တစ်ပွင့်စီခြွေချပြီး နှုတ်ဆက်ငိုကြွေးနေမိလိုက်တယ်။ ပြီး ... ပန်းနှစ်ပွင့်ကို ယူလို့ နားနှစ်ဖက်မှာ တစ်ဖက်တစ်ချက် မှတ်မှတ်ရရ ထိုးပန်ထားလိုက်တယ်။

''အရှင်မ ...''

''အရှင်မဘုရား ...''

''ဘာတုံး ... ရထားထိန်းကြီး၊ ရေးကြီးသုတ်ပျာနဲ့''

''ရန်သူတွေ ... ရန် ... သူ ... တွေ ... ကျွန်တော်မျိုးတို့ကို ဝိုင်းရံထားပါပြီ ... အရှင်မ''

''ဘာ ...''

''ဘာပြောလိုက်တယ်။ ရန်သူတွေ ဝိုင်းထားတယ်''

''မှန်ပါ ... အရှင်''

''တောက် ... တွေ့ကြရောပေါ့''

ဘုရင်မလက်ထဲက ပန်းပွင့်တွေကို ချစ်ရသူရဲ့ခန္ဓာကိုယ်ပေါ် စုပုံပစ်ချလိုက်ပြီး လေးနှင့်မြားကျည်တောက်ကို ဆွဲလို့ ပြေးထွက်လာခဲ့လိုက်တယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အလို . . .

ငါ့ကို မြင်းတပ်၊ ဆင်တပ်၊ ခြေလျင်တပ်တွေနဲ့ လေးဘက်လေးတန် ဝိုင်းထားကြလို့ပါလား။

တိုက်ဆင်တွေက နှာမောင်းတွေ တယမ်းယမ်း။

စစ်မြင်းတွေက ခွာသံ တရှုပ်ရှုပ်။

ကြည့်စမ်း . . . သီရိခေတ္တရာရဲ့ လေးသည်ကျော်တွေက ငါ့ကို လေးမြားပေါင်း ရာထောင်နဲ့ ချိန်ထားကြလို့။

ဟား . . . ဟား . . . ဟား . . . ဟား . . . ဟား . . .။

ပန်ထွာဘုရင်မက ဣတ္ထိယ မိန်းမသားပါ။

နားနှစ်ဖက်မှာ ရွှေဝါရောင် ပန်းနှစ်ပွင့်ပန်ထားတဲ့ မိန်းမရွယ်ပါ။

ငါ့နောက်မှာ ဓားကိုင်ရဲမက်၊ လှံကိုင်ရဲမက် လုံးဝမရှိပါဘူး။

တစ်ယောက်တည်းသော မိန်းမကိုမှ ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ် လေးသည်ကျော်တွေနဲ့ ဝိုင်းထားရသတဲ့လား . . . ဒွတ္တဘောင်။

ပန်ထွာဆိုတာ လွယ်လွယ်နဲ့ အညံ့ခံတဲ့ ဘုရင်မ မဟုတ်ဘူး၊ မျက်ရည်ထိုးခံ မိန်းမမဟုတ်ဘူး။

ပန်ထွာ မြားကျည်တောက်ထဲက မြားသုံးချောင်းကိုကိုင်ပြီး လေးကို အသင့်ပြင်လိုက်တယ်။

ရှေ့ဆုံးက သီရိခေတ္တရာ လေးသည်ကျော်တွေကလည်း သူတို့လေးပေါ်ကို မြားတင်ပြီး ဒူးထောက်အသင့်ပြင်လိုက်ကြတယ်။

ပန်ထွာက ဘယ်သူ့ရဲ့ရင်ဝကို မြားလွှတ်ရမည်လဲဆိုတာ လှမ်းမျှော်လိုက်တော့ မြင်းတပ်တွေ၊ ခြေလျင်တပ်တွေကြားက ရတနာရွှေကကြိုးဆင်ထားပြီး ဆင်ကျောကုန်းပေါ် ရာဇစစ်ထိုင်ပလ္လင်ပေါ်က လူတစ်ယောက်။

အလို . . . ဆင်ပေါ်မှာ အဟန့်ကောင်းလိုက်ပါဘိသနဲ့။ ဟုတ်ပြီ ဒါ သီရိခေတ္တရာရဲ့ အရေးပါဆုံး ပုဂ္ဂိုလ်နေမှာပဲ။

ပန်ထွာက လေးမြားနှင့် ဆင်ပေါ်ကလူကို ချိန်ရွယ်ထားလိုက်တယ်။ ဒီမှာ ဆင်ပေါ်က ခန့်ခန့်ညားညားပုဂ္ဂိုလ်က . . .

---

စိတ်ကူးသစ်စာပေ



"ပန်ထွာဘုရင်မ . . . လက်နက်ချလိုက်ပါ"

"ငါ့ကို အမိန့်ပေးရအောင် သင်က ဘယ်သူလဲ။ ငါ့ကို ဘယ်လိုလူမှ အမိန့်ပေးလို့ မရဘူး"

"ဘုရင်မ . . . ကျွန်ုပ်က သီရိခေတ္တရာရဲ့ မင်းကြီး မဟာသီရိဒွတ္တဘောင်ပါ။ သင့်ကို လာရောက်ကြိုဆိုတာပါ"

"ဟား . . . ဟား . . . ဟား . . . ဟား . . . ဟား . . . သီရိဒွတ္တဘောင် . . . ငါ့တိုင်းပြည်ကို အကြိမ်ပေါင်းများစွာ ကျူးကျော်စော်ကားပြီး အလုံးစုံ ဖျက်ဆီးပစ်တာ သင်ပဲ . . . ဒွတ္တဘောင်။ ငါကလည်း သင်နဲ့ စစ်မြေပြင်မှာ စီးချင်းထိုးချင်နေတာ။ ဒီနေ့ သင့်ရဲ့လည်ချောင်းသွေး ပန်ထွာရဲ့မြေပေါ်မှာ စီးမျောရတော့မှာပဲ"

"ဘုရင်မ . . . ကျွန်ုပ် သင့်အသက်ကို ရန်မမူပါဘူး။ သင့်ကို ထိုက်တန်မြင့်မြတ်သော ဂုဏ်ဒြပ်နှင့်လျော်ညီစွာ သူကောင်းပြုမှာပါ။ သင် လက်နက်ကိုချပြီး ဟောဟိုက မြပုခက်ဆင်ထားတဲ့ သီရိဝဏ္ဏဆင်တော်ပေါ်ကို ကြွတော်မူပါ . . . ပန်ထွာဘုရင်မ"

"ဒွတ္တပေါင် . . . သင်လည်း ဘုရင်၊ ငါလည်း ဘုရင်မပါ။ ဘုရင်ချင်းမှန်ရင် စစ်မြေပြင်မှာ စီးချင်းထိုးပြီးမှ ဓားရေး၊ မြားရေးပြပြီးမှ အရှုံးအနိုင်ကို ဆုံးဖြတ်ကြတာပေါ့ . . . ဒွတ္တပေါင်"

"ပန်ထွာ . . . ဗိဿနိုးနန်းတော် ပြာကျနေသည့်တိုင် သင် မာန်ချသေးပါကလား။ သင်က ကျွန်ုပ်နှင့် မြားရေး၊ ဓားရေး ဆိုင်ချင်ရအောင် သင်ဘုရင်မရဲ့ မြားရေး ဘယ်ကလောက်စွမ်းလို့တုံး"

"ကြည့်ချင်တယ်ပေါ့၊ ကြည့်ကြဟေ့"

ဘုရင်မက လေးကို မိုးပေါ်ထောင်လိုက်တယ်။

ဒွတ္တပေါင်မင်းအပါအဝင် သီရိခေတ္တရာ ရဲမက်တို့က မိုးကောင်းကင်ကို ရုတ်ခြည်း မော့ကြည့်လိုက်ကြတယ်။ ဟိုးကောင်ကင်အမြင့်ပေါ်မှာ မိုးရေးရေး သစ်ရွက်ငယ်မျှ လှုပ်ရှားနေတဲ့ ဘာမှန်းမသိအရာကို ဝါးဝါးပဲ မြင်ရတယ်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မက မိုးပေါ်အရပ်ကို ပိုလ်ခြေတစ်ထောင်တင် လေးနှင့်မြား တစ်စင်း လွှတ်လိုက်တယ်။

"ဒေါင် ..."

"ရှိုး ..."

လေးညို့ကြိုးသံဟာ သံထည်သံထည်ချင်း ထိရိုက်လိုက်သကဲ့သို့ ကျယ်လောင်သည့်အသံ ထွက်ပေါ်လာပြီး မြားတစ်စင်းဟာ မြွေဟောက် တွန်သံလို မြည်ပြီး ကောင်းကင်ပေါ် ထိုးဖောက်တက်သွားခဲ့တယ်။

အချိန်အတန်ကြာသွားခဲ့သည့်တိုင် မြား ပြန်ကျမလာဘူး။ သီရိ ခေတ္တရာရဲမက်တို့က ဘုရင်မရဲ့မျက်နှာကို ကြည့်ပြီး လှောင်ပြောင်ရယ်မော နေကြတုန်းမှာပဲ ...

"ဗြိုး ..."

"ဘုတ် ..."

"ဟယ် ..."

"ဟယ် ..."

"ဟာ ... ဟာ ..."

အားလုံး အံ့ဖွယ်သရဲ ဖြစ်ကုန်ပါရောလား။ ကြည့်စမ်း ... ငန်း ကြီးတစ်ကောင်ရဲ့ ရင်အုံကို မြားစူးဖောက် တန်းလန်းနဲ့ ဘုရင်ဒွတ္တဘောင် ရဲ့ စီးတော်ဆင်ရှေ့ ကျလာတာ။

မဟာဒွတ္တဘောင်ပင် အံ့သြဘနန်းဖြစ်ပြီး ဘုရင်မပန်ထွာကို ငေး ကြည့်လျက်သား ဖြစ်သွားတယ်။

မင်းကြီးရဲ့ စီးတော်ဆင်ကလည်း ခွာတရုပ်ရုပ်၊ နှာမောင်းတရမ်း ရမ်း ဖြစ်နေပြီ။

ဒီမှာ ပန်ထွာဘုရင်မက ဒုတိယမြောက်မြားတစ်စင်းကို ဘုရင် ဒွတ္တဘောင်ရဲ့ ရင်ညွှန့်ရှိရာသို့ ပစ်ရန် အသင့်ချိန်ရွယ်ပြီးပြီ။

လေးသည်ကျော်တွေ ပျာပျာသလဲဖြစ်ပြီး ဘုရင်မရှိရာကို ဒေါ မြားပေါင်းများစွာ ထိုးချိန်လိုက်ကြပါရော။





"ဘုရင်မ ... သင့်ရဲ့ မြားရေးကလည်း အံ့မခန်းပါပဲကိုး။ သင် ကျွန်ုပ်ကို ပစ်ဦးမလို့လား"

"အရှုံးအနိုင်ပဲ ... ဒွတ္တဘောင်"

ပန်ထွာက မခိုးမခန့်အပြုံးနဲ့ ပြောလိုက်တယ်။

"ရဲမက်တို့ ... သင်တို့ လေးမြားတွေကို ချထားလိုက်။ ဘုရင်မ သင်က သင့်ကိုယ်သင် ဘုန်းကြီးသောဘုရင်မလို့ ယူဆနေတုန်းပဲကိုး။ ကောင်းပြီ မင်းကေရာဇ်ဆိုတာ မြားရေး၊ ဓားရေး၊ အဲမောင်းရေး ပြိုင်ကြ ရမြဲပဲ။ သင်နှင့် ကျွန်ုပ် မြားရေးပြိုင်ကြတာပေါ့။ ကျွန်ုပ် ရှုံးခဲ့၊ ကျခဲ့သော် တပ်ဆုတ်ပြီး သီရိခေတ္တရာကို ချက်ချင်းပြန်မယ်။ သင် ရှုံးခဲ့သော် ကျွန်ုပ် ခေါ်ရာကို အသာတကြည် လိုက်ခဲ့။ ဘယ့်နှယ် ..."

"ကြိုက်တယ်"

"ကိုင်း ... သင်က မိန်းမသား စစ်ရှုံးဘုရင်မပါ။ ငါ့ဘုန်းကံကို သင် တုလို့ရရိုးမရှိ။ သင်က စ၍ ပစ်လော့"

"အရှင်မင်းကြီးဘုရား ..."

"တိတ်စေ"

အနီးရှိ စစ်သူကြီးတို့က စိုးရိမ်ပြီး ဘုရင်ကို တားရန်လုပ်သော် လည်း ဒွတ္တဘောင်က လက်မခံဘူး။ ဆင်တော်ထက်က ထိုင်ပလ္လင်မှာ ရင် ကို မတ်ပေးထားတယ်။

သီရိခေတ္တရာ စစ်သူကြီးများက ဘုရင်မရဲ့မြားရေးကို ကြားဖူးရုံ မျှမက ယခုလက်တွေ့မြင်ရတော့ သူတို့အရှင်သခင်အတွက် အလွန်စိုးရိမ် သွားကြတာကိုး။ ဒါကြောင့် ...

အကယ်၍များ သူတို့ဘုရင်မင်းမြတ်ကို မြားထိမှန်သွားရင် ဘုရင်မ ရှိရာကို မြားအစင်းများစွာ ပစ်လွှတ်ဖို့ သတိပေးလိုက်ကြတယ်။

အားလုံး ရင်တဖိုဖိုနှင့် စောင့်ရင်း အသံတွေ တိတ်လို့။

ပန်ထွာဘုရင်မကြီးအတွက် ဒါ နောက်ဆုံး အခွင့်အရေးပဲ။

ချစ်သူသျှိဝအတွက်၊ ဗိဿနိုးရွှေနန်းတော်အတွက် ...



www.burmeseclassic.com

www.burmeseclassic.com



မဟာပန်ထွာ နိုင်ငံတော်ကြီးအတွက် ...

မဟာအတုလ စည်တော်ကြီးအတွက် ...

ကျူးကျော်စစ်အတွက် ...

ရှင်တုရှင်ယောင်တို့အတွက် ...

ပြီး ... ကျူးကျော်လူကြမ်း ဒွတ္တဘောင်ဘုရင်အပေါ် မုန်းတီးတဲ့ အမုန်းအငြိုး အားလုံးတို့အတွက် ...

ပန်ထွာဘုရင်မ နှုတ်ခမ်းကို တွန့်ပြီး ပြုံးလိုက်တယ်။

ပိုလ်ခြေတစ်ထောင်တင် လေးပေါ်ကို သံခေါင်းစွပ်မြားတစ်ချောင်း တပ်ပြီး ဒွတ္တဘောင်ရဲ့ လည်မျို လည်စလုတ်အထက် လက်နှစ်သစ်ကို ချိန်ရွယ်လိုက်တယ်။

ဒီအချိန်မှာ နေရောင်တစ်စက မဟာဒွတ္တဘောင်မင်းရဲ့ မျက်နှာကို ထိုးလိုက်တော့ ဒွတ္တဘောင်မင်းရဲ့ မျက်ခုံးနှစ်ခုကြားကနေ လင်းခနဲ ပြိုးပြက်ခနဲ အရောင်တစ်ခု ထွက်ပေါ်သွားတာကို ဘုရင်မ မြင်လိုက်ရ တယ်။

ရွှေရောင်လိုလို ...

ငွေရောင်လိုလို ...

လင်းလင်းစူးစူး ရောင်တန်းတွေ။

ဘာတွေလဲ၊ ဘာရောင်စဉ်တွေလဲ ...

သူ့ရဲ့ မျက်ခုံးနှစ်ခုကြားက လင်းလင်းလက်လက် ရောင်စဉ်တွေ က ဘုရင်မရှိရာကို တန်းထိုးပြေးလာနေသလို။

အို ... ဘာပဲဖြစ်ဖြစ် သူ ဆင်တော်ပေါ်မှာပဲ အသက်ဆုံးရှုံးရမယ်။ ဘုရင်မ ဗိသနိုးနတ်မင်းကြီးကို တိုင်တည်အာရုံပြုပြီး လေးညို့ကို လက် တစ်ဆန့်ဆွဲလို့ ညို့ကြိုးကို လွှတ်လိုက်တယ်။

"ဒေါင် ..."

"ရွီး ..."

ထောင်သောင်းချီသည့် သီရိခေတ္တရာရဲမက်တို့ အသက်မှ ... ရင်တမမ။

စိတ်ကူးသစ်စာပေ



မြားဟာ လေထုကိုခွဲပြီး စီးတော် သီရိပစ္စယဆင်ပေါ်မှာ ရာဇမင်း တို့ရဲ့ ဣန္ဒြေနှင့် မကြောက်မရွံ့ တည်ငြိမ်စွာထိုင်နေသည့် မဟာဒွတ္တဘောင် မင်းရဲ့ လည်ပင်းရှိရာကို အရှိန်နှင့် ပြေးဝင်သွားတယ်။

အံ့ဖွယ်သရဲ ဖြစ်ပေစွ။

"ဟင် ..."

"ဟာ ..."

"ဟယ် ..."

"အလို ... လေး ... လေး ..."

"ဗုဒ္ဓမြတ်စွာ ..."

"အို ..."

ကြည့်ကြစမ်းဟရို့ ... ဘုရင်မပစ်လိုက်တဲ့ မြားဟာ ဒွတ္တဘောင် မင်းရဲ့မျက်နှာရှေ့ တစ်တောင်အကွာအရောက်မှာ မြားဟာ လည်ချောင်း ရှိရာကို ဝင်မလာဘဲ မျက်နှာရှေ့ကနေ မိုးပေါ်ကို အလိုလို ကော့ထောင် ... ကာသွားပြီး လေထဲမှာ ပျောက်ကွယ်သွားတယ်။

ရဲမက်ဗိုလ်ပါအားလုံး အံ့အံ့သြသြ အသံတွေထွက်ပြီး အုတ် အော်သောင်းတင်း ဖြစ်ကုန်ကြတယ်။

ဘုရင်မလည်း အလွန် အံ့အားသင့်နေတယ်။

မကြုံစဖူး အဖြစ်ဆန်းပါကလား။

ပစ်လိုက်တဲ့မြား ကော့ပြီး မိုးပေါ်ထောင်လို့ လေထဲမှာ ပျောက် ကွယ်သွားတယ်။ ဒွတ္တဘောင် ... သင် ဘယ်လိုလူလဲ။

မဖြစ်ဘူး။ ဆိုင်းငံ့လို့ မဖြစ်ဘူး။

လက်ထဲမှာ မြားနှစ်ချောင်း ကျန်သေးတယ်။

ဘုရင်မ မြန်လိုက်ပါဘိ။ မြားနှစ်စင်းကို တစ်စင်းပြီးတစ်စင်း ဒွတ္တ ဘောင်ရဲ့ မျက်ခုံးနှစ်ခုကြား လင်းလင်းလက်လက်ဖြစ်နေတဲ့နေရာကို အသေ အချာချိန်ပြီး ပစ်လွှတ်လိုက်တယ်။

"ဒေါင် ..."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



“ရှီး ...”

“ဒေါင် ...”

“ရှီး ...”

လေထုကိုခွဲပြီး ပြေးနေတဲ့ သံချွန်စွပ်မြားနှစ်စင်းဟာ အပြိုင်ပြေးပြီး ရှီးရှီးနဲ့ ပြေးဝင်သွားကြတယ်။

ဒင်း ခံနိုင်ရိုးလား ... ဒွတ္တဘောင်ရယ်။

သင့်နဖူးနှင့် လည်ချောင်းက နီရဲစွေးစွေး သွေးတွေကို ငါ မြင်နေရဉစ္စာ။

ရဲရဲသာ ကျဆုံးလိုက် ... ဒွတ္တဘောင်။

မဟာဒွတ္တဘောင်ဟာ အရှိန်နှင့်ပြေးဝင်လာတဲ့ မြားနှစ်စင်းကို အထင်းသား မြင်နေတယ်။

ရာဇဏ္ဍနြေကို လုံးဝ အပျက်မခံဘူး။

မျက်တောင်တစ်ချက် မခတ်ဘူး။

မြားနှစ်စင်းကို မတုန်မလှုပ် စိုက်ကြည့်နေတယ်။

မြားနှစ်စင်းဟာ မင်းကြီးရဲ့မျက်နှာနှင့် တစ်တောင်အကွာအရောက်မှာ ငှက်နှစ်ကောင် မိုးပေါ်ကို အရှိန်နှင့် ထိုးပျံတက်သွားသလို ထိုးပျံပြီး လေထဲမှာ ထူးဆန်းစွာ ပျောက်ကွယ်သွားပါရော။

စစ်သည်ဗိုလ်ပါ၊ ရဲမက်ဗိုလ်ပါ၊ မှူးမတ်အပေါင်းတို့ဟာ ထူးဆန်းအံ့သြလွန်းလို့ ဘုရင်မင်းမြတ်ရှိရာကို ဦးညွှတ်အရိုအသေ ပြုလိုက်ကြတယ်။ တိုက်ဆင်တွေကလည်း ထူးထူးကဲကဲ သံပြိုင်အော်လိုက်ကြလေရဲ့။

အလို ... အံ့ဖွယ်ပါကလား။

ဘုန်းကံကြီးလှချေကလား။

ငါပစ်လိုက်တဲ့မြားတွေ ဘယ်ကိုရောက်သွားပြီလဲ။

အသူရာနတ်တွေ ယူသွားကြရော့လား။

ဘုရင်မ အံ့သြလွန်းလို့ ဆင်တော်ပလ္လင်ထက်က ဘုရင်ဒွတ္တဘောင်ကို ငေးကြည့်နေတုန်းမှာပဲ ...

စိတ်ကူးသစ်စာပေ



“ပန်ထွာ ... သင်ပစ်တာ မြားတွေလား၊ ငှက်တွေလား။ သင် ကျွန်ုပ်ရဲ့ ဘုန်းရှိန်ကို မြင်ပြီလား ... ပန်ထွာ”

“ကိုင်း ... သင့်အလှည့်ပြီးတော့ ကျွန်ုပ်ရဲ့ အလှည့်ပေါ့”

သည့်နောက် မဟာဒွတ္တဘောင်က ဂျုန်မင်းဆက်သခဲ့တဲ့ အလွန်ကြီးမား လေးလံလှသည့် သံလေးနှင့် သံမြားတို့ကို ကောက်ယူလိုက်ပြီး ဘုရင်မရှိရာကို ဆင်တော်ပေါ်ကနေ ချိန်ရွယ်လိုက်တယ်။

ဒီသံလေးတော်ကြီးကို ဘယ်လိုမင်းညီမင်းသား ဗိုလ်မင်းများမှ မပစ်နိုင်ဘူး၊ မ မ,နိုင်ဘူး။

ပန်ထွာဘုရင်မလက်ထဲမှာ မြားကုန်နေပြီ။

ဘုရင်မ မြားမဲ့လေးကို ကိုင်ပြီး တွေတွေကြီး ရပ်နေမိတယ်။ ဘုရင်မရဲ့ ဆံပင်ဆံနွယ်တွေဟာ လေထဲမှာ လူးလွန့်နေပြီး နေရောင်အောက်မှာ ဖုထစ်နုရွတဲ့ ဘုရင်မရဲ့ အလှတည်ဟန်ဟာ ကျောက်ဆစ်ရုပ်လို တောင့်တောင့်ရပ်လို့။

ငါ သေရဲရမှာပေါ့။

ပစ်လိုက်ပေါ့ ... ဒွတ္တပေါင်ရယ်။

ငါက ချစ်သူသျှိဝရဲ့ ဝိညာဉ်ရှိရာကို သွားချင်နေတာလေ။ ငါ့ရဲ့ သူရဲကောင်းဝိညာဉ်တို့ ကွန်းခိုရာကို သွားချင်နေတာပါ။ ငါတို့သူရဲကောင်းများရဲ့ ဝိညာဉ်တွေစုဝေးရာကို သွားချင်နေတာပါ။

မဟာဒွတ္တဘောင်က သံလေးတော်ကြီးရဲ့ လေးညို့ကို ဆွဲတင်ပြီး သံမြားတစ်စင်းကို လွှတ်လိုက်တယ်။

စူးရှကျယ်လောင်လွန်းလှတဲ့ ကြိုးခတ်သံဟာ တောရိပ်တောင်ရိပ်ကို ပဲ့တင်ရိုက်ခတ်သွားတာ တလှိုင်းလှိုင်း တရိပ်ရိပ်။

ပြီး ... မြားပြေးသံက စူးစူးဝါးဝါး။

“ရှီး ...”

“ဟယ် ...”

“အို ... အဖဘုရား”

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်းကွယ်ရို့ . . . သံမြားဟာ ဘုရင်မရဲ့ ညာဘက်နားပေါ်မှာ ထိုးပန်ထားတဲ့ အဝါရောင်ပန်းပွင့်ကို မြားဦးနဲ့ ထိုးသုတ်ခြွေချပြီး မင်းမျှော်တောင်မှာ သွားစိုက်နေလေရဲ့။

ပန်ထွာဘုရင်မရဲ့ ခန္ဓာကိုယ်ပေါ်မှာ ကြက်သီးမွေးညင်းတွေ အဟုန်ကြီးစွာ ဖြစ်ပေါ်ခဲ့ပြီး မြားဖြတ်သွားသံကြောင့် နားပါ အူမတတ် ဖြစ်သွားခဲ့ရတယ်။

အဝါရောင် ပန်းပွင့်ချပ်တွေဟာ ဘုရင်မရဲ့ ခြေဖဝါးတော်နုနုပေါ်မှာလည်းကောင်း၊

မို့မို့ပြေပြေ ပခုံးသားပေါ်မှာလည်းကောင်း၊

ကြွေကျကုန်တာကို များစွာသောရဲမက်တို့ အထင်းသား အရှင်းသားမြင်ပြီး အံ့သြခဲ့ရပါပကော။

ဒီမှာ မဟာဒွတ္တဘောင်မင်းက ဒုတိယမြောက် မြားတစ်စင်းကို ထပ်မံပစ်လွှတ်လိုက်ပြန်တယ်။

ဘုရင်မ မျက်စိကို မှိတ်ထားလိုက်မိရဲ့။

သံမြားပြေးသံဟာ လေနှင့်ထိခတ်ပြီး မြွေဟောက်တွန်သံလို မြည်ပြီး ဘုရင်မရဲ့ ဘယ်နားမှာထိုးပန်ထားတဲ့ အဝါရောင်ပန်းပွင့်ကို ထပ်မံထိုးသုတ် ဖောက်ဝင်ပြီး မင်းမျှော်တောင်မှာ သွားစိုက်နေပြန်တယ်။

ဒုတိယမြောက် အဝါရောင်ပန်းပွင့်ချပ်တွေဟာ ဘုရင်မရဲ့ ဘယ်ဘက်ပါးပြင်မှာ တချို့က ကပ်နေသလို၊

အချို့သော ပွင့်ချပ်၊ ပွင့်ဖတ်တွေက ဘုရင်မရဲ့ နက်မှောင်နေတဲ့ ပိတုန်းရောင်ဆံပင်ပေါ်မှာ သွားတင်နေတယ်။

နားနှစ်ဖက်စလုံးဟာ မြားခတ်သံကြောင့် အူနေပြီ။

လေးကိုင်ထားတဲ့ လက်လည်း တုန်ခါနေပြီ။

ဒီမင်းက ဘုန်းကြီးသော မင်းပါကလား . . .

မြားပစ်ရာမှာ အလွန်တော်သည့် ပြိုင်ဘက်ကင်းသည့် လေးတော်ရှင်ပါကလား . . .

စိတ်ကူးသစ်စာပေ



တတိယမြောက် မြားဆိုရင်တော့ ငါ့ရင်ကို စူးဝင်ပြီး ငါ့အသည်းနှလုံးတွေ ပေါက်ကွဲလို့ တစ်စစီ တောင်နံရံမှာ သွားကပ်နေမှာလေလား။

ငါ အာဇာနည်ပီသစွာ ရင်ကော့အသေခံလိုက်ရမှာလား . . .

ဒါမှမဟုတ် . . . ဒူးထောက်အညံ့ခံပြီး သူ့ပြုသမျှ နုရမည့်ဘဝကို မျက်စိစုံမှိတ် အရှက်မဲ့စွာ လက်ခံလိုက်ရမှာလား . . .

ခေါင်းထဲမှာ ဆုံးဖြတ်ရမည့်အရေးတွေ အားပြိုင်နေတယ်။

ဒွတ္တဘောင်မင်းကလည်း တတိယမြောက်မြားကို ပစ်ဖို့ လေးကိုမြှင်နေပြီ။ လေးတော်ရှင်ရဲ့ မျက်နှာကလည်း ပြုံးပြုံးစေ့စေ့နဲ့။

ပန်ထွာ . . . ညည်း အခုနေသေသွားရင် ဘဝတစ်ခုလုံး ဆုံးသွားပြီ။

အသက်ရှည်နေသေးရင် ညည်းအတွက် တုံ့ပြန်ဖို့ အခွင့်အရေးပေါ်ပေါက်လာနိုင်တယ်။

ဒွတ္တဘောင်ကို ရက်ရက်စက်စက် ကလဲ့စားချေဖို့ . . .

ရှင်ယောင်ကို သုတ်သင်ရှင်းပစ်ဖို့ . . .

အမုန်းတွေကို ကမ္ဘာတစ်သက်ဆုံး ခိုင်ခိုင်မာမာစိုက်ထူဖို့လို့ ညည်းအသက်ရှင်ရမယ်။

ပန်ထွာရဲ့ တုံ့ပြန်အငြိုးကို သိရိခေတ္တရာ သိသွားရမယ်။

ဗိဿနိုးနန်းတော်ကြီး အလုံးစုံ ပျက်စီးခဲ့သလို သိရိခေတ္တရာဆစ်ဖန် ဝဋ်ကြွေးဆပ်ရအောင် ညည်း လုပ်ရမယ်။

ညည်းရဲ့ ဘုန်းသမ္ဘာနဲ့ ဂုဏ်သိက္ခာ ကျဆင်းရသလို၊ ဒွတ္တဘောင်ရဲ့ ဘုန်းသမ္ဘာကို ညည်းရဲ့ အလှမာယာ၊ ပရိယာယ်မာယာနဲ့ ပြန်ဖျက်ဆီးဆီးရမယ်။ ညည်းရဲ့ရပိုင်ခွင့် ရာဇဝင်ကြွေး ဒွတ္တဘောင်ပြန်ပေးဆပ်ဖို့ ညည်းအဝနဲ့ရင်းရမယ်လေ။

နင့်လက်ထဲမှာ ဂန္ထဝင်လေးရှိတယ်။

ပစ်ဖို့ မြားတစ်ချောင်းမှ မရှိဘူးလေ။

နင့်မှာရှိနေတာ တုန္နိုင်းမဲ့အလှ၊ ပြိုင်ဘက်မရှိအလှ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီအလှက မီးပေါက်လက်နက်ပဲ။

ဝရဇိန်လက်နက်ပဲ။

နောက်ထပ် မဟာအတုလ ရန်ပြုစည်တော်အသစ်ပဲ။

ပန်ထွာ လက်ထဲက ပိုလ်ခြေတစ်ထောင်တင်လေးကို မြေပြင်မှာ ပစ်ချလိုက်တယ်။

ပြီး မြေပြင်မှာ ဒူးထောက် ခေါင်းစိုက်လိုက်တယ်။

ရဲမက်ပေါင်းများစွာတို့ဟာ ကျက်သရေရှိလွန်းလှတဲ့ နာမည်ကျော် ပန်ထွာဘုရင်မရဲ့ အညှံ့ခံချက်ကို ကြည့်ပြီး ခေါင်းညိတ်လိုက်ကြသလို ဝမ်းသာအားရလည်း ဖြစ်သွားကြလေရဲ့။

ဒွတ္တဘောင်မင်းကြီးခမျာလည်း ခုမှ သက်ပြင်းကိုချပြီး ရင်ထဲမှာ ကြည်နူးပျော်ရွှင်သွားခဲ့ရပြီ။

ဟုတ်တယ်လေ ...

သိရိခေတ္တရာတစ်နိုင်ငံလုံး ...

ဟန်လင်းတစ်နယ်လုံး ...

အယုဒ္ဓယတစ်နယ်လုံး ပိုက်စိပ်တိုက် လိုက်ရှာလို့မှ မတွေ့နိုင်တဲ့ အလှဘုရင်မ။

ရွှေအဆင်း ကြွေယမင်းကဲ့သို့သော အလှဘုရင်မ။

ဒီလို အလှရှင်၊ အလှဘုရင်မရဲ့ ရင်ညွှန့်၊ အသည်းနှလုံးရှိရာကို ဘယ့်ကလို သံစူးမြားတစ်ချောင်း ရက်ရက်စက်စက် ပစ်ရက်မှာလဲလေ။

ကိုင်း ... သဟာဆို ပန်ထွာဘုရင်မ ဒူးမထောက်ဘူး၊ အညှံ့မခံဘူးဆိုရင် ကျောကနေဖောက်ထွက်မည့် မြားတစ်စင်းပစ်မှာလား ...

ကရစ်ရှုနဖခင် သင့်ကို ကျေးဇူးတင်ပါ၏။

သျှိုဝနတ်ဘုရား သင့်ကျေးဇူး ကြီးပါဘိ။

ဗိဿနိုးနတ်မင်းကြီး သင်တို့၏ စိတ်တန်ခိုးနှင့် ဟန့်တားတော်မူသော ကျွန်ုပ်၏ လက်အတွက် ...

---

စိတ်ကူးသစ်စာပေ



နတ်မင်းကြီးတို့အား ကျွန်ုပ် ပူဇော်ပါ၏။

အရှင်တို့ ...

တောစိုးတောင်စိုး၊ ရုက္ခစိုးတို့ ...

ကျွန်ုပ်၏ လေးမြားချက်ကြောင့် အလှဘုရင်မပန်ထွာ နှလုံးမွှင့်၍ သေလွန်သည့်တိုင် ကျွန်ုပ်သည် ဤ ပန်ထွာဘုရင်မ၏ အလောင်းတော်ကို သီရိဝဏ္ဏဆင်တော်မ၏ ကျောထက်၌ရှိသော မြပုခက်သလွန်ပေါ်မှာ ယုယစွာ ပွေ့တင်ပြီး ရွှေပိန်းချ မြကျောက်စီ ခေါင်းတလားဖြင့် နံ့သာထင်းမီးတို့ဖြင့် ကောင်းမွန်စွာ မီးသဂြိုဟ်မှာပါ။

သူမရဲ့ အရိုးပြာအိုးကို ကျွန်ုပ်ရဲ့ အိပ်ရာသလွန်နံဘေးမှာ စွဲလမ်းမြတ်နိုးစွာ ထားရှိမှာပါ။

ကျွန်ုပ် ဗိဿနိုး အောင်နိုင်ခြင်းတို့အနက် ...

ဤ ပန်ထွာဘုရင်မကို လက်ရသိမ်းပိုက် ရရှိခြင်းကား ပြည်တန်ဆာများ တင်းပြည့်တောင်းပြည့် ရခြင်းထက် ကျွန်ုပ် ဝမ်းမြောက်ကြည်နူးမိပေသည်ကို နတ်မင်းအပေါင်းတို့ ယုံကြည်တော်မူ။

ကျွန်ုပ်သည် ဤပန်ထွာဘုရင်မအား ငြိုငြင်ခြင်းကင်းမဲ့သော အသည်းနှလုံးဖြင့် ယုယကြင်နာ ထွေးပိုက်သွားမည်ကို ဤမဟာပထဝီ မြေကြီးမြေမှုန့်ကို ကိုင်ဆုပ်၍ ကျွန်ုပ် မဟာဒွတ္တဘောင် သစ္စာပြုပါ၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၅၀ ]

❑

ခုတော့ သူမက သီရိခေတ္တရာပြည့်ရှင် မဟာဒွတ္တဘောင်မင်းရဲ့ မိဖုရားတစ်ပါး ဖြစ်ခဲ့ရပြီပေါ့။

မိဖုရားမှာတောင် ပြိုင်စံရှား ချောမောလှပပါသော်လည်း အခါ နှောင်းခဲ့လို့ အလယ်နန်းမိဖုရားနေရာမှာပဲ စံခဲ့ရတယ်။

မဟာဒွတ္တဘောင်မှာ ပန်ထွာဘုရင်မနဲ့ဆိုရင် မိဖုရားလေးပါး။

သီရိစန္ဒာမိဖုရားက တောင်နန်းမိဖုရား။

ဥမ္မာရဒေဝီက မြောက်နန်းမိဖုရား။

ရောပထနဂါးမင်းရဲ့ သမီးတော် ဘေစန္ဒီက အနောက်နန်း မိဖုရား။

သို့သော် မဟာဒွတ္တဘောင်ဘုရင်က ပန်ထွာဘုရင်မ အလယ် နန်းမိဖုရားကို အချစ်မြတ်နိုးဆုံးလေ။

အဖိုးတန် စိနတိုင်းလာ ပိုးဖဲကတ္တီပါ အဖိုးတန် အဝတ်အထည် တို့ကို ဦးစားပေး ဆင်တယ်။ တန်ဖိုးကြီးပေ့၊ အရည်ကောင်းပေ့ဆိုသည့် လည်ဆွဲရတနာတို့ကို ပန်ထွာမိဖုရားအား ဆင်တော်မူတယ်။





ပြီး ... ပန်ထွာဘုရင်မရဲ့ မျက်နှာတော်ကို ထောက်ညှာပြီး ပန် ထွာက ပါလာတဲ့ မှူးမတ်ပညာရှိတို့ကိုလည်း အပြစ်မယူဘဲ သင့်လျော်ရာ ရာထူးတွေကိုယ်စီနဲ့ နန်းတွင်းမှာ ချီးမြှင့်နေရာပေးခဲ့တယ်။

ဗိဿနိုးကပါလာတဲ့ ပန်းတိမ်၊ ပန်းပဲ၊ ပန်းချီ၊ ရက်ကန်းသည်၊ ဘချေသည်၊ သဘင်သည်များ။ ဒိုင်းလွှားကာ လုပ်တတ်သူတို့ကိုလည်း သင့်ရာသင့်ရာ နေရာပေး ချီးမြှောက်ခဲ့တယ်။

ပြောရရင် ...

ဗိဿနိုးဘုရင်မ ပန်ထွာဘုရင်မကိုပဲ မင်းကြီးက အရေးပေးလွန်း၊ မျက်နှာသာပေးလွန်းလို့ ရှေ့က မိဖုရားသုံးပါးက သိပ် အလိုတော် မကျကြ ဘူး။

သို့သော် ...

ဘုရင်ဒွတ္တဘောင်ကိုလည်း အထွန့်မတက်ရဲဘူး။

ဒွတ္တဘောင်မင်းကြီးကလည်း ပန်ထွာမင်းသမီးကို ဟိုဘဝတုန်း က မယားတော်စပ်ဖူးတယ်လို့ တဖွဖွ ဆိုလေရဲ့။

တစ်ခုသောဘဝတုန်းက မင်းကြီးက ပွေးဖို၊

ဘုရင်မပန်ထွာက ပွေးမဆိုပဲ။

ပွေးဖိုကြီးက မယားပွေးမကို မကြင်နာဘဲ အခြားပွေးမတို့နှင့် ပျော်ပါးစားသောက်နေလို့ ပွေးမက ပွေးလင်ကို စိတ်နာလို့ 'ဘုရားရှင်ကို မြေကြီးနဲ့ပူဇော်ပြီး ပွေးမက ဆုတောင်းသတဲ့။ ဖြစ်လေရာဘဝ ဤပွေးဖို နှင့် မပေါင်းဖက်ရပါစေနှင့်' လို့။

ပွေးဖိုကလည်း ပြန်ဆုတောင်းသတဲ့။

'ဖြစ်လေရာဘဝတိုင်း ပွေးမ ချစ်မယားရဲ့ အမုန်းကို ခံယူနိုင်သကဲ့ သို့ အနစ်မွှန်းခံ၍ ချစ်နိုင်သူလည်း ဖြစ်ရပါလို၏' လို့ ဆုတောင်းခဲ့လိုက် အား ဘုရားရှင်က ဖိုးဦးတောင်ထိပ်က ဗျာဒိတ်ပေးသတဲ့။

'ငါ၏သာသနာတော် တစ်ရာကျော်လျှင် ဤပွေးလင်မယားတို့ သည် တိုင်းခြား၊ ပြည်သစ် တစ်ထီးတစ်နန်းစီ စံ၍ မင်းဖြစ်ကြမည် ကော် သည်း' လို့ ဘုရားရှင်က မြွက်ခဲ့ဖူးတယ်လို့ ဆိုတယ်။



www.burmeseclassic.com

www.burmeseclassic.com



အခု တစ်ဦးက သီရိခေတ္တရာဘုရင်။

တစ်ဦးက ပန်ထွာဘုရင်မ။ ယခု အမုန်းတွေနှင့် ပြန်ဆုံကြပြီ။ သို့သော် ဒွတ္တဘောင်က ပန်ထွာကို အကြွင်းမဲ့ ချစ်တယ်လေ။

သို့သော် ပန်ထွာဘုရင်မက ချစ်ဟန်ဆောင်ပြီး လုပ်ရေးကြံ အခွင့်ကို စောင့်နေတာ။

ခုတော့ သိရပြီ။

သီရိခေတ္တရာမင်း မဟာဒွတ္တဘောင် ဘုန်းကံကြီးနေတာ မျက်ခုံး နှစ်ခုကြားက မှဲ့ရှင်တော်ကြောင့်။

ဒီမှဲ့ရှင်တော်ကြောင့် ဘုန်းတန်ခိုးကြီးမား၊ သြဇာကြီးခဲ့တာကို။ မည်သည့်မြို့စား၊ ရွာစား၊ နယ်စား၊ ဘုရင်ခံမှ သူ့မျက်နှာတော်နှင့် ယှဉ် မကြည့်ရဲကြဘူး။

ဒီမှဲ့ရှင်တော်က ထူးဆန်းတဲ့အရောင်တွေ ထွက်လေ့ရှိတယ်။ အဲ့ အရောင်တွေကို မြင်မိရင် တုန်လှုပ်ချောက်ချား ကြောက်ရွံ့ကုန်ကြတယ်။

ဒီ မှဲ့ရှင်တော် ဘုန်းအစွမ်းကြောင့် ဂဠုန်မင်းက သံလေးနှင့် မြား ဆက်သရသလို၊ အရိန္ဒမာလှံပျံနှင့် သီလဝန်စားတို့ကို သိကြားမင်းက ပေးအပ်ထားရသတဲ့။

နဂါးပြည်က ရေပထနဂါးမင်းက ကြောက်ရွံ့လို့ သမီးတော် ဘေစန္ဒီကို မင်းကြီးထံ ဆက်သရတယ်။

ခက်တာက ဒွတ္တဘောင်မင်းကြီးပဲ။

အစွမ်းထက်လက်နက်တွေ ပိုင်ထားတော့ ဘုရင်မာန် တက် တယ်။

မှဲ့ရှင်တော်တန်ခိုးကြောင့် အတိုင်းတိုင်းအပြည်ပြည်က ရွံ့ကြ အခစားရောက် အခွန်တော်ဆက်သကြ၊ သမီးကညာဆက်ကြ၊

ဒီလို ဘုရင့်မာန်၊ ဘုန်းမာန်နဲ့ ပန်ထွာကို နောက်ဆုံး လက်ရသိမ်း ဖို့ ပဠင်းဖြူ၊ ပဠင်းညို၊ ရှင်ယောင်၊ လူလိမ်သူခိုးတွေ စေလွှတ်ပြီး ...

ဘုန်းရှင်ကံရှင် ပန်ထွာဘုရင်မရဲ့ ဂန္ဓီရအစွမ်းကြီးလှတဲ့ မဟာ အတုလရန်ပယ်စည်တော်ကြီးကို ကြံဖန်လှည့်ဖျား ဖျက်ဆီးခဲ့တာကို။





သီရိခေတ္တရာကို ရောက်တော့မှ ပန်ထွာဘုရင်မကြီး အကြောင်း စုံသိရပြီး ရင်ပိုနင့် ခံစားခဲ့ရပေပေါ့။

အဓိကက ဒွတ္တဘောင် ဘုန်းကံကြီးမားနေတာ မျက်ခုံးနှစ်ခုကြား က မှဲ့ရှင်တော်ပဲ။

ဒီမှဲ့ရှင်တော် ကွယ်ပျောက်ရင် သူ ဘုန်းကံနိမ့်ပြီ။

ငါ ဘုန်းကံနိမ့်တုန်းက ငါဟာ သူ့ကျွန်ဖြစ်ခဲ့ရတယ်။

အကယ်၍များ သူ ဘုန်းကံနိမ့်ခဲ့ရင် သူလည်း အခြားသူရဲ့ကျွန် ဖြစ်ရင်ဖြစ်၊

ဒါမှမဟုတ် ငါ့ရဲ့ကျွန် ပြန်ဖြစ်ရမယ်။

ငါနိုင်တယ်၊ ငါနိုင်တယ်ဆိုတာ ငါ့ကိုနိုင်တဲ့သူ မပေါ်သေးလို့ ငါ နိုင်နေတာပါ။

ငါ့ကို နိုင်တဲ့သူ ပေါ်လာရင် ငါဆိုတာ ပြားပြားဝပ်သွားရတာပဲ။ ကြံရမှာပေါ့လေ။

ငါက သူ့ကို ချစ်မြတ်နိုးလွန်းလို့ လင်အဖြစ်၊ အရှင်သခင်အဖြစ် ပေါင်းသင်းနေတာမှ မဟုတ်တာ။

ဟင်း ... သူကတော့ ငါ့ရဲ့ ဟန်ဆောင်အချစ်ကို ယုံစားပြီး အချစ် စည်းစိမ်ခံစားလို့။

ကျားနဲ့ဆင် လယ်ပြင်မှာ ပြန်ဆုံရဦးမှာပါ ... ဒွတ္တဘောင်ရယ်။ ဟောဒီကမ္ဘာကြီးရဲ့ ငါအမုန်းဆုံးလူစာရင်းမှာ ...

သင်က နံပါတ် (၁)။

ပြီး ရှင်ယောင်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၅၁ ]

❑

တစ်နေ့ မိမိရဲ့ အလယ်နန်းမိဖုရားဆောင်မှာ ဗိသနိုးကပါလာတဲ့ မှူးမတ်လူရင်းအချို့နဲ့ လျှို့ဝှက်တိုင်ပင်ကြတယ်။

သူမရဲ့ဘဝမှာ အားကိုးစရာ၊ အဖရှင်ရသေ့အိုကြီးလည်း မရှိတော့ဘူး။

စစ်ပွဲကြီးအပြီးမှာ အဖရှင်ရသေ့ ပျံလွန်တော်မူသွားပြီလို့ ကြားရတယ်။

ချစ်ရသူ လူရင်း တပ်မှူးသျှိဝလည်း အသက်စွန့်သွားခဲ့ပြီ။

ဒါကြောင့် ဗိသနိုးကပါလာတဲ့ ပုဏ္ဏားတော်ဘိုးဘိုး စိန္တာမယကို ပဲ တိုးတိုးခေါ် တိုင်ပင်ရတယ်။

''ပုဏ္ဏားတော်ကြီး ...''

''ဘုရား ... အရှင်မ''

''ဒွတ္တဘောင်ဘုရင်ရဲ့ မျက်ခုံးကြားမှာ မှဲ့ရှင်တော် ရှိနေတယ်။ အဲဒါ ဘယ်လိုစွမ်းပါသလဲ ... ပုဏ္ဏားတော်ကြီး''

''မှန်ပါ ... မှဲ့ရှင်တော်ရှိရင် စကြဝတေးမင်းနီးပါး ဘုန်းကြီးပါတယ် ... အရှင်မ။ စီးချင်းထိုးရင် သူ့ကိုနိုင်သူ မရှိဘူး။ ဓား၊ လှံ၊ လေး





မြား သူ့ကိုမထိဘူး။ မျက်နှာမြင်ရင် ကြောက်ရွံ့ရှိသေကြရပါတယ် ... ဘုရင်မ''

''ဘိုးဘိုးကို လျှို့ဝှက်တိုင်ပင်ချင်တယ်''

''အမိန့်ရှိပါ ... အရှင်မ''

''ပန်ထွာစစ်ရှုံးရတာ တစ်သက်မကျေဘူး''

''မှန်ပေပေါ့ ... အရှင်မ''

''ဒွတ္တဘောင် ဘုန်းကံကြီးနေတာလဲ အဲဒီမှဲ့ရှင်တော်ကြောင့်ပဲ။ မှဲ့ရှင်တော်မရှိရင် သူလည်း ဘုန်းကံမကြီးနိုင်ဘူး''

''မှန်တာပေါ့ ... အရှင်မ''

''မှဲ့ရှင်တော် ပျောက်ကွယ်သွားအောင် ဘယ်လိုလုပ်ရင် ရနိုင်မည်လဲ ... ပုဏ္ဏားတော်ကြီး''

''မှန်ပါ ... မသန့်သောအဝတ်၊ ယုတ်ညံ့သောအဝတ်စ၊ ကြိုးစ ညည်စတို့ကို ဖွတ်လျှော်သန့်စင် ကြိုးကျစ်၊ အမွှေးနံ့သာစိမ်ပြီး မျက်နှာသုတ်ပဝါ ရက်လုပ်၍ ဘုရင်ကြီးထံ အရှင်မ ဆက်ပါလျှင် အရှင်မကို ချစ်မြတ်နိုး၍ လက်ခံသုံးစွဲမှာ အမှန်ပါ။ အဲဒီ မျက်နှာသုတ်ပဝါမျိုးနှင့် မျက်နှာသစ်ပြီး မျက်နှာကို သုတ်မိပါက မှဲ့ရှင်တော်ပျောက်ကွယ်ပြီး ဘုန်းကံများ လျော့ကျကာ သူ့ရဲ့ ဩဇာအာဏာများ ကျဆုံးပါလိမ့်မည် ... အရှင်မ''

''ဟုတ်ပြီ ... ပုဏ္ဏားတော်ကြီး၊ သခင်မ သူ့ကို ကလဲ့စားပြန်ချေပြီး ရာဇဝင်ကြွေး ဆပ်ရတော့မယ်။ သခင်မ သူ့ကို ချစ်လွန်းလို့ ပေါင်းသင်းဆက်ဆံနေတာ မဟုတ်ဘူး''

''သိကြောင်းပါ ... အရှင်မ''

''ပုဏ္ဏားတော်ကြီးကိုယ်တိုင် ... ဗိသနိုးလူယုံများကို တိုးတိုးတိုင်ပင်ပြီး သခင်မတို့ ဗိသနိုးကပါလာတဲ့ ရက္ကန်းစင်မှာ တို့ရက္ကန်းပညာရှင်တွေနဲ့ အညံ့ပဝါကို အမြန်ဆုံး ရက်လုပ်။ မည်သူ သူစိမ်းမျှ မရိပ်မိစေနဲ့''

''မှန်ပါ ... အမြန်ဆုံး စီရင်ပါမည် ... သခင်မ''

ပုဏ္ဏားတော် စိန္တာမယက ဗိသနိုးသား ရက္ကန်းသည်အချို့ကို လျှို့ဝှက်ခေါ်တွေ့ပြီး သချိုင်းကုန်းက လူသေကောင် အကျီ၊ ပုဆိုး၊ ထဘီ အဟုတ်များ ...



www.burmeseclassic.com

www.burmeseclassic.com



အစိမ်းသေ လူသေကောင်ရဲ့ အဝတ်အစားများ ...

မိန်းမညံ့တို့ရဲ့ အသုံးအဆောင် မသန့်သောအဝတ်စတို့ကို ရှာဖွေ စုဆောင်းစေတယ်။

ရသမျှ မသန့်သော အဝတ်အထည်စတို့ကို ဖြူစင်အောင် ဖွတ်လျှော်ပြီး စိတ်ရှည်လက်ရှည် အစအမျှင်များလုပ်ပြီး သီရိခေတ္တရာမှ အမွှေးနံ့သာရည်များ၊ ဗိသနိုးက အမွှေးနံ့သာရည်များ စိနတိုင်းထွက် အမွှေးနံ့သာရည်၊ ပန်းစည်ရည်များ အထပ်ထပ် ဆွတ်လိမ်းပြီး ချားစင်၊ ရက္ကန်းစင်မှာ လှလှပပ ပုံဖော်ပြီး ရက်လုပ်ကြတယ်။

များမကြာခင်မှာ ...

အလျားသုံးတောင်ခန့်ရှည်ပြီး အလွန်အံ့ဖွယ် အကွက်ဆန်းနှင့် လှပမွှေးကြိုင်လှတဲ့ မျက်နှာသုတ်ပဝါကြီးတစ်ထည် ရလာပါရော။

ပန်းပွင့် အနီ၊ အဝါ၊ အပြာ ရောင်စုံပွင့်တွေက အသားထည် အတွင်းမှာ မြုပ်ပြီး ရက်လုပ်ထားတော့ မြင်ရသူတိုင်း ငေးကြည့်ရတာပေါ့။

အဲဒီ မျက်နှာသုတ်ပဝါကိုမှ အညှံ့အင်းတွေနဲ့ အုပ်တယ်။

ပြီး ... ဒွတ္တဘောင်မင်းကြီး အနှစ်သက်ဆုံး စိနတိုင်းထွက် နှင်းရည်အနှစ်ကို ထပ်ဆင့်ဖျန်းပြီး ...

ရွှေဇဝါရိုက် ယွန်းသေတ္တာမှာ ထည့်လို့ ဒွတ္တဘောင်မင်းကြီးရဲ့ အဆောင်တော်ကို ဘုရင်မကလည်း နရွလုကြွနေအောင် ပြင်ဆင်ပြီး ကန့်ကလျ အခစားဝင်တော်မူဖို့ ရောက်လာတယ်။

"အရှင်မင်းမြတ် ..."

"တံခါးမှူး ... အကြောင်းရှိလို့လား"

"မှန်ပါ ... မင်းမြတ်၊ ပန်ထွာမိဖုရားကြီး အခစားရောက်ရှိကြောင်းပါ"

"အို ... ပန်ထွာမိဖုရားလား၊ ဝင်ပါစေ ... တံခါးမှူး"

ပန်ထွာမိဖုရားက လှုပ်လီလှုပ်လဲ့ဟန်ဖြင့် ဝင်လာတာကို မြင်ရရော မင်းကြီးရဲ့ မျက်နှာပေါ်မှာ ပြုံးရိပ်တွေ လျှံလို့။

"မိဖုရား ... ပသို့အကြောင်းရှိပါလဲ"





"အရှင်မင်းမြတ်ကို ဘုရားကျွန်တော်မျိုးမကိုယ်တော်တိုင် စီရင်ပြုလုပ်သည့် မေတ္တာလက်ဆောင်ပစ္စည်းတစ်မျိုး ဆက်သရန် ခစားရောက်ရပါသည် ... မင်းမြတ်"

"မေတ္တာလက်ဆောင် ... ဟုတ်လား ... မိဖုရား"

"မှန်ပါ ... အရှင်မင်းမြတ်"

"ဆက်သတော်မူပါဦး ... မိဖုရားရဲ့ ပဏ္ဏာများပါလိမ့်ကွယ်"

ပန်ထွာဘုရင်က ယွန်းသေတ္တာကိုဖွင့်ပြီး ဒွတ္တဘောင်မင်းရဲ့ လက်တော်ကို ဆက်သလိုက်ရော ...

မွှေးကြိုင်သင်းပျံ့လိုက်တဲ့ရနံ့

စံပယ်ရနံ့လား ... ဟုတ်ပါဘူး ... ခရေရနံ့ ...

ဟုတ်သေးပါဘူး ... နှင်းဆီရနံ့ ... နှင်းရည်ရနံ့ ... နံ့သာရနံ့ ... အို ... စိနတိုင်းက ငါကိုယ်တော်နှစ်သက်တဲ့ စိနနှင်းရည်နံ့လည်း ပါသကိုး။

ယွန်းသေတ္တာငယ်ထဲကနေ ထုတ်ယူဖြန့်ကြည့်လိုက်တော့ ...

"အို ... လှလိုက်၊ မွှေးလှချည်ကလား မိဖုရားရယ် ဒါ ... ဒါကို မိဖုရားကိုယ်တော်တိုင် စီမံပြုလုပ်တော်မူတာလား"

"မှန်ပါ မင်းမြတ်၊ အသင်မင်းမြတ် စောင့်ရှောက်ကျွေးမွေးတော်မူသည့် ကျေးဇူး၊ အရှင်မင်းမြတ် ဘုရားကျွန်မတို့အပေါ် ကြင်နာမြတ်နိုးတော်မူသည့် မေတ္တာတရားတို့ကို ပြန်လည်ကျေးဇူးဆပ်သောအားဖြင့် ဘုရားကျွန်မ၏ မေတ္တာစိတ်ဖြင့် ကြိုးစားစီမံရက်လုပ်ထားတဲ့ ဗိသနိုးမိဖုရားရဲ့ မေတ္တာလက်ဆောင်မွန်ပါ မင်းမြတ်။ အရှင့်ကို ဘုရားကျွန်မ မျက်နှာသစ်တော်ရေ ဆက်သသည့်နေ့မြတ်မှာ ကျွန်တော်မျိုးမရဲ့ မေတ္တာဓာတ်စုနေသည့် ဤမျက်နှာသုတ်ပဝါကို အကျွန်မကို မြတ်နိုးတော်မူသောစိတ်နှင့် မေတ္တာပိုသပြီး သုံးဆောင်တော်မူပါ ... အရှင်မင်းမြတ်ကြီးဘုရား"

"အို ... မိဖုရားရယ် ..."

ဒွတ္တဘောင်မင်းကြီးဟာ လွန်စွာလှပမွှေးကြိုင် ဆန်းကြယ်နေသည့် မျက်နှာသုတ်ပဝါကိုပိုက်ပြီး သလွန်ပေါ်ကနေ ပန်ထွာဘုရင်မရှိရာကို ဝမ်းသာအားရ လှမ်းကြွလာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီး ...ရွှေသားရုပ်တုလို ပုံ့ပုံ့လေးထိုင်ပြီး လက်အုပ်ချီနေတဲ့ ပန်ထွာဘုရင်မရဲ့ ရွှေလက်တော်ကို အသာဆွဲယူမလိုက်ပြီး ရင်ခွင်ထဲကိုမွေ့ ဖက်ထားလိုက်တယ်။

ပန်ထွာဘုရင်မရဲ့ ရှက်စနိုးအပြုံးကိုကြည့်ပြီး ချစ်မြတ်နိုးစွာ ဖက်ထားလိုက်တာရယ်။

ဘုရင်မရဲ့ ရင်သားနှစ်မွှာ ပူနွေးအိညက်အတွေ့ကို တမိန့်မိန့်ခံစားပြီး သလွန်တော်ပေါ်ကို အသာတွဲခေါ်လာခဲ့လိုက်လို့ ညင်သာစွာပဲ ဘုရင်မရဲ့ ကိုယ်လုံးအိအိလေးကို ဆွဲချလိုက်တယ်။ ဘုရင်မက ပြုံးစစနဲ့ မျက်စိအစုံကို မှိတ်ပြီး ဦးခေါင်းကို မော့ထားရှာတယ်။ မင်းကြီးက သူ့ရဲ့ရင်ဘတ်ကျယ်ကြီးနဲ့ ဘုရင်မရဲ့ ရွှေရင်မို့မို့ပေါ်ကို ဖိကပ်လိုက်ရော ဘုရင်မရဲ့ ဖူးလျလျ စုတုတု နှုတ်ခမ်းနှစ်လွှာက တိုးညင်းနွဲ့လျတဲ့ ညည်းသံသာသာလေးကို ကြားလိုက်ရတယ်။

ပန်ထွာလေးရယ် ...

အချစ်ဆုံး နမတော်လေးရယ်။

မဟာဒွတ္တဘောင်ရဲ့ ရင်အုံထဲကို မင်းရဲ့အချစ်တွေ စီးမျောလိုက်စမ်းပါ ... အချစ်ရယ်။

ဒွတ္တဘောင်ရဲ့ နှလုံးသားထဲမှာ အချစ်ကကြိုးတွေ ယိမ်းထိုးနေတယ်။

သူဟာ တကယ်မွတ်သိပ်စွာနဲ့ ဘုရင်မရဲ့နှုတ်ခမ်းပေါ်ကို အနမ်းမိုးတွေ ရွာချလိုက်တယ်။

အဲဒီအချိန်မှာ တိုက်ပွဲတွေ မရှိတော့ဘူး။

စစ်ခရာသံ မကြားရတော့ဘူး။

မြင်းခွာသံတွေ မလိုအပ်တော့ဘူး။

ဒီအချိန်မှာ တင်းကြပ်စွာ ပွေ့ဖက်လူးလွန့်နေတဲ့ အချစ်ရာဂလှိုင်းတံပိုးတွေ မြူးကြွနေဖို့ပဲ လိုအပ်တယ်။

✿ ✿ ✿

[၅၂]

❑

ဒွတ္တဘောင်က ပန်ထွာမိဖုရားဆက်သသည့် မျက်နှာသစ်တော်ရေနှင့် အာလုတ်ကျင်းပြီး သွားတွေကို မွှေးကြိုင်တဲ့ သွားတိုက်ဆေးမှုန့်နဲ့ တိုက်တော်မူတယ်။

ပြီး ...ရေကြည်သန့်သန့်နှင့် မျက်နှာတော်ကို သန့်စင်လိုက်တယ်။

ဒီမှာ ဘုရင်မက သူမကိုယ်တိုင် ဂမ္ဘီရနည်းပညာတွေနဲ့ စီရင်ထားတဲ့ မျက်နှာသုတ်ပဝါကို တယုတယကမ်းလိုက်တော့ ...

မင်းကြီးက ပြုံးရွှင်စွာ လှမ်းယူပြီး မျက်နှာကို သုတ်တော်မူလိုက်တယ်။ သည့်နောက် ပန်ထွာမိဖုရားကို မျက်နှာသုတ်ပဝါ ပြန်အပ်လိုက်တယ်။

မိဖုရားက ပြန်လည်သန့်စင်ဖို့ ယွန်းသေတ္တာထဲ ပြန်ထည့်လိုက်တယ်။ ဒီမှာ ဒွတ္တဘောင်မင်းကြီး ဦးခေါင်းထဲကနေ မိုက်ခနဲဖြစ်သွားလို့ ပန်ထွာဘုရင်မက လှမ်းကိုင်ထိန်းလိုက်ရသေးရဲ့။

"မင်းမြတ် ... မင်းမြတ် ... ဘာဖြစ်လို့ပါလဲ ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ညက အတွေးများပြီး အိပ်ရာဝင်နောက်ကျလို့ ထင်ပါရဲ့ ... မိဖုရားရယ်"

သည့်နောက် ဝတ်လဲတော်ခန်းကိုဝင်ကာပြီး ဝတ်လဲတော်အသစ်ကို လဲဝတ်ကာ နံနက်စာသုံးဆောင်ဖို့ ပွဲတော်ရှိရာကို ကြွလာခဲ့လိုက်တယ်။

အဲဒီနေ့က မင်းမြတ်စားတော်ပွဲကို စားရပေမင့် ခံတွင်းမမြိန်ခဲ့ဘူး။

နံနက်ညီလာခံဝင်ဖို့ တောင်နန်းမိဖုရားကြီးက ညီလာခံတက် ဝတ်လဲတော်ကို ပြင်ဆင်ရင်းက ဘုရင်ရဲ့မျက်နှာတော်ကို ကြည့်လိုက်ရော ..

"ဟင် ..."

"ဘုရား ... ဘုရား ..."

"မိဖုရားခေါင်ကြီး ... ပဏာတွေ အံ့သြနေတုံးဗျာ"

"အရှင် ... အ ... ရှင် ... ဟို ... ဟို ..."

"ခေါင်ကြီး ... မယ်မင်း ဘာဖြစ်နေတုံးကွယ့် ဟင်"

"အရှင် ... အရှင် ... အ ... အ ... ရှင်ရဲ့ မှဲ့ရှင်တော် ... မ ... မ ... ရှိ"

"ဘာ ... ဘာ ပြောတယ် မိဖုရားခေါင်ကြီး"

"မျက်ခုံးတော်နှစ်သွယ်ကြားက အရှင့်ရဲ့ ဘုန်းတော်ကြီးလှသည့် မှဲ့ရှင်တော် မရှိတော့ပါလား အရှင်"

"ဟင် ... ဟုတ်ရဲ့လား မိဖုရားခေါင်ကြီးရယ်။ နံနက် စားတော်ခေါ်တုန်းက ရှိသေးဥစ္စာကွယ်။ ကြေးမုံပြင် ယူပေးစမ်းကွယ့်"

မိဖုရားခေါင်ကြီး သီရိစန္ဒာက ကြေးမုံမှန်တစ်ချပ် အမြန်ယူပြီး မင်းကြီးရှေ့မှာ ထောင်ပြလို့ ကြည့်လိုက်ရော ...

"ဟင် ..."

"အရှင်မင်းကြီး ... ဘယ်လိုကြောင့် မှဲ့ရှင်တော် ကွယ်ပျောက်သွားရတာပါလဲဘုရား"

မင်းကြီး လွန်စွာ အံ့သြနေရပြီ။





အရောင်တော် တလက်လက်ထွက်လေ့ရှိသည့် ဇီးကင်းလုံးခန့် မှဲ့ရှင်တော် မရှိတော့ဘူး။ လက်နှင့် ပွတ်သပ်ကြည့်လည်း မရှိတော့ဘူး။

"အရှင် ... ဘယ်လိုဖြစ်ရတာပါလဲ ဟင်"

"ကျုပ် ... မနက် မျက်နှာတော်သစ်တုန်းက ..."

"ဘာဖြစ်လဲ ... ဘာဖြစ်လဲ ပြောပါဦး အရှင့်ရဲ့"

"ပန်ထွာမိဖုရား ဆက်သတဲ့ မျက်နှာသုတ်ပဝါအသစ်နှင့် မျက်နှာသုတ်တာပဲရှိတယ် မိဖုရားကြီး"

"အိုး ... ဗုဒ္ဓ၊ ကယ်ပါ"

"သွားပြီ ... သွားပါပြီရယ် .... သွားပြီအရှင့်ရဲ့ ဟီး ..."

မိဖုရားခေါင်ကြီးဟာ မင်းကြီးကိုဖက်ပြီး ယူကျုံးမရ ငိုရှာတော်မူပါလေရော။

"အရှင်မင်းကြီးရယ် ... ပန်ထွာမိဖုရားကို အရှင် ဘာလို့ ယုံကြည်မြတ်နိုးနေတာလဲ ဟင်။ သူဟာ စုန်းမ၊ မှော်ကဝေမဆိုတာ အရှင် သိတယ်မဟုတ်လား"

"အရမ်းလည်း မစွပ်စွဲပါနဲ့ ... မိဖုရားကြီးရယ်။ ကျုပ် စဉ်းစားပါရစေဦး။ ကျွန်ုပ် နတ်ဒေဝတာတို့မကြိုက်တာ လုပ်ခဲ့တာများရှိလို့ မှဲ့ရှင်တော် ကွယ်ရတာများ ရှိလေမလား။ ကျွန်ုပ် နတ်မင်းတွေရော ဘိုးတော်၊ ခမည်းတော်တို့ရဲ့ ဝိညာဉ်တော်တွေကိုရော အခမ်းအနားနဲ့ တောင်းပန်ကြည့်ပါမယ် ... မိဖုရားရယ်။ မျက်ရည်တွေ သုတ်လိုက်ပါတော့ကွယ် နော်"

မင်းကြီးရဲ့ မျက်ခုံးနှစ်ခုကြားက မှဲ့ရှင်တော် ကွယ်ပျောက်သွားတဲ့သတင်းဟာ တောမီးပျံ့သလို နန်းတော်တွင်းမှာရော၊ မြို့တော်အတွင်းမှာရော ချက်ချင်း ပျံ့နှံ့သွားခဲ့တယ်။

မျက်မြင်ကိုယ်တွေ့လည်း ရာဇပလ္လင်ပေါ်မှာရှိနေတုန်း မှူးကြီး၊ မတ်ကြီး မင်းညီမင်းသားတို့ မြင်ရပြီး မင်းကြီးအတွက် စိုးရိမ်ပူပန်ကုန်ကြပါရောလား။

"ငါတို့ အရှင်မင်းမြတ်ရဲ့ မှဲ့ရှင်တော် ပဏာကြောင့် ကွယ်ရတာ



www.burmeseclassic.com

www.burmeseclassic.com



တုံး''

''ပန်ထွာဘုရင်မ ဆက်သတဲ့ မျက်နှာသုတ်ပဝါနဲ့ မျက်နှာသုတ်ပြီးနောက်ပိုင်း မှည့်ရှင်ကွယ်တယ်လို့ ကြားရတာပဲ''

''ဟုတ်ပါ့မလားကွယ် အမတ်ကြီးတို့ရယ်''

''ပန်ထွာဘုရင်မက စစ်ရှုံးပြီး အသိမ်းပိုက်ခံရတာကို မကျေနပ်လို့ သူ့ရဲ့ ဂမ္ဘီရအစီအရင်နဲ့ လုပ်တာနေမှာပေါ့ဗျာ''

''ပန်ထွာက ဗိဿနိုးမှာ မှော်ပညာရှင်ဆိုပဲ ဝန်မင်းရဲ့''

''မသေချာဘဲ မစွပ်စွဲကြပါနဲ့ကွယ်။ ပန်ထွာမိဖုရားက ငါတို့မင်းကြီးရဲ့ အချစ်ဆုံး၊ အမြတ်နိုးဆုံး မိဖုရားနော်။ တော်ကြာ မောင်တို့ သေဒဏ်ထိနေမယ်။ ပန်ထွာမိဖုရားကြားရင် မလွယ်ဘူး။ ကြမ်းကြား၊ လေကြားရှူး ... ရှူး ... တော်ကြ တန်ကြ''

''ကျုပ်တို့ကတော့ ပန်ထွာမိဖုရား လုပ်ကြံတဲ့လက်ချက်လို့ပဲ ထင်တယ်ဗျာ ဝန်မင်းရာ''

''ရှူး ... တိုးတိုးပြောကြပါ ဆိုနေကွယ်။ ဟိုမှာ ဗိဿနိုးသားအမှုထမ်းတွေ လာနေတယ်''

''ဒင်းတို့ကို သူကောင်းပြုတာ မှားတာပေါ့ဗျာ။ ကျွန်ဟာ ကျွန်နေရာ ...''

''တို့တော့ လစ်ပြီဟေ့''

နေရာတိုင်းမှာ ဝေဖန်နေကြတာလေ။

မင်းကြီးရဲ့မျက်နှာတော်ညှိုးနေတာ နေ့တိုင်းဥစ္စာ။ အိမ်ရှေ့ပူတော့ အိမ်နောက်လည်း မချမ်းသာကြဘူးပေါ့။

သို့သော် ဒွတ္တဘောင်အရှင်က ဗိဿနိုးမိဖုရားကို အပြစ်မပြောရှာဘူး။ ချစ်နေတာကိုး။ ချစ်တော့ အပြစ်မမြင်ဘူးပေါ့။

မိဖုရားကလည်း ဣန္ဒြေမပျက်ပါဘူး။

မင်းကြီးကို ရှိသေစွာခစားပြီး မင်းကြီးကို နဂိုထက် ပိုတောင်ယုယပြသေးဥစ္စာ။ ဘာပြောလို့ ရမှာတုံး။

ကွယ်ရာရောက်တော့မှ ဗိဿနိုးကပါတဲ့ လူရင်းတွေပြီး ...

စိတ်ကူးသစ်စာပေ



''ဟင်း ... ဟင်း .... ငါ့အကြောင်း သိပြီမဟုတ်လား ... ဒွတ္တဘောင်။ ငါ့ရဲ့ဘုန်းကံကို သင်ဖျက်ဆီးခဲ့သလို သင့်ရဲ့ဘုန်းကံကိုလည်း ငါ ပြန်ဖျက်ဆီးခဲ့တာပဲ''

ဗိဿနိုးမြို့သူမြို့သား၊ ပန်ထွာမြို့သူမြို့သားတွေ မျက်ရည်ပေါက်ပေါက်ကျ၊ ကြေကွဲ၊ သွေးချောင်းစီးမှု အသက်တွေ ဆုံးရှုံးရတာ သင့်ကြောင့်ပဲ။

သင်သာ မကျူးကျော်ခဲ့ရင် ငါတို့ဗိဿနိုးဟာ ခုဆို ရွှေရောင်နေ့ရက်တွေနဲ့ ကြေးစည်သံ၊ ဓမ္မတေးနဲ့ သာယာဝေစည်နေမှာ။ ခုတော့ ဗိဿနိုးရွှေနန်းတော်ကြီးဟာ မီးလောင်ဒုတ်တိုနဲ့ ပြာပုံဖြစ်သွားပြီလေ။ အဲဒီဘဝမျိုးရောက်အောင် သင် ရက်ရက်စက်စက် ပြုခဲ့တာ။ သင့်ကို ငါ မုန်းတီးနေတာ စစ်ရှုံးရတဲ့နေ့က စလို့ပေါ့။

ငါ့ရဲ့ပါးပြင်ကို ငါ့ချစ်သူ သျှိဝက အနမ်းတစ်ပွင့် မခြွေခဲ့ဖူးပေမယ့် သင်က ငါ့ရဲ့အသွေးအသားကို အလိုရှိတိုင်း ပွဲတော်တည်ခဲ့တယ်။

''သျှိဝရေ .... နင့်ရဲ့ နာကြည်းချက်နဲ့ ငါ့ရဲ့ဂုဏ်သိက္ခာအတွက် အမုန်းကြီးစွာနဲ့ ဒွတ္တဘောင်ကို ငါ အနိုင်ယူ ကလဲ့စားချေလိုက်ပါပြီ။ မကြာခင် သိရိခေတ္တရာ ဘုန်းဘုန်းလဲ ကျဆုံးရတော့မယ်။ မင်း တမလွန်ကနေ ကျေနပ်ပါတော့''

ဘုရင်မပန်ထွာရဲ့ ရင်ထဲမှာ ကျေနပ်အားရမှုတွေ လှိုင်းတံပိုးတွေသလို့။

ကြည့်လေ ...

ဘုရင်ဒွတ္တဘောင်ရဲ့ မျက်နှာပြင်ပေါ်က မှဲ့ရှင်တော်လည်း ကွယ်ပျောက်သွားရော ...

ဂဠုန်မင်းကဆက်တဲ့ ဂမ္ဘီရသံလေး၊ သံမြားကြီး အလိုလိုကျိုးသွားသလို သိကြားမင်းပေးတယ်လို့ နာမည်ကြီးတဲ့ သီလဝန်စားနဲ့ အရိန္ဒမာလုံ့ဘာ အလိုလို သံချေးတက်ပြီး တစ်စစီ အံ့ဖွယ်ကောင်းအောင် ပဲ့ကြွေသွားခဲ့တယ်။

အံ့စရာ မကောင်းဘူးလားဟင်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြီး . . . မင်းကြီးရဲ့ ခြေတော်ရင်းမှာ လုပ်ကျွေးသမှုပြုနေတဲ့ နှင်း မင်းရဲ့သမီး ဘေစန္ဒီလည်း နဂါးပြည်ကို ခဏဆိုပြီးပြန်သွားခဲ့တာ လုံးဝပေါ် မလာတော့ဘူး။

လက်အောက်ခံနယ်ပယ်တွေကလည်း ဒွတ္တဘောင်မင်းကို မလေး မခန့်ပုန်စားပြုကြပြီး နှစ်စဉ်ဆက်သနေကျ အခွန်တော်တွေကို လုံးဝမဆက်သ ကြဘဲ ခြားနားကုန်ကြတယ်။

အခွန်တောင်းအမတ် ပဥ္စင်းညိုကိုလည်း လက်အောက်ခံနယ်တ နယ်စားတွေက လုပ်ကြံလိုက်လို့ သေသွားခဲ့ရတယ်။

ထူးဆန်းတာက မဟာအတုလစည်တော်ကြီးကို လှို့ဝှက်ကြံစည် ဖျက်ဆီးခဲ့တဲ့ တကောင်းရှင်ပျိုအမည်ခံ သီရိခေတ္တရာ သူလျှိုရှင်ယောင်ကို မြို့စားအဖြစ် ခန့်အပ်ထားခဲ့ရာမှာ . . .

မြို့စားရှင်ယောင်လူထွက်ကို မည်သူသတ်သွားမှန်း မသိရဘူး မြို့စား ရှင်ယောင်လူထွက်ရဲ့ ဦးခေါင်းပြတ်ကြီးကိုတော့ မြို့လယ်လမ်းမ မှာ သွေးသံရဲရဲ မျက်လုံးပြူးလျက် တွေ့ရပြီး တုန်လှုပ်ချောက်ချားကုန်ကြ လေရဲ့။

ပန်ထွာဘုရင်မကြီးကတော့ ဒီသတင်းတွေကြားရတော့ သူမရဲ့ လျှို့ဝှက်လုပ်ကြံရေးသမားတွေကို ကျိတ်ပြီး ချီးကျူးနေလေရဲ့။

မင်းကြီးကတော့ ဒီကြံစည်လျှို့ဝှက်ချက်တွေကို လုံးဝမသိ။

ဘုရင်မပန်ထွာကိုမှ ခွင့်လွှတ်ချစ်မြတ်နိုးနေဆဲ။

✿ ✿ ✿

| ၅၃ |

❑

တစ်နေ့ သီရိခေတ္တရာ မိဖုရားတစ်ပါးနှင့် လူယုံအချို့ဟာ လျှို့ဝှက် တွေ့ဆုံ ဆွေးနွေးကြတယ်။ မှူးမတ်အချို့ကလည်း မကျေနပ်မှုတွေ ရှိနေ ကြတာကိုး။

“မိဖုရား . . . သီရိခေတ္တရာနိုင်ငံတော်ကြီး တစ်စတစ်စ ကျဆုံး လာတာသည် ပန်ထွာမိဖုရားကြောင့်ပါ မိဖုရား”

“အေးပေါ့လေ . . . ပျက်ချိန်တန်ပြီကိုး မင်းကြီးတို့”

“ပန်ထွာဘုရင်မကို လုပ်ကြံအဆုံးစီရင်မှဖြစ်မယ် မိဖုရား”

“မလုပ်ကြပါနဲ့ကွယ်။ ပြုသူအသစ်၊ ဖြစ်သူအဟောင်းလို့ တရား ဟောရှိတာပဲ။ ကံဝဋ်ကြွေးကို ဆပ်ရတာလို့ ဖြေကြတာပေါ့”

“ကျွန်တော်မျိုးတို့ကတော့ ဆက်ပြီး သည်းမခံနိုင်ဘူး မိဖုရား”

“မင်းကြီးမျက်နှာကို မထောက်ကြဘူးလား . . . မောင်မင်းတို့ ရယ်”

“မိဖုရား မပါပါနဲ့။ ကျွန်တော်မျိုးတို့ သင့်သလို စီစဉ်ပါ့မယ်။ မင်း ကြီးကိုသာ ထိန်းကျောင်းတော်မူပါ မိဖုရား”

သို့ကလိုပြောပြီး သူတို့ ပြန်ခဲ့ကြတယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြီး . . . လျှို့ဝှက်အစီအစဉ်တစ်ခုကို တိုးတိုးကြိတ် တိုင်ပင်ကြပြန်တယ်။

အားလုံးက သဘောတူကြလို့ အကောင်အထည်ဖော်ရန် ဆုံးဖြတ်တာဝန်ခွဲဝေယူလိုက်ကြတယ်။

ပြောရရင်တော့ . . .

ကံ,ကံ၏အကျိုးတွေကို အပြန်အလှန် ခံစားကြရတာပါပဲလေ။

ပန်ထွာဘုရင်မကြီးက ပွဲတော်တည်ပြီး ညဦးပိုင်းမှာ သစ်သီးဝလံလတ်လတ်ဆတ်ဆတ်တွေကို မြိန်ရှက်စွာ စားသုံးလေ့ရှိတာ ဟိုးအရင်ဗိဿနိုးမှာ ဘုရင်မဖြစ်စဉ်ကတည်းကပါပဲ။

သီရိခေတ္တရာကိုရောက်တော့ အသီးအနှံစားဖွယ်က ပေါများတာကိုး။ ဒါကြောင့် ညစဉ် စားသုံးလေ့ရှိတယ်။

ညစာပွဲတော်တည်ပြီးရင် ပွဲတော်ဆက်တို့က သစ်သီးဝလံတို့ကိုလှပစွာ စီရင်ပြီး ရွှေပန်းကန်နှင့် ဆက်သရတယ်။ အဲဒါ သီရိခေတ္တရာဘုရင်ရဲ့ မိဖုရား ဖြစ်ကတည်းကပဲ။

အချိန်တန်တော့ စားတော်ကဲ အမျိုးသမီးတစ်ဦးက သစ်သီးပန်းကန်ကို ကိုင်ပြီး ဘုရင်မကြီးကို ဆက်သတော်မူတယ်။

''ဒီနေ့ ဘာသစ်သီးစားဖွယ်များရတုံး . . . စားတော်ကဲ''

''ဟောဒါက သစ်ကြားသီးပါ . . . မိဖုရား''

''ရှားရှားပါးပါးပဲကွယ် နော်''

''မှန်ပါ . . . မိဖုရား၊ ဟောဒါက ဝက်မြေစာဥပါဘုရား။ အသားအရေကို နုစိုစေတယ်လို့ သမားတော်ကြီးက ဆိုပါတယ် . . . မိဖုရား''

''ဆေးဘက်ဝင် အာဟာရပေါ့ကွယ်''

''ဒါက စွန်ပလွံယိုပါ . . . မိဖုရား''

''ဒါကတော့ စီနတိုင်းကလာတဲ့ ကျွဲကောသီးပါတဲ့ဘုရား''

''အေး . . . အေး . . . ထားခဲ့ . . . ထားခဲ့''

---

စိတ်ကူးသစ်စာပေ



စားတော်ကဲက သစ်သီးပန်းကန်များကို နဂါးရုပ်ခံ လေးချောင်းထောက် စားပွဲပေါ်မှာ သောက်တော်ရေ၊ အဖန်ရည်အိုးနှင့်အတူ ထားပြီးရိုသေစွာ ဂါရဝပြုပြီး ပြန်ထွက်သွားတယ်။

''အထိန်းတော်ကြီး . . .''

''ဘုရား . . . သခင်မ''

''သခင်မတစ်ပါးတည်း အေးဆေးစွာ သုံးဆောင်လိုတယ်။ အထိန်းတော်ကြီး လွတ်လပ်စွာနေပါ''

''မှန်ပါ . . . သခင်မ''

အထိန်းတော်ကြီးလည်း ပန်ထွာမိဖုရားအပါးက ထွက်ခွာသွားတယ်။ ပန်ထွာက ဦးစွာ သစ်ကြားသီးကို မြိန်ရှက်စွာ စားလိုက်တယ်။

ပြီး . . . အသားအရေလှတယ်လို့ ညွှန်းတဲ့ ဝက်မြေစာဥကို လိုချင်မက်မောစွာ စားလိုက်တယ်။ ပြီး အဖန်ရည်တစ်ခွက် သောက်လိုက်တယ်။

ခု ဒွတ္တဘောင် ခံနိုင်သေးလား ဟင်။

များမကြာခင်မှာ သီရိခေတ္တရာတိုင်းပြည် ပျက်ဖို့ပဲ ကျန်တော့တယ်။

အနယ်နယ်မှာ ပုန်စားပုန်ကန် ပြုကုန်ပြီ။

တစ်တိုင်းပြည်လုံး ဗရုတ်ဗရက် ဖြစ်ကုန်ကြပြီ။

စိတ်ထဲမှာတော့ သူတစ်ထူးပျက်စီးတာကို မြင်ရမှာ မနှစ်သက်ဘူးပေါ့။

ဒွတ္တဘောင်မင်းဟာ ဘုန်းကံကြီးစဉ်က ဟောဒီသီရိခေတ္တရာမှာဘုရား၊ ပုထိုး၊ စေတီတွေ အမြောက်အမြား တည်ခဲ့သူပါ။

သူဟာ ဘုရားကိုးဆူ။

သိမ်တော်ကြီး ကိုးသိမ်။

ကန်ကြီး ကိုးကန်။

ဥမင်ကိုးခု။

တောင်ယံကိုးလုံး ဘုရားကိုးဆူ။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကုန်းကြီး ကိုးကုန်း . . .

ပြုလုပ်စီရင်ခဲ့တဲ့ သာသနာပြုမင်းပါ။ အနယ်နယ် လေးစား လောက်အောင်ကို ဘုန်းကြီးတဲ့ မင်းပါ။ သို့သော် အပြစ်မရှိတဲ့ သူမပိုင် ပန်ထွာကို အကျိုးမဲ့ အနိုင်ကျင့် ကျူးကျော်တိုက်ခိုက် ဖျက်စီးခဲ့တာကို အမုန်းဆုံးပါ။

ဗိဿနိုးနန်းတော်ကြီး မီးဟုန်းဟုန်းတောက်နေတဲ့မြင်ကွင်း တစ် နေ့မှမေ့လို့မရဘူး။ အဲဒီအိပ်မက်ဆိုးတွေကို ညတိုင်း မြင်မက်ပြီး မျက်ရည် ကျခဲ့ရတယ်။

ဗိဿနိုးသူရဲကောင်းတွေရဲ့ နီစွေးရဲမောင်းသွေးတွေကို ပန်ထွာ ပြန်မြင်နေရတယ်။ သူတို့ရဲ့ သူ့ကျွန်မခံ အံကြိတ်သံတွေကို နေ့နေ့ညည ကြားနေရတယ်လေ။

သားသည်အမေတွေရဲ့ ငိုသံ။

ဥမယ်အရွယ်ကလေးတွေရဲ့ ရှိုက်သံ။

ဒုက္ခိတသူရဲကောင်းတွေရဲ့ နာနာကြည်းကြည်း တောက်ခတ်သံ။

မြို့ရိုးကြီးတွေ တဝုန်းဝုန်း ပြိုကျသွားတဲ့အသံ။

ပျူမိန်းမပျိုတို့ရဲ့ ထိတ်လန့်တကြားအော်ဟစ်သံများ။

ကျွဲသေ၊ နွားသေ၊ မြင်းသေ၊ ဆင်သေ . . .

အို . . . လူသေကောင်တွေနဲ့ ပြည့်နေတဲ့ ဗိဿနိုးလမ်းမတွေ။

စစ်ကို မုန်းတယ်။

စစ်ဖန်တီးသူကို ပိုမုန်းတယ်။

စစ်ကြောင့်ကျတဲ့ မျက်ရည်တွေကို ဘယ်သူ အစားထိုးပြန်လျှော် ပေးနိုင်ကြမှာလဲ။

ရန်ပယ်ချောင်းက လူသေအလောင်းတွေနဲ့ ပုပ်ပွပြီး ပေါလော မျောနေတယ်။

ဒီအနိဋ္ဌာရုံ အိပ်မက်ဆိုး စစ်တလင်းကို ငါ စတင်ဖန်တီးခဲ့တာ မဟုတ်ဘူး . . . ဒွတ္တဘောင်။

သင် မိုက်မဲစွာ စတင်ဖန်တီးခဲ့တာ။

စိတ်ကူးသစ်စာပေ



သင်ဟာ ဘုရင်ရူး။

ကောရာဇ်ရူး၊ အာဏာရူးပဲ။

သင့်ရဲ့ သွေးဆာနေတဲ့ အမိန့်အောက်မှာ ငါတို့ ပန်ထွာပြည်သူ ပြည်သားအားလုံး ပျက်သုဉ်းခဲ့ရတယ်။

ငါတို့ရဲ့ဂုဏ်သိက္ခာ ကျဆင်းခဲ့ရတယ်။

ဒီနေ့ သင့်ကိုငါ ကလဲ့စားပြန်ချေနိုင်ဖို့ ဘဝသစ်ကို စနိုင်ပြီ။

ငါ စစ်ပွဲကို မုန်းတယ်၊ ရွံတယ်။

စစ်ပွဲကို အသက်သွင်းတဲ့ သင့်ကို ဒဏ်ခတ်ရတော့မယ်။

''သျှိဝ . . . မင်းရဲ့ဝိညာဉ် မြင်ရရဲ့လားဟင်။ ငါ မင်းတို့အတွက် သွေးကြွေးမျက်ရည်ကို မလွှဲမသွေ ဆပ်မှာပါ . . . သျှိဝ။

သီရိခေတ္တရာရဲ့ ကျဆုံးခန်း။

ဒွတ္တဘောင်မင်းရဲ့ ငိုကြွေးခန်းကို ငါက အားရပါးရ လက်ခုပ်သံ တွေနဲ့ ဂုဏ်ပြုတော့မှာပါ။

မင်း ကျေနပ်လိုက်စမ်း၊ ဂုဏ်ယူလိုက်စမ်း။

မင်းရဲ့သခင်မ ပန်ထွာဆိုတာ . . .

မင်းကလွဲရင် ငါ့ရင်ထဲကအချစ် ဘယ်သူ့ကိုမှ ကြည်ဖြူချစ်ကြည် စွာ ပေးအပ်မှာ မဟုတ်ဘူး။

ငါ့ခန္ဓာကိုယ်ကို ငါ့တိုင်းပြည်အတွက် ငါ စတေးလိုက်ရတာ။ မင်း နားလည်မှာပါ သျှိဝ။

ငါ ပန်ထွာကို ပြန်တည်ထောင်မယ်။

ဗိဿနိုးနန်းမြို့ကြီးကို အသစ် ပြန်တည်မယ်။

နောက်ပြီး ဗိဿနိုးနတ်မင်းကြီးကို ငိုရှိုက်ပြီး တောင်းပန်မယ်။ ပြီးရင် မင်းရဲ့အလောင်းကို ပြန်ဖော်ပြီး ပန်ထွာသူရဲကောင်းတို့ ထုံးစံနဲ့အညီ ခမ်းနားစွာ မင်းကို မီးသင်္ဂြိုဟ်ပေးပါမယ်။ ပြီးရင် မင်းရဲ့ရုပ်တုကို ဗိဿနိုး မြို့တော်သစ်ရှေ့မှာ တစ်တိုင်းတစ်ပြည်လုံး လေးစားစွာ ကြည့်ရှုအားကျရ အောင် ပြထားမယ်။ မင်းယုံရဲ့လား . . . သျှိဝ ဟင်။

အို . . . မှုးလိုက်တာ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



''အော့ ... ဝေါ့ ... ဝေါ့ ... အား ... အား ...''

ပန်ထွာ သစ်သီးတွေစားရင်း ရင်နာသံကို အရောင်တင်နေတုန်း ခေါင်းထဲမှာ မိုက်ခနဲဖြစ်ပြီး ယိုင်သွားတယ်။

ပြီး ရင်ခေါင်းထဲက စူးအောင့်လာပြီး ထိုးအန်လိုက်တာ ... အို့ သွေး ... သွေးတွေပါလား။

''ဝေါ့ ... အော့ ... ဝေါ့ ...''

''အထိန်း ... တော်ကြီး ... အား ... အ ... မယ်လေး ... အား ... အထိန်း ... တော် ... ကြီး ...''

''သ ... ခင် ... မ ... သ ... ခင် ... မ ...''

''အား ...''

''ဝုန်း ...''

''ဝရော ...''

''ဝွမ်း ... ဂလုံး ... ဒုန်း ...''

''သခင်မ ... သခင်မ ... လာကြပါဦး၊ အပျိုတော်ကြီးတို့ ... လာကြပါဦး''

''သျှိ ... ဝ ... သျှိဝ ...''

''အဖ ... အဖ ... အဖ ...''

အပျိုတော်တွေနဲ့ အထိန်းတော်ကြီးပါ အပြေးအလွှားရောက်လာကာ သွေးနဲ့အစာတွေ အန်ထွက်ပေကျံနေတဲ့ ပန်ထွာမိဖုရားကို မြင်ပြီး ထိတ်လန့်အော်ဟစ်လိုက်ကြတာ။

''သခင်မ ... သတိထားပါ ... သခင်မ''

''သခင်မ ... ဘယ်လိုဖြစ်ရတာတုံး''

''ငါ ... ငါ ... အစာ ... အဆိပ် ... မိ ... မိ ...''

''ဟင် ... အပျိုတော်တို့ ... သမားတော်ကြီးကို အမြန်ခေါ်ကြပါဟဲ့၊ မင်းတရားကြီးထံ သံတော်ဦးတင်ပါလှည့် ... ဟဲ့''

''သျှိ ... ဝ ... သျှိ ... ဝ ... ငါ ... ငါ ... မင်းထံကို ... လာခဲ့ ... မယ်''

စိတ်ကူးသစ်စာပေ



''ငါ ... ငါ ... သူ့ကို မုန်းတယ် ... သူတို့ ... ရက် ... စက် ... တယ် ... ငါ ... ငါ ... ဘုရင်ကို ... မုန်း ... အား ...''

''သခင်မ ... သခင်မ ... အမယ်လေး ... အကျိုးနည်းပါပြီ တော်''

ဒွတ္တဘောင်မင်းကြီး အလျင်အမြန် ရောက်လာချိန်မှာတော့ ပန်ထွာမိဖုရားခမျာ ပါးစပ်ကနေ အမြှုပ်နဲ့သွေးတွေ စီးကျပြီး ကံတော်ကုန်သွားခဲ့ပါပြီ။

မင်းကြီးက ပန်ထွာမိဖုရားရဲ့အလောင်းကို ယူကျုံးမရ ပွေ့ဖက်ပြီး တစာစာ ခေါ်လို့နေတယ်။ မင်းကြီးရဲ့ မျက်ရည်ပေါက်တွေ ဘုရင်မရဲ့ ပါးပြင်ပေါ်ကို တလိမ့်လိမ့် စီးကျနေလို့။ ဗိဿနိုးမှူးမတ်တို့ကတော့ တောက်တခတ်ခတ် ဖြစ်နေကြ။

မင်းကြီး ဒေါသတွေ ပေါက်ကွဲနေပြီ။

ဒါ မင်းကြီးရဲ့ အချစ်ဆုံးမိဖုရား။

ဒီမိဖုရားအတွက် အသက်ပေါင်းများစွာ ရင်းခဲ့ရ။

ဒီမိဖုရားကို အမုန်းခံပြီး ချစ်ခဲ့ရ။

''မိဖုရား ဘယ်လိုဖြစ်ရလဲ ... အထိန်းတော်ကြီးရယ်''

''သစ်သီးတွေကို စားပြီး အော့အန်အသက်ပျောက်ရတာပါ ... မင်းကြီးဘုရား''

''စားတော်ကဲအားလုံးကို ခုချက်ချင်း ထောင်သွင်းအကျဉ်းချ။ ငါကိုယ်တော်တိုင် စစ်ဆေးပြီးရင် သင်းတို့အားလုံး ... သင်း ... တို့ ... အား ... လုံး ... ပန်ထွာ ... ဖြစ်ရလေ ... မိဖုရားရယ်''

ကိုယ်တော်တိုင် အလောင်းတော်ကို ပွေ့ပိုက်ပြီး သလွန်ပေါ်ကို ချယစွာတင်လို့ မျက်ရည်တွေ စီးကျနေတယ်။

''မိဖုရား ... မင်းကို ငါ မစောင့်ရှောက်နိုင်တာ ... ငါ ... ငါ ညံ့လို့။ ငါက လူညံ့။ အညံ့စားဘုရင်ပါ ... ပန်ထွာ''

နောက်ဆုံးမှာ ကျန်ရစ်တဲ့ မိဖုရားသုံးပါးက လာရောက်နားချ ချော့မော့ကြတယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် မင်းကြီးဟာ ချစ်မြတ်နိုးလှစွာသော ပန်ထွာမိဖုရားကို သစ်ကနက်သားခေါင်းထဲမှာ လှပစွာ ပြင်ဆင်ပြီး မိဖုရားကို အခမ်းအနားနဲ့ မီးသဂြိုဟ်မယ်။ ပြီးရင် အရိုးအိုးကို ကြီးကျယ်ခမ်းနားတဲ့ အုတ်တိုက်ဂူထဲမှာ ထည့်သွင်းပြီး ဂူပိတ်မယ်။

သူမရဲ့ခန္ဓာကိုယ်နံဘေးနှင့် ရင်ဘတ်ပေါ်မှာတော့ သူမချစ်မြတ်နိုးလှတဲ့ အင်ကြင်းပန်းပွင့်တွေရယ်၊ အဝါရောင် ပန်းပွင့်ကြီးတွေရယ်ကို နေရာမလပ် အစီအရီ တင်ထားလိုက်တာလေ။

ပန်ထွာဘုရင်မရဲ့ မျက်နှာပေါ်မှာတော့ နာကြည်းရိပ်တွေ သန်းလို့။

မိဖုရားရဲ့အလောင်းကို စည်ကားသိုက်မြိုက်စွာ သဂြိုဟ်ဖို့ အစီအမံအားလုံးကို မင်းကြီးကိုယ်တိုင် အကျအန စီရင်တော်မူတယ်။

ဘုရင်မအလောင်းတော်ကို အုတ်ဂူသွင်းမှာမို့ နယားရုပ်စောင့် အုတ်ဂူကြီးကို သလင်းကျောက်သားဖြူဖြူတွေနဲ့ ပန်းရံဆရာတို့ကို နိုင်ခံ့လှပစွာ စီရင်ခိုင်းထားတယ်။ အုတ်ဂူတော်ရဲ့ရှေ့မှာ ရောင်စုံပန်းပင်တွေကို အိုးကြီးတွေနဲ့ စိုက်မယ်။ အင်ကြင်းပင်တွေကို ရအောင်ရှာပြီး မိဖုရားရဲ့ အုတ်ဂူ မလှမ်းမကမ်းမှာ တန်းစီစိုက်မယ်။

မိဖုရားရဲ့ဝိညာဉ်ဟာ သူမ နှစ်သက်မြတ်နိုးတဲ့ အင်ကြင်းပန်းရနံ့တွေကို ရှူရှိုက်ရင်း မိမိရဲ့ ချစ်မြတ်နိုးမှုတွေကို ပန်ထွာမိဖုရား နားလည်မှာပဲလို့ ယုံကြည်နေမိတယ်။

✿ ✿ ✿

| ၃၄ |

❑

ဗိဿနိုးဘုရင်မခေါ် ပန်ထွာမိဖုရား ကွယ်လွန်အနိစ္စရောက်သည့်သတင်းကို သီရိခေတ္တရာနေပြည်တော်အနှံ့ သိသွားကြတော့ အချို့က နှမြောလွန်းလို့ စုတ်သပ်မြည်တမ်းကြတယ်။

ပန်ထွာမိဖုရားကို မနှစ်သက်တဲ့ ကျန်ရစ်သူ မိဖုရားများနှင့် မှူးကြီးမတ်ကြီး အချို့ကတော့ ကျိတ်ပြီး ဝမ်းသာနေကြပေါ့။

တိုင်းသူပြည်သားတို့ကတော့ မင်းကြီး ရွှေဆံတော်ဘုရားကို အဖူးမြော်ရောက်တုန်းက ခပ်လှမ်းလှမ်းကနေ မြင်လိုက်ရတဲ့ ပန်ထွာမိဖုရားရဲ့ အလှကို တစ်သက်လုံး ချီးမွမ်းမဆုံးပေါ့။

ပန်ထွာဘုရင်မကြီးရဲ့ မဟာအတုလစည်တော်ကြီး ဘုန်းတန်ခိုးကြီးမားဆန်းကြယ်ပုံကို ပိုမိုချဲ့ထွင် ပြောဆိုကြသလို . . .

ပန်ထွာဘုရင်မကြီး နန်းစံခဲ့တဲ့ ဗိဿနိုးနန်းတော်ကြီးအကြောင်းကိုလည်း တိုက်ပွဲပြန်ရဲမက်တွေ ပြန်ပြောကြလို့ အုံ့အုံ့သဲသဲ ဖြစ်ကြ။

ဗိဿနိုးဘုရင်မကြီးရဲ့ အလှကို သီရိခေတ္တရာစာဆိုတို့က အပြိုင်ရေးဖွဲ့ကြ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မဟာဗုဒ္ဓဘောင်မင်းကြီးက ပန်ထွာဘုရင်မအပေါ် ချစ်မြတ်နိုးခြင်း အကြောင်းတွေကို သာယာနာပျော်ဖွယ် ရေးဖွဲ့ကြ။

အခု ပန်ထွာမိဖုရားကြီး အဆိပ်သင့်အစာစားမိပြီး ကွယ်လွန် အနိစ္စရောက်တယ်လို့ ကြားရတော့ ...

မသမာသူ လူယုတ်တွေကို ကျိန်ဆဲကြ။

အချို့ မိန်းမသားများက နှမြောတသ ရှိုက်ငင်ငိုကြွေးကြပေါ့။

သီရိခေတ္တရာမှာ သုံ့ပန်းဘဝနဲ့ ရောက်နေကြတဲ့ ဗိဿနိုးသူ၊ ဗိဿနိုးသားတို့လည်း ရှိုက်ငင်မြည်တမ်း ငိုကြွေးကြလို့မဆုံး။

သူတို့ လေးစားအားကိုး ချစ်မြတ်နိုးတဲ့ ပန်ထွာဘုရင်မကြီးကို သီရိခေတ္တရာမြေမှာ မမြှုပ်နှံချင်ကြဘူး။

ဘုရင်မကြီး ကွယ်လွန်အနိစ္စရောက်တဲ့သတင်းဟာ အနယ်နယ် အရပ်ရပ်ကို ပျံ့နှံ့သွားခဲ့တယ်။ သည်မှာပဲ မီးလောင်ပြင် ဗိဿနိုးမှာ ကျန်ရစ်ခဲ့ရှာတဲ့ ပန်ထွာရဲ့အမေအရင်း စန္ဒမုခီ (ရွှေနံ့ကိုင်) ဘီလူးမကြီး ကြားသိသွားပြီး ရင်ကွဲပက်လက် ဖြစ်ခဲ့ရပါရော။

ငါ့သမီးကို ငါ ဗိဿနိုးမြေမှာ မွေးခဲ့တာ။

ခု ငါ့သမီးဘုရင်မကြီး စစ်ရှုံးဘုရင်မဘဝနဲ့ မချစ်မနှစ်သက်သူ ဘုရင်ကို လင်လုပ်ပြီး ပေါင်းသင်းနေရာက လုပ်ကြံခံလိုက်ရပြီ။

ငါ့သမီးအလောင်းကို ငါပြန်နိုးယူပြီး သူမရဲ့မွေးရာ ဗိဿနိုးမြေမှာ သဂြိုဟ်ရမယ်။

သည့်နောက် စန္ဒမုခီ ဘီလူးမကြီးသည် တစ်ခုသော ညဥ့်ယံမှာ သီရိခေတ္တရာနေပြည်တော်ကို တိတ်တဆိတ် ဝင်ရောက်ခဲ့လိုက်တယ်။

သီရိခေတ္တရာဝင်ရတာ လွယ်လိုက်ဘိခြင်း။

ဗုဒ္ဓဘောင်မင်းကြီး မှဲ့ရှင်တော် ကွယ်ပြီးကတည်းက နန်းစောင့်နတ်တွေ၊ မြို့ရိုးစောင့်နတ်တွေလည်း ကွယ်ပျောက်ကုန်ကြပြီလေ။

စန္ဒမုခီ သမီးအလောင်း စီရင်ထားရာ သလွန်အနီးကို ရောက်ခဲ့တယ်။ အစောင့်တွေက ပင်ပန်းပြီး အိပ်မောကျနေတော့ ဝင်ရတာ အခက်အခဲ မရှိလှဘူး။

စိတ်ကူးသစ်စာပေ



ကြည့်စမ်း ...

ပန်ထွာ ... သမီးလေး ... ငါ့သမီး အဖြစ်ဆိုးလှချည်လား ... သမီးရယ်။ ငါ့သမီးနဲ့ ဗုဒ္ဓဘောင်ရဲ့စစ်ပွဲမှာ အမေ ဝင်ပါဝင်ကယ်လို့ မရခဲ့ဘူးသမီး။

အမေတို့ ဝေမာနိကပြိတ္တာဆိုတာ ရှင်ဘုရင် ဘုန်းကြီးနေရင် အနားကို ကပ်လို့မရဘူး ... သမီးရဲ့။

အမေ သမီးကို စိမ်းကားခဲ့တာမဟုတ်ဘူး။

သမီးရယ် ... ဖြစ်ချိန်တန်တုန်းက ငါ့သမီး ဘုန်းကံကြီးခဲ့တာပဲ။ ပျက်ချိန်တန်တော့ ငါ့သမီးရော၊ ဗုဒ္ဓဘောင်မင်းကိုရော ဘယ်သိကြား နတ်မင်းများမှ ကယ်လို့မရဘူးလေ ... သမီးရယ်။

ဖြစ်ပျက်တရားမှာ သမီးရဲ့မောင်ကြီး ဗိဿနိုးနတ်မင်းလည်း ကယ်လို့မရဘူးလေ။

အခု ဘုန်းမရှိတဲ့မင်းရဲ့ နေပြည်တော်ထဲ အမေဝင်လို့ရပြီ ... သမီးရယ်။ အမေလည်း ရက်စက်ခဲ့တဲ့ ဗုဒ္ဓဘောင်ကို မုန်းပါတယ်။ သမီးနဲ့အပြိုင် အမေမုန်းပါတယ်။

သမီးပန်ထွာ ...

အမေတို့ ဘီလူးမျိုးဆိုတာ ရှင်ဘုရင်ကို သတ်ခွင့်မရှိဘူး။ ရဟန်းသံဃာကို အငြိုးမထားရဘူး။

အပြစ်ကြီးတယ်။ သူလည်း သူ့တရားသူ စီရင်ဒဏ်ခတ်ခံရတော့မှာပါ။

ကိုင်း ... အမေ့သမီးကို အမေ ညည်းမုန်းတဲ့ လင်ရှိရာအရပ်မှာ ထားဘူး။ အမေ ဗိဿနိုးကို သယ်ရတော့မှာပေါ့။

သည့်နောက် စန္ဒမုခီ ဘီလူးမကြီးက သူ့သမီး ပန်ထွာဘုရင်မရဲ့ အလောင်းကို ဝေမာနိက နတ်ပြိတ္တာတို့အစွမ်းနဲ့ မ,ယူ၊ ပွေ့ယူပြီး လူသူအစောင့်တို့ နည်းပါးအိပ်မောကျနေတဲ့ နေရာကနေ ခိုးယူခဲ့လိုက်တယ်။

သည့်နောက် ...

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဗိဿနိုးမီးလောင်ပြင် နန်းတော်ရာကုန်းရှိရာကို ဘီလူးတို့တန်ခိုးနဲ့ သယ်ယူလာပြီး ကျောက်ပလ္လင်တစ်ခုပေါ်မှာ အသာချလိုက်တယ်။

ပြီး . . . သစ်သားထင်းခြောက်တွေကို လေးထောင့်အပုံကြီး ပုံလိုက်ပြီး အဲဒီထင်းပုံပေါ်မှာ သမီးပန်ထွာရဲ့အလောင်းကို ပွေ့တင်လိုက်တယ်။

"ဗိဿနိုးသားတို့၊ ဗိဿနိုးသူတို့ . . ."

"သင်တို့ ချစ်မြတ်နိုးလှတဲ့ သင်တို့ဘုရင်မကြီး ပန်ထွာရဲ့ အလောင်းတော် ရောက်လာပြီ။ သူ့အမေ ငါ စန္ဒမုခိ မီးသင်္ဂြိုဟ်ပေးတော့မယ်"

"ဗိဿနိုးသားတို့၊ ဗိဿနိုးသူတို့ . . ."

"သင်တို့ဘုရင်မကို လာရောက်ဦးခိုက် ပူဇော်ကြလော့၊ ကန်တော့ ကြလော့၊ ဂါရဝ ပြုကြလော့"

စန္ဒမုခိ ဘီလူးမကြီးက အသံကုန်ဟစ်လိုက်ရော မိုးသောက်အရုဏ်ကျင်းစမှာ ဗိဿနိုးသား သူဆင်းရဲများ၊ လယ်သမား၊ ယာသမားများတို့ဟာ ရင်ဘတ်စည်တီး ဟစ်အော်ပြီး အလောင်းစင် ထင်းပုံကြီးရှိရာကို ပြေးလာကြတယ်။

"ပန်ထွာဘုရင်မကြီးရဲ့ အလောင်းတော်ကို သူ့အမေ စန္ဒမုခိ ဘီလူးမကြီး ပြန်သယ်လာပြီတဲ့ဟေ့"

"အမယ်လေး . . . ဘုရင်မကြီးရဲ့ . . . ဟီး"

"အရှင်မ . . . သခင်မကြီးဘုရား . . . ကျွန်တော်မျိုးတို့ကို ပစ်ထားခဲ့ပြီလား ဘုရား"

"မယ်မယ် . . . ဘုရင်မကြီးဘုရား"

အရှေ့က ရောင်နီပေါ်လာနေပါပြီ။

ဘုရင်မရဲ့ အလောင်းတော်တင် ထင်းပုံပတ်လည်မှာတော့ စစ်ပွဲကြီးကြောင့် မသေဘဲ ကျန်ရစ်ခဲ့ကြတဲ့ . . .

ဆင်းရဲသားများ . . .

စိတ်ကူးသစ်စာပေ



ဒုက္ခိတများ . . .

ကလေးသူငယ်များ၊ စစ်ပြန်များ . . .

မုဆိုးမများ၊ လူကြီးလူငယ် အဘိုးအိုတို့ဟာ သူတို့ချစ်ခင်လေးစားရတဲ့ ပန်ထွာဘုရင်မကြီး အလောင်းတော်ကို မျက်ရည်ပိုးပိုးပေါက်ပေါက်တို့နှင့် ရှိုက်ငင်ငိုကြွေးလို့ ကန်တော့ကြတယ်။

စန္ဒမုခိ ဘီလူးမကြီးကတော့ ပါးပြင်မှာ မျက်ရည်တွေ စိုစိုရွှဲရွှဲကျရင်း ရှိုက်ရင်းက မီးတုတ်နဲ့ ထင်းပုံကို ရှို့လိုက်တယ်။

မီးတောက်တွေက ထင်းပုံကြီးကို စွဲလောင်ပြီး မီးတောက်မီးလျှံတွေ မိုးကောင်းကင်ကို လူးလွန့်လို့ ထိုးတက်သွားတယ်။ မကြာခင် ဘုရင်မရဲ့ခန္ဓာကိုယ်ကို အရှိန်ကြီးစွာ လောင်ကျွမ်းခဲ့တယ်။

အဲဒီအချိန်မှာ အံ့ဖွယ်ကောင်းတာက . . .

အင်ကြင်းပန်းပွင့်တွေဟာ ဟိုးကောင်းကင်ကနေ ဘုရင်မရဲ့ မီးစွဲအလောင်းပေါ်ကို ကြဲချလိုက်သကဲ့သို့ ကျလာခဲ့တာပဲ။

မျက်ရည်ရှင်တို့ဟာ မြေပြင်မှာ လွင့်ကျလာတဲ့ အင်ကြင်းပန်းတွေကို ဘုရင်မရဲ့အလောင်းရှိရာကို ဝမ်းနည်းကြီးစွာနဲ့ ပစ်တင်ကြတယ်။

မီးရှိန်မီးတောက် မီးခိုးလုံးများကို တစ်မြို့လုံး တစ်နယ်လုံး မြင်နေရပါပြီ။

အချို့သားသည်အမေတွေက ကလေးကို ခါးတစ်ခွင်ချီပြီး အော်ဟစ်ငိုကြွေးလို့ ပြေးလာနေကြတုန်း။

မီးတောက်ကြားကနေ မီးခိုးလုံးတွေ တလိပ်လိပ်တက်ပြီး ဗိဿနိုးနန်းတော်ကုန်း မီးလောင်ပြင်ကောင်းကင်မှာ အလိပ်လိုက် မည်းနေတယ်။

"ဟာ . . ."

"ဟိုမှာ . . . မီးတောက်မီးခိုးကြားမှာ ငါတို့ဘုရင်မကြီး . . . ဘုရင်မကြီး"

"ဘုရင်မကြီး မိုးပေါ်ကို တက်သွားပြီဟေ့"

"သမီး . . . သမီး . . . ပန်ထွာ . . ."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မရဲ့ ပုံရိပ်တွေက မီးခိုးတွေကြားမှာ လက်ပြနှုတ်ဆက်ပြီး မိုးကောင်းကင်ပေါ် တက်သွားတယ်လို့ အားလုံးက စွဲထင်ပြီး ဝမ်းသာအားရ အော်ဟစ်နေကြ၊ လက်အုပ်ချီမြှောက်ကြ ပြုတုန်းမှာပဲ ...

"သမီး ... ပန်ထွာ"

"သ ... မီး ... ရဲ့ ... သ ... မီး ..."

"ဟယ် ..."

"ဟာ ... ဟာ ... လုပ်ကြပါဦး ... မယ်တော် ... ဘီလူးမကြီး လဲကျသွားပြီ။ ပွေ့ကြ ထူကြပါဦးဟဲ့"

"မယ်မယ် ... မယ်မယ် ..."

"မယ်မယ်ကြီး ... အို ... မယ်မယ်ကြီးရဲ့ ... ဟီး"

မယ်တော် စန္ဒမုခီ ဘီလူးမကြီးမှာတော့ ရင်နှင့်အမျှ ချစ်ရတဲ့ သမီးပန်ထွာဘုရင်မကြီးရဲ့ မီးတောက်မီးခိုးကြားက ပုံရိပ်သဏ္ဍာန်တွေကို ကြည့်ရင်းက 'သမီး' လို့ ရင်ကွဲသံနှင့် အော်ဟစ်ရင်း မီးပုံရှေ့မှာ ရင်ကွဲနာကျလို့ သေဆုံးသွားခဲ့ရတော့တယ်။

အရှေ့အရပ်မှာ နေလုံး ပြူထွက်စ ပြုနေပါပြီလေ။

ပန်ထွာဘုရင်မကြီးရဲ့ မြင့်မြတ်သော မဟာဝိညာဉ်တော်သည် ပန်ထွာတိုင်းပြည်မှာပဲ တိုင်းခန်းလှည့်လည်နေလေမလား ...

ဒါမှမဟုတ် ...

မိခင် စန္ဒမုခီဘီလူးမကြီးရဲ့ဝိညာဉ်ကို ပွေ့ဖက်ပြီး ချစ်သူ တပ်မှူးသျှိဝရဲ့ ဝိညာဉ်ရှိရာ မင်းပုန်းတောင်ကိုများ သျှိဝရဲ့ အမည်နာမလေးကို တကြော်ကြော်အော်ခေါ်ရင်း ပြေးသွားလေမလား ...

ဒါမှမဟုတ် ...

စစ်ကျူးကျော်ရေးသမား မဟာဒွတ္တဘောင်ရဲ့ ဓာတ်သိမ်းခန်းကို အားရပါးရ လက်ခုပ်တီးပြီး ကောင်းချီးပေးဖို့ ချစ်သူသျှိဝရဲ့လက်ကို ဆွဲပြီး သီရိခေတ္တရာမြို့ရိုးပေါ်မှာ ရပ်နေရော့လား။

စိတ်ကူးသစ်စာပေ



စစ်ပွဲကြီးတွေသာ မဖြစ်ခဲ့ဘူးဆိုရင် ...

ကျူးကျော်စစ်ပွဲရိုင်းတွေ မဖြစ်ခဲ့ဘူးဆိုရင် ...

ရန်ပယ်ဟာ ရေကြည်အေးမြတို့ စီးဆင်းပြီး ဗိသနိုးမြို့ကြီးကို မေတ္တာရေဖျန်းနေဦးမှာပါ။

ရွှေဘုံရွှေနန်း အံ့မခန်း စည်ကားခဲ့တဲ့ ဗိသနိုးမြို့တော်ကြီးရဲ့ ကြီးမြတ်သော ဂုဏ်သတင်းဟာလည်း ...

ပန်ထွာဘုရင်မကြီးရဲ့ အလှဖွဲ့တွေနဲ့ ကမ္ဘာတည်အောင် မွှေးပျံ့ကြိုင်လှိုင်နေမှာပါ။

ဒါနဲ့အတူ ချစ်သူသျှိဝရဲ့ ကြွက်သားဖုထစ် ညာလက်ရုံးကို သွဲ့ပြောင်းနွဲ့လျ လက်ချောင်းလေးတွေနဲ့ ဆုပ်ကိုင်ပြီး ရွှေရောင်တော်ဘုရားပေါ်မှာ သစ္စာတိုင်ကမ္ဗည်းကို ရေးထိုးခဲ့မှာပါ။

ခုတော့ လူ့ရာဇဝင်သမိုင်းဟာ စစ်ရဲ့ အနိဋ္ဌာရုံတွေနဲ့ အရိုင်းအရုပ်တွေနဲ့ အကျည်းတန်ခဲ့ပါပြီ။

စစ်လက်နက် အလုပ်ရုံတွေနေရာမှာ ...

ဘုရားစေတီတွေ တည်လိုက်ကြစမ်းပါ။

သွေးမြေကျခဲ့တဲ့ နေရာတွေမှာ အင်ကြင်းပင်တွေ၊ ပေပင်တွေ၊ ချောင်စုံပန်းတွေ ရဲရဲဝံ့ဝံ့ စိုက်ပျိုးကြစမ်းပါ။

ဗိသနိုး မီးလောင်မြေပေါ်က လေးလေးတွဲ့တွဲ့ ဝမ်းနည်းပက်လက် ကူနေတဲ့ ငြိမ်းချမ်းရေးချိုးငှက်ကို အစာကျွေးပြီး ရေကြည်အေးအေး တိုက်ကြစမ်းပါ။

အတိတ်ဘဝတုန်းက သွေးညှိနှံ့နဲ့ ချောင်းရေစုစ်ကျခဲ့သည့် ရန်ပယ်ချောင်းရေကို လေတော်သံသီချင်းတွေနဲ့ ကြည်လင်အောင် မွမ်းမံကြစမ်းပါ။

ဟောဒီကမ္ဘာလောကကြီးဟာ သေနတ်သံ၊ ယမ်းငွေ့၊ မျက်ရည်၊ သွေးပြေး၊ အမုန်း၊ ကောက်ကျစ်စဉ်းလဲခြင်း၊ ကတိပျက်ခြင်းတွေ လုံးဝမရှိရင် ...

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ချစ်ရန့်တွေ . . .

မျောစည်သံတွေ . . .

ဓမ္မတေးတွေနဲ့ ငြိမ်းချမ်းရေးချိုးငှက်ရဲ့ တောင်ပံတဖျပ်ဖျပ် ရိုက်ခတ်တွန်ကျူးသံကို ကျွန်တော်တို့ နားဆင်ခံစားရမှာပါ။

ကျွန်တော်တို့ . . .

အမုန်းပျက်သုဉ်းကြွေကျ
မြေခပြီးရင်
အချစ်ရဲ့
အပြစ်ကင်းစင်ရယ်သံ
မနက်ဖြန်တိုင်းပုံတင်လျှံပြီး
တစ်ကမ္ဘာလုံးကိုဝန်းရံပွေ့ဖက်ပါစေတော့။

မောင်ညီမိုး(သန်လျင်)

BURMESE CLASSIC

www.burmeseclassic.com